စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

ဈေးကွက်သတင်းဌာနစိတ်

# စိုက်ပျိုးစီးပွားသတင်းလွှာ

(၂၀၂၁ ခုနှစ်၊ **ဒီဇင်ဘာလ**)

**အပတ်စဉ်သတင်းလွှာ အမှတ်စဉ် - ၄၆ မှ ၅၀/၂၀၂၁ ထိအား စုစည်းတင်ပြပါသည်။**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန


# စိုက်ပျိုးစီးပွားသတင်းလွှာ


အမှတ်စဉ် ( ၄၆ / ၂၀၂၁)　　　　　　　　２၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်


| ၃-၁၂-၂၀၂၁ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၈၀၀.၀ |
| ယူရို | ၂၀၁၀.၅ |
| စင်္ကာပူဒေါ်လာ | ၁၂၉၈.၂ |
| စတာလင်ပေါင် | ၂၃၆၂.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၅၇၀.၄ |
| တရုတ်ယွမ် | ၂၇၉.၃၇ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၈.၄၁ |
| အိန္ဒိယရူပီး | ၂၃.၆၉၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၀.၅၈ |
| မလေးရှား ရင်းဂစ် | ၄၂၀.၇၀ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၂၆၇ |
| ထိုင်းဘတ် | ၅၂.၅၈၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၉၆၈ |


ဈေးကွက်သတင်းဌာနစိ တ်၊

စီမံကိန်းဦးစီးဌာန၊

ရုံးအမှတ်(၁၅)

ဖုန်း- ၀၆၇-၃၄၁၀၁၀၇

Email.-

office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယနိုင်ငံ၏ အီသနောတိုးတက်ထုတ်လုပ်မှုကြောင့် ကမ္ဘာ့သကြားဈေးကွက်သို့ သကြားဝင်ရောက်မှု သိသိသာသာကျဆင်း (ဘရာဇီးလ်)

➢ Paraná ပြည်နယ်တွင် ပြောင်းစိုက်ပျိုးမှု ရာနှုန်းပြည့်ပြီးစီးသည့်အပြင် ပဲပုပ်စေ့စိုက်ပျိုးမှု ၉၉ ရာခိုင်နှုန်းကျော်ပြီးစီး (ဘရာဇီးလ်)

➢ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဘရာဇီးလ်နိုင်ငံမှ ပြောင်းတန်ချိန် ၂.၈ သန်း တင်ပို့နိုင်ရန်မျှော်မှန်း

➢ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ပဲပုပ်စေ့တန်ချိန် ၂.၂၈၆ သန်း တင်ပို့နိုင်ရန် ခန့်မှန်း

➢ လက်တင်အမေရိကဒေသထံမှ ဆန်ဝယ်ယူရန် အမှာစာများအား ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယကုန်သည်များလက်ခံရရှိ

➢ အိန္ဒိယနိုင်ငံတွင် မိုးပိုမိုရွာသွန်းမှုများကြောင့် ပဲစင်းငုံအထွက်နှုန်း လျော့ကျဖွယ်ရှိ

➢ မိုးသည်းထန်မှုနှင့် ရေကြီးမှုများကြောင့် သီးနှံစိုက်ဧရိယာ ဟက်တာသိန်း ၅၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း အိန္ဒိယဝန်ကြီးကပြောကြား

➢ နယူးဆောက်ဝေးလ်ပြည်နယ်တွင် နိုဝင်ဘာမိုးကြောင့် ရေကြီးပျက်စီးဆုံးရှုံးမှု ဒေါ်လာတစ်ဘီလီယံကျော်ရှိနိုင်ခြင်း (ဩစတြေးလျ)

➢ ဩစတြေးလျ သရက်သီးကို စပိန်စားသုံးသူများ နှစ်သက်လျက်ရှိခြင်း

- Woolworth's စူပါမားကတ်ရှိ စျေးအချိုဆုံး နွားနို့စျေးနှုန်းကို တစ်လီတာ ဒေါ်လာ ၁.၃၀ သို့ တိုးမြှင့်ရောင်းချခြင်းကို နို့စားနွားမွေးမြူသူများက ကြို ဆိုလိုက်ခြင်း (ဩစတြေးလျ)
- ကွင်းစလန်ပြည်နယ်တွင် တရားမဝင်ဆေးလိပ်နှင့် ဆေးရွက်ကြီးကုန် သွယ်မှုကြီးထွားလျက်ရှိခြင်း (ဩစတြေးလျ)
- အမဲသားတင်သွင်းခွင့်မပိတ်ပင်မီ ခွင့်ပြုချက်ထုတ်ပေးထားသော ဘရာ ဇီးလ်အမဲသားများအားတင်သွင်းခွင့်ပြုကြောင်း တရုတ်အကောက်ခွန်ဌာန သတင်းထုတ်ပြန်

## ▪ အထွေထွေသတင်းများ

- ဩစတြေးလျနိုင်ငံ၏ စီးပွားရေးဆိုင်ရာ သတင်းများ
- ဥရောပ၌ ခရစ္စမတ်သစ်ပင်များကို ဒုတိယအများဆုံးတင်ပို့သည့် ဘယ်လ် ဂျီယံနိုင်ငံ
- အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း (ဂျာမနီ)
- **ဟောင်ကောင်**ဒေသ စီးပွားရေးဆိုင်ရာ သတင်းများ
- **Omicron** ဗိုင်းရပ်စ်မျိုးကွဲအန္တရာယ်မှ ကာကွယ်ရန် ပြည်ဝင်ခွင့် တင်းကျပ် မှုအစီအမံများ ဂျပန်စတင်ဆောင်ရွက်
- ဂျပန်နိုင်ငံတွင် ပထမဆုံး **Omicron** မျိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်သူ စစ်ဆေးတွေ့ရှိ စစ်ဆေးတွေ့ရှိကြောင်း အတည်ပြုခဲ့
- ကားထုတ်လုပ်သူများက နှစ်စဉ်ပြည်ပတင်ပို့မှု ရည်မှန်းချက်အပေါ် အားရ လျှက်ရှိခြင်း (ထိုင်းနိုင်ငံ)
- ပြည်ပတင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့မှု အားကောင်းလာစေရန် အတွက် နှစ်ကုန်ပိုင်းအမှာစာများအား မျှော်လင့်လျှက်ရှိခြင်း( ထိုင်းနိုင်ငံ)
- ကိုဗစ်-၁၉ ကာကွယ်ဆေးတင်ပို့မှုတွင် ဥရောပ၏ဗဟိုချက်အဖြစ် အရေး ပါနေသည့် ဘရပ်ဆဲလ်လေဆိပ်
- စိန်ခေါ်မှုများရှိနေသော်လည်း အလားအလာကောင်းမွန်ရန် မျှော်လင့်ထား သည့် ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်းကဏ္ဍ

- ယူရို (၃၀၀) ဘီလျံတန်ဖိုးရှိ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် **Global Gateway** ကို အီးယူက ထုတ်ပြန်ကြေညာခဲ့ခြင်း

## အိန္ဒိယနိုင်ငံ၏ အီသနောတိုးတက်ထုတ်လုပ်မှုကြောင့် ကမ္ဘာ့သကြားဈေးကွက်သို့ သကြားဝင်ရောက်မှု သိသိသာသာကျဆင်း (ဘရာဇီးလ်)

အိန္ဒိယနိုင်ငံ၏ ကြံမှအီသနောတိုးတက်ထုတ်လုပ်ခြင်းနှင့် ဘရာဇီးလ်နိုင်ငံ၏ သကြားထုတ်လုပ်မှုကျဆင်းလျက်ရှိခြင်းတို့ကြောင့် ၂၀၂၁-၂၀၂၂ ခုနှစ်သီးနှံရာသီချိန်တွင် ကမ္ဘာ့ဈေးကွက်သို့ သကြားဝင်ရောက်မှု အလွန်အမင်းကျဆင်းခဲ့ကြောင်း၊ ထို့ကြောင့် ယခုနှစ်ကမ္ဘာ့သကြားဈေးကွက်တွင် သကြားတန်ချိန် ၁.၈ သန်းအထိ ပိုလျှံဝယ်လိုအား ဖြစ်ပေါ်နိုင်ကြောင်း အထွေထွေအကျိုးဆောင်ကုမ္ပဏီ StoneX က ဒီဇင်ဘာ လ ၂ ရက်နေ့တွင် ပြောကြားခဲ့သည်။

ယခုနှစ်အတွက် ကမ္ဘာ့သကြားထုတ်လုပ်မှုအား သကြားတန်ချိန် ၁၈၆.၆ သန်းခန့်ရှိရန် ခန့်မှန်းထားပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သကြားလိုအပ်ချက်သည် တန်ချိန် ၁၈၈.၄ သန်းခန့် ရှိကြောင်း၊ ပင်လယ်ရေကြောင်းပို့ဆောင်ခများ ပြန်လည်ကျဆင်းလာသည်နှင့်အမျှ သကြားဝယ်လိုအားများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် သကြားအများအပြား ဝယ်ယူတင်သွင်းသည့် အာရှနိုင်ငံနိုင်ငံများ၏ ဝယ်ယူတင်သွင်းမှုများ ပြန်လည်တိုးတက်ကောင်းမွန်လာနိုင်ကြောင်း StoneX ကပြောကြားခဲ့သည်။

ဧပြီလတွင်စတင်မည့် ဘရာဇီးလ်နိုင်ငံ၏ကြံစိုက်ပျိုးထုတ်လုပ်မှုသည် ပုံမှန်ထွက်ရှိသည့် ပမာဏထက် ၆ ရာခိုင်နှုန်း ပိုမိုတိုးတက်နိုင်ပြီး ကြံတန်ချိန် ၅၆၅.၃ သန်းအထိ ထွက်ရှိနိုင်ကြောင်း၊ ဗြိတိန်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကြံစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၂၁-၂၀၂၂ ခုနှစ်ရာသီ(အောက်တိုဘာလမှ စက်တင်ဘာလအထိ)တွင် ကြံတန်ချိန် ၁၇.၂ သန်းဝန်းကျင်အထိ ထွက်ရှိနိုင်ကြောင်း အကျိုးဆောင်ကုမ္ပဏီက ပြောကြားခဲ့သည်။

ပထမကြံရာသီချိန်တွင် အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှု ၁၀ ရခိုင်နှုန်း တိုးတက်

အိန္ဒိယနိုင်ငံရှိ သကြားစက်များသည် အရှိန်အဟုန်မြှင့်တင်လျက် သကြားများကြိတ်ခွဲထုတ်လုပ်လျက်ရှိပြီး ၂၀၂၁-၂၀၂၂ ခုနှစ်ရာသီချိန်တွင် သကြားတန်ချိန် ၄.၇၂ သန်းအား ထုတ်လုပ်ခဲ့ပြီး ယခင်နှစ်ထုတ်လုပ်မှုထက် ၁၀ ရာခိုင်နှုန်း တိုးတက်လျက်ရှိကြောင်း ပို့ကုန်သွင်းကုန်အကျိုးဆောင်ကုမ္ပဏီက ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့သကြားထုတ်လုပ်တင်ပို့သည့် နိုင်ငံများစာရင်းတွင် ဒုတိယအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏သကြားတင်ပို့မှုသည် ကမ္ဘာ့သကြားဈေးကွက်နှုန်းဖြစ်ပေါ်မှုအပေါ်များစွာအကျိုးသက်ရောက်မှုရှိကြောင်း၊ သကြားတန်ချိန် ၃.၅ သန်းအား ပြည်ပနိုင်ငံများသို့တင်ပို့သွားရန် စာချုပ်များချုပ်ဆိုထားပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံသကြားစက် လုပ်ငန်းရှင်များအသင်း(Indian Sugar Mills Association – ISMA)က သတင်းထုတ်ပြန်ခဲ့သည်။

သတင်းရင်းမြစ် – Reuters

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

## Paraná ပြည်နယ်တွင် ပြောင်းစိုက်ပျိုးမှု ရာနှုန်းပြည့်ပြီးစီးသည့်အပြင် ပဲပုတ်စေ့စိုက်ပျိုးမှု ၉၉ ရာခိုင်နှုန်းကျော်ပြီးစီး (ဘရာဇီးလ်)

ဘရာဇီးလ်နိုင်ငံ၏ လယ်ယာထွက်ကုန်သီးနှံများ အဓိကစိုက်ပျိုးထုတ်လုပ်သည့် ပြည်နယ်များအနက်တစ်ခုဖြစ်သည့် Paraná ပြည်နယ်တွင် ၂၀၂၁–၂၀၂၂ သီးနှံစိုက်ပျိုးရာသီအတွင်း ပဲပုတ်စေ့စိုက်ပျိုးမှုတွင် ၉၉ ရာခိုင်နှုန်းခန့်စိုက်ပျိုးပြီးစီးနေပြီး စိုက်ပျိုးမြေဟက်တာ ၅.၆၂၃ သန်းခန့်အထိရှိနိုင်ကြောင်း ပြည်နယ်လယ်ယာစိုက်ပျိုးရေးဌာနလက်အောက်ရှိ ကျေးလက်စီးပွားရေးဌာန (Department of Rural Economy – Deral)က ပြောကြားခဲ့သည်။

ပဲပုတ်စေ့စိုက်ခင်းများအနက် ၉၁ ရာခိုင်နှုန်းသည် အခြေအနေကောင်းမွန်လျက်ရှိပြီး ၈ ရာခိုင်နှုန်းမှာ အခြေအနေအသင့်အတင့်ရှိကြောင်း၊ ၁ ရာခိုင်နှုန်းမှာ ပျက်ဆီးဆုံးရှုံးမှု ရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

နွေပြောင်းစိုက်ပျိုးမှုအနေဖြင့် နိုဝင်ဘာလဒုတိယပတ်တွင် ပြောင်းစိုက်ပျိုးမှုများပြီးစီးခဲ့ကြောင်း၊ နှံစားပြောင်းစိုက်ပျိုးမှု၏ ၉၅ ရာခိုင်နှုန်းမှာ အခြေအနေကောင်းမွန်လျက်ရှိပြီး ၅ ရာခိုင်နှုန်းသည် အခြေအနေအသင့်အတင့်ရှိကြောင်း၊ ဂျုံစိုက်ပျိုးတွင် ၁၀၀ ရာခိုင်နှုန်းစိုက်ပျိုးပြီးစီးခဲ့ပြီး ၈၅ ရာခိုင်နှုန်းမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် ၁၅ ရာခိုင်နှုန်းမှာ အခြေအနေအသင့်အတင့်ရှိကြောင်း ကျေးလက်စီးပွားရေးဌာနက ပြောကြားခဲ့သည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

……………………………………………………………

## ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဘရာဇီးလ်နိုင်ငံမှ ပြောင်းတန်ချိန် ၂.၈ သန်း တင်ပို့နိုင်ရန်မျှော်မှန်း

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း ပြောင်းတန်ချိန် ၂.၈၉၃ သန်းအား တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း၊ အောက်တိုဘာလအတွင်းက ပြောင်းတန်ချိန် ၁.၈၇၃ သန်းအား တင်ပို့နိုင်ခဲ့ပြီး တစ်နှစ်လုံးအတိုင်းအတာဖြင့် စုစုပေါင်းပြောင်းတန်ချိန် ၁၇.၄၄၅ သန်းအား တင်ပို့နိုင်ရန်ခန့်မှန်းထားကြောင်း ဘရာဇီးလ်နိုင်ငံ နှံစားသီးနှံတင်ပို့သူများအသင်း(National Association of Cereal Exporters – Anec)က ပြောကြားခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင်လည်း ပြောင်းတန်ချိန် ၄.၉၃၆ သန်းအား တင်ပို့နိုင်ခဲ့ကြောင်း အသင်းကပြောကြားခဲ့သည်။ နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၂၇ ရက်နေ့အထိ ပြောင်းတန်ချိန် ၆၁၃,၃၁၀ တန်အား တင်ပို့ထားပြီး

နိုဝင်ဘာလ ၂၈ ရက်နေ့မှ ဒီဇင်ဘာ ၄ ရက်နေ့အထိကာလအတွင်း ပြောင်းတန်ချိန် ၁.၀၂၅ သန်း အား တင်ပို့သွားရန်ခန့်မှန်းထားကြောင်း နံ့စားသီးနှံတင်ပို့သူများအသင်းက ပြောကြားခဲ့သည်။

ကိုလံဘီယာနိုင်ငံသို့ ပြောင်းတန်ချိန် ၁၅၀,၀၀၀ တန်အား တင်ပို့ခဲ့

၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် လက်ရှိအချိန်အထိ ပြောင်းတန်ချိန် ၁၅၀,၀၀၀ တန်အား ကိုလံဘီယာနိုင်ငံသို့တင်ပို့ခဲ့ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန(United States Department of Agriculture – USDA)၏ ဒီဇင်ဘာလ ၁ ရက်နေ့ သတင်းတွင်ဖော်ပြထား သည်။

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

......................................................

## ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ပဲပုတ်စေ့တန်ချိန် ၂.၂၈၆ သန်း တင်ပို့နိုင်ရန် ခန့်မှန်း

ယခုနှစ် နိုဝင်ဘာလအတွင်း ပဲပုတ်စေ့တန်ချိန် ၂.၂၈၆ သန်းအား တင်ပို့နိုင်ရန် ခန့်မှန်းထားပြီး ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင်တင်ပို့ခဲ့သည့် ပဲပုတ်စေ့တန်ချိန် ၇၇၀,၃၀၀ တန်နှင့် နှိုင်း ယှဉ်ပါက ၁၉၆ ရာခိုင်နှုန်းပိုမိုတိုးတက်နိုင်ကြောင်း၊ ယခုနှစ်အောက်တိုဘာလတွင် ပဲပုတ်စေ့ တန်ချိန် ၂.၉၈၅ သန်းအား တင်ပို့ထားပြီး ၂၀၂၁ ခုနှစ် နှစ်ကုန်ဆုံးပါက စုစုပေါင်း ပဲပုတ်စေ့တန် ချိန် ၈၄.၂၄၁ သန်း အထိ တင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း ဘရာဇီးလ်နိုင်ငံ နံ့စား သီးနှံတင်ပို့ သူများအသင်း (National Association of Cereal Exporters – Anec) က ပြော ကြားခဲ့သည်။

ပဲပုတ်စေ့ထုတ်ကုန် တင်ပို့မှုအနေဖြင့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း ပဲပုတ်စေ့ စားသောက်ကုန်တန်ချိန် ၁.၂၄၆ သန်းအား တင်ပို့ရန်ခန့်မှန်းထားကြောင်း၊ ယခင်နှစ်ကာလတူ တွင် တန်ချိန် ၁.၃၁၇ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ် အောက်တိုဘာလတွင် ပဲပုတ်စေ့တန်ချိန် ၁.၃၃၇ သန်း တင်ပို့ခဲ့ကြောင်းနှင့် ၂၀၂၁ ခုနှစ် တစ်နှစ်လုံးအတွက် တန်ချိန်စုစုပေါင်း ၁၅.၃၃၈ သန်း တင်ပို့ရန် မျှော်မှန်းထားကြောင်း အသင်းကပြောကြားခဲ့သည်။

သတင်းရင်းမြစ် – canalrural.com.br ၊ noticiasagricolas.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

..........................................................................................

## လက်တင်အမေရိကဒေသထံမှ ဆန်ဝယ်ယူရန် အမှာစာများအား ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယကုန်သည်များ လက်ခံရရှိ

အိန္ဒိယနိုင်ငံရှိ ဆန်တင်ပို့သူလုပ်ငန်းရှင်များအနေဖြင့် လက်တင်အမေရိကဈေးကွက်သို့ ဘာစမာတီဆန်များကို ပထမဦးဆုံးအကြိမ်အဖြစ် ယခုနှစ်ဒီဇင်ဘာလမှစတင်၍ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယဆန်တင်ပို့သူလုပ်ငန်းရှင်များအသင်း (AIREA) မှ အမှုဆောင်ဒါရိုက်တာ Mr. Vinod Kaul က လက်တင်အမေရိကဒေသရှိ နိုင်ငံများသည် ဆန်ကို ယခင်က အမေရိကန်နိုင်ငံထံမှသာ ဝယ်ယူတင်သွင်းခဲ့သော်လည်း ယခုအခါ အိန္ဒိယနိုင်ငံသို့ ဦးလှည့်၍ အမှာစာများ ပေးပို့လာကြကြောင်း ပြောဆိုပါသည်။

ယခုကဲ့သို့ ဈေးကွက်အသစ်ရရှိလာမှုသည် ငွေပေးချေမှုဆိုင်ရာ အခက်အခဲပြဿနာများကြောင့် အဓိကဆန်တင်ပို့ရာ အီရန်နိုင်ငံ၌ ဈေးကွက်ပျောက်ဆုံးမှုနှင့် ရင်ဆိုင်နေရသော အိန္ဒိယကုန်သည်များအတွက် သက်သာမှုရရှိစေမည်ဖြစ်ပါသည်။ နှစ်ကာလများစွာကပင် ဘာစမာတီဆန်များအား တင်ပို့လျက်ရှိခဲ့သော်လည်း အမေရိကန်နိုင်ငံ၏ အီရန်နိုင်ငံအပေါ် စီးပွားရေးအရ အရေးယူမှုက ငွေပေးချေမှုစနစ်ကို ပျက်ယွင်းမှုဖြစ်ပေါ်စေပြီး အိန္ဒိယကုန်သည်များအနေဖြင့် အီရန်ရှိ ၎င်းတို့၏ ကုန်သွယ်ဘက်များထံမှ ကုန်ဖိုးငွေရရှိရန် ကြန့်ကြာမှုများ ကြုံတွေ့ရလျက်ရှိသည်။

အီရန်နိုင်ငံနှင့်ကုန်သွယ်ရာတွင် အိန္ဒိယရှိ ရေနံချက်လုပ်သည့် ကုမ္ပဏီများသည် ရေနံစိမ်းများ ဝယ်ယူတင်သွင်းမှုအတွက် ကုန်ဖိုးငွေများကို UCO Bank ၌ ဖွင့်လှစ်ထားသည့် အီရန်နိုင်ငံ၏ ရူပီးငွေစာရင်းသို့ ပေးသွင်းထားရှိပြီး အိန္ဒိယ၏ ပို့ကုန်များအတွက် ၎င်းငွေစာရင်းမှ ပြန်လည်ခုနှိမ်ပေးချေခြင်းဖြစ်ပါသည်။ သို့ရာတွင် အီရန်နိုင်ငံအပေါ် အရေးယူကန့်သတ်မှုအား အမေရိကန်နိုင်ငံက ဖြေလျှော့ပေးထားသည့် ကာလကုန်ဆုံးချိန် ၂၀၁၉ ခုနှစ် မေလမှ စတင်၍ အီရန်နိုင်ငံထံမှ ရေနံများအား ရူပီးငွေဖြင့် ဝယ်ယူခြင်းကို အိန္ဒိယအစိုးရက ရပ်ဆိုင်းခဲ့သည်။ ထို့နောက်ပိုင်း အိန္ဒိယဘဏ်များ၌အပ်နှံထားသည့် အီရန်နိုင်ငံ၏အရန်ရူပီးငွေ လက်ကျန်ပမာဏမှာ တဖြည်းဖြည်းနည်းပါးလာခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ယခင်က ပြည်တွင်း၌ ဆန်စပါးရိတ်သိမ်းထွက်ပေါ်ချိန်တွင် ပြည်ပမှ တင်သွင်းမှုကို တားမြစ်ထားလေ့ရှိသည့် ရာသီအလိုက်ကန့်သတ်ချက်အား အီရန်အစိုးရက ပယ်ဖျက်ပေးခဲ့သည်။ အိန္ဒိယရှိ Kohinoor Foods စားသောက်ကုန်လုပ်ငန်းမှ တွဲဖက်အုပ်ချုပ်မှုဒါရိုက်တာ Mr. Gurnam Arora က အီရန်နိုင်ငံသည် ဆန်တင်သွင်းရန်တင်ဒါခေါ်ယူမှုကို မကြာသေးမီက ဆောင်

ရွက်ခဲ့ကြောင်း၊ အိန္ဒိယဆန်ကုန်သည်အချို့သည် အီရန်သို့ ဆန်တန်ချိန် ၁၀၀ ခန့် တင်ပို့ခဲ့သည်ဟု ကြားသိရကြောင်း ပြောဆိုပါသည်။ AIREA မှ Mr. Vinod Kaul က အိန္ဒိယကုန်သည်များသည် အီရန်နိုင်ငံနှင့် ကုန်သွယ်ရာ၌ ငွေပေးချေမှု အကျပ်အတည်းအား ကျော်လွှားနိုင်မည့် အခြေအနေကို စောင့်ဆိုင်းလျက်ရှိကြောင်း၊ အီရန်ရှိကုန်သွယ်ဘက်များထံမှ ကုန်ဖိုးငွေအချို့ လက်ခံရရှိမှုရှိသော်လည်း ကုန်သည်အများစုမှာ ကုန်တန်ဖိုးအပြည့်အဝ ပြန်လည်လက်ခံရရှိခြင်းမရှိသေးကြောင်း ပြောကြားပါသည်။

အိန္ဒိယနိုင်ငံ၌ ယခုနှစ်မိုးနှောင်းကာလ မိုးသည်းထန်မှုများကြောင့် စိုက်ပျိုးထားရှိဆဲစပါးခင်းများ ထိခိုက်မှု ဖြစ်ပေါ်ခဲ့ရာ အရည်အသွေးမြင့် ဘာစမာတီဆန် ထွက်ရှိနိုင်မှုမှာ ယခင်နှစ်ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက ၁၅% မှ ၂၀% အထိ ကျဆင်းဖွယ်ရှိပြီး ဈေးနှုန်းများသည်လည်း ၂၀% မှ ၄၀% အထိ မြင့်တက်လာခဲ့ကြောင်း၊ AIREA ကုန်သည်အသင်းက ၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွင်း ဘာစမာတီဆန် ပြည်ပသို့တင်ပို့မှုမှာ ယခင်နှစ်တင်ပို့မှု တန်ချိန် ၄.၆ သန်းအောက် ၂၀% ခန့် လျော့ကျမည်ဟု ခန့်မှန်းလျက်ရှိကြောင်းဖြင့် အိန္ဒိယ Economic Times သတင်းဌာနက ဖော်ပြထားပါသည်။

Source: Latin America opens doors to Indian basmati rice for first time ever, 30–11–2021, Economic Times

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

.....................................................................

## အိန္ဒိယနိုင်ငံတွင် မိုးပိုမိုရွာသွန်းမှုများကြောင့် ပဲစင်းငုံအထွက်နှုန်း လျော့ကျဖွယ်ရှိ

အိန္ဒိယနိုင်ငံတွင် ၂၀၂၁-၂၂ ခုနှစ် သီးနှံရာသီကာလအတွင်း မိုးရွာသွန်းမှုအားကောင်းသည့်အပြင် မိုးလွန်ကာလ၌ပါ ရွာသွန်းမှုကြောင့် ကာနာတကာပြည်နယ်တွင် စိုက်ခင်းများ၏ ၅ ပုံ ၁ ခန့် ထိခိုက်ခဲ့ပြီး အန္ဒြာပရာဒေ့ရှ်၊ မဟာရဋ္ဌနှင့် ဂူဂျရတ် စသည့်ပြည်နယ်များတွင်လည်း မိုးပိုမိုရွာသွန်းမှုရှိသဖြင့် ယခုနှစ် ပဲစင်းငုံအထွက်နှုန်းမှာ လျော့ကျဖွယ်ရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းက ပြောဆိုလျက်ရှိကြပါသည်။

ဌာနဆိုင်ရာ သတင်းအရင်းအမြစ်များအရ ကာနာတကာပြည်နယ်၌ ယခုနှစ်တွင် ပဲစင်းငုံဧရိယာ ဟက်တာ ၁၄.၅၅ သိန်း စိုက်ပျိုးထားရှိရာ အဓိကခရိုင်များဖြစ်သော Kalaburgi နှင့် Bidar ဒေသများ၌ မိုးပိုမိုရွာသွန်းမှုများကြောင့် ဟက်တာ ၂.၉၁ သိန်းခန့် ထိခိုက်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ နေရာဒေသအချို့တွင် အပင်ငယ်ရွယ်စဉ်အချိန်၌ ရေနစ်မြုပ်မှုကြောင့် ပျက်စီးမှုဖြစ်ပေါ်သကဲ့သို့ မကြာသေးမီကရွာသွန်းသည့်မိုးများကြောင့် နောက်ကျစိုက်ပျိုးသည့် သီးနှံစိုက်ခင်းများ

မှာ အပွင့် ပွင့်ချိန်နှင့် အစေ့အိမ်တည်ချိန်တို့တွင် ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ယခုနှစ်၌ ပြည်နယ်အတွင်းရှိ တောင်သူများသည် ပဲစင်းငုံစိုက်ဧရိယာလျာထားချက် ဟက်တာ ၁၄.၃ သိန်းကို ကျော်လွန်လျက် စိုက်ပျိုးနိုင်ခဲ့သော်လည်း Bagalkot, Koppal နှင့် Chikkaballapu ခရိုင်များတွင် စိုက်ခင်းများ၏ ၃၃% မှ ၅၅% အထိ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်းဖြင့် Hindu Business Line သတင်းဌာနက ဖော်ပြပါသည်။

Kalaburgi ခရိုင်ရှိ ကာနာတကာ ပရာဒေ့ရှ် ပဲစင်းငုံစိုက်ပျိုးသူများအသင်းမှ ဥက္ကဋ္ဌဖြစ်သူ Mr. Basavaraj Ingin က ယခုနှစ်သည် ပဲစင်းငုံစိုက်ပျိုးသူများအတွက် အောင်မြင်မှုမရသော ကာလပင်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေမှာ အလွန်အမင်းဆိုးရွားပြီး ၎င်းတို့အနေဖြင့်မည်သို့မျှ သီးနှံရိတ်သိမ်းရရှိနိုင်မည်မဟုတ်ကြောင်း၊ တောင်သူများအတွက် သည်းခံနိုင်ဖွယ်မရှိသော ဆုံးရှုံးမှုနှင့် ကြုံတွေ့ရခြင်းဖြစ်ကြောင်း ပြောဆိုပါသည်။

သို့ဖြစ်ရာ ကာနာတကာပြည်နယ်၏ ယခုနှစ် ပဲစင်းငုံထွက်ရှိနိုင်မှုမှာ မျှော်မှန်းထားသည့် ပမာဏကို ရရှိနိုင်မှုမရှိသကဲ့သို့ တစ်နိုင်ငံလုံး၏ ပဲစင်းငုံထွက်ရှိမှုကိုလည်း လျော့ကျစေဖွယ်ရှိပါသည်။ အစိုးရ၏စာရင်းများအရ ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ ပဲစင်းငုံစိုက်ပျိုးထားရှိမှုမှာ ဧရိယာဟက်တာ ၄၉.၈၃ သိန်းရှိပြီး ယခင်နှစ်ထက် ဟက်တာ ၁.၈၅ သိန်းခန့် ပိုမိုခဲ့ကြောင်း၊ အခြားသော ပဲစင်းငုံအဓိကစိုက်ပျိုးသည့်ပြည်နယ်များမှာ မဟာရဋ္ဌပြည်နယ်နှင့် မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်တို့ဖြစ်ပြီး ဧရိယာဟက်တာ ၁၃.၂၃ သိန်းနှင့် ၄.၂၅ သိန်း အသီးသီး စိုက်ပျိုးထားကြောင်း သိရှိရသည်။

Kalaburgi ဒေသရှိ ပဲခွဲစက်နှင့် ပဲရောင်းဝယ်ရေးလုပ်ငန်းရှင် Mr. Santosh Langar က ယခုနှစ် ကာနာတကာပြည်နယ်၏ ပဲစင်းငုံထုတ်လုပ်မှုမှာ ၄၀% အထိ လျော့ကျနိုင်ကြောင်း၊ အချို့သောဒေသများတွင် ဒီဇင်ဘာလလယ်ပိုင်း၌ ရိတ်သိမ်းမှုလုပ်ငန်း စတင်ဆောင်ရွက်တော့မည်ဖြစ်သော်လည်း ပွဲတော်ရာသီကာလအတွင်း ဝယ်လိုအားနည်းပါးခဲ့မှုနှင့် ပြည်ပမှ ဆက်လက်တင်သွင်းခွင့် ရရှိနေမှုတို့ကြောင့် ပဲစင်းငုံဈေးနှုန်းများမှာ အကျဘက်၌ တည်ငြိမ်လျက်ရှိကြောင်း ပြောကြားပါသည်။

Ahmedabad မြို့အခြေစိုက် Prakash Agro Mills ပဲခွဲစက်လုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Punit Bachawat ကမူ ရာသီဥတုပြောင်းလဲလာသည့်ဖြစ်စဉ်က ယခုနှစ် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုအပေါ် ကြီးမားစွာသက်ရောက်မှုဖြစ်စေခဲ့ကြောင်း၊ မဟာရဋ္ဌနှင့် ဂူဂျရတ် ပြည်နယ်များတွင်လည်း ပဲစင်းငုံစိုက်ခင်းများမှာ ၁၀% မှ ၁၅% အထိ ထိခိုက်မှုရှိခဲ့ကြောင်း၊ ကာနာတကာနှင့် အန္ဒြာပရာဒေ့ရှ်ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှုများအပါအဝင် တစ်နိုင်ငံလုံးပဲစင်းငုံထွက်ရှိမှုမှာ ၂၀% ခန့် လျော့ကျဖွယ်ရှိကြောင်း၊ ကုန်သည်များထံမှ တုန့်ပြန်ချက်များအရ ယခုနှစ်ပဲစင်းငုံ

တန်ချိန် ၂.၉ သန်းခန့် ထွက်ရှိနိုင်မည်ဟု ခန့်မှန်းရကြောင်း၊ လက်ရှိကာလ၌ ကာနာတကာနှင့် အန္ဒြာပရာဒေ့ရှ်ပြည်နယ်တို့တွင် မိုးဆက်လက်ရွာသွန်းမှုရှိနေဆဲဖြစ်ကြောင်း ပြောဆိုပါသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၂၁-၂၂ သီးနှံ စိုက်ပျိုးရေးနှစ်အတွက် ပထမအကြိမ် မိုးသီးနှံအထွက်ပမာဏ ကြိုတင်ခန့်မှန်းချက်အား ၂၁-၉-၂၀၂၁ နေ့၌ ထုတ်ပြန်ခဲ့ရာတွင် ယခင်နှစ် ထွက်ရှိခဲ့သော ပမာဏထက် တန်ချိန် ၀.၁၅ သန်း ပိုမိုလျက် ပဲစင်းငုံတန်ချိန် ၄.၄၃ သန်း အထိထွက်ရှိရန် ခန့်မှန်းထားသည်။ သို့ရာတွင် မိုးနှောင်းကာလနောက်ပိုင်း နိုင်ငံတစ်ဝန်း စိုက်ခင်းများ ထိခိုက်ပျက်စီးမှုကြောင့် ပဲစင်းငုံအထွက်လျော့နည်းပြီး ဈေးကွက်လိုအပ်ချက်အား ဖြည့်ဆည်းရန် အတွက် ပြည်ပမှဝယ်ယူတင်သွင်းမှုကို တိုးမြှင့်ဆောင်ရွက်ရဖွယ်ရှိပါသည်။

Source: Tur output set to shrink as excess rains hit crop in major States, 26–11–2021, The Hindu Business Line

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

.................................................

## မိုးသည်းထန်မှုနှင့်ရေကြီးမှုများကြောင့် သီးနှံစိုက်ဧရိယာ ဟက်တာသိန်း ၅၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း အိန္ဒိယဝန်ကြီးက ပြောကြား

အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ်တွင် လက်ရှိကာလအထိ မိုးသည်းထန်စွာ ရွာသွန်းမှု၊ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် နိုင်ငံတစ်ဝန်းရှိသီးနှံစိုက်ခင်း ဧရိယာဟက်တာ ပေါင်း ၅၀.၄၀ သိန်း ထိခိုက်ပျက်စီးခဲ့ရကြောင်း အိန္ဒိယစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ ဖူလုံရေးဝန်ကြီး နာရင်ဒရာဆင်းတိုမားက ၃၀-၁၁-၂၀၂၁ နေ့၌ လောက်ဆဘာလွှတ်တော်သို့ရှင်းလင်းတင်ပြရာတွင် ပြောကြားခဲ့ပါသည်။

ဝန်ကြီးနာရင်ဒရာဆင်းတိုမား၏ လောက်ဆဘာလွှတ်တော်သို့ စာဖြင့်ရေးသားတင်ပြချက်အရ ၂၅-၁၁-၂၀၂၁ နေ့အထိ ကာနာတကာပြည်နယ်၌ သီးနှံစိုက်ခင်းဧရိယာ ဟက်တာ ၁၃.၉၈ သိန်းဖြင့် ထိခိုက်ပျက်စီးမှုအများဆုံးကြုံတွေ့ခဲ့ရကြောင်း၊ ပြည်နယ်အလိုက် သီးနှံစိုက်ခင်းများထိခိုက်မှုမှာ အနောက်ဘင်ဂယ်ပြည်နယ်တွင် ဟက်တာ ၆.၉၀ သိန်း၊ ရာဂျပ်စတန်ပြည်နယ်၌ ဟက်တာ ၆.၇၉ သိန်း၊ ဘီဟာပြည်နယ်တွင် ဟက်တာ ၅.၈၀ သိန်း၊ မဟာရပ္ပြည်နယ်၌ ဟက်တာ ၄.၅၅ သိန်းနှင့် ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် ဟက်တာ ၃.၆၁ သိန်း အသီးသီး ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

ဝန်ကြီးနာရင်ဒရာဆင်းတိုမားက ထိုကဲ့သို့ သီးနှံစိုက်ခင်း ထိခိုက်ပျက်စီးမှုများအပေါ် သက် သာမှုရရှိစေရေးအတွက် နိုဝင်ဘာလ ၂၅ ရက်နေ့အထိ ပြည်နယ် သဘာဝဘေးအန္တရာယ်

တုန့်ပြန် ရေးရန်ပုံငွေ (SDRF) မှ ရူပီးငွေ ၈၈၇၃.၆၀ ကုဋေကို ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ SDRF ရန်ပုံငွေအပြင် အထောက်အပံ့များထပ်မံလိုအပ်ချက်ရှိပါက သဘာဝဘေးဒုက္ခပြင်းထန်စွာကြုံ တွေ့ရမှုများအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ အမှာစာဖြင့်တင်ပြချက်အပေါ်မူတည်၍ အတည်ပြုချက်ရယူလျက် အမျိုးသားသဘာဝဘေးအန္တရာယ်တုန့်ပြန်ရေး ရန်ပုံငွေ (NDRF) မှ ထုတ်နှုတ်သုံးစွဲရန် စဉ်းစားထားရှိကြောင်း ပြောဆိုပါသည်။ သဘာဝဘေးဒဏ်ခံရသည့် ခရိုင်အလိုက်တောင်သူလယ်သမားများက ရယူထားသည့်စိုက်ပျိုးရေးချေးငွေများ ပြန်လည်ပေးဆပ်မှုအား လျှော့ပေါ့သက်သာခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ မေးမြန်းချက်အပေါ် ဗဟိုအစိုးရအနေဖြင့် ထိုသို့ဆောင်ရွက်ရန်မရှိကြောင်း ၎င်းကဖြေကြားခဲ့ပါသည်။

လက်ရှိကာလတွင် အိန္ဒိယစိုက်ပျိုးရေးသုတေသနကောင်စီ (ICAR) သည် မိုးသည်းထန်မှုနှင့် ရေကြီးမှုများကြောင့် သီးနှံစိုက်ဧရိယာထိခိုက်မှုကြုံတွေ့ရသည့် ဒေသများရှိ တောင်သူများအား ရေကြီးမှုအပေါ် ထိရောက်စွာကိုင်တွယ်စီမံခန့်ခွဲမှုဆိုင်ရာ ပညာပေးသင်တန်းများ ပို့ချပေး လျက်ရှိကြောင်း သိရှိရပါသည်။

Source: Agri crops in 50.40 lakh hectare hit due to heavy rains & floods so far this year: Narendra Singh Tomar, 30-11-2021, Economic Times

နေအေးလွင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

......................................................................................................................

## နယူးဆောက်ဝေးလ်ပြည်နယ်တွင် နိုဝင်ဘာမိုးကြောင့် ရေကြီးပျက်စီးဆုံးရှုံးမှု ဒေါ်လာ တစ်ဘီလီယံကျော်ရှိနိုင်ခြင်း (ဩစတြေးလျ)

နယူးဆောက်ဝေးလ်ပြည်နယ်တွင် နိုဝင်ဘာလအတွင်း စံချိန်တင်မိုးရွာသွန်းပြီးနောက် ရေကြီးမှုကြောင့် ကောက်ပဲသီးနှံများ နစ်မြုပ်နေရာဆုံးရှုံးမှုသည် ဒေါ်လာ ၁ ဘီလီယံကျော် ရှိနိုင်ကြောင်း သိရှိရပါသည်။ NSW ပြည်နယ်၏ အခြေခံထုတ်လုပ်မှုလုပ်ငန်းဌာန (Department of Primary Industry-DPI) သည် ပျက်စီးဆုံးရှုံးမှုကို အကဲဖြတ်လျက်ရှိပြီး၊ သီးနှံများ၏ အရည်အသွေး၊ ခြံစည်းရိုးများနှင့် စက်ကိရိယာများပျက်စီးဆုံးရှုံးမှုမှာ သိသာထင်ရှားဖွယ်ရှိကြောင်းသိရှိရပါသည်။ ယခုရေကြီးမှုကြောင့် ၂၀၁၆ ခုနှစ်ရေကြီးမှုထက် ပိုမိုပျက်စီးဆုံးရှုံးနိုင်ကြောင်းနှင့် ကောက်ပဲသီးနှံပျက်စီးမှုများကလယ်သမားများကို များစွာထိခိုက်စေနိုင်ကြောင်း အခြေခံထုတ်လုပ်မှုလုပ်ငန်းဌာနက ထုတ်ဖော်ပြောကြားထားပါသည်။

ပျက်စီးဆုံးရှုံးမှုအကဲဖြတ်နိုင်ရန် စိုက်ပျိုးသူများက လယ်ကွင်းထဲသို့ဝင်နိုင်ရန် ရှန်းကန်ရလျက်ရှိပြီး၊ အချို့မှာလုံးဝရိတ်သိမ်းနိုင်ခြင်းမရှိပေ။ အချို့နေရာများတွင် ခန့်မှန်းထားသည့်အတိုင်း မိုးဆက်လက်ရွာပါက ရိတ်သိမ်းရန် မဖြစ်နိုင်တော့ကြောင်းနှင့် နို့စားနွားမွေးမြူသူများအတွက် အစာသီးနှံများနှင့် စားကျက်များတွင်အခက်အခဲများစွာရှိနေပါသည်။ ဂျုံစိုက်ခင်းများမှာ

တစ်ပတ်ကျော် ရေလွှမ်းမိုးခံရသည့်အတွက် သီးနှံကိုနောက်ဆုံးရိတ်သိမ်းချိန်တွင် တစ်တန်လျှင် ဒေါ်လာရာနှင့်ချီ၍ ဆုံးရှုံးနိုင်ကြောင်းနှင့် ဂျုံအရည်အသွေး သိသာစွာကျဆင်းနိုင်ကြောင်းခန့်မှန်း ထားပါသည်။

Source: www.abc.net.au
ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

…………………………………………………

## သြစတြေးလျ သရက်သီးကို စပိန်စားသုံးသူများ နှစ်သက်လျက်ရှိခြင်း

သြစတြေးလျ မြောက်ပိုင်းနယ်မြေတွင် စတင်စိုက်ပျိုးခဲ့သော သရက်သီးမျိုးကွဲမှာ ယခုအခါ စပိန်နိုင်ငံတွင်စီးပွားဖြစ်စိုက်ပျိုးရောင်းချလျက်ရှိကြောင်း ABC သတင်းဌာန သတင်း အရ သိရှိရပါသည်။ Katherine အခြေစိုက် သရက်သီးစိုက်ပျိုးသူ Ken Rayner က The Lady Jane (RA–17) သရက်သီးမျိုးကွဲအသစ်ကို ၂၀၁၃ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့ရာ နောက်ပိုင်းတွင် စိုက်ပျိုးထုတ်လုပ်သူများစွာက အဆိုပါသရက်သီးမျိုးကွဲကို စိုက်ပျိုးထုတ်လုပ်ကာ ပြည်ပနိုင်ငံ ဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

ယခုအခါ အဆိုပါသရက်သီးမျိုးကွဲကို သြစတြေးလျနိုင်ငံထက် စပိန်နိုင်ငံတွင် စီးပွား ဖြစ်စိုက်ပျိုးမှုပိုမိုများပြားလာပြီး၊ ယခုနှစ်မှာ စပိန်နိုင်ငံတွင်ပထမဆုံးခူးဆွတ်မည့် ရာသီဖြစ် ကြောင်း သိရှိရပါသည်။ သြစတြေးလျနိုင်ငံတွင် သရက်သီးခူးဆွတ်ပြီး (၄) ရက်အကြာမှ စားသုံး သူလက် ထဲရောက်ရှိသော်လည်း စပိန်နိုင်ငံတွင်ခူးဆွတ်ပြီး (၂၄) နာရီအတွင်းရောင်းချနိုင်ခြင်းမှာ အား သာချက်တစ်ရပ်ဖြစ်ပါသည်။

The Lady Jane သရက်သီး အပါအဝင် Ken Rayner ၏ သရက်သီးမျိုးကွဲများသည် ဘရာဇီး၊ အစ္စရေး၊ မော်ရိုကို၊ အီဂျစ်၊ အမေရိကန်နှင့် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံပေါင်း (၁၀) နိုင်ငံ ကျော်တွင် PBR (Plant Breeders Rights) မှတ်ပုံတင်ခြင်းကို ရရှိထားသည့်အပြင် Ken ၏ သီးသန့်သရက်သီးအဖြစ် အသိအမှတ်ပြုခြင်း ခံထားရပါသည်။ Ken Rayner စိုက်ပျိုးခဲ့သော သရက်သီး အမျိုးအစား အမျိုးမျိုးအနက် The Lady Jane မှာ အကောင်းဆုံး အဆင့်အတန်း ဖြစ်ကြောင်း သိရှိရပါသည်။

Source: www.abc.net.au
ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

## Woolworths စူပါမားကတ်ရှိ ဈေးအချိုဆုံး နွားနို့ဈေးနှုန်းကို တစ်လီတာ ဒေါ်လာ ၁.၃၀ သို့ တိုးမြှင့်ရောင်းချခြင်းကို နို့စားနွားမွေးမြူသူများက ကြိုဆိုလိုက်ခြင်း (ဩစတြေးလျ)

၂၃-၁၁-၂၀၂၁ ရက်နေ့မှ စတင်ကာ Woolworths စူပါမားကတ်သည် ၎င်း၏ကိုယ်ပိုင်အမှတ်တံဆိပ် နွားနို့တစ်လီတာနှုန်းလျှင် ဩစတြေးလျ ဒေါ်လာ ၁.၃၀ သို့ တိုးမြှင့်လိုက်ပြီး၊ တစ်လီတာလျှင် ၁၀ ဆင့် တိုးခြင်းဖြင့် ၂ လီတာနှင့် ၃ လီတာ ပုလင်းများကို ယခု ၂.၆၀ ဒေါ်လာနှင့် ၃.၉၀ ဒေါ်လာ အသီးသီးရောင်းချကာ နို့တစ်လီတာချင်းအတွက် ၁.၃၅ ဒေါ်လာ ကျသင့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နွားနို့ ၂ လီတာကို ၂.၃၉ ဒေါ်လာနှင့် ၃ လီတာကို ၃.၅၉ ဒေါ်လာသို့ မြှင့်တင်လိုက်သည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လနောက်ပိုင်း လက်လီရောင်းချမှုတွင် ပထမဆုံးဈေးနှုန်းတိုးလာခြင်းဖြစ်သည်။ Woolworths မှ တာဝန်ရှိသူတစ်ဦးက လွန်ခဲ့သည့်နှစ်နှစ်အတွင်း မွေးမြူရေးခြံမှ နွားနို့ဈေးနှုန်းများ သိသိသာသာမြင့်တက်လာသည်ကို မြင်တွေ့ခဲ့ရပြီးနောက် ရှေ့ရာသီတွင်ဆက်လက်မြင့်တက်လာနိုင်မည်ဟု ခန့်မှန်းထားပါသည်။ Woolworths သည် ကြိုတင်ကြေညာခြင်းမရှိဘဲ ၎င်း၏ကိုယ်ပိုင်အမှတ်တံဆိပ်နွားနို့များ၏ ဈေးနှုန်းကိုတိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ Woolworths ၏ နွားနို့ဈေးနှုန်းမြင့်တက်မှုနှင့်အတူ အခြားအဓိက စူပါမားကတ်များဖြစ်သည့် Coles နှင့် Aldi တို့ကလည်း ဈေးနှုန်းမြင့်တက်ဖွယ်ရှိကြောင်း သိရှိရပါသည်။

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

……………………………………………………………………

## ကွင်းစလန်ပြည်နယ်တွင် တရားမဝင် ဆေးလိပ်နှင့် ဆေးရွက်ကြီးကုန်သွယ်မှု ကြီးထွားလျက်ရှိခြင်း (ဩစတြေးလျ)

ကွင်းစလန်ပြည်နယ်တွင် တရားမဝင်ဆေးလိပ်နှင့် ဆေးရွက်ကြီးကုန်သွယ်မှုကို ရပ်တန့်နိုင်မည့် ပြည်နယ်ဥပဒေမရှိခြင်းကြောင့် တရားမဝင်ဆေးလိပ်နှင့် ဆေးရွက်ကြီး ကုန်သွယ်မှုမှာ ကြီးထွားလျက်ရှိကြောင်း သိရှိရပါသည်။ ပြီးခဲ့သည့်နှစ်တွင် ကွင်းစလန်ပြည်နယ်၊ အရှေ့တောင်ပိုင်း၌ အပတ်တိုင်းဆေးလိပ်နှင့် ဆေးရွက်ကြီးရောင်းချသည့်ဆိုင်တစ်ဆိုင်ဖွင့်လှစ်ခဲ့ပြီး၊ ယခုအခါ တရားဝင်လက်လီ ရောင်းချသူများအနီးတွင် တရားမဝင်ဆေးလိပ်နှင့် ဆေးရွက်ကြီးရောင်းချသည့်ဆိုင် ၇၀ ခန့်ရှိလာကြောင်း သိရှိရပါသည်။

တရားမဝင်ဆေးရွက်ကြီးထွက်ကုန်များတွင် Chop-chop (ဆေးရွက်ကြီး အပိုင်းအစများ)၊ တင်သွင်းလာသောစီးကရက်များနှင့် vapes များပါဝင်ပြီး၊ ကွင်းစလန်ပြည်နယ်၏Tobacco

and Other Smoking Products Act အရ တရားမဝင်ဆေးလိပ်နှင့် ဆေးရွက်ကြီးရောင်းချခြင်းသည် ရာဇဝတ်မှုမမြောက်ကြောင်း သိရှိရပါသည်။ ပြည်နယ်အစိုးရက တရားမဝင်ကုန်သွယ်မှုများ အရှိန်အဟုန်မြှင့်လာတော့မည်ဖြစ်ကြောင်း အကြိမ်ကြိမ်သတိပေးထားပြီး၊ ဆေးရွက်ကြီးလက်လီရောင်းချသူများကို လိုင်စင်ချပေးရန် လွန်ခဲ့သည့်ငါးနှစ်က ကတိပြုထားသော်လည်း ဥပဒေပြုခြင်းကို ဆောင်ရွက်ခြင်းမရှိသေးကြောင်း သိရှိရသည်။

ဒေါ်လာသန်းပေါင်းများစွာတန်ကြေးရှိသော တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံတစ်ဝှမ်းလုံး၏ ပြဿနာဖြစ်ပြီး၊ သောက်သုံးသူများသည် ဈေးပေါပြီး၊ အခွန်ကင်းလွတ်သည့် Chop-chop ဟု လူသိများသည့် ဆေးရွက်ကြီးအပိုင်းအစများကို မှောင်ခိုဈေးကွက် ကုန်သည်များက လက်လီဈေး၏ သုံးပုံတစ်ပုံ (သို့) ထက်ဝက်ခန့်ဖြင့် ရောင်းချလျက်ရှိပါသည်။

မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကို စုံစမ်းစစ်ဆေးရာတွင် တရားမဝင်ဆေးလိပ်ရောင်းချသည့်စတိုးဆိုင်များတွင် ဝင်ရောက်ရှာဖွေရန် (သို့) လျှို့ဝှက် အသွင်ပြောင်းဝယ်ယူမှုများ ကဲ့သို့သော နည်းလမ်းများကို အသုံးပြုရန်အခွင့်အာဏာမရှိဟု ရဲဌာနသတင်းရင်းမြစ်များက ပြောကြားထားပါသည်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ပြည်နယ်အစိုးရသည် ပါလီမန်စုံစမ်းရေးကော်မရှင်မှ အကြံပြုချက်များဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကိုတိုက်ဖျက်ရန်နှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးဖြန့်ဖြူးရောင်းချသူများအား လိုင်စင်ထုတ်ပေးရန်အတွက် မှတ်ပုံတင်ခွင့်ပြုခြင်းတို့ကို လက်ခံခဲ့သော်လည်း ဥပဒေပြုရေးကို အကောင်အထည်ဖော်ဆောင်ခဲ့ခြင်းမရှိပေ။

အစိုးရသတင်းရင်းမြစ်များအရ တရားမဝင်ဆေးရွက်ကြီးရောင်းချမှုကို ရာဇဝတ်မှုတစ်ခုအဖြစ်လုပ်ဆောင်နိုင်ရန်နှင့် လိုင်စင်ရဖြန့်ဖြူးသူများ Queensland မှတ်ပုံတင်စနစ်ထူထောင်ရန် လှုံ့ဆော်မှုများရှိခဲ့ကြောင်းနှင့် မှောင်ခိုဈေးကွက်ဆေးရွက်ကြီးကုန်သွယ်မှုသည် အစိုးရဝင်ငွေ ဒေါ်လာသန်း ၉၀၀ ခန့် ဆုံးရှုံးကြောင်း သိရှိရပါသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## အမဲသားတင်သွင်းခွင့်မပိတ်ပင်မီ ခွင့်ပြုချက်ထုတ်ပေးထားသော ဘရာဇီးလ်အမဲသားများအား တင်သွင်းခွင့်ပြုကြောင်း တရုတ်အကောက်ခွန်ဌာန

ဘရာဇီးလ်နိုင်ငံရှိ Minas Gerais နှင့် Mato Grosso ပြည်နယ်တို့တွင် နွားရူးရောဂါပိုးတွေ့ရှိကြောင်းအတည်ပြုခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် အမဲသားတင်သွင်းခွင့်အား တရုတ်အာဏာပိုင်များကပိတ်ပင်ခဲ့ရာ စက်တင်ဘာလ ၄ ရက်နေ့မတိုင်မီ ခွင့်ပြု

ချက်ထုတ်ပေးထားသည့်အမဲသားများအား တင်သွင်းခွင့်ပြုကြောင်း တရုတ်တာဝန်ရှိသူများက နိုဝင်ဘာလ ၂၃ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါသတင်းကြေညာချက်ကြောင့် အကောက်အခွန်ဌာန၏ ခွင့်ပြုချက်ရရှိထားသည့် ဘရာဇီးလ်အမဲသားတန်ချိန် ၁၀၀,၀၀၀ အား တရုတ်ဆိပ်ကမ်းတွင် ကုန်ချနိုင်တော့မည်ဖြစ်ကြောင်း ဘရာဇီးလ်နိုင်ငံ အေးခဲအသားတင်ပို့သူများအသင်း(Brazilian Association of Refrigerators – Abrafrigo)က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ အမဲသားတင်သွင်းခွင့်ထုတ်ပြန်ချက်သည် ဘရာဇီးလ်နိုင်ငံရှိ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းဈေးကွက်အတွက် အခြေအနေကောင်းများဖြစ်ပေါ်စေကြောင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဈေးကွက်သုတေသနပညာရှင် Caio Junqueira က ပြောကြားခဲ့သည်။ ဘရာဇီးလ်နိုင်ငံမှ တရုတ်နိုင်ငံသို့ထွက်ခွာသွားသည့် အမဲသားကွန်တိန်နာသင်္ဘောများနှင့် တင်ပို့ရန်အတွက် အအေးခန်း သိုလှောင်ရုံများအတွင်းသို့ရောက်ရှိနေသည့် အမဲသားများအတွက် တရုတ်နိုင်ငံမှ သတင်းကောင်းများအား ဘရာဇီးလ်လုပ်ငန်းရှင်များက စောင့်မျှော်လျက်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှုတွင် Junqueira က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ အသားစားသုံးမှုတိုးတက်လာမှုအခြေအနေနှင့် တရုတ်နိုင်ငံ၏လူနာနှစ်သစ်ကူး ဖေဖော်ဝါရီလရုံးပိတ်ရက်များအတွက် အသားလိုအပ်ချက်များနှင့်ပတ်သက်၍ တရုတ်တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားကြောင်း၊ ထို့ကြောင့် အမဲသားပိတ်ပင်မှုအား ပြန်လည်ဖွင့်လှစ်မပေးမီ နိုင်ငံတကာအသိအမှတ်ပြုထောက်ခံချက်မပါသော စက်တင်ဘာလ ၄ ရက်နေ့မတိုင်မီကအသားများအား စနစ်တကျတင်သွင်းခွင့်ပြုသင့်ကြောင်း Junqueira က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ အသားတင်သွင်းခွင့်သတင်းထုတ်ပြန်ချက်သည် ဈေးကွက်အတွင်းရှိ အသားဈေးနှုန်းများအပေါ် ရိုက်ခတ်မှုမရှိကြောင်း၊ တိရိစ္ဆာန်ဝယ်ယူရရှိမှုကျဆင်းခြင်းနှင့် စက်ရုံများ၏ လိုအပ်ချက်များမြင့်တက်နေသဖြင့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

…………………………………………………………………………………………

## ဩစတြေးလျနိုင်ငံ၏ စီးပွားရေးဆိုင်ရာ သတင်းများ

### စုံလင်ကွဲပြားသည့် ပို့ကုန်တင်ပို့သူများကြောင့် ဩစတြေးလျ ပို့ကုန်ကဏ္ဍ ကြံ့ကြံ့ခံရပ်တည်လျက်ရှိခြင်း

ဩစတြေးလျစီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ပို့ကုန်ဈေးကွက်ချဲ့ထွင်ရန် ရှာဖွေခြင်းဖြင့် အစိုးရ၏ကုန်သွယ်မှု စုံလင်ကွဲပြားခြင်းအစီအစဉ် The Government's trade diversification program) ကို တုံ့ပြန်ဆောင်ရွက်ခဲ့ကြောင်း ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း နှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားပါသည်။ ၂၀၂၁ ခုနှစ် ဩစတြေးလျနိုင်ငံတကာစီးပွားရေးစစ်တမ်း (Australian's 2021 International Business Survey) အရ ဩစတြေးလျ၏ ပို့ကုန်လုပ်ငန်းရှင်များသည် ရရှိပြီးသားဈေးကွက်များကိုသာမက လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များကို ဦးတည်လုပ်ဆောင်နေသည့် အမေရိကန်၊ ဗြိတိန်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားအပါအဝင် ဈေးကွက်အသစ်များကိုပစ်မှတ်ထားရန် ကြိုးပမ်းလျက်ရှိပါသည်။ ဩစတြေးလျ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehan ကအစိုးရသည် ကုန်သွယ်မှုဖြေလျှော့မှုများ ဆောင်ရွက်ပေးပြီး၊ လယ်ယာစီးပွားရေး ချဲ့ထွင်မှုတွင် ဒေါ်လာ ၇၂.၇ သန်း ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကုန်သွယ်မှု ကွဲပြားမှုကို ပံ့ပိုးရန်လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးက ဤစစ်တမ်း၏ရလဒ်များသည် ဩစတြေးလျစီးပွားရေးလုပ်ငန်းများကို တစ်ကမ္ဘာလုံး အပြိုင်အဆိုင်ဖြစ်စေရန်ပံ့ပိုးကူညီသည့်အစိုးရ၏လုပ်ငန်းအောင်မြင်မှုကို သက်သေပြခြင်းဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည် တင်ပို့သည့်အခါတွင် ဈေးကွက်ခွဲဝေမှု၏ အရေးပါမှုကိုလည်း အလေးပေးဖော်ပြခဲ့ပြီး၊ အဆိုပါစီးပွားရေးလုပ်ငန်းများသည် ပို့ကုန်ဈေးကွက် အများအပြားသို့ရောင်းချခြင်းဖြင့် လွန်ခဲ့သည့်တစ်နှစ်နှင့်နှိုင်းယှဉ်ပါက ဘဏ္ဍာရေးအရ ပိုကောင်းမွန်သည့် အခြေအနေဖြစ်ကြောင်း ပြောကြားထားပါသည်။

အစိုးရ၏ Agribusiness Expansion Initiative အစီအစဉ်အရ ပို့ကုန်တင်ပို့သူများသည် ၎င်းတို့ပို့ကုန်များကို ဈေးကွက်ချဲ့ထွင်ပြီး၊ ကွဲပြားစုံလင်စွာတင်ပို့နိုင်ရေးအတွက် ၎င်းတို့၏ကြိုးပမ်းအားထုတ်နိုင်ရန် လယ်ယာစီးပွားရေးလုပ်ငန်း ၅,၀၀၀ ကျော်ကို ပံ့ပိုးပေးထားပြီး ဖြစ်သည်။ ဩစတြေးလျ ပို့ကုန်လုပ်ငန်းရှင်များသည်တက်ကြွပြီး၊ ဆန်းသစ်တီထွင်သော လုပ်ငန်းရှင်များဖြစ်ပြီး ၎င်းတို့၏လုပ်ငန်းများသည် ပြည်တွင်းအလုပ်အကိုင်များနှင့် စီးပွားရေးတိုးတက်မှုကို သိသာထင်ရှားစွာ အထောက်အကူ ပြုလျက်ရှိပါသည်။

၂၀၂၁ခုနှစ် စစ်တမ်းတွင် အစိုးရ၏ COVID-19 အရေးပေါ်တုံ့ပြန်မှုအစီအမံများ မည်မျှအရေးပါသည်ကို မီးမောင်းထိုးပြထားပြီး၊ အစိုးရ၏ နိုင်ငံတကာကုန်စည်ပို့ဆောင်မှုအကူအညီ

ယန္တရားသည် ဩစတြေးလျ ပို့ကုန်လုပ်ငန်းရှင်များနှင့် နိုင်ငံတကာ ခရီးစဉ် ၆၀ ခု နီးပါး ကြားတွင် လေကြောင်းချိတ်ဆက်မှုကို ထိန်းသိမ်းထားနိုင်ခဲ့ရာ ထုတ်လုပ်သူများသည် COVID-19 ဆိုင်ရာ အနှောင့်အယှက်များကြုံရချိန်တွင် ၎င်းတို့၏နိုင်ငံတကာဖောက်သည်များထံ ဆက်လက်ရောက်ရှိနိုင်ကြောင်းကို သေချာစေမှုရှိစေကြောင်း သိရှိရပါသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………

## ဩစတြေးလျ ကုန်သွယ်ရေးဝန်ကြီး (၁၂) ကြိမ်မြောက် WTO ဝန်ကြီးအဆင့် ညီလာခံ တက်ရောက်မည်

ဩစတြေးလျ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehan သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် ၃၀-၁၁-၂၀၂၁ ရက်နေ့မှ ၃-၁၂-၂၀၂၁ ရက်နေ့အထိကျင်းပမည့် (၁၂) ကြိမ်မြောက် WTO ဝန်ကြီးအဆင့် ညီလာခံ (The 12th World Trade Organization (WTO) Ministerial Conference -MC12) သို့ တက်ရောက်မည်ဖြစ်ကြောင်း ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။

ဝန်ကြီးကWTO၏အဓိကအချက်ဖြစ်သည့် စည်းမျဉ်းအခြေခံကုန်သွယ်မှုစနစ်သည် ဩစတြေးလျ၏ ဆက်လက်သာယာဝပြောရေးနှင့် စီးပွားရေးတစ်ခုလုံးတွင် အလုပ်အကိုင်များဖန်တီးပေးနိုင်ရန် အထောက်အကူဖြစ်စေကြောင်း၊ MC12 တွင် WTO ၏တန်ဖိုးဖြစ်သည့် စည်းမျဉ်းအခြေခံ ကုန်သွယ်မှုစနစ်ကို ကာကွယ်ပေးမှုနှင့် မြှင့်တင်မှုကိုပြသသည့် ရလဒ်တစ်ခုရရှိရန် ဩစတြေးလျ၏ ခေါင်းဆောင်မှုနှင့်စေ့စပ်ညှိနှိုင်းရေးမှတစ်ဆင့် ဘက်စုံကုန်သွယ်မှုစနစ်အား အာမခံချက်ရှိစေရေးကို ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ဩစတြေးလျ အလုပ်လုပ် ကိုင်သူ (၅) ဦးတွင် တစ်ဦးသည် ကုန်သွယ်မှုအပေါ်မှီခိုနေရပြီး၊ WTO သည် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကိုလျှော့ချကာ ကမ္ဘာ့ကုန်သွယ်ရေးစည်းမျဉ်းများကို လိုက်နာစေခြင်းဖြင့် ဩစတြေးလျစီးပွားရေးလုပ်ငန်းများကို ဆက်လက်ပေးအပ်ရန်သေချာစေခြင်းဖြင့် COVID-19 မှ ပြန်လည်ကောင်းမွန်လာချိန်တွင် ဩစတြေးလျစီးပွားရေးကို အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း ဝန်ကြီးကထုတ်ဖော်ပြောကြားထားပါသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## Google က ဩစတြေးလျ အခြေခံအဆောက်အအုံ၊ သုတေသနနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများတွင် ဩစတြေးလျဒေါ်လာ ၁ ဘီလီယံ ရင်းနှီးမြှုပ်နှံခြင်း

Google သည် လာမည့် ၅ နှစ်အတွင်း ဩစတြေးလျတွင် ဩစတြေးလျဒေါ်လာ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၃၆ သန်း) ရင်းနှီးမြှုပ်နှံထားမည်ဖြစ်ကြောင်း Austrade ကသတင်းထုတ်ပြန်ထားပါသည်။ Digital Future Initiative သည် ယနေ့အထိ ဩစတြေးလျတွင် ကုမ္ပဏီ၏ အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး၊ ဧရိယာ (၃) ခုတွင် အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဒစ်ဂျစ်တယ်စီးပွားရေးကို တည်ဆောက်ရန်အတွက် Google သည် လိုအပ်သော အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး၊ cloud computing ကို ဖော်ဆောင်ရန် အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည်။ Google သည် ဩစတြေးလျတွင် ၎င်း၏ပထမဆုံးသော သုတေသနစင်တာကို စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး၊ ဒေသတွင်းစွမ်းရည်နှင့် နည်းပညာကို မြှင့်တင်မည်ဖြစ်သည်။ Google Research Australia သည် ကမ္ဘာတစ်ဝှမ်းရှိ သုတေသနအသိုင်းအဝိုင်းနှင့် နိုင်ငံတကာ Google Hubs တို့နှင့် ပူးပေါင်း ဆောင်ရွက်မည် ဖြစ်သည်။ Artificial Intelligence (AI) နှင့် Machine Learning တွင် အလုပ်လုပ်ရန် အင်ဂျင်နီယာများနှင့် သုတေသီများကို ငှားရမ်းမည်ဖြစ်သည်။

ဩစတေးလျနှင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် Google သည် ဩစတြေးလျအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ယင်းတွင် သန့်ရှင်းသော စွမ်းအင်အတွက် CSIRO နှင့် လုပ်ဆောင်ခြင်းနှင့် Great Barrier Reef ကို ကာကွယ်ခြင်းတို့ ပါဝင်သည်။ ထို့အပြင် Quantum Computing အဆင့်မြှင့်တင်ရန် Macquarie University နှင့်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ Google သည် ဩစတြေးလျတွင်နှစ်ပေါင်း (၂၀) ကျော်ကြာမြင့်နေပြီး၊ ဆစ်ဒနီနှင့် မဲလ်ဘုန်းတွင် အင်ဂျင်နီယာ ၇၀၀ အပါအဝင် ဝန်ထမ်း ၂၀၀၀ ကျော်ကို ခန့်အပ်ထားကြောင်းသိရှိရသည်။

Google အမှုဆောင်အရာရှိချုပ် Sundar Pichai က ဩစတြေးလျတွင် ဆန်းသစ်တီထွင်မှုများ၏ နောက်လှိုင်းကိုပံ့ပိုးရန်နှင့် နည်းပညာ၏အကျိုးကျေးဇူးများကို လူအများထံဆောင်ကြဉ်းပေးလိုပါကြောင်းနှင့် ဩစတေးလျကအဆိုပါအနာဂတ်ကို တည်ဆောက်နေသောကြောင့် အတူ လက်တွဲလုပ်ဆောင်ရန် မျှော်လင့်နေကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

Source: Austrade

ရင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## အမေရိကန်-ဩစတြေးလျ အရေးပါသော ဓာတ်သတ္တုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း

အမေရိကန် ကူးသန်းရောင်းဝယ်ရေးအတွင်းဝန်Gina Raimondo နှင့် ဩစတြေးလျ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehan တို့သည် စက်တင်ဘာ ပူနိုင်ငံတွင် မကြာသေးမီက ကျင်းပခဲ့သည့် Bloomberg New Economy Forum တွေ့ဆုံခဲ့ပြီး၊ အစိမ်းရောင်စီးပွားရေးကို မြှင့်တင်ခြင်းနှင့်အင်ဒို-ပစိဖိတ်ဒေသတွင် ခံနိုင်ရည်ရှိသော ထောက်ပံ့ရေးကွင်းဆက်များ တည်ဆောက်ခြင်းဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့် အဆင့်များ အပါအဝင်ခေါင်းစဉ်များစွာကို ဆွေးနွေးခဲ့ကြပါသည်။

အထူးသဖြင့် ခိုင်မာသောလုပ်သားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစံနှုန်းများကို လိုက်နာ၍ ကြံ့ကြံ့ခံသောထောက်ပံ့မှုကွင်းဆက်တည်ဆောက်နိုင်ရန် မိတ်ဖက်များနှင့် မဟာမိတ်များကြား ပူးပေါင်းဆောင်ရွက်မှု၏အရေးပါမှုကို မီးမောင်းထိုးပြပြီး၊ သန့်ရှင်းသောစွမ်းအင်သို့ အကူးအပြောင်းကာလတွင်အရေးပါသောသတ္တုတွင်းထွက်များ၏ အရေးကြီးသော အခန်းကဏ္ဍကို ဆွေးနွေးခဲ့ကြပါသည်။ အမေရိကန်-ဩစတြေးလျ အရေးပါသောဓာတ်သတ္တုပူးပေါင်းဆောင်ရွက်မှုသည် လက်တွေ့စီးပွားရေးနှင့် လုပ်သားအင်အားကိုအကျိုးပြုသည့် ကာဗွန်နည်းသော၊ အစိမ်းရောင်နည်းပညာကို အရှိန်အဟုန်ဖြင့်အတူတကွလုပ်ဆောင်ရန် မျှဝေထားသောရည်မှန်းချက်၏ လက်တွေ့ကျသောသရုပ်ပြမှုတစ်ခု ဖြစ်ပါသည်။

အတွင်းဝန် Raimondo နှင့် ဝန်ကြီး Tehan တို့က အမေရိကန်နှင့် ဩစတြေးလျတို့သည် ထောက်ပံ့ရေးကွင်းဆက်များတွင် ပူးပေါင်းဆောင်ရွက်ရန်ကတိကဝတ်ကို ထပ်မံအတည်ပြုပါကြောင်း၊ အထူးသဖြင့် လျှပ်စစ်ကားများအတွက် လိုအပ်သောရှားပါးမြေကြီးပစ္စည်းများကို ပံ့ပိုးပေးသည့် လုပ်ငန်းများနှင့်အလုပ်အကိုင်များ ဖန်တီးပေးသည့်အစိမ်းရောင်စီးပွားရေးသို့ ပိုမိုကျယ်ပြန့်စွာ ကူးပြောင်းလာမှုတို့နှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုရှိ ဩစတြေးလျကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကိုကြေးဆိုတင်ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မှုကို မျှော်လင့်ပါကြောင်း၊ အမေရိကန်-ဩစတြေးလျ အရေးပါသော ဓာတ်သတ္တုဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်တာများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အရေးပါသောဓာတ်သတ္တုများ၏ရင်းမြစ်ကို တာဝန်ယူဆောင်ရွက်ပေးကြောင်း သေချာစေရန်ပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ချုပ်မှု (ESG)နှင့် ခြေရာခံနိုင်မှု စံချိန်စံညွှန်းအသစ်များ ထူထောင်ရေးတွင်ပူးပေါင်းဆောင်ရွက်ခြင်း၊ အရေးပါသောသတ္တု တန်ဖိုးကွင်းဆက်တစ်လျှောက်စီမံကိန်းများအတွက် ဘဏ္ဍာငွေရှာဖွေရန်အခွင့်အလမ်းများကို စူးစမ်းရှာဖွေခြင်းနှင့် သက်ဆိုင်ရာ USG ငွေကြေးယန္တရားကဲ့သို့ ဩစတြေးလျနိုင်ငံ၏ အရေးပါသော သတ္တုလုပ်ငန်းအသစ်များထုတ်ယူခြင်း၊ နှစ်နိုင်ငံလုံးရှိဘက်ထရီများနှင့် ရှားပါးမြေဒြပ်သံလိုက်ထုတ်လုပ်သူများကဲ့သို့သော ထုတ်ယူသုံးစွဲသူ၊ ပြုပြင်ထုတ်လုပ်သည့်ကုမ္ပဏီများနှင့် ထိတွေ့ဆက်ဆံခြင်း၊ ဒေသတွင်းစိမ်းလန်းသောစီးပွားရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရန် အခွင့်

အလမ်းများကိုရှာဖွေရန်စသည့် အကြောင်းအရာများပါဝင်သည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

Source: Austrade
ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

……………………………………………………………………

## သြစတြေးလျဝန်ဆောင်မှုတင်ပို့သူများအတွက် ကြိုးနီစနစ်ဖြေလျှော့ခြင်း

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) တွင် သဘောတူညီထားသည့် စည်းမျဉ်းအသစ်များ သည် သြစတြေးလျဝန်ဆောင်မှုတင်ပို့သူများအတွက် ကြိုးနီစနစ်နှင့် စည်းမျဉ်းစည်းကမ်း ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်မည်ဖြစ်ပြီး၊ သြစတြေးလျစီးပွားရေးလုပ်ငန်းများ ကမ္ဘာသို့ တင်ပို့ရာတွင် ပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း သြစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ ၃-၁၂-၂၀၂၁ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး Dan Tehan သည် ကမ္ဘာလုံးဆိုင်ရာ ဝန်ဆောင်မှုကုန်သွယ်ရေး၏ ၉၀ % ကျော်ကို ကိုယ်စားပြုသည့် EU အဖွဲ့ဝင် ၂၇ နိုင်ငံ အပါအဝင် WTO အဖွဲ့ဝင် ၆၇ နိုင်ငံတို့ ပါဝင်သည့် သဘောတူညီချက်ကို ကြိုဆိုခဲ့ကြသည်။ Mr Tehan က သြစတြေးလျဝန်ဆောင်မှု တင်ပို့ရောင်းချသူတွေအတွက် တကယ့်အောင်ပွဲဖြစ်ပါကြောင်း၊ ပြည်ပဈေးကွက်များတွင် ရှုပ်ထွေးပြီးကုန်ကျစရိတ်များသော စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကိုလျှော့ချခြင်းဖြင့် ကြိုးနီစနစ်ကိုဖြတ်တောက်ရန် သဘောတူထားပြီး ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဝန်ဆောင်မှုသည် သြစတြေးလျစီးပွားရေးတွင် အလျင်မြန်ဆုံးတိုးတက်လျက်ရှိပြီး၊ အတက်ကြွဆုံးကဏ္ဍဖြစ်ပါကြောင်း၊ ချမှတ်ထားသောစည်းမျဉ်းများသည် သြစတြေးလျဝန်ဆောင်မှုတင်ပို့ရောင်းချသူများအနေဖြင့် အခြားသောဈေးကွက်များတွင် လုပ်ငန်းလည်ပတ်ရာ၌ တွေ့ကြုံရသည့်လက်တွေ့ကျသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ကူညီပေးနိုင်မည် ဖြစ်ကြောင်း သိရှိရပါသည်။

၁၂ ကြိမ်မြောက် WTO ဝန်ကြီးအဆင့်ညီလာခံကို ရွှေ့ဆိုင်းခြင်းသည် ယာယီနှောင့်နှေးမှု ဖြစ်သော်လည်း ညီလာခံသည် ဆုံးဖြတ်ချက်ကိုခိုင်မာစေရမည်ဖြစ်ပြီး၊ ဝန်ဆောင်မှုပြည်တွင်း စည်းမျဉ်းဆိုင်ရာ ပူးတွဲထုတ်ပြန်ချက် (Joint Statement Initiative) အပေါ် သုံးသပ်ချက်မှာ တွေ့ဆုံဆွေးနွေးရေးနှင့်စေ့စပ်ညှိနှိုင်းမှုမှတစ်ဆင့်အောင်မြင်နိုင်သည်ကိုပြသခြင်းဖြစ်ပါကြောင်း၊

ဩစတေးလျ၊ ကိုစတာရီကာနှင့် အီးယူတို့က ဦးဆောင်သည့် အဆိုပါ Initiative သည် လေးနှစ်ကြာ အလုပ်ကြိုးစားမှု၏ အထွတ်အထိပ်ဖြစ်ပြီး WTO အဖွဲ့ဝင်များအားလုံးအတွက် ဖွင့်လှစ်ပေးထားပြီး၊ မပါဝင်ရသေးသည့်နိုင်ငံများကိုပါဝင်ရန် တိုက်တွန်းဖိတ်ခေါ်ပါကြောင်း ဝန်ကြီးက ထုတ်ဖော်ပြောကြားထားပါသည်။

OECD-WTO ၏ပူးတွဲလေ့လာ တွက်ချက်မှုတစ်ခုအရ အဆိုပါစည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်းဖြင့် နှစ်စဉ်ကုန်သွယ်မှုကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံအထိ သက်သာစေနိုင်သည်ဟု သိရှိရပါသည်။ ယနေ့သဘောတူလက်ခံလိုက်သည့် ဝန်ဆောင်မှုပြည်တွင်းစည်းမျဉ်းဆိုင်ရာ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုသုံးသပ်ချက်အပေါ် ကြေညာချက်ကို https://www.wto.org/ တွင် ကြည့်ရှုနိုင်ပါသည်။

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

..................................................................

## ဩစတြေးလျအစိုးရက ပို့ကုန်တင်ပို့သူများကို အသိအမှတ်ပြုဆုချီးမြှင့်ခြင်း

ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehan သည် အလုပ်အကိုင်များ၊ စီးပွားရေးနှင့် ဒေသခံလူထုများကို ကူညီပံ့ပိုးပေးသည့်အတွက် ဩစတြေးလျပို့ကုန်တင်ပို့သူဆု (Australian Export Awards) တွင် ပါဝင်သည့်စီးပွားရေးလုပ်ငန်းအားလုံးကို ချီးကျူးဂုဏ်ပြုခဲ့ကြောင်း ဝန်ကြီးဌာန၏ ၂၅-၁၁-၂၀၂၁ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

မြောက်ပိုင်းနယ်မြေစီးပွားရေးလုပ်ငန်း Monsoon Aquatics သည် နိုဝင်ဘာ ၂၅ ရက်က ကျင်းပသည့် ၅၉ ကြိမ်မြောက် ဩစတြေးလျပို့ကုန်တင်ပို့သူဆုတွင် ယခုနှစ်အတွက်ပို့ကုန်တင်ပို့သူအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ယမန်နှစ်က စိန်ခေါ်မှုများရှိနေသော်လည်း Monsoon Aquatics သည် ၎င်း၏ရောင်းအား ၃၅ % နှင့် တင်ပို့ရောင်းချမှု ၁၈ % တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါလုပ်ငန်းသည် ပညာရေးသုတေသန၊ လူငယ်အလုပ်အကိုင်နှင့် Great Barrier Reef ၏ကျန်းမာရေးကို ထိန်းသိမ်းခြင်းအပါအဝင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာအစပျိုးလုပ်ဆောင်မှုများတွင်ပါဝင်ကူညီခြင်းဖြင့် ဒေသတွင်းအလုပ်အကိုင်များနှင့် စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရှိရပါသည်။

ဝန်ကြီးက "ဆန်ကာတင်စာရင်းတွင် ပါဝင်သည့်လုပ်ငန်း (၈၉) ခုလုံးသည် ၎င်းတို့၏လုပ်ငန်းများအတွက် ဂုဏ်ယူသင့်ပါကြောင်း၊ ၎င်းတို့သည်ဩစတြေးလျစီးပွားရေးအတွက် ပို့ကုန်

ဝင်ငွေဒေါ်လာ ၆.၂ ဘီလီယံကျော် ပံ့ပိုးပေးခဲ့ပြီး၊ လူပေါင်း ၁၇,၇၀၀ ကျော်ကို အလုပ်အကိုင် ခန့်ထားနိုင်ကြောင်း၊ အစိုးရသည် ဩစတြေးလျမှ စွန့်ဦးတီထွင်သူများနှင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာကုန်သွယ်မှုနှင့် ထိတွေ့စေပြီး၊ အောင်မြင်မှုရရှိရန် ဆန်းသစ်တီထွင်ပြီး လိုက်လျောညီထွေဖြစ်အောင် ပံ့ပိုးကူညီပေးနေပါကြောင်း ”ပြောကြားထားပါသည်။ s

နိုင်ငံအဆင့်ပေးအပ်သော ဆုအမျိုးအစား (၁၃)မျိုးမှာ  အဆင့်မြင့်နည်းပညာ၊ လယ်ယာစီးပွား၊ အစားအသောက်နှင့် အဖျော်ယမကာ၊ တီထွင်ဖန်တီးမှုလုပ်ငန်းများ၊ E-commerce၊ ပေါ်ထွန်းစပို့ကုန်တင်ပို့သူ၊ နိုင်ငံတကာပညာရေးနှင့် လေ့ကျင့်ရေး၊ နိုင်ငံတကာကျန်းမာရေး၊ ထုတ်လုပ်မှုနှင့် အဆင့်မြင့်ကုန်ကြမ်းများ၊ ဓာတ်သတ္တု၊ စွမ်းအင်နှင့် ဆက်စပ်ဝန်ဆောင်မှုများ၊ ကျွမ်းကျင်ပညာရှင်ဝန်ဆောင်မှု၊ ဒေသတွင်းပို့ကုန်တင်ပို့သူ၊ လုပ်ငန်းငယ်နှင့် ရေရှည်တည်တံ့မှုတို့ဖြစ်ပါသည်။

နှစ်စဉ် ဩစတြေးလျပို့ကုန်တင်ပို့သူဆုများကို ဩစတြေးလျကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင် (Austrade) နှင့် Australian Chamber of Commerce and Industry (ACCI) မှ ပြည်နယ်နှင့် နယ်မြေများ ပူးပေါင်း၍ ပေးအပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

..................................................

## အိန္ဒိယနှင့် ကုန်သွယ်မှု ဆက်ဆံရေးကို ပိုမိုခိုင်မာစေခြင်း (ဩစတြေးလျ)

ဩစတြေးလျ ဝန်ကြီးချုပ်ဟောင်း Hon Tony Abbott AC သည် အိန္ဒိယနိုင်ငံသို့ ခရီးသွားရောက်မည်ဖြစ်ပြီး၊ ဘက်စုံမဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးအောက်တွင် သိသာထင်ရှားသော ဩစတြေးလျ-အိန္ဒိယစီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးကို တိုးတက်စေမည့်ခရီးစဉ်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ၃၀-၁၁-၂၀၂၁ ရက်နေ့တွင် သတင်းထုတ်ပြန်ထားပါသည်။

မစ္စတာ Abbott သည် အိန္ဒိယနိုင်ငံသို့သွားရောက်ပြီး၊ အစိုးရဌာနများနှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံကာ အိန္ဒိယနှင့် ဩစတြေးလျ၏ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။

ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများကျင်းပလျက်ရှိပြီး၊ ယခုနှစ်ဒီဇင်ဘာလတွင် ကြားဖြတ်သဘောတူညီမှုရရှိရေးအတွက် ဆောင်ရွက်ဆဲဖြစ်ပါသည်။ ဩစတြေး

လျှဝန်ကြီးချုပ်ဟောင်းသည် ပြီးခဲ့သည့်ဩဂုတ်လအတွင်း နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးတိုးမြှင့်နိုင်ရန် အိန္ဒိယနိုင်ငံသို့သွားရောက်၍ အစိုးရဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

……………………………………………………………………………………………

## ဥရောပ၌ ခရစ္စမတ်သစ်ပင်များကို ဒုတိယအများဆုံးတင်ပို့သည့် ဘယ်လ်ဂျီယံနိုင်ငံ

ခရစ္စမတ်ပွဲတော်ရာသီရောက်ရှိလာပြီဖြစ်သဖြင့် ဘယ်လ်ဂျီယံနိုင်ငံတောင်ပိုင်းဒေသရှိ ခရစ္စမတ်သစ်ပင်များ စိုက်ပျိုးရောင်းချသည့်လုပ်ငန်းများ၏ စီးပွားရေးကောင်းမွန်လာကြောင်း၊ ဘယ်လ်ဂျီယံ၌စိုက်ပျိုးသည့် ခရစ္စမတ်သစ်ပင်များ၏ (၈၅) ရာခိုင်နှုန်းကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ဘယ်လ်ဂျီယံနိုင်ငံသည် ဒိန်းမတ်နိုင်ငံ၏နောက်တွင် ဥရောပ၌ ခရစ္စမတ်သစ်ပင်များကို ဒုတိယအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ကြောင်း သိရပါသည်။
ခရစ္စမတ်သစ်ပင်များစိုက်ပျိုးရောင်းချသည့်လုပ်ငန်းသည် ကြီးမားသောစီးပွားရေးလုပ်ငန်း တစ်ခုဖြစ်ပြီး၊ ပရော်ဖက်ရှင်နယ်စိုက်ပျိုးရောင်းချသူများအနေဖြင့် ခန့်မှန်းယူရို (၃၅) သန်းခန့် ဝင်ငွေရရှိကြောင်း၊ အဆိုပါလုပ်ငန်းသည် မျိုးစေ့များစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ တစ်နှစ်ပတ်လုံးဆောင်ရွက်ရသဖြင့် အချိန်ပြည့်အလုပ်အကိုင်ပေါင်း (၁၀၀၀) ခန့် ဖန်တီးပေးထားကြောင်း သိရပါသည်။

ခရစ္စမတ်သစ်ပင် စိုက်ပျိုးရောင်းချသည့် လုပ်ငန်းများအနေဖြင့် ဂေဟစနစ်နှင့်ကိုက်ညီသော စိုက်ပျိုးထုတ်လုပ်မှုနှင့် အော်ဂဲနစ်နည်းဖြင့်ထုတ်လုပ်မှုနည်းလမ်းများဆီသို့ ကူးပြောင်းဆောင်ရွက်မှုတိုးတက်လာကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးသက်သာစေရေး Eco-responsible charter များထုတ်ပြန်၍ ပေါင်းသတ်ဆေးများအသုံးပြုမှု တဆင့်ချင်းလျှော့ချသွားရေး၊ တိရစ္ဆာန်များကို အသုံးပြု၍မြေသန့်ရှင်းရေးဆောင်ရွက်သွားရေးတို့ကို ရည်ရွယ်ဆောင်ရွက်လာကြကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၌ ခရစ္စမတ်သစ်ပင်များကို ဝေါလိုနီးယားဒေသမှ အဓိကစိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် လူဇင်ဘတ်၊ Namur နှင့် Liege ပြည်နယ်များ၌ အဓိကစိုက်ပျိုးကြကြောင်း သိရပါသည်။

ရင်းမြစ် - https://www.brusselstimes.com/belgium/194734/in-wallonia-christmas-trees-are-big-business
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

## အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း (ဂျာမနီ)

ဂျာမနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပြန်လည်တွေ့ရှိမှုများရှိလာသောကြောင့် တွေ့ဆုံဆွေးနွေးမှုများအပေါ် ကန့်သတ်မှုများရှိလာပြီး အွန်လိုင်းဆွေးနွေးပွဲများကို ပြုလုပ်ကြပါသည်။ စီးပွားရေးသံမှူးသည် Association of German Chambers of Commerce and Industry (DIHK)မှ အပြည်ပြည်ဆိုင်ရာစီးပွားရေးဆက်သွယ်ရေးဌာန၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms.Sabrina Netzer ၊ Delegation of German Commerce and Industry in Myanmar(AHK) မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr.Matin Krummeck တို့နှင့် ၂၅.၁၁.၂၀၂၁ ရက်နေ့တွင် အွန်လိုင်းမှတဆင့် မိတ်ဆက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးရာတွင် စီးပွားရေးသံမှူးက ဂျာမနီနိုင်ငံတွင်လက်ရှိဆောင်ရွက်နေမှုများ၊ တွေ့ဆုံဆွေးနွေးမှုများ၊ မြန်မာနိုင်ငံပို့ကုန်များဈေးကွက်ဝင်ရောက်နိုင်ရေး အခြေအနေများ၊ EU approved vaccine ကို မြန်မာနိုင်ငံမှ ကုန်စည်ပြပွဲလာရောက်သူများ ထိုးနှံခွင့်ရရှိနိုင်မည့်အခြေအနေများ၊ အခြားချိတ်ဆက်ဆောင်ရွက်လိုမှုများအတွက် DIHK က ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ပါသည်။

Ms.Sabrina Netzer က ၎င်းအနေဖြင့် လက်ရှိတွင်ဂျာမနီနိုင်ငံရှိ ကုန်သည်စက်မှုအသင်းများနှင့် နိုင်ငံရပ်ခြားရှိ ဂျာမန်ကုန်သည်စက်မှုအသင်းကိုယ်စားလှယ်ရုံးများတို့နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အစိုးရ၏မူဝါဒများ စည်းမျဉ်းများအပေါ် စီးပွားရေးလုပ်ငန်းများက လိုက်နာဆောင်ရွက်ရန်အခက်အခဲများရှိပါက (ဥပမာ-Supply Chain Law) ဆွေးနွေးတင်ပြခြင်း၊ ညှိနှိုင်းပေါင်းစပ်ပေးခြင်းတို့ကို အဓိကဆောင်ရွက်ကြောင်း၊ Foreign Office မှ အရှေ့တောင်အာရှဒေသဆိုင်ရာတာဝန်ခံနှင့် German Agribusiness Alliance မှ တာဝန်ရှိသူတို့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ Mr.Matin Krummeck က လက်ရှိတွင် ဂျာမနီနိုင်ငံက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပိုင်းကျဆင်းမှုရှိနေကြောင်း၊ ဂျာမနီနိုင်ငံက မြန်မာနိုင်ငံတွင် စွမ်းအင်နှင့်ဆေးဝါးကုသမှုဆိုင်ရာကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ကိုဗစ်ကပ်ရောဂါ မြင့်မားစွာဖြစ်ပွားသည့်ကာလအတွင်းတွင်လည်း ဂျာမန်ကုမ္ပဏီများ စုပေါင်း၍ အမေရိကန်ဒေါ်လာငါးသိန်းလှူဒါန်းခဲ့ကြောင်း၊ EU approved ကာကွယ် ဆေးအတွက် ပြင်သစ်သံရုံးကဦးဆောင်၍ အခြားသံရုံးများနှင့်မြန်မာ AHK ရုံးတို့တွင် ထိုးနှံနိုင်ရေးဆောင်ရွက်ခဲ့ခြင်းရှိပြီး ယခုအခါထပ်မံရရှိနိုင်ရန်မလွယ်ကူနိုင်ကြောင်း၊ ၎င်းအနေဖြင့် မြန်မာနိုင်ငံသို့ သွားရောက်နိုင်ခြင်းမရှိသေးဘဲ မကြာမီသွားရောက်နိုင်မည်ဟုမျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံမှ အထည်ချုပ်ပို့ကုန်စုစုပေါင်း၏ ၉၀ရာခိုင်နှုန်းခန့်သည် အီးယူဒေသသို့တင်ပို့နေပြီး ဂျာမနီနိုင်ငံသည် အများဆုံးဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံ၏ ကုမ္ပဏီကြီးများဖြစ်သည့် Tchibo, Primemart

စသည်တို့တွင် မြန်မာနိုင်ငံမှအထည်ချုပ်ပို့ကုန်များတွေ့မြင်နိုင်ကြောင်း၊ ဤအခြေအနေကို ဆက်လက်မြင်တွေ့လိုကြောင်း၊ ဆက်လက်၍ လိုအပ်သည်များဆက်သွယ်ပူးပေါင်း ဆောင်ရွက်စေလိုကြောင်း စသည်ဖြင့်ဆွေးနွေးပါသည်။

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး
ဘာလင်

………………………………………………………………………………………………….

## ဟောင်ကောင်ဒေသ စီးပွားရေးဆိုင်ရာ သတင်းများ

### ဟောင်ကောင်ဒေသ Russell Street ရှိ Burberry Luxury Fashion ဆိုင်ခန်းအား Prada နှင့် La Peral ဆိုင်ခန်းများကဲ့သို့ ပိတ်သိမ်းသွားမည့်သတင်း တင်ပြခြင်း

ဟောင်ကောင်ဒေသ Russell Street ၌ (၁၀) နှစ်ကြာ ဆိုင်ခန်းငှားရမ်း ဖွင့်လှစ်ခဲ့သည့် ဗြိတိန်နိုင်ငံ၏ Luxury Fashion ဖြစ်သော လူသိများ နာမည်ကျော်ကြားသည့် Burberry ဆိုင်ခန်းအား ပိတ်သိမ်းမည်ဖြစ်ကြောင်း၊ စတုရန်းပေ (၅၂၀၀) ကျယ်ဝန်းသည့် အဆိုပါ ဆိုင်ခန်းအား ၂၀၁၂ ခုနှစ်မှ စတင်၍ ငှားရမ်းထားခဲ့ပြီး ကနဦးတွင် ငှားရမ်းခ တစ်လလျှင် ဟောင်ကောင်ဒေါ်လာ (၇.၇) မီလီယံ (အမေရိကန်ဒေါ်လာ ၉၈၈,၀၀၀) ပေးခဲ့ရပြီး လက်လီရောင်းချမှုများ တိုးတက်လာသောကြောင့် ၂၀၁၅ ခုနှစ်တွင် ငှားရမ်းခ (၈.၆) မီလီယံသို့ မြင့်တက်ခဲ့ကြောင်း၊ သို့သော်ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် တရုတ်ပြည်မကြီးမှခရီးသွားဧည့်သည်များ လာရောက်ခြင်းမရှိသောကြောင့် နိုင်ငံတကာကုန်အမှတ်တံဆိပ်များအတွက် လွန်ခဲ့သော (၃) နှစ်က ရောင်းချရ မှုနှုန်းဖြင့် ပြန်လည်ရောင်းချနိုင်ရန် ခက်ခဲသည့်အနေအထားနှင့် ရင်ဆိုင်ရလျက်ရှိကြောင်း၊ ငှားရမ်းခ လျှော့နည်းသည့် နေရာလွတ်ဆိုင်ခန်းများအား ငှားရမ်းရန်ကမ်းလှမ်းမှုများကြောင့် လက်လီ အရောင်းဆိုင်များအတွက်ရွေးချယ်မှုများ ပိုမိုပြားလာကြောင်း၊၂၀၂၁ ခုနှစ်၊နိုဝင်ဘာလ ၂၃ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Sandy LiHarvey Kong က “Burberry joins Prada, La Peral in existing Hong Kong’s Russsell Strret, once the worlds’s most expensive retail rental trip” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် ဟောင်ကောင်ဒေသ Russell Street ရှိ ဆိုင်ခန်းအား ၂၀၂၀ ပြည့်နှစ် ဖွန်လတွင်ပိတ်သိမ်းခဲ့သည့် Prada နှင့် စက်တင်ဘာလတွင်ပိတ်သိမ်းခဲ့သည့် La Peral ပြီးလျှင် Burberry သည် တတိယမြောက်ပိတ်သိမ်းခဲ့သည့်ဆိုင်ခန်းဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ လက်လီရောင်းချမှုမှာ အဆိုးဆုံးအခြေအနေမှပြန်လည်နာလန်ထူရန် အပြင်းအထန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာကုန်အမှတ်တံဆိပ်များဖြစ်သည့် Topshop ၊ Gap နှင့်

Victoria's Secret အစရှိသည့်ဆိုင်ခန်းများမှာ ၂၀၁၉ ခုနှစ်၊ အစိုးရဆန့်ကျင်ဆန္ဒပြမှုနှင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားပြီးနောက် ပြင်းထန်စွာရိုက်ခတ်မှုများ ခံခဲ့ရသောကြောင့် ဆိုင်ခန်းများပိတ်သိမ်းခဲ့ကြကြောင်း၊ Burberry အနေဖြင့် ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးအမြင်သဘောထား အယူအဆအသစ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း၊ Burberry သည်ဒစ်ဂျစ်တယ်လ်စနစ် တီထွင်ဖန်တီးမှုတွင် အကြီးမားဆုံးလုပ်ငန်းတစ်ခုဖြစ်သောကြောင့် ဒစ်ဂျစ်တယ်လ်စနစ်ဖြင့် ပိုမိုအလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆိုင်ခန်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ဝယ်ယူသူများအနေဖြင့် အဆင့်မြင့်တန်ဖိုးကြီး ကုန်ပစ္စည်းများကို အလေးထားသုံးစွဲနိုင်သည်ကို လေ့လာတွေ့ရှိထားကြောင်း၊ သို့ဖြစ်ရာ Burberry အနေဖြင့် လက်လီရောင်းချမှုအား ဝယ်ယူသူများ အဆင်ပြေချောမွေ့စေရန်အတွက် အွန်လိုင်းမှရောင်းချခြင်း၊ ပြင်ပ၌ဆိုင်ခန်းဖွင့်လှစ်ခြင်းနှင့် တယ်လီဖုန်းဖြင့်ဆက်သွယ်ဝယ်ယူ ရောင်းချခြင်းအစရှိသည့် အမျိုးမျိုးသောနည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် Omnichannel approach ဖြင့် ချဉ်းကပ်ဆောင်ရွက်ခြင်းဖြင့် အဓိကဈေးကွက်ရှိ ဒေသခံဝယ်ယူသူများ၏ ကြိုက်နှစ်သက်မှုများအဆင်ပြေချောမွေ့စေရန် စဉ်ဆက်မပြတ်သိရှိဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

..........................................................

## ဟောင်ကောင်ဒေသ အနေဖြင့် အသိဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့် ဥပဒေမူကြမ်းအား ပြန်လည်ဆန်းစစ်မည်ဖြစ်ကြောင်း

ကမ္ဘာတစ်ဝန်းရှိနိုင်ငံများတွင် မူပိုင်ခွင့်စနစ်နှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသောကြောင့် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ ဥပဒေပညာရှင်များမှ (၂) ကြိမ်ကန့်ကွက်ခဲ့သည့် အသိဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အကာအကွယ်ပေးရေး ဥပဒေမူကြမ်းအား ပြန်လည်ဆန်းစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအစိုးရမှ ၂၄-၁၁-၂၀၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် သုံးလတစ်ကြိမ်ဆွေးနွေးပွဲ၌ မူပိုင်ခွင့်နှင့်ပတ်သက်သည့် အဆိုပြုလွှာအားစတင်ဆွေးနွေးခဲ့ပြီး အသစ်ရွေးချယ်သည့်တရားစီရင်ရေးကောင်စီသို့ လာမည့်နှစ်တွင်တင်သွင်းနိုင်ရန်မျှော်မှန်းထားကြောင်း၊ ဟောင်ကောင်ဒေသ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွင်းဝန် (ဝန်ကြီး) Mr. Edward Yau Tang-wah မှ ပြောကြားရာတွင် မူပိုင်ခွင့်အကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ၂၀၀၆ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ၏ မူပိုင်

ခွင့်စနစ်မှာ နိုင်ငံတကာဒ်ဖွံ့ဖြိုးတိုးတက်မှုနှင့်နှိုင်းယှဉ်လျှင် ဆယ်စုနှစ်တစ်စုကျော် နောက်ကျကျန်ရစ်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ယခုအချိန်မှာမူပိုင်ခွင့်နှင့်ပတ်သက်၍ ပြန်လည်ဆန်း စစ်သင့်သည့်အချိန်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Denise Tsang က "City To Revive Bill Updating Intellectual Property Law" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် မူပိုင်ခွင့်စနစ်နှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေအား ပြန်လည်ဆန်းစစ်ခြင်းဖြင့် ဟောင်ကောင်ဒေသအုပ်ချုပ်ရေးမှူးချုပ်၊ Mrs. Carrie Lam ၏ မူဝါဒရေးရာမိန့်ခွန်းတွင်ပြောကြားခဲ့သည့် ဟောင်ကောင်ဒေသအား အသိဉာဏပစ္စည်းဆိုင်ရာ ကုန်သွယ်မှုအချက်အချာကျသည့်ဒေသအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရန်နှင့် တရုတ်နိုင်ငံ၊ ဗဟို အစိုးရ၏(၁၅) နှစ်စီမံကိန်းအတွက်ပံ့ပိုးကူညီရာရောက်မည်ဖြစ်ကြောင်း၊ အွန်လိုင်းတွင် အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များ လုံခြုံရေးဆောင်ရွက်ရန်အတွက် အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းများသည် ဥပဒေရေးရာနှင့် အခြားသောအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသ၌ လက်ရှိတည်ဆဲမူပိုင်ခွင့်ဥပဒေအရ မူလပိုင်ရှင်၏မူပိုင်ခွင့်လိုင်စင်မရှိဘဲ ပစ္စည်းများရောင်းချခြင်း၊ တင်ပို့ခြင်း၊ တင်သွင်းခြင်းနှင့် ထုတ်လုပ်ခြင်းပြုလုပ်သူအား အမြင့်ဆုံးထောင်ဒဏ် (၄) နှစ်နှင့်ဟောင်ကောင်ဒေါ်လာ (၅၀,၀၀၀) ဒဏ်ကြေးငွေပေး ဆောင်ရမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

---

## Omicron ဗိုင်းရပ်စ်မျိုးကွဲအန္တရာယ်မှ ကာကွယ်ရန် ပြည်ဝင်ခွင့်တင်းကျပ်မှုအစီအမံများ ဂျပန်စတင်ဆောင်ရွက်

ဂျပန်နိုင်ငံသည့် ဖြစ်လာနိုင်ချေရှိသည့် Omicron ဗိုင်းရပ်စ်မျိုးကွဲကူးစက်မှုမှ ကာကွယ်ရန် နိုင်ငံအတွင်းနိုင်ငံခြားသားများဝင်ရောက်မှုအပေါ် ပြန်လည်တင်းကျပ်ဆောင်ရွက်မှုအစီအမံများအား နိုဝင်ဘာလ ၃၀ ရက်နေ့မှ စတင်ခဲ့ပါသည်။

သို့ဖြစ်ရာ သီတင်းပတ် ၃ပတ်ခန့် လတ်တလော ပြန်လည်ဖြေလျှော့ ဖွင့်လှစ်ပေးခဲ့သည့် နိုင်ငံခြားသားကျောင်းသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နည်းပညာအလုပ်အကိုင်သင်တန်းသားများ၏ ပြည်ဝင်ခွင့်ကို တဖန်ပြန်လည်ရပ်ဆိုင်းမည်ဖြစ်ပါသည်။

ဂျပန်ဝန်ကြီးချုပ် Fumio Kishida မှ အဆိုပါအရေးပေါ်ဆောင်ရွက်ချက်အစီအမံများကို နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းမှ ထိုကဲ့သို့ အရေးပေါ်အစီအမံများ

ချမှတ်ခြင်းကို တမ္ဘာလုံးမှ ဝင်ရောက်လာမည့် နိုင်ငံခြားသားများအားလုံးအပေါ် နိုဝင်ဘာလ ၃၀ ရက်နေ့ (အင်္ဂါနေ့) မှ အစပြုကာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအတွက် အဆိုးရွားဆုံး ကူးစက်မှုအခြေအနေများရှောင်ရှားနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လက်ရှိထွက် ပေါ်လာသည့် ဗိုင်းရပ်စ်မျိုးကွဲသစ်သည် မည်မျှထိဆိုးရွားသည့်အခြေအနေရှိသည်ကို ပညာရှင် များ ကျွမ်းကျွမ်းကျင်ကျင်သိရှိနားလည်လာသည့်အချိန်အထိ အရေးပေါ်အစီအမံများကို ယာယီ ကျင့်သုံးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံအနေဖြင့် Omicron ဗိုင်းရပ်စ်မျိုးကွဲကူးစက်ပြန့်ပွားမှုရှိသည်ဟု အတည်ပြု ထားသည့် ကမ္ဘာ့နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် ဂျပန်နိုင်ငံသားများအပေါ် တင်းကျပ် သည့် အစီအမံများဖြင့်သီးခြားခွဲနေထိုင်ကာ စောင့်ကြည့်ခြင်းကို ဆောင်ရွက်နေပြီဖြစ်ပါသည်။

ထို့အပြင် ဂျပန်နိုင်ငံ၊ အမျိုးသားကူးစက်ရောဂါဆိုင်ရာသုတေသနဌာန (National Institute of Infectious Diseases) မှ Omicron ဗိုင်းရပ်စ်မျိုးကွဲသစ်ကို စိုးရိမ်ဖွယ်ရာ ဗိုင်းရပ်စ် မျိုးကွဲအဖြစ် သတ်မှတ်လိုက်ပြီး Omicron ဗိုင်းရပ်စ်မျိုးကွဲကူးစက်ပြန့်ပွားမှုရှိသည်ဟု အတည် ပြုထားသည့် နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် ဂျပန်နိုင်ငံသားများအပေါ် တင်းကျပ်သည့် အစီအမံများ ဖြင့် ထိန်းချုပ်ဆောင်ရွက်နေပြီဖြစ်ပါသည်။

အဆိုပါသုတေသနဌာန၏ သုံးသပ်ချက်အရ Omicron ဗိုင်းရပ်စ်မျိုးကွဲသစ်သည် အခြား သောဗိုင်းရပ်စ်မျိုးကွဲသစ်များထက် ပိုမိုကူးစက်နိုင်စွမ်းရှိပြီး ကာကွယ်ဆေး၏အာနိသင်ထိ ရောက်မှုကိုလည်း လျော့ပါးနိုင်ချေရှိသဖြင့် ကူးစက်မှုနှုန်းပြန်လည်မြင့်တက်လာနိုင်သည့် စိုးရိမ်ရသော ဗိုင်းရပ်စ်အမျိုးအစားဖြစ်ကြောင်း၊ Omicron ဗိုင်းရပ်စ်မျိုးကွဲသစ်နှင့်ပတ်သက်၍ စစ်ဆေးစမ်းသပ်မှု အချက်အလက်များအတိအကျမရှိသေးကြောင်း သိရပါသည်။

နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

………………………………………………………

## ဂျပန်နိုင်ငံတွင် ပထမဆုံး Omicron မျိုးဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်သူ စစ်ဆေးတွေ့ရှိ စစ်ဆေးတွေ့ရှိကြောင်း အတည်ပြုခဲ့

တောင်အာဖရိကနိုင်ငံတစ်ခုဖြစ်သည့် Namibia နိုင်ငံမှ နိုဝင်ဘာလ ၂၈ ရက် (တနင်္ဂနွေ နေ့) ၌ ဂျပန်နိုင်ငံသို့ တိုကျို၊ နာရီတာလေဆိပ်မှတစ်ဆင့် ဝင်ရောက်လာသူ အသက် ၃၀ အရွယ် ဝန်းကျင်ရှိ အမျိုးသားတစ်ဦးတွင် Omicron မျိုးဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်နေကြောင်း စစ်ဆေး ဂျပန်နိုင်ငံတွင် Omicron မျိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်အသစ်ကူးစက်မှု စတင်တွေ့ရှိရ ကြောင်း ဂျပန်အစိုးရမှ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ အမျိုးသားထံမှဆေးစစ်ရန်ခေတ်ခွဲနမူနာပစ္စည်းများ ရယူပြီးချိန်မှစတင်၍ သတ်မှတ်ထားသည့်သီးခြားနေရာတွင် ခွဲခြားနေထိုင်စေကာ စောင့်ကြည့်လျက်ရှိကြောင်း၊ ၎င်းနှင့်အတူ လေကြောင်းလိုင်းတစ်ခုတည်းလိုက်ပါလာသည် အခြားခရီးသည်များကိုလည်း စနစ်တကျစောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

နိုဝင်ဘာလ ၈ ရက်နေ့မှ စတင်၍ ဂျပန်နိုင်ငံသည် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် နိုင်ငံခြားသား ကျောင်းသားများ၊ စီးပွားရေးသမားများနှင့် နည်းပညာအလုပ်အကိုင်သင်တန်းသားများကို ပြည်ဝင်ခွင့် ခွင့်ပြုပေးခဲ့ပါသည်။ သို့သော် ကမ္ဘာ့နိုင်ငံအချို့၌ Omicron မျိုးဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားသည့် အခြေအနေများကြောင့် ဂျပန်အနေဖြင့် အဆိုပါဖြေလျှော့ခွင့်ပြုမှုများကို သီတင်း ၃ ပတ်ကြာခန့်တွင် ပြန်လည်ရပ်ဆိုင်းလိုက်ပြီဖြစ်ပါသည်။

ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် ဂျပန်နိုင်ငံသားများ ပြည်တွင်းပြန်လည်ဝင်ရောက်လာပါက သီးခြားခွဲနေထိုင်မှုစည်းမျဉ်းများကို ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်ကာ ယခင် နိုဝင်ဘာလဆန်းက ခွင့်ပြုဖြေလျှော့ထားသည့် သီးခြားခွဲနေထိုင်မှုကာလ ၃ ရက်အစား ၁၀ ရက်ကြာနေထိုင်ရမည်ဖြစ်ကြောင်းသိရပါသည်။

ရင်းမြစ်၊ The Japan Times, The Japan News by The Yomiuri Shimbun
နန္ဒာဝင်း၊ စီးပွားရေးသံမှူး
တိုကျို

## ကားထုတ်လုပ်သူများက နှစ်စဉ်ပြည်ပတင်ပို့မှုရည်မှန်းချက်အပေါ် အားရလျှက်ရှိခြင်း (ထိုင်းနိုင်ငံ)

အောက်တိုဘာလ၌ ကားတင်ပို့မှုမှာ နှစ်အလိုက်တွင်(၁၄.၃%)တိုးတက်ခဲ့ပြီး ခုနှစ်လတာကာလအတွင်းအမြင့်ဆုံးဖြစ်ကားအစီးရေ(၈၁,၅၇၇) တင်ပို့နိုင်ခဲ့ကြောင်း၊ ၎င်းကကားထုတ်လုပ်သူများအား ၂၀၂၁ခုနှစ်ရည်မှန်းချက်ဖြစ်သောအစီးရေ(၈၇၀,၀၀၀)ထက် ကျော်လွန်၍ ပြည်ပသို့တိုးတက်တင်ပို့နိုင်မည့် အခွင့်အလမ်းများအဖြစ်ရှုမြင်စေကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ် Federation of Thai Industries(FTI)၏ ပြောကြားချက်အရ သိရှိရပါ သည်။

သို့ရာတွင်သုံးစွဲသူများ၏ ဝယ်ယူနိုင်စွမ်းအားကျဆင်းမှုကြောင့်အဆိုပါ အောက်တိုဘာလအတွက် ပြည်တွင်းကားအရောင်းမှာမူနှစ်အလိုက်တွင် (၁၃.၂%) ကျဆင်းခဲ့ပြီး အစီးရေ (၆၄,၄၆၂) စီးသာရှိကြောင်းသိရှိရပါသည်။

ထိုင်းFTI နှင့် မော်တော်ကားကလပ်အသင်း၏ ဒုတိယဥက္ကဋ္ဌနှင့် ပြောရေးဆိုခွင့်ရှိသူ Surapong Paisitpatanapong ၏အဆိုအရ ကားပြည်ပတင်ပို့မှုမှာ မော်တော်ကား ထုတ်လုပ်မှု

ကိုတွန်းအားပေးသည့် အဓိကအချက်ဖြစ်ကြောင်းနှင့် ဇန်နဝါရီလမှ အောက်တိုဘာလအထိ နှစ်အလိုက်တွင်(၂၈%)တိုးတက်ခဲ့ပြီး အစီးရေ(၇၅၉,၀၅၈) စီးရှိခဲ့ကြောင်း သိရှိရပါသည်။ နိုင်ငံအများအပြားတွင် lockdown ဖြေလျှော့ပေးမှုအများအပြားပြုလုပ်ခဲ့မှုနှင့် ဆီမီးကွန်ဒတ်တာအများအပြားရရှိနိုင်ခဲ့မှုတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

ပထမ(၁၀)လအတွင်းမော်တော်ကားတင်ပို့မှုမှာတန်ဖိုးအားဖြင့်ဘတ်ငွေ(၆၆၃)ဘီလီယံ ခန့်အထိရှိခဲ့ကြောင်း၊ ၎င်းမှာ နှစ်အလိုက်တွင်(၄၀.၇%)တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ မော်တော်ကားကလပ်အသင်းအနေဖြင့် အစောပိုင်းက ထိုင်းနိုင်ငံ၏ကားထုတ်လုပ်မှုအားအစီးရေ (၁.၅၅-၁.၆)သန်းအထိ ရှိလိမ့်မည်ဖြစ်ကြောင်းနှင့် အစီးရေ (၈၀၀,၀၀၀-၈၅၀,၀၀၀) အား ပြည်ပ တင်ပို့နိုင်လိမ့်မည်ဟု ခန့်မှန်းခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိအခြေအနေအရ မော်တော်ကားပြည်ပတင်ပို့မှုအနေဖြင့် အစီးရေ (၈၇၀,၀၀၀) အထိရရှိနိုင်ကြောင်း၊ သို့ရာတွင် အမှန်တင်ပို့နိုင်မှုအရေအတွက်မှာ ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် အစောပိုင်းက ကားကုမ္ပဏီများကိုထိခိုက်စေခဲ့သည့် ဆီမီးကွန်ဒတ်တာများပြတ်တောက်မှု အခြေအနေတို့အပေါ်မူတည်နေကြောင်း၊ နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့၏ ဈေးကွက်အခြေအနေနှင့် ၎င်းက ထုတ်လုပ်မှုရည်မှန်းချက်ကိုအောင်မြင်စေရန် အထောက်အပံ့ပေးနိုင်မည်လား ဆိုသည်ကို စောင့်ကြည့်ရန်ဖြစ်ကြောင်းသိရှိရပါသည်။ အောက်တိုဘာလတွင် ကားထုတ်လုပ်မှုမှာ နှစ်အလိုက်တွင်(၃.၂၇%)တိုးတက်ခဲ့ပြီးအစီးရေ(၁၅၄,၀၃၈)ရှိခဲ့ကြောင်းသိရှိရပါသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအထိ ကားအသစ်ထုတ်လုပ်မှုမှာ နှစ်အလိုက်တွင် (၂၂.၈၉%)တိုးတက်ခဲ့ပြီးအစီးရေ(၁,၃၆၅,၉၈၄)ရှိခဲ့ကြောင်းနှင့် ၎င်းတို့အနက်(၄၂%)မှာပြည်တွင်းအတွက်ဖြစ်ကြောင်းသိရှိရပါသည်။

အောက်တိုဘာလ၌ ပြည်တွင်းကားအရောင်းမှာ(၁၃%)ကျဆင်းခဲ့သော်လည်း အစိုးရ၏ lockdown ဖြေလျှော့ပေးမှုများနှင့် စီးပွားရေးမြှင့်တင်မှု အစီအမံများကြောင့် စက်တင်ဘာလတွင် (၁၃.၃%) တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။ ပထမ(၁၀)လအတွင်း ပြည်တွင်းကားအရောင်းမှာ နှစ်အလိုက်တွင်(၂.၁%)ကျဆင်းခဲ့ပြီး အစီးရေ(၅၉၆,၃၉၃) ရှိခဲ့ကြောင်းသိရှိရပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကောင်းမွန်လာပြီး ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်လာနိုင်ခြင်းကြောင့် မော်တော်ကားကလပ်အသင်းအနေဖြင့် ယခုနှစ်အတွက် ကျန်ရှိသောလများအတွင်း ပြည်တွင်းကားအရောင်းအပေါ် အကောင်းမြင်လျှက်ရှိနေကြောင်းသိရှိရပါသည်။

Source: Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

## ပြည်ပတင်ပို့သူများအနေဖြင့်ပို့ကုန်တင်ပို့မှုအားကောင်းလာစေရန်အတွက်နှစ်ကုန်ပိုင်း အမှာစာများအား မျှော်လင့်လျှက်ရှိခြင်း( ထိုင်းနိုင်ငံ)

ယခုနှစ် နှစ်ကုန်ပိုင်းပွဲတော်များအတောအတွင်း ပြည်ပမှကုန်ပစ္စည်းမှာယူမှုများပိုမိုများပြားလာကာ ပို့ကုန်တင်ပို့မှုတန်ဖိုးအနေဖြင့် ယခုနှစ်အတွက်(၁၅-၁၆%) တိုးတက်ရန်နှင့် အမေရိကန်ဒေါ်လာ (၂၆၆-၂၆၈)ဘီလီယံရရှိရန် မျှော်လင့်လျှက်ရှိကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်း(FTI)ကပြောကြားခဲ့ပါသည်။

ပို့ကုန်တင်ပို့မှုအတွက်အလားအလာကောင်းဖြစ်သည့်ခရစ်စမတ်နှင့်နှစ်သစ်ကူးပွဲတော်များနီးကပ်လာသည်နှင့်အမျှ ကုန်သွယ်ဖက်များအနေဖြင့် ကုန်ပစ္စည်းများကို ပိုမို၍ဝယ်ယူလေ့ရှိကြောင်း FTI ၏ဒုတိယဥက္ကဋ္ဌ Kriengkrai Thiennukul ၏ပြောကြားချက်အရ သိရှိရပါသည်။

နှစ်ကုန်ပိုင်းနောက်ဆုံးနှစ်လသည် ဈေးဝယ်ရာသီဖြစ်ကြောင်း၊ ၎င်းက ထုတ်ကုန်များ၏ ဝယ်လိုအားကိုမြှင့်တင်ပေးကြောင်း၊ လူအများအနေဖြင့် ပြည်ပနိုင်ငံများမှလက်ဆောင်ပစ္စည်းများဝယ်ယူခြင်းကို နှစ်သက်လေ့ရှိကြကြောင်း သိရှိရပါသည်။ ယခုနှစ်ဇန်နဝါရီလမှ အောက်တိုဘာလအထိထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုမှာ (၁၅%)တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ (၂၂၂.၇၃) ဘီလီယံရရှိခဲ့ကြောင်းသိရှိရပါသည်။

ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထူလာမှုကြောင့် ပို့ကုန်တင်ပို့မှုအနေဖြင့် ၂၀၂၁ခုနှစ်တွင်(၁၂-၁၄%)တိုးတက်လာနိုင်ကြောင်း ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အမြဲတမ်းပူးတွဲကော်မတီ(JSCCIB)အဖွဲ့ဝင်နှင့် ထိုင်းကုန်သည်ကြီးများအသင်းဥက္ကဋ္ဌဖြစ်သူ Sanan Angubolkul ၏ပြောကြားချက်အရသိရှိရပါသည်။

(JSCCIB)အနေဖြင့် ယခုနှစ်တွင် GDP တိုးတက်မှုကို ယခင်က(၀-၁%)သာ ခန့်မှန်းထားခဲ့ရာမှယခုအခါတွင် တိုင်းပြည်၏ပြန်လည်ဖွင့်လှစ်မှုနှင့် စီးပွားရေးလှုံ့ဆော်မှု အစီအမံများကြောင့်(၀.၅၁.၅%)သို့ ပြန်လည်ပြင်ဆင်ခန့်မှန်းထားပြီး စီးပွားရေးအလားအလာကောင်းများကို မျှော်လင့်ထားကြောင်း သိရှိရပါသည်။

ပို့ကုန်တင်ပို့မှုအလားအလာကောင်းများကို မျှော်လင့်လျှက်ရှိနေသော်လည်း ကွန်တိန်နာမလုံလောက်မှုနှင့် သယ်ယူပို့ဆောင်ခနှုန်းမြင့်တက်မှုတို့က ပြည်ပတင်ပို့သည့်လုပ်ငန်းရှင်များကိုထိခိုက်စေသည့်ပြဿနာများအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း၊ ပေ(၄၀)ကွန်တိန်နာတစ်လုံးအတွက် ကုန်စည်ပို့ဆောင်ခနှုန်းမှာအမေရိကန်ဒေါ်လာ (၅,၀၀၀) မှနေ၍ (၁၅,၀၀၀) အထိတိုးမြင့်လာကြောင်း၊ ကုန်စည်ပို့ဆောင်နိုင်မှုအနေဖြင့်အကန့်အသတ်ဖြင့်ရှိနေသော်လည်း ကမ္ဘာလုံးဆိုင်ရာပို့ဆောင်ရေးလိုအပ်ချက်မြင့်မားမှုကြောင့် ကုန်စည်ပို့ဆောင်ခနှုန်းများမှာ ဆက်လက်မြင့်မားနေကြောင်းသိရှိရပါသည်။ ပြည်ပပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် သယ်ယူပို့ဆောင်

ရေးကုန်ကျစရိတ် မြင့်မားမှုကြောင့်ကုန်ပစ္စည်းဝယ်ယူမှုနှင့်ဖြန့်ဖြူးမှုများတွင် နှောင့်နှေးမည်ကို စိုးရိမ်လျှက်ရှိကြောင်း သိရှိရပါသည်။

Source: Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

## ကိုဗစ်-၁၉ ကာကွယ်ဆေးတင်ပို့မှုတွင် ဥရောပ၏ဗဟိုချက်အဖြစ် အရေးပါနေသည့် ဘရပ်ဆဲလ် လေဆိပ်

ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်လေဆိပ်သည် အမေရိကန်၊ ဂျပန်နိုင်ငံတို့အပါအဝင် ကမ္ဘာတစ်ဝန်းရှိနိုင်ငံပေါင်း (၆၀) ကျော်သို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများပို့ဆောင်သည့် နေ့စဉ်လေကြောင်းပျံသန်းမှုများဖြင့် ကာကွယ်ဆေးများတင်ပို့မှုတွင် ဥရောပ၏အရေးအကြီးဆုံး ဗဟိုချက်အဖြစ်ဆောင်ရွက်နေကြောင်း သိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပထမဦးဆုံးအဖြစ် လေကြောင်းမှပို့ဆောင်ခဲ့ပြီးနောက် လက်ရှိအချိန်ထိ ကာကွယ်ဆေး (၇၅၀) သန်းကျော်ကို ပို့ဆောင်ပြီးဖြစ်ကြောင်း ဘရပ်ဆဲလ်လေဆိပ်၏ ထုတ်ပြန်ချက်အရ သိရပါသည်။ ဘရပ်ဆဲလ် လေဆိပ်အနေဖြင့် ဥရောပတွင် အရေးအကြီးဆုံး ဆေးဝါးဖြန့်ဖြူးမှုဗဟိုချက်အဖြစ် ဆောင်ရွက်နေမှုနှင့် ကပ်ရောဂါကာလအတွင်း ထိုသို့အရေးပါသောအကျိုးပြုမှုကို ဆောင်ရွက်နိုင်သည့်အတွက် အလွန်ဂုဏ်ယူကြောင်း ဘရပ်ဆဲလ်လေဆိပ်ကုမ္ပဏီ၏ စီအီးအိုဖြစ်သူ Arnaud Feist က ပြောကြားပါသည်။

ဘရပ်ဆဲလ်လေဆိပ်သည် ဆေးဝါးထုတ်ကုန်များသယ်ယူပို့ဆောင်မှုကို(၁၀)နှစ်ကျော်ကြာ အထူးပြုဆောင်ရွက်ခဲ့ကြောင်း၊ လေဆိပ်တွင် (၃၅၀၀၀) စတုရန်းမီတာကျော်ရှိသော အပူချိန်ထိန်းချုပ်သည့် သိုလှောင်ရုံများရှိပြီး၊ ဥရောပတွင် ဧရိယာအားဖြင့်အကြီးဆုံးဖြစ်ကာ အထူးသဖြင့် ဆေးဝါးထုတ်ကုန်များသိုလှောင်နိုင်ကြောင်း၊ ယင်းအချက်ကြောင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကဲ့သို့သောအပူချိန်ထိန်းချုပ်ရန်လိုသည့် ဆေးများပို့ဆောင်ရာတွင် လွယ်ကူစေခြင်းဖြစ်ကြောင်း သိရပါသည်။

ထို့အပြင် ဘရပ်ဆဲလ်လေဆိပ်၌ သိုလှောင်ရုံနှင့် လေယာဉ်တို့အကြား သယ်ယူပို့ဆောင်စဉ်တွင် ဆေးဝါးထုတ်ကုန်များကို မှန်ကန်သည့်အပူချိန်၌ ထိန်းညှိဆောင်ရွက်ပေးသော အထူးပြု

သယ်ယူပို့ဆောင်ရေးယာဉ်များ (Airside Pharma Transporters) နှင့် ဆေးဝါးဆိုင်ရာ အသိအမှတ်ပြုကုမ္ပဏီများလည်း အများအပြားရှိသည်ဟု ဆိုသည်။

ကာကွယ်ဆေးသယ်ယူပို့ဆောင်မှုအတွက် အဓိကအရေးပါသည့် လေကြောင်းလိုင်းများမှာ DHL Express၊ United Airlines၊ All Nippon Airways၊ Japan Airlines၊ TUI fly၊ Singapore Airlines၊ TAP၊ Iberia၊ Lufthansa cargo၊ Emirates၊ Virgin Atlantic နှင့် Qatar Airways တို့ဖြစ်ကြောင်း၊ ပို့ဆောင်ပေးသည့် ကာကွယ်ဆေးများမှာ Pfizer-BioNTech၊ Moderna၊ AstraZeneca နှင့် Johnson & Johnson တို့ဖြစ်ကြောင်း၊ ဘရပ်ဆဲလ်လေဆိပ်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်အောက်မှ အီးယူအဖွဲ့ဝင်နိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများသို့ လှူဒါန်းသည့် ကာကွယ်ဆေးများကို သယ်ယူပို့ဆောင်သည့် လေကြောင်းများကိုလည်း ကိုင်တွယ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။

ရင်းမြစ် - https://www.brusselstimes.com/belgium-all-news/195784/brussels-airport-most-important-european-hub-for-vaccines

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

.........................................................................

## စိန်ခေါ်မှုများရှိနေသော်လည်း အလားအလာကောင်းမွန်ရန် မျှော်လင့်ထားသည့် ဘယ်လ်ဂျီယံနိုင်ငံ ၏ စားသောက်ကုန်လုပ်ငန်းကဏ္ဍ

ပြီးခဲ့သည့်(၂) နှစ်အတွင်း ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်းကဏ္ဍသည် အခြားစီးပွားရေးကဏ္ဍများနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများရှိခဲ့ပြီး၊ မကြုံစဖူးသော စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ရကြောင်း၊ ဥရောပတွင် ဗြိတိန်ခွဲထွက်မှုကိစ္စရပ် (Brexit) သည် ကုန်ထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက်ကို ကြီးစွာအဟန့်အတားဖြစ်စေခဲ့ပြီး၊ သီးနှံများရိတ်သိမ်းရန်အတွက် လုပ်သားခေါ်ယူရာတွင် ရှုပ်ထွေးမှုများရှိလာကြောင်း၊ စားသောက်ကုန်ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင်လည်း စားသောက်ကုန်များကို ထိန်းသိမ်းရာတွင် အသုံးပြုသည့် ဓါတ်ငွေ့မလုံလောက်မှုပြဿနာများကို ကြုံတွေ့ရကြောင်း သိရပါသည်။

ထိုသို့ အခက်အခဲနှင့် စိန်ခေါ်မှုများရှိနေစေကာမူ ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်းကဏ္ဍ၏ ရှေ့အလားအလာအပေါ် အကောင်းမြင်ထားဆဲဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းကဏ္ဍအနေဖြင့် ကပ်ရောဂါအကျပ်အတည်းကို ရင်ဆိုင်နေရစဉ်တွင် ကြံ့ကြံ့ခံနိုင်စွမ်းကို ပြသထားဆဲဖြစ်ကြောင်းဘယ်လ်ဂျီယံ၏ စားသောက်ကုန်လုပ်ငန်းအသင်းချုပ် (Federation of the Belgian Food Industry- FEVIA) က ဆိုသည်။

စားသောက်ကုန်လုပ်ငန်းကဏ္ဍ၌ လုပ်သားရှားပါးမှုပြဿနာနှင့်ပတ်သက်၍ Brexit နှင့် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းတို့ပေါင်းဆုံမိခြင်းသည် လုပ်သားရှားပါးမှုအခြေအနေကို ပိုမိုဆိုးရွားစေကြောင်း၊ ကုမ္ပဏီများအားလုံးနီးပါးသည် လုပ်သားပြဿနာကို ရင်ဆိုင်နေကြရကြောင်း FEVIA ၏ ဥက္ကဋ္ဌဟောင်း Jan Vander Stichele က ပြောကြားသည်။

စားသောက်ကုန်လုပ်ငန်း (၄) ခုလျှင် (၁) ခုသည် ဝန်ထမ်းမလုံလောက်မှုကြောင့် ၎င်းတို့၏ထုတ်လုပ်မှု နှေးကွေးကြရကြောင်း၊ အထူးသဖြင့် နည်းပညာပိုင်းကျွမ်းကျင်မှုလိုအပ်သည့် လုပ်ငန်းနယ်ပယ်များတွင် ဝန်ထမ်းမလုံလောက်မှုကိုတွေ့ရကြောင်း သိရသည်။

အခြားတစ်ဖက်တွင် စားသောက်ကုန်ထုတ်လုပ်ရာ၌ သုံးသည့်ပစ္စည်းများဈေးနှုန်းသည် မြင့်တက်လျက်ရှိကြောင်း၊ အထူးသဖြင့် ဓါတ်ငွေ့ဈေးနှုန်းမှာ ယခင်နှစ်ကထက် (၄၁၁) ရာခိုင်နှုန်း၊ သစ်ဈေးနှုန်းမှာ (၁၃၃) ရာခိုင်နှုန်း၊ ကွန်တိန်နာသယ်ယူပို့ဆောင်မှု (၁၄၄) ရာခိုင်နှုန်း၊ အလူမီနီယံ (၄၆) ရာခိုင်နှုန်း၊ ပလပ်စတစ်(၂၂) ရာခိုင်နှုန်းနှင့် ထုပ်ပိုးရာတွင်သုံးသည့် ကတ်ထူပြားများ (၁၇) ရာခိုင်နှုန်းတို့ဖြင့် အသီးသီးမြင့်တက်ခဲ့ကြောင်း၊ စားသောက်ကုန်ပါဝင်ပစ္စည်းများ၏ ကုန်ကျစရိတ် မှာလည်း သုံးပုံတစ်ပုံခန့်မြင့်တက်ခဲ့ကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်သည် ၂၀၂၀ ခုနှစ်၊ နှစ်လယ်ပိုင်းခန့်မှစ၍ သိသာစွာမြင့်တက်ခဲ့သဖြင့် စားသောက်ကုန်လုပ်ငန်းများ၏ အမြတ်အစွန်းမှာ စံချိန်တင်ကျဆင်းခဲ့ပြီး၊ လက်ရှိတွင် (၂.၇) ရာခိုင်နှုန်း၌သာရှိကြောင်း သိရပါသည်။

ရင်းမြစ် - https://www.brusselstimes.com/belgium-all-news/195561/belgian-food-industry-hopeful-for-future-after-exceptional-challenges

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

.....................................................................

## ယူရို (၃၀၀) ဘီလျံတန်ဖိုးရှိ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် Global Gateway ကို အီးယူက ထုတ်ပြန်ကြေညာခဲ့ခြင်း

ကမ္ဘာတစ်ဝန်း၌ အီးယူ၏ ကုန်ထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက်ကို အားကောင်းစေရေး၊ အီးယူကုန်သွယ်မှုကို အားပေးမြှင့်တင်နိုင်ရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး အထောက်အကူဖြစ်စေမည့် အခြေခံအဆောက်အအုံများ၊ ဒစ်ဂျစ်တယ်နှင့် ရာသီဥတုဆိုင်ရာ စီမံကိန်းများအတွက် ၂၀၂၁ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း ယူရို (၃၀၀) ဘီလျံ ရင်းနှီးမြှုပ်နှံမည့် Global Gateway အမည်ရှိ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တစ်ရပ်ကို ဥရောပကော်မရှင်က ၁-၁၂-၂၀၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရပါသည်။

အီးယူ၏ Global Gateway စီမံကိန်းသည် ဒစ်ဂျစ်တယ်မှုပြုခြင်း၊ ကျန်းမာရေး၊ ရာသီဥတု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများသာမက ပညာရေးနှင့်သုတေသနကဏ္ဍများ အတွက်ပါ ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အီးယူ၏ ယင်းစီမံကိန်းအရ ရန်ပုံငွေများကို အထောက်အပံ့ (Grants)၊ ချေးငွေ (Loans)နှင့် အာမခံ (Guarantees) ပုံစံများဖြင့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရာတွင် အီးယူအဖွဲ့ဝင်နိုင်ငံအစိုးရများ၊ အဖွဲ့အစည်းများ (EU Institutions) ၊ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် အမျိုးသားဖွံ့ဖြိုးရေးဘဏ်များမှတစ်ဆင့် ပေးအပ်သွားမည်ဟု သိရပါသည်။ အီးယူသည် ယင်းစီမံကိန်းကိုဆောင်ရွက်ရာတွင် ဘဏ္ဍာငွေအထောက်အပံ့ရယူသည့် နိုင်ငံများအတွက် ကြွေးမြီဒုက္ခခံရနိုင်ခြေလျော့ပါးစေရေး မျှတ၍လုပ်သာကိုင်သာရှိသော စည်းမျဉ်းစည်းကမ်းများဖြင့် ဘဏ္ဍာငွေထောက်ပံ့မှုများကို ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း ဥရောပကော်မရှင်က ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

အီးယူ၏ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းသည် ဒစ်ဂျစ်တယ်၊ ပို့ဆောင်ရေးနှင့် စွမ်းအင်ကွန်ရက်များကို ပိုမိုအားကောင်းစေရန်အတွက် ဖိုင်ဘာကေဘယ်ကြိုးများ၊ သယ်ယူပို့ဆောင်ရေးစင်္ကြံများ၊ စွမ်းအင်ကူးပြောင်းရေးလိုင်းများစသည့် ရုပ်ပိုင်းအခြေခံအဆောက်အအုံများကို အလေးပေးဆောင်ရွက်မည်ဖြစ်သည်ဟု ဥရောပကော်မရှင်ကဆိုသည်။

စီမံကိန်းလုပ်ငန်းလွှဲပြောင်းမှုများသေချာစေရေးအတွက် ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှု၊ လုပ်သာကိုင်သာရှိသည့် စီးပွားရေး/ကုန်သွယ်မှု အခြေအနေများ၊ မူဝါဒပိုင်းဆုံးချက်များ၊ စံချိန်စံညွှန်းများ၊ ကုန်ထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက်ပေါင်းစည်းမှုနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများကို ကမ်းလှမ်းခြင်းဖြင့် စီမံကိန်းများလုပ်သာစေမည့် ပတ်ဝန်းကျင် (enabling environment) တစ်ရပ်ကို ဖန်တီးပေးမည်ဖြစ်ကြောင်း၊ ၎င်းစီမံကိန်းအရ အခြားနိုင်ငံများကို ကူညီခြင်းဖြင့် အီးယူသည် ယင်း၏ကိုယ်ပိုင်အကျိုးစီးပွားမြှင့်တင်ရေး၊ ကုန်ထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက်အားကောင်း စေရေးတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဥရောပကော်မရှင်ကဖော်ပြသည်။

Global Gateway စီမံကိန်းသည် အီးယူအတွက် ကုန်သွယ်မှုအခွင့်အလမ်းများကို ပိုမိုဖွင့်လှစ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အီးယူ၏ စီးပွားရေးတွင် အလုပ်အကိုင်ပေါင်း (၃၈) သန်းခန့်သည် နိုင်ငံတကာနှင့်ကုန်သွယ်မှုအပေါ်တွင် မှီခိုနေခြင်းဖြစ်ကြောင်း ဥရောပကော်မရှင်၏ ဖော်ပြချက်အရ သိရပါသည်။

ရင်းမြစ် – https://www.euractiv.com/section/global-europe/news/eu-unveils-e300bn-global-investment-scheme-as-part-of-the-wests-response-to-china/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

....................................................................................................

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန


# စိုက်ပျိုးစီးပွားသတင်းလွှာ


အမှတ်စဉ် ( ၄၇ / ၂၀၂၁)          ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်


| ၁၀-၁၂-၂၀၂၁ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၈၀.၀ |
| ယူရို | ၂၀၁၁.၁ |
| စင်္ကာပူဒေါ်လာ | ၁၃၀၃.၂ |
| စတာလင်ပေါင် | ၂၃၅၂.၉ |
| ဂျပန်ယန်း (၁၀၀) | ၁၅၆၇.၇ |
| တရုတ်ယွမ် | ၂၇၉.၇၈ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၈.၂၂ |
| အိန္ဒိယရူပီး | ၂၃.၅၀၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၀.၇၄ |
| မလေးရှား ရင်းဂစ် | ၄၂၂.၁၀ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၃၆၇ |
| ထိုင်းဘတ် | ၅၂.၉၄၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၂၈၂ |


ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- နိုဝင်ဘာလအတွင်း ဝါချည်မျှင်ဈေးကွက် အားပျော့ခဲ့ (တရုတ်)
- ဒီဇင်ဘာလ (၁)ရက်နေ့တွင် တရုတ်နိုင်ငံ၏ ပဲပုပ်ဆီနှင့် စားအုန်းဆီဈေးကွက် အနည်းငယ်အားပျော့လာ
- ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံအထွက်နှုန်း (၂) ရာခိုင်နှုန်းပိုမိုလာ
- တရုတ်နိုင်ငံတွင် ဝက်ဈေးနှုန်း အတက်အကျအနည်းငယ်သာ ဆက်လက်ဖြစ်ပေါ်နေ
- ရောင်းလိုအားနှင့် ဝယ်လိုအားကြား အားပြိုင်မှုများကြောင့် တရုတ်ဈေးကွက်တွင် ပြောင်းဈေးနှုန်းများ အတက်အကျ ဆက်လက်ဖြစ်ပေါ်နေ
- ဒေါ်လာငွေတန်ဖိုးကျဆင်းမှုနှင့်အတူ ချီကာဂိုဈေးကွက်တွင် အရောင်းအဝယ်လျော့ကျခဲ့သဖြင့် ဘရာဇီးလ်ပဲပုတ်စေ့ဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့
- ဟာလာနည်းစနစ်ဖြင့်ထုတ်လုပ်သည့် ကမ္ဘာ့အသားဈေးကွက်သည် ၂၀၂၄ ခု နှစ်တွင် ၁၈ ရာခိုင်နှုန်းအထိ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင် (ဘရာဇီးလ်)
- ဩစတြေးလျ လယ်ယာထွက်ကုန်ထုတ်လုပ်မှု ယခုဘဏ္ဍာရေးနှစ်တွင် စံချိန်ချိုးမည်
- အင်ဒိုနီးရှား၏ စားနပ်ရိက္ခာဝယ်လိုအားသည် ၂၀၅၀ ပြည့်နှစ်တွင် လေးဆတိုးလာနိုင်ရာ ဩစတြေးလျသွင်းကုန်များအတွက် အခွင့်အလမ်းများပိုမိုရရှိလာနိုင်ခြင်း

- Incitec Pivot Ltd. က Gibson Island စက်ရုံကို ပိတ်သိမ်းရန်စီစဉ်နေသောကြောင့် ဓာတ်မြေသြဇာဈေးနှုန်းများမြင့်တက်နေခြင်း

(သြစတြေးလျ)

- **အထွေထွေသတင်းများ**

- United Russia ပါတီတည်ထောင်သည့် နှစ် (၂၀) ပြည့်အထိမ်းအမှတ်အတွက်တရုတ်သမ္မတက ချီးကျူးဂုဏ်ပြုသည့်သဝဏ်လွှာပေးပို့ခဲ့
- ကွမ်ရီး **FTZ** မှ နိုင်ငံခြားကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာ
- တရုတ် – အာဖရိက ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် ဘုံသဘောတူညီချက်များရရှိ
- **Software** ကဏ္ဍအတွက် ဖွံ့ဖြိုးရေးအစီအမံကို တရုတ်နိုင်ငံကထုတ်ပြန်ကြေညာ
- **Big data** လုပ်ငန်းအတွက် ဖွံ့ဖြိုးရေးအစီအမံကို တရုတ်နိုင်ငံကထုတ်ပြန်ကြေညာ
- တရုတ်အလှကုန်ဈေးကွက်တွင် နမူနာပေးသည့်အလှကုန်များကို ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချရာ ပိုမိုလူကြိုက်များလျက်ရှိ
- နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံဈေးကွက်၌ အဖိုးတန်သတ္တုဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့
- နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံအရှေ့ပိုင်းတွင် ဘီလပ်မြေဝယ်လိုအားလျော့နည်းခဲ့သောကြောင့် ဈေးနှုန်းများကျဆင်းခဲ့
- ဒီဇင်ဘာလ (၁)ရက်နေ့တွင် တရုတ်နိုင်ငံ၏စက္ကူပျော့ဖတ်ဈေးနှုန်း သိသိသာသာ မြင့်တက်လာ
- စီးပွားရေးမူဝါဒအတွက် ဦးစားပေးများကို တရုတ်ထိပ်တန်းခေါင်းဆောင်များသတ်မှတ်
- တရုတ်–လာအို မီးရထားလမ်းအသစ်ကိုအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေပြီဖြစ်သည့် **DHL**
- လာမည့်ငါးနှစ်အတွင်း ကွမ်ရီး၏ နယ်စပ်ဂိတ်များအားလုံးကို အဝေးပြေးလမ်းများဖြင့် ချိတ်ဆက်သွားရန်ရှိ

- ကုန်သေတ္တာလိုအပ်ချက် လျော့ကျလာစေရန် စီမံဆောင်ရွက်မှုအချို့ကို စတင်ဆောင်ရွက်နေသည့် တရုတ်နိုင်ငံ
- ယခုနှစ် ပထမ (၁၁)လအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု (၂၂) ရာခိုင်နှုန်း မြင့်တက်ခဲ့
- ဒီဇင်ဘာလ (၆)ရက်နေ့တွင် တရုတ်နိုင်ငံ၏ မဂ္ဂနီဆီယမ်ဈေးကွက်အား ကောင်းခဲ့
- ပြည်ပတင်ပို့သူများအနေဖြင့်ပိုမိုအားကောင်းခိုင်မာသောပို့ကုန်တိုးတက်မှု ကိုမျှော်လင့်လျှက်ရှိခြင်း

## နိုဝင်ဘာလအတွင်း ဝါချည်မျှင်စျေးကွက် အားပျော့ခဲ့ (တရုတ်)

နိုဝင်ဘာလ (၁)ရက်နေ့တွင် ရှန်တုန်းပြည်နယ်ရှိ 21S အမျိုးအစား ဝါချည်မျှင်စျေး နှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၃၀,၀၃၃) ဖြစ်ခဲ့ပြီး၊ နိုဝင်ဘာလ (၃၀)ရက်နေ့တွင် တစ်တန်လျှင် ယွမ်ငွေ (၂၉,၀၃၃) ဖြစ်ခဲ့ရာ၊ တစ်လအတွင်း (၃.၃၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ သို့ရာတွင် ၎င်းစျေး နှုန်းမှာ ယခင်နှစ်ကထက် (၃၇.၄၄) မြင့်တက်နေဆဲ ဖြစ်ပါသည်။

နိုဝင်ဘာလ (၃၀) ရက်နေ့တွင် 32S အမျိုးအစား ဝါချည်မျှင်စျေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၃၀,၅၃၃) ဖြစ်ခဲ့ပြီး၊ ယခင်လကထက် (၃.၃၈) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

အထည်အလိပ်ကုန်ချော ထုတ်လုပ်သည့်လုပ်ငန်းများ၏ ကုန်ကြမ်းစုဆောင်းချိန်မှာ တစ်လခန့် ဖြစ်ခဲ့ကာ၊ လုပ်ငန်းလည်ပတ်သည့်နှုန်းမှာ အနည်းငယ်ကျဆင်းခဲ့ပါသည်။ နိုဝင်ဘာလ (၂၆)ရက်နေ့ရှိစာရင်းများအရ အဓိကထုတ်လုပ်ရာဒေသများရှိ အထည်အလိပ်လုပ်ငန်းများ၏ ချည်ခင်သိုလှောင်စုဆောင်းချိန်မှာ (၂၀.၅) ရက်ဖြစ်သဖြင့် ယခင်ရက်သတ္တ ပတ်ကထက် (၀.၉) ရက် လျင်မြန်လာခဲ့ကာ၊ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက (၅.၆၇) ရာခိုင်နှုန်း မြန်ဆန်လာခြင်းဖြစ်ပါသည်။

ကုန်ချောစျေးကွက်လုပ်ငန်းဆောင်ရွက်ချက်များမှာ အားနည်းနေပြီး၊ သမားရိုးကျကုန် ပစ္စည်းများအတွက်ကုန်အမှာစာများမှာ သာမန်မျှသာဖြစ်နေကာ၊ သင်္ဘောတင်ပို့မှုများမှာလည်း နှေးကွေးနေပါသည်။ လက်ရှိအချိန်တွင် ဝယ်လိုအားဘက်မှ အဝယ်လျော့ကျနေသောကြောင့် ဝါချည်ခင်ရောင်းချသည့်ဘက်မှ ကုန်ကြမ်းဖြည့်ဆည်းရာတွင် သတိထား၍ဆောင်ရွက်နေရသည့် အနေအထားဖြစ်နေပါသည်။

ယခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဝါချည်မျှင်စျေးနှုန်းများ တဖြည်းဖြည်းတက်လာခဲ့ရာ၊ polyester ချည်မျှင်နှင့် viscose ချည်မျှင်များ၏ စျေးနှုန်းခြားနားချက်မှာ ကွာဟလာခဲ့ကာ၊ စံချိန် တင်လောက်သည်အထိ ဖြစ်ခဲ့ပါသည်။

နိုဝင်ဘာလ (၃၀)ရက်နေ့တွင် တရုတ်နိုင်ငံ၏ 3128B lint (အဝတ်ပါး) စျေးနှုန်းအညွှန်း ကိန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၂,၅၄၄) ဖြစ်ပါသည်။ 1.4D*38mm polyester staple fiber ၏ ပြည်တွင်းစျေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၇,၁၈၅) ဖြစ်ပါသည်။ 1.2D*38mm viscose staple fiber ၏ ပြည်တွင်းစျေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၁၃,၉၆၀) ဖြစ်ပါသည်။ ဓာတုနည်း လမ်းဖြင့်ထုတ်လုပ်ထားသည့် အထည်စများ၏စျေးနှုန်းမှာ ပိုမိုအားသာချက်ရနေသော်လည်း၊ ဝါချည်အစစ်များဖြင့်ထုတ်လုပ်ထားသည့် အထည်စများကို အစားထိုးအသုံးပြုမှုမှာလည်း ပိုမိုများ ပြားလာသည်ကို တွေ့ရပါသည်။

MIS DOP

ကြိုရောင်းကြိုဝယ်ဈေးနှုန်းများအားဖြင့် Zheng Cotton ၏ ရက် (၃၀) ကြိုရောင်းကြိုဝယ်ဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၂၀,၅၆၅) ဖြစ်ပါသည်။ ၎င်းဈေးနှုန်းမှာ ပြီးခဲ့သည့်လအတွင်း ဖြစ်ပေါ်ခဲ့သည့် တစ်တန်ဈေးနှုန်းအောက် ယွမ်ငွေ (၁,၀၀၅)ခန့် ကျဆင်းခဲ့ပါသည်။ ဝါချည်မျှင် ကြိုရောင်းကြိုဝယ်ဈေးမှာလည်း အကျဘက်သို့ရောက်နေပြီး ရက် (၃၀) ကြိုရောင်းဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၂၇,၇၅၀) ဖြစ်ကာ၊ ယခင်လကထက် ယွမ်ငွေ (၁,၇၅၀) ကျဆင်းခဲ့ပါသည်။

ဝါချည်ဈေးကွက်မှာ နိုဝင်ဘာလအစောပိုင်းတွင် တက်ရိပ်ပြခဲ့ပြီးမှနောက်ပိုင်းတွင်ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ နိုဝင်ဘာလနှောင်းပိုင်းတွင် ဝါခင်းများရိပ်သိမ်းချိန်ပြီးဆုံးကာ ကုန်စည်အသစ်ပြုပြင်ထုတ်လုပ်မှု အရှိန်မြင့်တင်ဆောင်ရွက်လာပြီဖြစ်သောကြောင့် အရောင်းပိုင်းတွင်နေးကွေးလာခြင်းလည်းဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ National Cotton Market Monitoring System မှ နိုဝင်ဘာလ (၂၆)ရက်နေ့တွင် ရရှိသည့်စာရင်းများအရ နိုင်ငံတစ်ဝှမ်းလုံးတွင် lint တန်ချိန် (၄၅၃,၀၀၀) ကို ထုတ်လုပ်ထားပြီးဖြစ်ကြောင်းနှင့် အဆိုပါထုတ်လုပ်မှုမှာ ယခင်လကထက် (၁၀.၃) ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်းသိရပါသည်။ lint တန်ချိန် (၁၂၉,၀၀၀) ကို ရောင်းချထားပြီးဖြစ်ကာ၊ ယခင်လကထက် (၇.၉) ရာခိုင်နှုန်း ကျဆင်းကြောင်းသိရပါသည်။

ကုန်ကြမ်းဝယ်ယူလေ့ရှိသည့် ကုန်ချောအထည်ကုမ္ပဏီများ၏ဝယ်ယူမှုမှာ အဓိကအားဖြင့် ဝါချည်အရန်ထားရှိမှုအတွက် လေလံဆွဲသည့်အပေါ်တွင်လည်းမူတည်ပါသည်။ ယခုအခါ အရန်ထားရှိသည့် ဝါချည်ရောင်းချသည့်ဈေးနှုန်းများကိုလည်း လျှော့ချ၍ပြင်ဆင် သတ်မှတ်ထားသည့် အပြင်၊ နိုဝင်ဘာလအတွင်း အရန်ထားရှိသည့်ဝါချည်တန်ချိန် (၄၇၅,၇၀၀) ကိုလည်း ဈေးကွက်တွင် ဖြန့်ဖြူးခဲ့သည်ကလည်းရှိနေပါသည်။

တရုတ်နိုင်ငံ၏အချို့နေရာများတွင် လျှပ်စစ်အသုံးပြုခများကြောင့် အမြတ်အစွန်းရရှိမှု နည်းပါးလာသဖြင့် အသေးစားအထည်ကုမ္ပဏီအချို့မှာ ၎င်းတို့၏ထုတ်လုပ်မှုကို လျှော့ချထားကြသည်လည်းရှိနေပါသည်။

စာရင်းများအရအောက်တိုဘာလအတွင်း အဝတ်အထည်နှင့် အထည်အလိပ်လက်လီရောင်းချမှုမှာ ယွမ်ငွေ (၁၂၂.၇၂) ဘီလီယံရှိခဲ့ပြီး၊ စက်တင်ဘာလကထက် (၁၅.၄၆) ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း၊ ယခင်နှစ်ကထက် (၃.၃) ရာခိုင်နှုန်းကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ အဝတ်အစားအသစ်များကို လက်လီဝယ်ယူကြသည့် ပွဲတော်ရာသီများမှာလည်း မကြာမီကုန်ဆုံးတော့မည်ဖြစ်ပါသည်။

MIS DOP

ယေဘုယျအားဖြင့် ဝါချည်လုံးကုန်ချောများထုတ်လုပ်သည့်လုပ်ငန်းများဘက်မှ ကုန်အမှာစာရှိမှသာ ကုန်ကြမ်းဝယ်ယူလေ့ရှိကြသည့်အတွက် လက်ရှိအချိန်တွင်ဝါချည်ကုန်ကြမ်းဈေးကွက်မှာ အားနည်းလာသည်ကိုတွေ့ရပါသည်။ တစ်နည်းအားဖြင့် စောင့်ကြည့်နေရသည့်ဈေးကွက်အနေအထားဖြစ်နေသောကြောင့် ရေတိုကာလတွင် ဝါချည်မျှင်ဈေးကွက်ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိနေပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

..........................................................................

## ဒီဇင်ဘာလ (၁)ရက်နေ့တွင် တရုတ်နိုင်ငံ၏ ပဲပုပ်ဆီနှင့် စားအုန်းဆီဈေးကွက် အနည်းငယ်အားပျော့လာ

ဒီဇင်ဘာလ (၁)ရက်နေ့တွင် တရုတ်နိုင်ငံ၏ဈေးကွက်၌ ပဲပုပ်ဆီဈေးနှုန်းမှာ ယခင်ရက်သတ္တပတ်ကထက် (၃.၇၈) ရာခိုင်နှုန်းကျဆင်းကာ တစ်တန်လျှင် ယွမ်ငွေ (၉,၆၈၀) သို့လည်းကောင်း၊ စားအုန်းဆီပျမ်းမျှဈေးနှုန်းမှာ ယခင်ရက်သတ္တပတ်ကထက် (၂.၇၁) ရာခိုင်နှုန်းကျဆင်းကာ တစ်တန်လျှင်ယွမ်ငွေ (၉,၇၆၀)သို့လည်းကောင်း အသီးသီးကျဆင်းခဲ့သည်ကိုတွေ့ရပါသည်။

ပြည်ပဈေးကွက်မှာ အားနည်းနေပြီး၊ ပြည်တွင်းဈေးကွက်၌ ဈေးကျရိပ်သန်းမည့်မျှော်လင့်ချက်များဖြင့် ဝယ်ယူနေကြသောကြောင့် စားသုံးဆီကြိုရောင်းကြိုဝယ်ဈေးနှုန်းများမှာလည်း တဖြည်းဖြည်းကျဆင်းလာပါသည်။ ကြိုရောင်းကြိုဝယ်ဈေးကွက်၏ ဖိအားကြောင့် ပဲပုပ်ဆီနှင့် စားအုန်းဆီလက်ငင်းဈေးနှုန်းများ အနည်းငယ်ကျဆင်းလာပါသည်။ ယခုနှစ်ကုန်ပိုင်းအထိ စားသုံးဆီဝယ်လိုအားနည်းလာမည်ဖြစ်ကြောင်းသိရပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

..........................................................................

## ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံအထွက်နှုန်း (၂)ရာခိုင်နှုန်းပိုမိုလာ

ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ကောက်ပဲသီးနှံအထွက်နှုန်းမှာ ကီလိုဂရမ် (၆၈၃) ဘီလီယံရှိခဲ့ကာ ယခင်နှစ်ကထက် (၂)ရာခိုင်နှုန်းပိုမိုလာကြောင်း တရုတ်အမျိုးသားစာရင်းအင်းဗျူရိုက ဒီဇင်ဘာလ (၆)ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ယခုနှစ်နှင့် ပါဆိုလျှင် ကောက်ပဲသီးနှံအထွက်နှုန်း ကီလိုဂရမ် (၆၅၀)ဘီလီယံ ကျော်ရှိခဲ့သည်မှာ (၇)နှစ် ဆက်တိုက်ရှိပြီဖြစ်ပါသည်။

MIS DOP

ယခုနှစ်အတွင်း ဒေသအချို့၌ ရာသီဥတုအခြေအနေများဆိုးရွားခဲ့သော်လည်း အထွက်နှုန်း ပိုမိုလာခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံစိုက်ပျိုးသည့်ဧရိယာမှာ (၀.၇) ရာခိုင်နှုန်း ပိုမိုလာကာ၊ ဂျုံစိုက်ပျိုးမြေ (၀.၈) ရာခိုင်နှုန်း ပိုမိုလာကြောင်း၊ တစ်မူ (mu) (၀.၀၆၇ ဟက်တာ ခန့်)လျှင် ကောက်ပဲသီးနှံအထွက်နှုန်း (၁.၂) ရာခိုင်နှုန်းပိုမိုလာပြီး၊ အထွက်နှုန်းမြင့်ပြောင်းစိုက် ပျိုးသည့်ဧရိယာလည်း မြင့်တက်လာကြောင်းသိရပါသည်။

တရုတ်နိုင်ငံ၏ပြည်နယ် (၃၁)ခုအနက် ရှင်းကျန်း၊ အန်းဝေ၊ ဟူနန်၊ စီချွမ်းနှင့် ရှန်တုန်း ပြည်နယ်များအပါအဝင် (၂၇)ခုတွင် ကောက်ပဲသီးနှံအထွက်နှုန်း ကီလိုဂရမ် သန်း (၅၀၀) ကျော် တိုးတက်လာကြောင်း သိရပါသည်။

ယခုနှစ်အတွင်း လယ်ယာစိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ မြင့်တက်လာရာ လယ်သ မားများအတွက် အထောက်အပံ့များပေးခြင်းနှင့် သဘာဝဘေးအန္တရာယ် ထိန်းချုပ်ရေးတို့ကို အရှိန်မြှင့်တင်၍ဆောင်ရွက်ခဲ့ခြင်းဖြင့် ကောက်ပဲသီးနှံအထွက်နှုန်းကိုထိန်းထားရန် တရုတ်နိုင်ငံ ကစီမံဆောင်ရွက်ခဲ့ပါသည်။

လာမည့် (၅)နှစ်မှ (၁၅)နှစ်ကာလအတွင်း တရုတ်နိုင်ငံ၏လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုး တက်မှု အသေးစိတ်စီမံချက်အရ စားသောက်ကုန်စိတ်ချလုံခြုံမှုရှိစေရေးအတွက် အားထုတ်ကြိုး ပမ်းဆောင်ရွက်သွားမည်ဟု သတင်းရရှိပါသည်။

ရင်းမြစ်၊ ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

MIS DOP

........................................................

## တရုတ်နိုင်ငံတွင် ဝက်ဈေးနှုန်းအတက်အကျ အနည်းငယ်သာဆက်လက်ဖြစ်ပေါ်နေ

ဒီဇင်ဘာလ(၂)ရက်နေ့တွင် တရုတ်နိုင်ငံ၏ပြည်တွင်းဝက်ဈေးနှုန်းမှာ တစ်ကီလို လျှင် (၁၇.၉၃)ယွမ်ဖြစ်ခဲ့ပြီး၊ နိုဝင်ဘာလ (၃၀)ရက်နေ့ဈေးနှုန်းထက် (၀.၂၈) ရာခိုင်နှုန်းမျှတက် လာပါသည်။ ဝက်မွေးမြူသူများက ထုတ်ရောင်းလိုမှုမရှိသောကြောင့် အဆိုပါဈေးနှုန်းတွင်တည် ငြိမ်လျက်ရှိပါသည်။ ဝက်သားဝယ်လိုအားမှာ ထပ်မံမြင့်တက်လာခြင်းမရှိသေးဘဲ သားသတ်ရုံများ ကဝက်များကို ဈေးအနိမ့်ဖြင့်သာဝယ်ယူလိုကြရာ ရောင်းလိုအားနှင့် ဝယ်လိုအားအကြားအား ပြိုင်နေမှုမှာ မပြောင်းလဲဘဲဆက်လက်ရှိနေပါသည်။ ဝက်ဈေးနှုန်းများ ယခုထက်လျင်မြန်စွာ တက်လာမည်ဆိုပါက ဝက်မွေးမြူသူများက ထုတ်ရောင်း၍ငွေဖော်လာနိုင်ကြသော်လည်း၊

အသားဝယ်လိုအားဘက်၌ ဝယ်လိုအားတက်မလာသဖြင့် ရေတိုကာလတွင် ဈေးနှုန်းပြန်လည်ကျဆင်းနိုင်ခြေ ရှိနေပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

………………………………………………………………………………

## ရောင်းလိုအားနှင့် ဝယ်လိုအားကြား အားပြိုင်မှုများကြောင့် တရုတ်ဈေးကွက်တွင် ပြောင်းဈေးနှုန်းများ အတက်အကျ ဆက်လက်ဖြစ်ပေါ်နေ

ဒီဇင်ဘာလသို့ရောက်ရှိလာချိန်တွင် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ပြောင်းစိုက်ပျိုးထုတ်လုပ်ရာဒေသများမှ လယ်သမားများမှာ ကုန်တင်ခများဆက်လက်မြင့်တက်လာခြင်းနှင့် ပြောင်းအခြောက်ခံစရိတ်စကများ ဆက်လက်မြင့်တက်လာခြင်းတို့ကြောင့် ပြောင်းများကိုရောင်းထုတ်ရန်တုံ့ဆိုင်းနေကြပါသည်။ ကောက်ပဲသီးနှံများ သိုလှောင်ကုန်သွယ်သည့် အဓိကလုပ်ငန်းများမှာလည်း ဈေးအတက်အကျဖြစ်မည်ကို စိုးရိမ်နေကြပါသည်။

တစ်နည်းအားဖြင့် ပြောင်းစိုက်ပျိုးထုတ်လုပ်ရာနေရာများမှ ပြောင်းဈေးနှုန်းသတ်မှတ်ခြင်းနှင့် အရောင်းအဝယ်ပြုခြင်းများနှေးကွေးနေပြီး၊ ပြောင်းဈေးကွက်မှာ ရောင်းလိုအားနှင့် ဝယ်လိုအားအကြား စစ်တုရင်ကစားပွဲဆန်နေကာ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂,၆၈၀)ခန့် ရှိပါသည်။

ဤသို့ဖြစ်နေသည့်အခြေအနေမှာ ရေတိုကာလတွင် အဆုံးသတ်ရန်ခက်ခဲပြီး၊ ပြည်တွင်းပြောင်းဈေးကွက်တွင် ဈေးနှုန်းအတက်အကျများမှာ အကန့်အသတ်ဖြင့် ရှိနေနိုင်ပါသည်။ နောင်သုံးလပတ်တွင် အထွက်နှုန်းမြင့်သည့်ပြောင်းများထွက်ရှိလာပါက ထိုသို့ဖြစ်ပေါ်နေမှုအဆုံးသတ်သွားနိုင်ပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

………………………………………………………………………………

## ဒေါ်လာငွေတန်ဖိုးကျဆင်းမှုနှင့်အတူ ချီကာဂိုဈေးကွက်တွင် အရောင်းအဝယ် လျော့ကျခဲ့သဖြင့် ဘရာဇီးလ်ပဲပုတ်စေ့ဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့

အမေရိကန်ဒေါ်လာငွေတန်ဖိုးကျဆင်းမှုနှင့်အတူ ချီကာဂိုဈေးကွက်တွင် ပဲပုတ်စေ့ကြို ပွိုင့် အရောင်းအဝယ်ဖြစ်မှုများကျဆင်းခဲ့သဖြင့် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်များ၌ ပဲပုတ်စေ့ဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့သည်။ ၆၀ ကီလိုဂရမ်အလေး ချိန် ရှိသည့် ပဲပုတ်စေ့ ၁ အိတ်တန်ဖိုးသည် Passo Fundo (RS) ဈေးကွက်တွင် ၁၇၀.၅၀ ဟဲရာမှ ၁၆၉.၅၀ ဟဲရာသို့လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၁၇၁.၀၀ ဟဲရာမှ ၁၆၉.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ၁၇၆.၀၀ ဟဲရာမှ ၁၇၄.၀၀ ဟဲရာသို့ လည်းကောင်း၊ Cascavel (PR) ဈေးကွက်တွင် ၁၆၆.၀၀ ဟဲရာမှ ၁၆၄.၀၀ ဟဲရာသို့လည်း ကောင်း၊ Port of Paranaguá (PR) ဈေးကွက်တွင် ၁၇၁.၀၀ ဟဲရာမှ ၁၆၉.၅၀ ဟဲရာသို့လည်း ကောင်း၊ Rondonópolis (MT) ဈေးကွက်တွင် ၁၅၅.၀၀ ဟဲရာမှ ၁၅၄.၀၀ ဟဲရာသို့လည်းကောင်း၊ Dourados (MS) ဈေးကွက်တွင် ၁၅၇.၀၀ ဟဲရာမှ ၁၅၅.၀၀ ဟဲရာသို့လည်းကောင်း၊ Rio Verde (GO) ဈေးကွက်တွင် ၁၅၅.၀၀ ဟဲရာမှ ၁၅၃.၀၀ ဟဲရာသို့လည်းကောင်း အသီးသီးဈေးနှုန်းများ ကျဆင်းခဲ့သည်။

ဒီဇင်ဘာလ ၇ ရက်နေ့တွင် ချီကာဂိုသီးနှံဈေးကွက်(Chicago Commodity Exchange – CBOT)၌ ပဲပုတ်စေ့ကြိုပွိုင့်ရောင်းဝယ်မှုများကျဆင်းခဲ့ပြီး ပဲပုတ်စေ့ဈေးနှုန်းများလည်း ကျဆင်းခဲ့သည်။ ပဲပုတ်စေ့ဈေးနှုန်းကျဆင်းမှုသည် အမေရိကန်အစိုးရကထုတ်ပြန်မည့် ဇီဝလောင် စာမူဝါဒများနှင့် ဆက်စပ်လျက်ရှိသည်။ ဒီဇယ်ဆီနှင့်ဓာတ်ဆီတို့တွင် ရောစပ်ပါဝင်ရမည့်ဇီဝ လောင်စာပမာဏအား လျှော့ချပေးမည့်မူဝါဒတစ်ရပ်ကို အစိုးရကထုတ်ပြန်ရန်ဆောင်ရွက်လျက် ရှိရာ ပဲပုတ်စေ့မှထုတ်လုပ်သည့် ဇီဝလောင်စာနှင့်အီသနောလိုအပ်ချက်များ လျော့ကျသွား မည်ဖြစ်သည်။

အမေရိကန်စိုက်ပျိုးရေးဌာန၏ သတင်းအရ ပဲပုတ်စေ့လက်ကျန်သည် စည်ပေါင်း ၃၅၃ သန်း အထိရှိနိုင်ကြောင်း၊ ကမ္ဘာ့ပဲပုတ်စေ့ဈေးကွက် ရောင်းဝယ်မှုစာရင်းများအရ ၂၀၂၁-၂၀၂၂ ခု နှစ်ပဲပုတ်စေ့လက်ကျန်သည် တန်ချိန် ၁၀၄.၃ သန်း အထိရှိနိုင်ကြောင်း ဖော်ပြထားသည်။

ချီကာဂိုသီးနှံဈေးကွက်တွင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွက် ပဲပုတ်စေ့ကြိုပွိုင့်ရောင်း ဝယ်မှုသည် ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၁၁.၂၅ ဆင့်မှ ၁၂.၅၀ ဆင့်အကြားဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မတ်လအတွက်ကြိုပွိုင့်ရောင်းဝယ်မှုတွင် အမေရိကန်ဒေါ်လာ ၁၂.၅၈ ဆင့်တို့ဖြင့် ရောင်းဝယ်လျက်ရှိသည်။

MIS DOP

အခြားပဲပုတ်ထွက်ကုန်ဈေးကွက်၌ ဇန်နဝါရီလအတွက် ကြိုပွဲဝင့်ရောင်းဝယ်မှုတွင် ပဲပုတ်စေ့အခွံ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၉.၇၀ နှင့် ပဲပုတ်ဆီ ၁ ပေါင်လျှင် ၅၇.၁၀ ဆင့်တို့ဖြင့် ဈေးနှုန်းများဖြစ်ပေါ်လျက်ရှိသည်။

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ကမ္ဘာ့ပဲပုတ်စေ့ဈေးကွက်မှ တရုတ်နိုင်ငံသည် ပဲပုတ်စေ့တန်ချိန် ၅.၁၁ သန်းနှင့် နိုဝင်ဘာလတွင် ပဲပုတ်စေ့တန်ချိန် ၈.၅၇ သန်း ဝယ်ယူတင် သွင်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် တန်ချိန် ၉.၅၉ သန်းဝယ်ယူတင်သွင်းခဲ့သည်။ တရုတ် နိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်လက်ရှိကာလအထိ ပဲပုတ်စေ့တန်ချိန်စုစုပေါင်း ၈၇.၆၅ သန်းအားဝယ် ယူတင်သွင်းထားပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၅.၅ ရာခိုင်နှုန်း လျော့နည်းလျက်ရှိ သည်။

နိုင်ငံခြားငွေရောင်းဝယ်သည့်ဈေးကွက်တွင် အမေရိကန် ၁ ဒေါ်လာသည် ၅.၆၁၉၀ ဟဲရာဈေးနှုန်းဖြင့် ရောင်းဝယ်လျက်ရှိနေသည်။

သတင်းရင်းမြစ် – canalrural.com.br

ထွန်းအောင်ဇော်၊ စီပွားရေးသံမှူး

ဘရာဇီးလ်

.......................................................................

## ဟာလာနည်းစနစ်ဖြင့်ထုတ်လုပ်သည့် ကမ္ဘာ့အသားဈေးကွက်သည် ၂၀၂၄ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းအထိ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင် (ဘရာဇီးလ်)

ဟာလာစနစ်ဖြင့်အသားထုတ်လုပ်သည့် ကမ္ဘာ့နိုင်ငံများတွင် ဘရာဇီးလ်နိုင်ငံသည် အကြီးမားဆုံးထုတ်လုပ်တင်ပို့သည့်နိုင်ငံဖြစ်ပြီး မူစလင်ကမ္ဘာ၏စားသုံးရန်လက်ခံအသိအမှတ် ပြုမှုအားရရှိထားသည်။ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဆောင်ပိုလိုမြို့၌ ကမ္ဘာလုံးဆိုင်ရာဟာလာ နည်းစနစ်ဖြင့်ထုတ်လုပ်မှု ခေါင်းစဉ်ဖြင့်ကျင်းပပြုလုပ်ခဲ့သည့် ဘရာဇီးလ်စီးပွားရေးဖိုရမ်၏ပထမ နေ့ဆွေးနွေးပွဲတွင် ဘရာဇီးလ်နိုင်ငံ၏ ဟာလာနည်းစနစ်ဖြင့်ထုတ်လုပ်ထားသော အသားများ၏ ဈေးကွက်ရရှိမှုအခြေအနေနှင့် နိုင်ငံတကာဈေးကွက်များသို့ တိုးချဲ့ဝင်ရောက်နိုင်မှုဆိုင်ရာအခြေ အနေများနှင့်ပတ်သက်၍ အာရပ်–ဘရာဇီးလ် ကုန်သည်လုပ်ငန်းရှင်များအသင်း (Arab–Brazilian Chamber and Fambras–Halal)က ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ဟာလာနည်းစနစ်ဖြင့်ထုတ်လုပ်သည့် အမဲသားနှင့်ကြက်သား ထုတ်လုပ်မှုများနှင့် နိုင်ငံတကာဈေးကွက်အခြေအနေများအပြင် အလှကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးဆေးဝါးအမျိုးမျိုးနှင့် ခရီးသွားကဏ္ဍတို့အား ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့သည်။ထို့အပြင်

လက်ရှိအချိန်တွင် ဟာလာနည်းစနစ်ဖြင့်ထုတ်လုပ်ထားသည့် ထုတ်ကုန်ဈေးကွက်သည် အမေရိကန်ဒေါ်လာ ၄.၈ ထရီလီယံပမာဏအထိရှိနေပြီး ၂၀၂၄ ခုနှစ်တွင် လက်ရှိအခြေအနေထက် ၁၈ ရာခိုင်နှုန်း ပိုမိုတိုးတက်လာနိုင်ကြောင်း သုတေသနတွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

လေ့လာတွေ့ရှိမှုများအရ ဟာလာဈေးကွက်အရွယ်အစားနှင့်ဟာလာအစားအသောက်များစားသုံးသည့် စားသုံးသူဈေးကွက်သည် လာမည့်ဆယ်စုနှစ်အနည်းငယ်အတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း အာရပ်-ဘရာဇီးလ် ကုန်သည်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ သံအမတ်ကြီး Osmar Chohfi က ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကူးဆက်ကပ်ရောဂါ မဖြစ်ပွားမီအချိန်က ဘရာဇီးလ်နိုင်ငံသည် ဟာလာအစားအသောက်များအား ကမ္ဘာ့ဈေးကွက်သို့ အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့အစ္စလာမ်တိုင်းပြည်များ၏ စီးပွားရေးဆိုင်ရာအစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၁၉ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ဟာလာစားသောက်ကုန် အမေရိကန်ဒေါ်လာ ၁၆.၂ ဘီလီယံတန်ဖိုးအားတင်ပို့ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသည် ဒုတိယအများဆုံးတင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄.၄ ဘီလီယံတန်ဖိုးရှိခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြခဲ့သည်။

ဘရာဇီးလ်နိုင်ငံသည် လက်ရှိအချိန်အထိ ဟာလာစားသောက်ကုန်များအား အများဆုံးထုတ်လုပ်တင်ပို့သည့်နေရာတွင် ဆက်လက်ရပ်တည်လျက်ရှိပြီး အသားများအားအဓိကထုတ်လုပ်တင်ပို့လျက်ရှိကြောင်း၊ ဟာလာစားသောက်ကုန်များအပြင် အခြားထုတ်ကုန်များအားတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန် ဘရာဇီးလ်လုပ်ငန်းရှင်များက ကြိုးပမ်းလျက်ရှိကြောင်း ဘရာဇီးလ်နိုင်ငံဆိုင်ရာမူစလင်အသင်းချုပ် ဥက္ကဋ္ဌ Mohamed Zoghbi က ပြောကြားခဲ့သည်။

လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ ကြိုးပမ်းမှုကြောင့် ဘရာဇီးလ်နိုင်ငံ၏လယ်ယာထွက်ကုန်ပစ္စည်း ၄၅ မျိုးသည် နိုင်ငံပေါင်း ၁၅ နိုင်ငံတွင် ဈေးကွက်သစ်များရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှုတွင် ပို့ကုန်ပမာဏသိသိသာသာတိုးတက်ခဲ့ကြောင်း လယ်ယာစိုက် ပျိုးရေးဝန်ကြီး Tereza Cristina က ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံသည် မူစလင်ဘာသာဝင်များအတွက် ဟာလာစားသောက်ကုန်များအများဆုံးထုတ်လုပ်တင်ပို့နေသည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိကြောင်း၊ဟာလာနည်းစနစ်ဖြင့်ထုတ်လုပ်ထားသည့် အမဲသားနှင့်ကြက်သားတင်သွင်းသည့် နိုင်ငံအချို့တွင် ဈေးကွက်၏ ၇၅ ရာခိုင်နှုန်းအထိ နေရာရရှိလျက်ရှိကြောင်း၊ ဘရာဇီးလ်နိုင်ငံသည် အစ္စလာမ္မစ်နိုင်ငံများအဖွဲ့ (Organization for Islamic Cooperation)ဝင်နိုင်ငံများသို့ ဟာလာထုတ်ကုန်များအား အဓိကတင်ပို့လျက်ရှိကြောင်း၊ ဈေးကွက်အသစ်များရရှိနိုင်ရန်နှင့် ထုတ်ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်မှ

MIS DOP

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအထိ နိုင်ငံပေါင်း ၁၆၇ နိုင်ငံသို့ ဘရာဇီးလ်နိုင်ငံ၏ ဟာလာလထုတ်ကုန်များအား တင်ပို့နိုင်ခဲ့ကြောင်း ဝန်ကြီး Tereza Cristina ကပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ ဟာလာလထုတ်ကုန်တင်သွင်းသည့်နိုင်ငံများစာရင်းတွင် အီဂျစ်နိုင်ငံသည် ထိပ်ဆုံးတွင်ရပ်တည်လျက်ရှိပြီး ဘရာဇီးလ်နိုင်ငံက ပဲအမျိုးမျိုး၊ ကြက်သား၊ ဆိတ်နှင့် သိုးအရှင်များ၊ နွားကလေးအသားနှင့် နို့ထွက်ပစ္စည်းအမျိုးမျိုးတို့ကို တိုးချဲ့တင်ပို့လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှအောက်တိုဘာလအထိ အာရပ်နိုင်ငံက အမေရိကန်ဒေါ်လာ ၈၈၂.၆၆ သန်းတန်ဖိုးအား ဘရာဇီးလ်နိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့ကြောင်း၊ စားသောက်ကုန်ပစ္စည်းများအား အဓိကတင်သွင်းခဲ့ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီပွားရေးသံမှူး

ဘရာဇီးလ်

## ဩစတြေးလျ လယ်ယာထွက်ကုန်ထုတ်လုပ်မှု ယခုဘဏ္ဍာရေးနှစ်တွင် စံချိန်ချိုးမည်

ဩစတြေးလျ စိုက်ပျိုး၊ မွေးမြူရေးနှင့်အရင်းအမြစ်စီးပွားရေးဗျူရို (Australian Bureau of Agricultural and Resource Economics –ABARES) အရ ဩစတြေးလျလယ်သမားများသည် ၎င်းတို့၏အစားအစာနှင့် အမျှင်ဓာတ်ထုတ်လုပ်မှုတန်ဖိုးနှင့် ပမာဏသည် သမိုင်းဝင်အမြင့်ဆုံးသို့ရောက်ရှိသွားသည့်အတွက် ယခုဘဏ္ဍာရေးနှစ်တွင် စံချိန်ချိုးသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။ ကောက်ပဲသီးနှံဈေးနှုန်းမြင့်တက်ခြင်းနှင့် မွေးမြူရေးထုတ်ကုန်ရောင်းချမှုတွင် မကြုံစဖူးသောဈေးနှုန်းများ တစ်နှစ်ပတ်လုံးရရှိခြင်းနှင့်အတူ ABARES မှ လေ့လာဆန်းစစ်သူများသည် ၎င်းတို့၏ စုစုပေါင်းလယ်ယာထွက်ကုန် ထုတ်လုပ်ရရှိမှုခန့်မှန်းချက်ကို ယခုဘဏ္ဍာရေးနှစ်တွင် ဩစတြေးလျဒေါ်လာ ၇၈ ဘီလီယံ အထိမြှင့်တင်ခဲ့သည်။ ထို့အပြင် တင်ပို့မှုတွင်လည်း စံချိန်တင်ဒေါ်လာ ၆၁ ဘီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းထားပါသည်။

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ပြိုင်ဖက်နိုင်ငံများဖြစ်သည့် ကနေဒါ၊ ရုရှား၊ ယူကရိန်း၊ အာဂျင်တီးနား၊ ဘရာဇီးလ်နှင့် အမေရိကန်နိုင်ငံတို့ရှိ တွေ့ကြုံရသည့် ရာသီအလိုက်ညံ့ဖျင်းသောအခြေအနေများက ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ကောင်းမွန်သော အခွင့်အလမ်းကိုဖြစ်ပေါ်စေပါသည်။ ထိုအခြေအနေများက ဂျုံ မုယောနှင့် ကာနိုလာထောက်ပံ့မှုကိုနှောင့်နှေးစေပြီး၊ ဈေးနှုန်းများကိုမြင့်တက်စေပါသည်။

နယူးဆောက်ဝေးလ်နှင့် ကွင်းစလန်ပြည်နယ်တို့တွင် မကြာသေးမီကမိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သော်လည်း ထုတ်လုပ်မှုပမာဏကို ဆိုးဆိုးရွားရွားထိခိုက်ခြင်းမရှိပေ။ စိုစွတ်သောရာသီဥတု၏ အဓိကသက်ရောက်မှုမှာ လူမှတိရစ္ဆာန်အဆင့်အထိ အစားအစာဖြစ်သည့် သီးနှံအရည်အသွေးကို အဆင့်နိမ့်စေခြင်းဖြစ်ပါသည်။

အရှေ့ဘက်ကမ်းရိုးတန်းရှိ လာနီညာအခြေအနေများသည် လယ်သမားများအတွက် နောက်ထပ်နှစ်ကောင်းတစ်နှစ်အဖြစ် ၂၀၂၂ ခုနှစ်တွင် ထူထောင်နိုင်မည်ဖြစ်ပြီး၊ မြေဆီလွှာကို အစိုဓာတ်ဖြည့်ပေးကာ စိုက်ပျိုးရေကုန်ကျစရိတ်နည်းပါးစေခြင်းဖြင့် မွေးမြူရေးအတွက်အစာရေစာများများရရှိစေမည်ဖြစ်သည်။ သို့သော်လည်းလယ်သမားများသည် လောင်စာဆီ၊ ဓာတ်မြေသြဇာနှင့် လယ်ယာသုံးဓာတုဗေဒပစ္စည်းများဈေးနှုန်းများ မြင့်တက်နေသဖြင့် ၎င်းတို့၏သီးနှံများစိုက်ပျိုးရန် ဈေးနှုန်းကြီးမြင့်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ယင်းသို့ အခြေအနေများရှိသော်လည်း ABARES သည် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ပမာဏကြီးမားသောအစားအစာနှင့် အမျှင်ဓာတ်ထုတ်လုပ်မှုကို ဒေါ်လာ ၃၀.၆ ဘီလီယံအထိ စံချိန်တင်ရရှိရန်ခန့်မှန်းထားပါသည်။ အစားအသောက်နှင့် လယ်ယာစီးပွားရေးဘဏ်မှကျွမ်းကျင်သူများက ယင်းသည် အစားအသောက်ဈေးနှုန်းများဖောင်းပွလာကာ လူမှုရေးမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟုသတိပေးထားသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.......................................................................

## အင်ဒိုနီးရှား၏ စားနပ်ရိက္ခာဝယ်လိုအားသည် ၂၀၅၀ ပြည့်နှစ်တွင် လေးဆတိုးလာနိုင်ရာ သြစတြေးလျသွင်းကုန်များအတွက် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ခြင်း

အင်ဒိုနီးရှားနိုင်ငံ၏စားနပ်ရိက္ခာလိုအပ်ချက်သည် ၂၀၅၀ ပြည့်နှစ်တွင် လေးဆတိုးလာရန်မျှော်မှန်းထားပြီး၊ အဆိုပါကွာဟချက်ကို သြစတြေးလျနိုင်ငံမှတင်သွင်းမှုများက ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ABC သတင်းဌာနက သတင်းရေးသားဖော်ပြ ထားပါသည်။ Australian Bureau of Agricultural and Resource Economics (ABARES) မှ တာဝန်ရှိသူတစ်ဦးက အင်ဒိုနီးရှား၏ အစားအစာဈေးကွက်အတွက် တိုးတက်မှုအလားအလာသည် လွန်စွာကြီးမားကြောင်း၊အင်ဒိုနီးရှားနိုင်ငံမှစုံလင်ကွဲပြားပြီး၊ တန်ဖိုးမြင့်အစားအစာများဖြစ်သည့် အသား၊ နို့ထွက်ပစ္စည်း၊ သစ်သီးနှင့်ဟင်းသီးဟင်းရွက်ဝယ်လိုအားသည် အရှိန်အဟုန်ဖြင့်တိုးတက်လာရာ ၂၀၅၀ ပြည့်နှစ်တွင် လေးဆခန့်အထိတိုးမြင့်လာရန်မျှော်မှန်းထားကြောင်း ပြောကြားထားပါသည်။

ကမ္ဘာ့ဘဏ်၏အချက်အလက်များအရ COVID-19 ကန့်သတ်ချက်များကြောင့် အင်ဒိုနီးရှားနိုင်ငံသား ၁.၁ သန်းကို ဆင်းရဲတွင်းသို့ရောက်ရှိခဲ့ရကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသား ၂၇.၅ သန်းဖြစ်သည့် လူဦးရေ၏ ၁၀% ကိုယခုအခါဆင်းရဲနွမ်းပါးသူများအဖြစ် သတ်မှတ်ထားကြောင်းသိရှိရပါသည်။ ABARES က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုခွင့်ပြုခြင်းသည် အင်ဒိုနီးရှားစားသောက်ကုန်ဈေးနှုန်းများကို ကျဆင်းစေနိုင်ပြီး၊ အရည်အသွေးမြင့်တင်ပေးနိုင်ကြောင်းအကြံပြုထားပြီး၊ အင်ဒိုနီးရှားနိုင်ငံ၏ ကျန်းမာရေးအကြပ်အတည်းပြေလျော့သွားပြီး နိုင်ငံ၏တိုးတက်မှုနှင့်အတူ မြို့ပြလူလတ်တန်းစားများ ပိုမိုများပြားလာကာ နိုင်ငံတွင်းသို့အစားအသောက်များပိုမိုတင်သွင်းခွင့်ပြုရန် မူဝါဒချမှတ်သူများကို ဖိအားပေးခြင်းများဖြစ်ပေါ်လာနိုင်ကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် အင်ဒိုနီးရှား၌ အစားအစာစားသုံးမှု တိုးလာမှုတန်ဖိုး၏လေးပုံသုံးပုံခန့်သည် သွင်းကုန်များမှဖြစ်ကြောင်း ခန့်မှန်းထားပါသည်။

Australia Indonesia Business Council (AIBC) ဥက္ကဋ္ဌက သြစတြေးလျ၏ သန့်ရှင်းပြီး၊ ဘေးကင်းသော အရည်အသွေးမြင့်အစားအစာများကို ပံ့ပိုးပေးသူအဖြစ် ဂုဏ်သတင်းကျော်ကြားမှုနှင့် ၎င်း၏လက်ရှိစိုက်ပျိုးမွေးမြူရေးထုတ်ကုန် ကုန်သွယ်မှုဆက်ဆံရေးက အင်ဒိုနီးရှား၏ ကြီးထွားလာနေသော အရည်အသွေးမြင့်လယ်ယာထွက်ကုန် ဝယ်လိုအားကိုဖြည့်ဆည်းရန်အတွက် ထောက်ပံ့မှုကိုတိုးမြင့်လာစေရန် အကောင်းဆုံးပေါင်းကူးဖြစ်ပါကြောင်း၊ သို့သော်အင်ဒိုနီးရှားဈေးကွက်သို့ဝင်ရောက်ရာတွင် သြစတြေးလျမှထုတ်လုပ်သူများသည် အင်ဒိုနီးရှားနိုင်ငံ၏ ကုန်ထုတ်စွမ်းအားနှင့် ဖူလုံရေးဆိုင်ရာဦးစားပေးမှုများကို နားလည်သဘောပေါက်ပြီး မူဝါဒနှင့်စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာကိစ္စရပ်များတွင် လုံ့လစိုက်ထုတ်လုပ်ဆောင်သွားရန် အရေးကြီးပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၏ ကာဗွန်ဒိုင်အောက်ဆိုဒ်ဖယ်ထုတ်ခြင်းနှင့် ရေရှည်တည်တံ့သော ထောက်ပံ့ရေး ကွင်းဆက်များတည်ဆောက်ခြင်းအပါအဝင် အစိမ်းရောင်စီးပွားရေးအသွင်ကူးပြောင်းရေးတွင် အင်ဒိုနီးရှားနှင့်ပူးပေါင်းရန် သြစတြေးလျလုပ်ငန်းများအတွက် ပေါ်ထွက်လာသော အခွင့်အလမ်းများဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………….

MISDOP

## Incitec Pivot Ltd. က Gibson Island စက်ရုံကို ပိတ်သိမ်းရန် စီစဉ်နေသောကြောင့် ဓာတ်မြေသြဇာဈေးနှုန်းများ မြင့်တက်နေခြင်း (ဩစတြေးလျ)

ဩစတြေးလျ၏ အကြီးဆုံးဓာတ်မြေသြဇာစက်ရုံများအနက် တစ်ခုဖြစ်သည့် Gibson Island စက်ရုံကို Incitec Pivot Ltd. က ကမ္ဘာ့ဓာတ်မြေသြဇာ ဈေးနှုန်းများ မြင့်တက်နေသည့်ကြားက ပိတ်သိမ်းရန်စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။ သဘာဝဓာတ်ငွေ့ကဲ့သို့ အဓိက ကုန်ကြမ်းပစ္စည်းများ၏ ကုန်ကျစရိတ်မြင့်တက်လာခြင်းသည် ဘရစ်ဘိန်းမြို့ရှိ Incitec Pivot Ltd. ၏ Gibson Island စက်ရုံအတွက် အကြပ်အတည်းများကို ဖြစ်ပေါ်စေပါသည်။

ကုမ္ပဏီအနေဖြင့် များစွာကြိုးပမ်းခဲ့သော်လည်း၊ စီးပွားရေးအရအလားအလာ ရှိသော ရေရှည်ဓာတ်ငွေ့ထောက်ပံ့မှုကိုရယူနိုင်ခြင်း မရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။ နှစ် ၅၀ ကျော်ကြာလည်ပတ်ပြီးနောက် Gibson Island ထုတ်လုပ်ရေးစက်ရုံကို ပိတ်သိမ်းရန် ဆုံးဖြတ်ချက်သည် ဝန်ထမ်း ၁၇၀ အထိသက်ရောက်မှုရှိမည်ဟု မျှော်လင့်ရသည်။ ကုမ္ပဏီသည် ၂၀၂၂ ခုနှစ်ကုန်တွင် သဘာဝဓာတ်ငွေ့ဖြင့် ထုတ်လုပ်မှုကို ရပ်ဆိုင်းမည်ဟု ပြောကြားခဲ့သော်လည်းအစိမ်းရောင်အမိုးနီးယားဖြင့် ထုတ်လုပ်နိုင်မည့်အလားအလာကို ရှာဖွေနေပါသည်။ အဆိုပါစက်ရုံသည်ဆယ်စုနှစ်များစွာကြာအောင် သဘာဝဓာတ်ငွေ့မှ ဓာတ်မြေသြဇာထုတ်ကုန်များကို ပြောင်းလဲထုတ်လုပ်လျက်ရှိပြီး၊ နှစ်စဉ်အမိုးနီးယားတန်ချိန် ၃၀၀,၀၀၀၊ ယူရီးယားတန်ချိန် ၂၈၀,၀၀၀ နှင့် အမိုးနီးယား တန်ချိန် ၂၁၀,၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်အောက်တိုဘာလအတွင်း နိုင်ငံတွင်းဖော့စပိတ် ထုတ်လုပ်မှုနှင့် တင်ပို့မှုကိုကန့်သတ်လိုက်ခြင်းနှင့် မကြာသေးမီက ရုရှားနိုင်ငံကဓာတ်မြေသြဇာအမျိုးမျိုး တင်ပို့မှုအတွက် ခြောက်လခွဲတမ်းစည်းကြပ်ရန် စီစဉ်မှုတို့က ဩစတြေးလျလယ်သမားများအတွက် ပိုမိုဆိုးရွားသည့်အခြေအနေသို့ ရောက်ရှိစေပါသည်။ ဩစတြေးလျ ဂျုံစိုက်တောင်သူများသည် ဂျုံ ၂.၈ တန်ထုတ်လုပ်ရှိရန်အတွက် ဒိုင်ယမ်မိုနီယမ် ဖော့စဖိတ် (Diammonium Phosphate –DAP) တစ်တန်ကို ဝယ်ယူရန်လိုအပ်ပါသည်။ လာမည့်နှစ်တွင် လယ်သမားတစ်ဦးအတွက် အကြီးမားဆုံးအန္တရာယ်မှာ စိုက်ပျိုးရေးသွင်းအားစုကို ဈေးကြီးပေးဝယ်၍ စိုက်ပျိုးရရှိသည့် ကောက်ပဲသီးနှံအတွက် မြင့်မားသောဈေးနှုန်းပြန်လည်ရရှိမှု မသေချာခြင်းဖြစ်ပါသည်။

ဓာတ်မြေသြဇာထုတ်လုပ်မှုလုပ်ငန်းတွင် ရင်ဆိုင်နေရသောအကြီးမားဆုံးပြဿနာတစ်ခုမှာ အမိုးနီးယားထုတ်လုပ်မှုအတွက် အဓိကသွင်းအားစုဖြစ်သည့် သဘာဝဓာတ်ငွေ့ ကုန်ကျစရိတ်ဖြစ်သည်။ လောင်စာဆီဖယ်လိုအား တဟုန်ထိုးမြင့်တက်လာမှုကြောင့် မကြာသေးမီသီတင်းပတ်များအတွင်း သဘာဝဓာတ်ငွေ့ဈေးနှုန်းများ မြင့်မားလာခဲ့ကြောင်း သိရှိရပါသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

MIS DOP

## United Russia ပါတီတည်ထောင်သည့် နှစ် (၂၀) ပြည့်အထိမ်းအမှတ်အတွက် တရုတ်သမ္မတက ချီးကျူးဂုဏ်ပြုသည့်သဝဏ်လွှာပေးပို့ခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏သမ္မတ မစ္စတာရှီကျင်းပင်သည် ဒီဇင်ဘာလ (၁)ရက်နေ့တွင် United Russia ပါတီတည်ထောင်သည့် နှစ်(၂၀)ပြည့်အထိမ်းအမှတ်အတွက် ချီးကျူးဂုဏ်ပြုသည့်သဝဏ်လွှာကို ပေးပို့ခဲ့ပါသည်။

အဆိုပါသဝဏ်လွှာတွင် United Russia ပါတီအား ရုရှားနိုင်ငံ၏ အရေးပါသည့်နိုင်ငံရေးအင်အားတစ်ရပ်အဖြစ်ဖော်ပြထားပြီး၊ ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်၏ မဟာဗျူဟာမြောက်မူဝါဒများတွင် ရုရှားပြည်သူလူထုကိုတက်ကြွစွာ စုစည်းပေး၍ လမ်းညွှန်ပြသပေးနိုင်စွမ်းရှိသည့်ပါတီဖြစ်ကြောင်း ချီးကျူး၍ရေးသားထားပါသည်။

United Russia ပါတီသည် နိုင်ငံရေးတည်ငြိမ်စေရန် ဆောင်ရွက်ပေးနိုင်ခြင်း၊ စီးပွားရေးကိုဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပြည်သူများ၏ သာယာဝပြောမှုကို တိုးတက်စေခြင်း၊ နိုင်ငံ၏အပြည်ပြည်ဆိုင်ရာပုံရိပ်ကို မြှင့်တင်ပေးနိုင်ခြင်းတို့ကြောင့် နိုင်ငံတစ်ဝှမ်းမှပြည်သူများ၏ ထောက်ခံမှုကိုရရှိထားသည်ဟု တရုတ်သမ္မတက မှတ်ချက်ပြုပြောကြားထားပါသည်။

ယခုနှစ်မှာ တရုတ်ကွန်မြူနစ်ပါတီနှင့် United Russia ပါတီတို့အကြား ဆက်ဆံရေးထူထောင်ခဲ့သော နှစ်(၂၀)ပြည့်အထိမ်းအမှတ်နှစ်လည်းဖြစ်ပါသည်။ ပါတီနှစ်ခုတို့သည် ၎င်းတို့၏ဆက်ဆံရေးကို နှစ်(၂၀)အတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံနှစ်နိုင်ငံမှ ခေါင်းဆောင်များအကြား ဘုံသဘောတူညီချက် အကောင်အထည်ဖော်ခြင်း၊ နှစ်နိုင်ငံအကြား နိုင်ငံရေးဆိုင်ရာနှင့် မဟာဗျူဟာမြောက် အပြန်အလှန်ယုံကြည်မှုပေါင်းစည်းခြင်း၊ ဘက်စုံထောင့်စုံမှ အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းနှင့် နှစ်နိုင်ငံ၏မဟာဗျူဟာမြောက်ပူးပေါင်း ဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းလာစေခြင်းတို့အားဖြင့် တရုတ်ကွန်မြူနစ်ပါတီနှင့် United Russia ပါတီတို့က ထင်ရှားသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။

ယခုပေးပို့သည့် သဝဏ်လွှာတွင် United Russia ပါတီနှင့် တရုတ်ကွန်မြူနစ်ပါတီတို့၏ ချစ်ကြည်ရင်းနှီးမှုကို ဂုဏ်ပြုလိုက်ပြီး၊ ပါတီနှစ်ရပ်အကြား အသိဉာဏ်ပညာများဖြင့် ဖလှယ်ခြင်း၊ ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် တရုတ်နှင့် ရုရှားတို့၏ဆက်ဆံရေးကို ပိုမိုအဆင့်မြင့်မားလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကာ၊ ပြည်သူများအတွက် အေးအတူပူအမျှအသိုက်အဝန်းတစ်ရပ်ကို ပူးတွဲတည်ဆောက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

ရင်းမြစ်၊ CHINA DAILY
ဒေါက်တာဆွေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

MIS DOP

## ကွမ်ရှီး FTZ မှ နိုင်ငံခြားကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာ

ယခုနှစ်ပထမ (၉)လအတွင်း တရုတ် (ကွမ်ရှီး) လွတ်လပ်သောကုန်သွယ်ရေးဇုန်မှနိုင်ငံခြားကုန်သွယ်မှုတန်ဖိုး ယွမ်ငွေ (၄၄၄.၅၉) ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၉.၆၃ ဘီလီယံ ခန့်) ဆောင်ရွက်နိုင်ခဲ့ပြီး၊ ယခင်နှစ်ကထက် (၂၉.၃) ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ် ကထက် (၂၈.၁) ရာခိုင်နှုန်းတိုးတက်လာခဲ့ပါသည်။ ၎င်းပမာဏသည် တရုတ်တစ်နိုင်ငံလုံး အဆင့်တိုးတက်ခဲ့သည့် (၆.၆) ရာခိုင်နှုန်းနှင့် အနောက်နိုင်ငံများတိုးတက်ခဲ့သည့် (၆.၄) ရာခိုင်နှုန်းတို့ထက် ပိုမိုမြင့်မားခဲ့ပါသည်။ ယခုအခါ ကွမ်ရှီး FTZ၏ နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်းမှာ (၁၃.၂) ရာခိုင်နှုန်းဖြစ်ပါသည်။

ယခုနှစ်ပထမ (၁၀)လအတွင်း ပေပုပင်လယ်ကွေ့ဆိပ်ကမ်းရှိ ဖန်ချန်းကန်ဆိပ်ကမ်းနယ်မြေမှ ပေ(၂၀)အရှည်နှင့်ညီမျှသည့် ကုန်သေတ္တာအလုံးပေါင်း (၆၁၀,၀၀၀) ကျော်ဖြင့် မက်ထရစ်တန်ချိန် သန်း (၁၀၀)ကျော်ပမာဏရှိသည့် ကုန်စည်များကို ဖြတ်သန်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကွမ်ရှီး FTZ တွင် ယခုကဲ့သို့ နိုင်ငံခြားကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်လာခြင်းမှာ အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း – ပင်လယ်ရေကြောင်းလမ်း ကုန်သွယ်ရေးစင်္ကြံအသစ်၏ အဓိကတွန်းအားကြောင့်ဖြစ်ပါသည်။ ယခုနှစ် ပထမ(၉)လအတွင်း ကွမ်ရှီး FTZ ၏ အကောက်ခွန်ကြီးကြပ်မှုအောက်တွင် ပို့ကုန်သွင်းကုန်ပမာဏ ယွမ်ငွေ (၁၀၆.၉၅) ဘီလီယံဖိုး သယ်ယူပို့ဆောင်ပေးခဲ့ရကာ၊ ယခင်နှစ်ကထက် (၅၉.၅) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၎င်းဆောင်ရွက်ပေးမှုမှာ ကွမ်ရှီး FTZ ၏ စုစုပေါင်းနိုင်ငံခြားကုန်သွယ်ရေးတွင် (၁၁.၃) ရာခိုင်နှုန်းခန့် ပါဝင်ခဲ့ပါသည်။

ဤကာလအတွင်း ကွမ်ရှီး FTZ မော်တော်ယာဉ်တင်ပို့မှုမှာ ယခင်နှစ်ကထက် (၂၀၀.၂) ရာခိုင်နှုန်းတိုးတက်လာပြီး၊ ယွမ်ငွေ (၁.၇၄) ဘီလီယံတန်ဖိုးရှိ ဒေါင်ဖန်းလျိုကျိုး မော်တော်ယာဉ်အစင်းရေ (၁၁,၂၂၂)စင်းကို တင်ပို့နိုင်ခဲ့ပါသည်။ ၎င်းတင်ပို့မှုမှာ ယခင်နှစ်ကထက် (၂၉၀.၈၇) ရာခိုင်နှုန်းတိုးတက်လာခြင်းဖြစ်ပါသည်။

အလားတူကာလတွင် နည်းပညာအဆင့်မြင့်ကုန်ပစ္စည်းများကို ယွမ်ငွေ (၆၄.၈၆) ဘီလီယံဖိုးတင်ပို့ခဲ့ကာ၊ ယွမ်ငွေ (၆၄.၆၅) ဘီလီယံဖိုး ပြန်လည်တင်သွင်းခဲ့ပြီး၊ ယခင်နှစ်ကထက် ပို့ကုန်ပိုင်းတွင် (၄၀.၈) ရာခိုင်နှုန်း၊ သွင်းကုန်ပိုင်းတွင် (၅၆.၇) ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် ယွမ်ငွေ (၁၇.၁၄) ဘီလီယံတန်ဖိုးရှိ ပဲပုပ်များကို ယခင်နှစ်ကထက် (၂၄.၄) ရာခိုင်နှုန်းပိုမိုလျက် တင်သွင်းခဲ့ပါသည်။ ယွမ်ငွေ (၆၂.၃၁) ဘီလီယံတန်ဖိုးရှိ သံသတ္တုရိုင်းများကိုလည်း ယခင်နှစ်ကထက် (၇၁.၄) ရာခိုင်နှုန်း ပိုမိုလျက်တင်သွင်းခဲ့ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ CHINA DAILY

ဒေါက်တာဌေးစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

MISDOP

## တရုတ် – အာဖရိက ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် ဘုံသဘောတူညီချက်များရရှိ

တရုတ်–အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (FOCAC)၏ (၈)ကြိမ်မြောက် ဝန်ကြီးများအဆင့်ဆွေးနွေးပွဲ၌ တရုတ်–အာဖရိက ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအပေါ် အရေးပါသည့် ဘုံသဘောတူညီချက်များကိုရရှိခဲ့ကြကြောင်း တရုတ်နိုင်ငံ၏နိုင်ငံတော်အတိုင်ပင်ခံနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက နိုဝင်ဘာလ (၃၀)ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၎င်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်သမ္မတကလည်း ဗီဒီယိုချိတ်ဆက်မှုဖြင့် တက်ရောက်ခဲ့ပြီး မိန့်ခွန်းပြောကြားခဲ့ကြောင်း၊ တရုတ်နှင့် အာဖရိကတို့သည် အောက်ဖော်ပြပါကဏ္ဍ (၅) ရပ်တို့အပေါ်တွင် ဘုံသဘောတူညီချက်များ ရရှိခဲ့ကြောင်းသိရပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................

## Software ကဏ္ဍအတွက် ဖွံ့ဖြိုးရေးအစီအမံကို တရုတ်နိုင်ငံကထုတ်ပြန်ကြေညာ

(၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁–၂၀၂၅) ကာလအတွင်း software နှင့် သတင်းအချက်အလက် နည်းပညာဝန်ဆောင်မှုကဏ္ဍအတွက် ဖွံ့ဖြိုးမှုအစီအမံတစ်ရပ်ကို တရုတ်နိုင်ငံက နိုဝင်ဘာလ (၃၀)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၂၅ ခုနှစ်တွင် ဤကဏ္ဍကို အသုံးပြုမှုပေါင်း (၁)သန်းကျော် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဘဏ္ဍာရေးနှင့် ဆောက်လုပ်ရေးကဲ့သို့ အဓိကလုပ်ငန်းကဏ္ဍများအတွက် software များတွင် ယှဉ်ပြိုင်နိုင်စွမ်း အားကောင်းခိုင်မာလာစေရန် တရုတ်နိုင်ငံက မျှော်မှန်းထားပါသည်။

အဆိုပါအစီအမံတွင် အသေးစိတ်စီမံဆောင်ရွက်မှုများကိုလည်း ဖော်ပြထားပြီး၊ ၂၀၂၅ ခုနှစ်တွင် ကုမ္ပဏီပေါင်း (၁၀၀)ကျော်တို့က ယွမ်ငွေ (၁၀)ဘီလီယံ(အမေရိကန် ဒေါ်လာ ၁.၅၇ ဘီလီယံ)တန်ဖိုးရှိ ဝင်ငွေများရရှိနိုင်ရေးအတွက် ရည်မှန်းချက်ချမှတ်ထားကြောင်း သိရပါသည်။

တရုတ်နိုင်ငံသည် နိုင်ငံတကာတွင် ဩဇာလွှမ်းမိုးမှုကြီးမားသည့် open source အဝန်းအဝိုင်းများကိုလည်း တည်ဆောက်သွားမည်ဖြစ်ကာ software အတွက် pricing mechanism တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်သွားမည်ဟု သိရပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

## Big data လုပ်ငန်းအတွက် ဖွံ့ဖြိုးရေးအစီအမံကို တရုတ်နိုင်ငံက ထုတ်ပြန်ကြေညာ

(၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) ကာလအတွင်း big data ကဏ္ဍအတွက် ဖွံ့ဖြိုးမှုအစီအမံတစ်ရပ်ကို တရုတ်နိုင်ငံက နိုဝင်ဘာလ (၃၀)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၂၅ ခုနှစ်တွင် big data လုပ်ငန်း၏ ပမာဏကို ယွမ်ငွေ (၃) ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၄၇၀ ဘီလီယံခန့်) ရှိလာစေရန်နှင့် စုစုပေါင်းနှစ်စဉ်တိုးတက်မှုနှုန်း (၂၅) ရာခိုင်နှုန်းကျော် ရှိလာစေရန်တရုတ်နိုင်ငံက မျှော်မှန်းထားပါသည်။

ထိုအချိန်တွင် big data လုပ်ငန်း၏ အဓိကထုတ်လုပ်မှုအချက်ဖြစ်သည့် အချက်အလက်အတွက် ဈေးကွက်ဦးစားပေး pricing mechanism ကို တည်ထောင်ထားပြီဖြစ်ကာ၊ big data အပေါ် လူထု၏သတိပြုမှုကို မြှင့်တင်နိုင်ခြင်း၊ အဆင့်မြင့် big data ဖြင့် ဆောင်ရွက်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဆွဲဆောင်မှုပြုခြင်းတို့ကိုပြုလုပ်နိုင်မည်ဟု တရုတ်နိုင်ငံကမျှော်မှန်းထားပါသည်။

တရုတ်နိုင်ငံ၏ big data ကဏ္ဍမှာ လွန်ခဲ့သည့် (၅)နှစ်အတွင်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်တွင် ယွမ်ငွေ (၁) ထရီလီယံတန်ဖိုးကျော်ရှိခဲ့ကြောင်း သိရပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................

## တရုတ်အလှကုန်ဈေးကွက်တွင် နမူနာပေးသည့်အလှကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချရာ ပိုမိုလူကြိုက်များလျက်ရှိ

ရောင်းချရန်အတွက်မဟုတ်ဘဲ အစမ်းသုံးကြည့်ရန်ဖြန့်ဖြူးလေ့ရှိသည့် အလှကုန်နမူနာများမှာယခုအခါတရုတ်ဈေးကွက်တွင် အများအပြားရောင်းချနေရပြီး၊ အလှကုန်အမှတ်တံဆိပ်ကြေညာနိုင်၍ ဈေးကွက်ကိုလွှမ်းမိုးလာနိုင်ခြင်းနှင့် အသုံးပြုသည့်ဖောက်သည်များ တိုးပွားလာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိလာသည်ဟုသိရပါသည်။

အများအားဖြင့် အလှကုန်အမျိုးအစားကောင်းကို အသုံးပြုလိုသော်လည်း ငွေကြေးအများအပြားမသုံးစွဲလိုသည့် ဖောက်သည်များကြားတွင် အရွယ်အစားသေးငယ်၍ ဈေးနှုန်းသက်သာသည့် အလှကုန်များမှာပိုမိုရေပန်းစားလာခြင်းဖြစ်ပါသည်။ အထူးသဖြင့် အရေပြားထိန်းသိမ်းသည့်အလှကုန်များကို နေ့စဉ်အသုံးပြုရန် အရွယ်အစားကြီးကြီးမားမား ဝယ်ယူကြသော်လည်း၊

MIS DOP

အမျိုးအစားများပြားပြီး တစ်ကြိမ်သုံးလျှင် အနည်းငယ်သာအသုံးပြုသည့် အလှကုန်များအတွက် မူငွေကြေးများစွာ အသုံးပြုလိုခြင်းမရှိကြသည်ကို သိရပါသည်။

အလှကုန်များကို ရောင်းချသည့်ဆိုင်များတွင်လည်း နာမည်ကြီးအလှကုန် အမှတ်တံဆိပ် အမျိုးမျိုးတို့၏ နမူနာများကို ယွမ် (၃၀)မှ ယွမ် (၃၀၀)ကြား ရောင်းချနေကြပြီး၊ မိန်းမပျိုများ ကြားတွင် လူကြိုက်များနေကြကြောင်းနှင့် ယမန်နှစ်မှစ၍ ထိုကဲ့သို့ နမူနာအရွယ်အစားရှိအလှကုန်များကို အလှကုန်ဆိုင်များတွင် ပိုမိုရောင်းချလာရကြောင်း သိရပါသည်။

တစ်ပတ်ရစ်ပစ္စည်းများကို ရောင်းချသည့် e-commerce site ဖြစ်သည့် Xianyu မှ စာရင်းအရ ယမန်နှစ်အတွင်း နမူနာအလှကုန်များကိုရောင်းချရမှုမှာ (၂၀၁) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အလှကုန်သတင်းအချက်အလက် ကွန်ရက်ဖြစ်သည့် Chyxx မှ ခန့်မှန်းချက်အရလာမည့်နှစ်တွင် တရုတ်နိုင်ငံ၏ အလှကုန်လုပ်ငန်းမှာ ယွမ်ငွေ ဘီလီယံ (၅၀၀)ခန့်ရရှိနိုင်ပြီး၊ ၂၀၂၃ ခုနှစ်တွင် ယွမ်ငွေ (၅၄၉) ဘီလီယံခန့် ရရှိနိုင်ကြောင်း သိရပါသည်။

နာမည်ကျော် အလှကုန်အမှတ်တံဆိပ်များကလည်း ဖောက်သည်များက နမူနာများကိုပိုမိုဝယ်လိုအားမြင့်လာကြောင်း ကောင်းစွာသိရှိလာကြပါသည်။ Procter & Gamble အမှတ်တံဆိပ်ဆိုလျှင် နမူနာပစ္စည်းများပေါ်တွင် နှစ်စဉ်ယွမ်ငွေ သန်း (၅၀၀)ခန့် သုံးစွဲလေ့ရှိပါသည်။ တရုတ်နိုင်ငံ၏ နာမည်ကျော် skincare အမှတ်တံဆိပ်ဖြစ်သည့် Winona သည်လည်း ဖောက်သည်များအတွက် နမူနာပစ္စည်းအခုရေ (၃)သိန်းခန့် ပေးပို့ကာ၊ ဖောက်သည်အသစ် (၂၉၀,၀၀၀)ကိုဆွဲဆောင်သည်ဟု သိရပါသည်။

ယခုနှစ်အစပိုင်းတွင် Tmall က ဟန်ကျိုးတွင် (၁)ယွမ်စတိုးဆိုင်ကို စတင်ဖွင့်လှစ်ပြီး၊ အလှကုန်အမှတ်တံဆိပ် (၈၀)ကျော်ဝန်းကျင်တို့ အလှကုန်နမူနာပေါင်း (၃) သောင်းကျော်ကို ရောင်းချရာ ဖောက်သည်ထောင်ပေါင်းများစွာကို ဆွဲဆောင်နိုင်ခဲ့ပါသည်။ ထို့ပြင် အွန်လိုင်းပေါ်တွင်လည်း "Tmall U First" နေရာမှ အလှကုန်နမူနာများကို ဈေးသက် သာစွာဖြင့် ရောင်းချခဲ့ရာ၊ လာရောက်ကြည့်ရှုသူများက မကြာခဏပြန်လည်ဝင်ရောက် ကြည့်ရှုကြသည့်အတွက် ရလဒ်ကောင်းမွန်ကြောင်း သိရပါသည်။

တရုတ်ဈေးကွက်သို့ ဝင်ရောက်လိုကြသည့် မြန်မာနိုင်ငံမှ အလှကုန်လုပ်ငန်းရှင်များအနေနှင့်လည်း တရုတ်နိုင်ငံ၌ ကျင်းပသည့်ကုန်စည်ပြပွဲများတွင်ပါဝင်ပြသရန် ပြင်ဆင်ကြသည့်အခါ တရုတ်နိုင်ငံ၏ ဈေးကွက်အနေအထားကို ကြိုတင်သိရှိ၍ ပြင်ဆင်နိုင်ကြစေရန်ရည်ရွယ်၍ ဤသတင်းကို ရေးသားဖော်ပြအပ်ပါသည်။

ရင်းမြစ်၊ China Daily

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

MIS DOP

## နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံဈေးကွက်၌ အဖိုးတန်သတ္တုဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့

နိုဝင်ဘာလ (၃၀)ရက်နေ့အစောပိုင်း အရောင်းအဝယ်တွင် ငွေသတ္တု၏ပျမ်းမျှဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် (၄,၇၁၇.၃၃)ယွမ် ဖြစ်ပါသည်။ ၎င်းဈေးနှုန်းမှာ နိုဝင်ဘာလ (၁) ရက်နေ့တွင် လက်ငင်းအရောင်းအဝယ်ဈေးကွက်၌ ဖြစ်ပေါ်ခဲ့သည့်ပျမ်းမျှဈေးနှုန်း တစ်ကီလိုဂရမ်လျှင် ယွမ်ငွေ (၄,၈၄၆)နှင့် နှိုင်းယှဉ်ပါက (၂.၆၃) ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ပြီး၊ ယခုနှစ်ဇန်နဝါရီလ (၁)ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် တစ်ကီလိုဂရမ်လျှင် ယွမ်ငွေ (၅,၅၅၀)နှင့် နှိုင်းယှဉ်ပါက (၁၄.၉၉) ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။

နိုဝင်ဘာလ (၃၀)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ရွှေသတ္တုလက်ငင်းဈေးနှုန်းမှာ တစ်ဂရမ်လျှင် ယွမ်ငွေ (၃၇၀.၁၉) ဖြစ်ပါသည်။ ၎င်းဈေးနှုန်းသည် နိုဝင်ဘာလ (၁) ရက်နေ့တွင် လက်ငင်းအရောင်းအဝယ်ဈေးကွက်၌ ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှဈေးနှုန်း တစ်ဂရမ်လျှင် ယွမ်ငွေ(၃၆၉.၆၀)နှင့် နှိုင်းယှဉ်ပါက (၀.၄၂) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ ယခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့်ဈေးနှုန်း တစ်ဂရမ်လျှင် (၃၉၂.၇၀)ယွမ်နှင့် နှိုင်းယှဉ်ပါက (၆.၂၈) ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း Federal Reserve မှ ကြေညာချက်အရ "အစောပိုင်း အတိုးနှုန်း မြင့်တက်လာနိုင်မှု" မျှော်လင့်ချက်နှင့် ကြွေးမြီဝယ်ယူမှုလျှော့ချရေးကို အရှိန်မြှင့်တင် ဆောင်ရွက်မည့် မျှော်လင့်ချက်များမှာလည်း အဖိုးတန်သတ္တုဈေးနှုန်းများ အနည်းငယ်ကျဆင်း လာခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ အတိုးနှုန်းအမြင့်ဖြင့် ငွေတိုက်စာချုပ်များထုတ် ရောင်းလာလျှင် အတိုးနှုန်းမရသည့် ရွှေကဲ့သို့အဖိုးတန်သတ္တုများကို ဝယ်လိုအားလျော့နည်းလာ နိုင်ပါသည်။

ထို့ပြင် ပြီးခဲ့သည့်သောကြာနေ့တွင် တောင်အာဖရိက၌ ကပ်ရောဂါပိုးမျိုးကွဲ အသစ်တွေ့ရှိ ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုက ၎င်း၏ အရံသိုလှောင်ထား ရှိမှုများကို ထုတ်ပစ်လိုက်ရာ၊ နိုင်ငံအများအပြားမှ ရေနံစိမ်းအရံသိုလှောင်မှုများကို ဈေးကွက် အတွင်း ထုတ်ရောင်းရန်တွန်းအားပေးသကဲ့သို့ ဖြစ်သွားပါသည်။ အဆိုပါလုပ်ဆောင်ချက်သည် ရေနံစိမ်းဈေးကွက်ရောင်းလိုအားကို သက်ရောက်သဖြင့် ရေနံစိမ်းဈေးနှုန်းများ အတိုင်းအတာ တစ်ခုအထိကျဆင်းစေခဲ့ပြီး အဖိုးတန်သတ္တုများ၏ ဈေးနှုန်းများကိုလည်း အနည်းငယ်ကျဆင်း စေခဲ့ပါသည်။

MIS DOP

ခြုံငုံသုံးသပ်ရလျှင် ရေတိုကာလတွင် အဖိုးတန်သတ္တုများ၏ ဈေးနှုန်းများမှာအတက် ဘက်သို့ရောက်နိုင်ခြေနည်းပါးကာ၊ အတက်အကျဖြစ်နေဦးမည်ဟု သုံးသပ်ရရှိပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

..............................................................

## နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံအရှေ့ပိုင်းတွင် ဘိလပ်မြေဝယ်လိုအား လျော့နည်းခဲ့သောကြောင့် ဈေးနှုန်းများကျဆင်းခဲ့

တရုတ်နိုင်ငံ အရှေ့ပိုင်း၌ နိုဝင်ဘာလအစောပိုင်းတွင် ဘိလပ်မြေဈေးနှုန်း တစ်တန်လျှင် ယွမ်ငွေ (၆၆၆.၆၇)ရှိခဲ့ရာမှ၊ နိုဝင်ဘာလနှောင်းပိုင်းတွင် တစ်တန်လျှင် ယွမ်ငွေ (၆၂၅)သာရှိခဲ့ သည့်အတွက် (၆.၂၅) ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ သို့ရာတွင် ၎င်းဈေးနှုန်းမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက (၂၃.၆၇) ရာခိုင်နှုန်း မြင့်တက်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

နိုဝင်ဘာလအတွင်း စွမ်းအင်နှင့် ထုတ်လုပ်မှုကန့်သတ်ချက်များကို ကျယ်ပြန့်စွာဖြေ လျှော့ပေးခဲ့ခြင်း၊ ဘိလပ်မြေလုပ်ငန်းများ၏ ကုန်ပစ္စည်းသိုလှောင်မှု ဆက်လက်များပြားခဲ့ခြင်း၊ ကျောက်မီးသွေးဈေးနှုန်းများ သိသိသာသာကျဆင်းခဲ့သဖြင့် ဘိလပ်မြေထုတ်လုပ်သည့်ကုန်ကျ စရိတ်လျော့နည်းခြင်းတို့ကြောင့် ဘိလပ်မြေဈေးကွက် အေးလာရခြင်းဖြစ်ပါသည်။ ထို့ပြင် အိမ်ခြံ မြေဆောက်လုပ်ရေးစီမံကိန်းများမှာလည်း နှေးကွေးလာပြီး၊ အရောင်းအဝယ်လည်းအေးလာ သည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ရေတိုကာလတွင် တရုတ်နိုင်ငံ၏ ဘိလပ်မြေဈေးကွက်ဆက် လက်ကျဆင်းနေဦးမည်ဟု ခန့်မှန်းရရှိပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

..............................................................

MIS DDP

## ဒီဇင်ဘာလ (၁)ရက်နေ့တွင် တရုတ်နိုင်ငံ၏ စက္ကူပျော့ဖတ်ဈေးနှုန်း သိသိသာသာ မြင့်တက်လာ

မကြာသေးမီက တရုတ်နိုင်ငံဈေးကွက်တွင် ပျော့ဖတ် ကြိုရောင်းကြိုဝယ်ဈေးနှုန်းများ များစွာမြင့်တက်လာပါသည်။ တစ်နေ့တည်းမှာပင် SP2201 အမျိုးအစားအတွက် အဖွင့်ဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၅,၆၃၆) ဖြစ်ကာ၊ အပိတ်ဈေးမှာ တစ်တန် လျှင် ယွမ်ငွေ (၅,၉၈၀) ဖြစ်သွားခဲ့ရာ၊ (၆) ရာခိုင်နှုန်းကျော် မြင့်တက်သွားခဲ့ပါသည်။ ပျော့ဖတ်အပျော့အမျိုးအစား၏ ပေါက်ဈေးမှာတစ်တန်လျှင် ယွမ်ငွေ (၅,၅၁၀) ဖြစ်ကာ၊ သစ်မာသား ပျော့ဖတ်အမျိုးအစား၏ပေါက်ဈေးမှာ တစ်တန်လျှင် ယွမ်ငွေ (၄,၇၀၀) ဖြစ်ပါသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ပျော့ဖတ်စာချုပ်ချုပ်ဆိုမှုများ များပြားလာပြီး၊ ဈေးကွက်အတွင်း သစ်သားပျော့ဖတ်လက်ငင်းဈေးနှုန်းမှာလည်း မြင့်မားလာပါသည်။ သို့ရာတွင် ဝယ်လိုအားမှာ ကုန်ချောထုတ်လုပ်သည့်ဈေးကွက်ဘက်မှ အများစုဖြစ်ကြ၍ ဝယ်လိုအားအပြောင်းအလဲသိပ်မရှိသေးသည့်အခြေအနေ ဖြစ်နေဆဲဖြစ်ပါသည်။

ရောင်းလိုအားဘက်တွင် ကနေဒါနိုင်ငံ၌ ဖြစ်ပွားသည့်သဘာဝဘေးကြောင့် ထင်းရှူးသား ပျော့ဖတ်ပြုလုပ်နိုင်မှု အားနည်းနေသေးခြင်း၊ အင်ဒိုနီးရှားနိုင်ငံမှ သစ်မာသားပျော့ဖတ်ရောင်းလိုအား ဆိုင်းငံ့ထားခြင်းစသည့်သတင်းများက ပျော့ဖတ်ဈေးနှုန်းများမြင့်တက်လာစေရန် တွန်းအားပေးနေပါသည်။

လက်ရှိအချိန်တွင် ပြည်ပဈေးနှုန်းနှင့် လက်ငင်းအဝယ်ဈေးနှုန်းများမှာ တစ်ခုပြီးတစ်ခုမြင့်တက်လာရာ ကုန်ချောဈေးနှုန်းများလည်းမြင့်တက်လာရာ၊ ရေတိုကာလတွင် တရုတ်နိုင်ငံရှိ သစ်သားပျော့ဖတ် လက်ငင်းအရောင်းအဝယ်ဈေးနှုန်းမှာ အားကောင်းပြီးတည်ငြိမ်မှုမရှိသည့် အနေအထားတွင် ရှိနေနိုင်ပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

………………………………………………………

## စီးပွားရေးမူဝါဒအတွက် ဦးစားပေးများကို တရုတ်ထိပ်တန်းခေါင်းဆောင်များ သတ်မှတ်

တရုတ်နိုင်ငံရေးရာဗျူရိုအစည်းအဝေးက လာမည့်နှစ်တရုတ်နိုင်ငံ၏ စီးပွားရေးတွင်ထိပ်တန်းဦးစားပေးအဖြစ် တည်ငြိမ်မှုရှိစေရေး၊ ကြိုတင်တွေးဆ၍ ဖန်တီးထားသည့်ဘဏ္ဍာရေးမူဝါဒ

တစ်ရပ်နှင့် နိုင်းချင့်မျှော်ခေါ်မှုရှိသော ငွေကြေးမူဝါဒတစ်ရပ်တို့ကို အကောင်အထည်ဖော်ရေးတို့အား ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း အလေးပေးဖော်ပြခဲ့ပါသည်။

လာမည့်နှစ် တရုတ်နိုင်ငံ၏မေခရိုစီးပွားရေးအခြေခံများ တည်ငြိမ်မှုရှိစေရန်ပိုမိုထိရောက်မှုရှိသည့် ဘဏ္ဍာရေးမူဝါဒများပြုလုပ်သွားရေးနှင့် စားသုံးသူများ၏ သုံးစွဲမှုကိုဦးတည်ချက်ထား၍ အစဉ်တိုးတက်နေစေပြီး ပြန်လည်နာလန်ထူလာမှုကို တဖြည်းဖြည်းမြှင့်တင်ဆောင်ရွက်သွားရေးဟူသည့်ခြေလှမ်းများဖြင့် တရုတ်နိုင်ငံက ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ဖွံ့ဖြိုးမှုစံနမူနာသစ်တစ်ရပ်ကိုပျိုးထောင်ရန်၊ ပြုပြင်ပြောင်းလဲမှုများနှင့် တံခါးဖွင့်ကြိုဆိုမှုများကို ပိုမိုနက်ရှိုင်းလာစေရန်၊ COVID-19 ကပ်ရောဂါ တိုက်ဖျက်ရေးအားထုတ်ကြိုးပမ်းမှုများကိုညီညွတ်စေရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို တည်တံ့စေရန်နှင့် အဓိကစီးပွားရေးအညွှန်းကိန်းများကို သင့်လျော်သည့်နှုန်းအတွင်း ထိန်းသိမ်းထားရန် လျင်မြန်စွာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မေခရိုမူဝါဒများကို နှိုင်းချင့်မျှော်ခေါ်မှုနှင့် ထိရောက်မှုရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ငွေကြေးမူဝါဒကိုလည်း သင့်လျော်ပြီးလုပ်သာကိုင်သာရှိစေရန် ဆောင်ရွက်သွားမည်ဟုသိရပါသည်။

ထိရောက်သည့်ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့ရန်စီမံဆောင်ရွက်မှုများအပါအဝင် ပြည်တွင်းဝယ်လိုအားမြှင့်တင်ရေးဗျူဟာကို အကောင်အထည်ဖော်ရန် အရေးကြီးပုံကိုလည်း ဤအစည်းအဝေး၌ ထပ်လောင်းပြောကြားခဲ့ပါသည်။

ဈေးကွက်တွင် အဓိကဆောင်ရွက်နေသူများကိုဦးစားပေးကာ အားပေးကူညီသွားမည်ဖြစ်ပြီး၊ အသိဉာဏ်ဆိုင်ရာအခွင့်အရေးများကို ကာကွယ်ရေးကိုလည်း တရုတ်နိုင်ငံကပိုမိုအလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၏ အဓိကယှဉ်ပြိုင်နိုင်စွမ်းကို ဆက်လက်မြှင့်တင်ပေးကာ၊ ကုန်ထုတ်လုပ်မှုကွင်းဆက်များ၏ ကြံ့ကြံ့ခံနိုင်စွမ်းကိုလည်း တိုးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

အိမ်ခြံမြေကဏ္ဍအတွက် အိမ်ဝယ်သူများဘက်မှဝယ်လိုအားကို ကျိုးကြောင်းဆီလျော်စွာ ဖြည့်ဆည်းပေးနိုင်ရန် လေလံများ၌ လူအများဝယ်ယူနိုင်မည့်အိမ်ယာစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးဖြင့် ရှေ့သို့ဆက်လက်ဆောင်ရွက်သွားရန်ကိုလည်း မူဝါဒချမှတ်သူများက ကတိပြုခဲ့ပါသည်။

အဓိကနည်းပညာများတွင် ထိုးဖောက်ကျော်လွှားနိုင်မှုများအပေါ် အလေးထားရန် တရုတ်နိုင်ငံက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ၊ သိပ္ပံနှင့်နည်းပညာတွင် နိုင်ငံအဆင့်မဟာဗျူဟာမြောက်အင်အားများကို အားကောင်းခိုင်မာစေမည်ဖြစ်ပါသည်။ ထို့ပြင် ဆန်းသစ်တီထွင်မှု

MIS DOP

အား စီးပွားရေးလုပ်ငန်းများ၏ အခြေခံအခန်းကဏ္ဍ၌ မြှင့်တင်ဆောင်ရွက်၍ သိပ္ပံနှင့်နည်းပညာ၊ စက်မှုလုပ်ငန်းများနှင့် ဘဏ္ဍာရေးကဏ္ဍတို့အကြား အထောက်အပံ့ပြုသည့် ဆက်ဆံရေးဖြစ်လာစေရန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်ကြိုဆိုမှုတို့ဖြင့် ဆက်လက်ဆောင်ရွက်သွားရာတွင် အဓိက ဒေသတွင်းမဟာဗျူဟာများနှင့် ပေါင်းစည်းထားသည့် ဒေသတွင်းဖွံ့ဖြိုးမှုအတွက် မဟာဗျူဟာများကို ရှေ့သို့ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ထိထိရောက်ရောက်တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် ကုန်ထုတ်လုပ်မှုအင်အားစုများကို ဈေးကွက်အခြေခံ၍ နေရာခွဲဝေချထားမှုကို မြှင့်တင်ဆောင်ရွက်ရန် စမ်းသပ်သည့်ပြုပြင်ပြောင်းလဲမှုများအား ပြုလုပ်သွားမည်ဖြစ်ကာ၊ တံခါးဖွင့်ကြိုဆိုမှုကို ပိုမိုတိုးချဲ့ ပြုလုပ်သွားမည်ဟုလည်းသိရပါသည်။

ပြည်သူများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို သေချာပြည့်ဆည်းပေးနိုင်ရေး၊ အလုပ်သမား ပထမမူဝါဒနှင့် တစ်အိမ်ထောင်လျှင် ကလေးသုံးဦးယူနိုင်သည့် မူဝါဒအသစ်တို့ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးတို့ကိုလည်း တရုတ်မူဝါဒချမှတ်သူများက အလေးထား ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံသည် ပင်စင်ရန်ပုံငွေများအား တစ်နိုင်ငံလုံးပေါင်းစပ်စုစည်းထားသည့် စီမံခန့်ခွဲမှုစနစ်ဖြစ်ပေါ်လာရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ၊ အများပြည်သူဝန်ဆောင်မှုများကို ရယူနိုင်သည့် ယန္တရားတိုးတက်ဖြစ်ထွန်းစေရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လာမည့် ၂၀၂၂ ခုနှစ်တွင်ကျင်းပမည့် တရုတ်ကွန်မြူနစ်ပါတီ၏ အကြိမ် (၂၀)မြောက် အမျိုးသားကွန်ဂရက်မှာ ပါတီနှင့် နိုင်ငံအတွက် နိုင်ငံရေးအရအဓိကအခမ်း အနားတစ်ရပ်ဖြစ်လိမ့်မည်ဟု တရုတ်သမ္မတ ရှီနိုင်ငံရေးရာဗျူရိုအစည်းအဝေး၌ ထုတ်ဖော် ပြောကြားခဲ့ပါသည်။

ရင်းမြစ်၊ China Daily
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

…………………………………………………………………

## တရုတ်-လာအို မီးရထားလမ်းအသစ်ကိုအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေပြီဖြစ်သည့် DHL

ယခုအချိန်မှာ ကုန်စည်ပို့ဆောင်ခများ အမြင့်ဆုံးဖြစ်နေသည့်ကာလဖြစ်သော်လည်း၊ တရုတ်-လာအိုမီးရထားလမ်းအသစ်ကိုအသုံးပြု၍ ကုန်စည်များပို့ဆောင်ပါက လေကြောင်းမှပို့ဆောင်ခနှင့်နှိုင်းယှဉ်လျှင် ထက်ဝက်မျှသက်သာပြီး၊ ကြာမြင့်ချိန်လည်း ထက်ဝက်ခန့်လျော့နည်းသွားသည့်အတွက် အပြည်ပြည်ဆိုင်ရာ ချောပို့လုပ်ငန်းဖြစ်သည့် DHL မှာ တရုတ်နိုင်ငံ၊ ကူမင်း

မြို့နှင့် လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့တို့အကြား ဤရထားလမ်းအသစ်ကိုအသုံးပြု၍ အပြန်အလှန် ပို့ဆောင်ပေးနေပြီ ဖြစ်ပါသည်။

ဗီယန်ကျင်းနှင့် ကူမင်းတို့မှာ တရုတ်-အာဆီယံအတွက် နည်းလမ်းစုံဖြင့်ကုန်စည်သယ်ယူ ပို့ဆောင်မှုလမ်းကြောင်းများ၌ အချက်အချာကျသည့်နေရာများပေါ်တွင် အသီးသီးတည်ရှိပါသည်။ တရုတ်-လာအိုမီးရထားလမ်းကိုအသုံးပြုပါက လမ်းခရီးတွင်ကြာမြင့်ချိန်မှာ နာရီ (၂၀)မှ (၂၄) နာရီကြားခန့်သာရှိတော့ပြီး၊ ရထားလမ်းဖြင့် သယ်ယူပို့ဆောင်ခြင်းနှင့် ကုန်တင်ကားဖြင့်သယ်ယူ ပို့ဆောင်ခြင်း ပုံစံ(၂)မျိုးကို ပေါင်းစပ်ထားသည့် ကုန်စည်သယ်ယူမှုဖြစ်ပါသည်။

ဤမီးရထားလမ်းမှာ လေကြောင်းနှင့် ပင်လယ်ရေကြောင်းမှပို့ဆောင်မှုများ အခက်အခဲ ဖြစ်နေချိန်တွင် ပြောင်းလဲသုံးစွဲ၍ရသည့်လမ်းကြောင်းဖြစ်ပါသည်။ ဤရထားလမ်းကို အသုံးပြု၍ တရုတ်နှင့် အာဆီယံဈေးကွက်များအကြား DHL ၏ သယ်ယူ ပို့ဆောင်ပေးသည့်ဝန်ဆောင်မှုများ ကို အချိန်တိုတောင်းစွာနှင့် ကုန်ကျစရိတ်သက်သာစွာ ဆောင်ရွက်ပေးသွားမည်ဟု သိရပါသည်။ ဥပမာအားဖြင့် ဤမီးရထားမှပို့ဆောင်လျှင်

- ချန်ဒူး-ဘန်ကောက်-ကုန်းလမ်း/ရထားလမ်းဝန်ဆောင်မှုမှာ လေကြောင်းထက် (၇၈) ရာခိုင်နှုန်း ပိုမိုသက်သာပြီး၊ (၂)ရက်ခန့် ပိုမိုမြန်ဆန်လာမည် ဖြစ်ပါသည်။
- ကွာလာလမ်ပူ-ချန်ဒူး-ကုန်းလမ်း/ရထားလမ်းဝန်ဆောင်မှုမှာ လေကြောင်းထက် (၇၀) ရာခိုင်နှုန်း ပိုမိုသက်သာမည် ဖြစ်ပါသည်။
- ရှန်ဟိုင်း-စင်ကာပူ-ကုန်းလမ်း/ရထားလမ်းဝန်ဆောင်မှုမှာ လေကြောင်းထက် (၃၈) ရာခိုင်နှုန်း ပိုမိုသက်သာသော်လည်း၊ (၄)ရက်ခန့် ပိုမိုကြာမြင့်မည် ဖြစ်ပါသည်။

MIS DOP

တရုတ်-လာအို မီးရထားလမ်းအသစ်မှာ တရုတ်၏ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းအောက် ၌ပါဝင်သည့် အပြည်ပြည်ဆိုင်ရာစီးပွားရေးစင်္ကြံ (၆)ခုအနက် တစ်ခုဖြစ်ပါသည်။ တရုတ် (ကူမင်း)နှင့်ဆက်သွယ်ထားသည့် မီးရထားလမ်း၏ လာအိုအပိုင်းမှာ (၄၁၄) ကီလိုမီတာ ရှည် လျားကာ၊ မြောက်ပိုင်း တရုတ်နှင့်နယ်နိမိတ်ချင်းထိစပ်နေသည့် Boten မှ ဖြတ်သန်းလျက်၊ တောင်ပိုင်း ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဗီယန်ကျင်းသို့ ဆက်သွယ်ထားခြင်းဖြစ် ပါသည်။ ဤသို့ဆက်သွယ်ထားခြင်းကြောင့် ဗီယန်ကျင်းမှ တရုတ်နှင့်နယ်စပ်ဒေသသို့ ခရီးသွား လာချိန်မှာ ယခင်က (၁၅)နာရီခန့် ကြာမြင့်ခဲ့ရာမှ၊ ယခု (၄)နာရီခန့်သာ ကြာမြင့်ပါတော့သည်။ Boten မှ ကူမင်းသို့ ဆက်သွယ်ထားသည့်လမ်းပိုင်းမှာ (၅၉၅) ကီလိုမီတာ ရှည်လျားပြီး၊

ကုန်းတွင်းပိတ် လာအိုနိုင်ငံအား တစ်ကမ္ဘာလုံးနှင့် ဒေသတွင်းရှိ ကုန်ထုတ်လုပ်မှုကွင်းဆက်များဖြင့် ချိတ်ဆက်နိုင်ရေး အထောက်အကူပြုထားပါသည်။

ရင်းမြစ်၊ https://www.dhl.com
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

……………………………………………………

## လာမည့်ငါးနှစ်အတွင်း ကွမ်ရှီး၏ နယ်စပ်ဂိတ်များအားလုံးကို အဝေးပြေးလမ်းများဖြင့် ချိတ်ဆက်သွားရန်ရှိ

ယခုအခါ ကွမ်ရှီး၏နယ်စပ်ဂိတ် (၉)ခုအနက် (၄)ခုတို့မှာ အဝေးပြေးလမ်းများဖြင့်ချိတ်ဆက်ထားပြီးဖြစ်ကာ၊ ကျန် (၅)ခုထံသို့လည်း အဝေးပြေးလမ်းများမှ ဝင်ရောက်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါသည်။

Dongzhong၊ Yueyu နှင့် Pingmeng ဂိတ်များသို့ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းများမှာ ၂၀၂၄ ခုနှစ်တွင်လည်းကောင်း၊ Aidian သို့ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမှာ ၂၀၂၃ ခုနှစ်တွင်လည်းကောင်း စတင်၍အသုံးပြုနိုင်တော့မည် ဖြစ်ပါသည်။

ဗီယက်နမ်နှင့် ကီလိုမီတာ(၅၀၀)ကျော်နယ်နိမိတ်ချင်းထိစပ်နေသည့်ချုံးကျို(Chongzuo) တွင် နယ်စပ်ဂိတ်ပေါက် (၅)ပေါက်ရှိသည့်အနက် (၂)ပေါက်သာ အဝေးပြေးလမ်းနှင့်ဆက်သွယ်ထားကြောင်း၊ လာမည့်(၅)နှစ်အတွင်း ဂိတ်ပေါက်အားလုံးကို အဝေးပြေးလမ်းများနှင့် ချိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ ချုံးကျိုမှာ အာဆီယံနှင့် တရုတ်ကိုဆက်သွယ်ပေးထားသည့် အဆင်အပြေဆုံးဝင်/ ထွက်ပေါက်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သယ်ယူပို့ဆောင်ရေးအထောက်အကူများကို အကောင်းဆုံးဖြစ်စေရန်ဆောင်ရွက်ပေးခြင်းမှာ ချုံးကျိုနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် ကူညီပေးရာလည်းရောက်ကြောင်း ချုံးကျိုဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်မှ Li Li က မှတ်ချက်ပြုပြောကြားပါသည်။

ပြီးခဲ့သည့် (၅)နှစ်အတွင်း ချုံးကျိုမြို့၏ပို့ကုန်သွင်းကုန်ပမာဏ နှစ်စဉ်တိုးတက်မှုနှုန်းမှာ (၈) ရာခိုင်နှုန်းခန့်ဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်အတွင်း ကုန်သွယ်မှုတန်ဖိုး ယွမ်ငွေ (၁၈၄.၃) ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈.၉ ဘီလီယံခန့်) ရှိခဲ့ကြောင်း သိရပါသည်။

MISDOP

ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ချုံးကျိုမြို့သည် ပို့ကုန်သွင်းကုန်ပမာဏအားဖြင့် (၁၂)နှစ်ဆက်တိုက် ထိပ်တန်းနေရာတွင်ရှိခဲ့ပြီး၊ ပို့ကုန်ပမာဏအားဖြင့် (၁၄)နှစ်ဆက်တိုက် ထိပ်တန်းနေရာတွင် ရှိခဲ့ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

........................................................................................

## ကုန်သေတ္တာလိုအပ်ချက် လျော့ကျလာစေရန် စီမံဆောင်ရွက်မှုအချို့ကို စတင်ဆောင်ရွက်နေသည့် တရုတ်နိုင်ငံ

မကြာသေးမီက တရုတ်နိုင်ငံအစိုးရ၏ စီမံဆောင်ရွက်ပေးမှုများကြောင့် ကုန်သေတ္တာလိုအပ်ချက်များ တဖြည်းဖြည်းလျော့ကျလာခဲ့ကြောင်းနှင့် ကုန်စည်စီးဆင်းမှုများကို မြန်ဆန်လာပြီဖြစ်ကြောင်း သိရပါသည်။

ယခုနှစ် ပထမ(၁၀)လအတွင်း တရုတ်နိုင်ငံဆိပ်ကမ်းများမှ ကုန်သေတ္တာဖြတ်သန်းဆောင်ရွက်ပေးခဲ့မှုမှာ ကုန်စည်တန်ချိန် (၁၂.၈၇)ဘီလီယံခန့်ရှိကာ ယခင်နှစ်ကထက် (၇.၈) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုကာလအတွင်း ပေ(၂၀)အရှည် ကုန်သေတ္တာ အလုံးပေါင်း (၂၃၅) သန်းအထိရရှိခဲ့ကာ၊ ယခင်နှစ်ကထက် (၈.၄) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။

တရုတ်ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်၌ တရုတ်နိုင်ငံပိုင် ကုန်တင်သင်္ဘောလိုင်းဖြစ်သည့် COSCO သည် ကုန်သေတ္တာအလွတ် (၁၃,၄၆၉)လုံးအား မတ်လအတွင်း ပြည်တွင်းဆိပ်ကမ်းများဆီသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပါသည်။

ကုန်သေတ္တာအသစ်များကို ထုတ်လုပ်သူများကလည်း ထုတ်လုပ်မှုအားအရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ စက်တင်ဘာလအတွင်း တရုတ်နိုင်ငံတွင် ပေ(၂၀) အရှည်ကုန်သေတ္တာအသစ်ထုတ်လုပ်မှုမှာ အလုံးရေ (၂)သိန်းမှ (၅)သိန်းအထိတိုးမြှင့်ခဲ့ကာ စံချိန်တင်ခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ဆိပ်ကမ်းများတွင် ဒစ်ဂျစ်တယ်အသွင်ပြောင်းလဲမှုဖြင့် ကုန်သေတ္တာများချောမွေ့စွာစီးဆင်းနိုင်စေရန် ဆောင်ရွက်နေရာ ကုန်သေတ္တာလိုအပ်ချက်များ လျော့ကျလာစေရေးကို ကူညီပေးနိုင်ကြောင်း သိရပါသည်။ ယခုအခါ တရုတ်နိုင်ငံ၏ ကုန်သေတ္တာဆိပ်ကမ်း (၁၀)

ခုတွင် အလိုအလျောက်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နေပြီး၊ အခြားဆိပ်ကမ်း (၇)ခုတွင် အလို အလျောက်စနစ် ထည့်သွင်းတည်ဆောက်နေဆဲ ဖြစ်ပါသည်။

ယခုနှစ် ပထမ (၁၀)လအတွင်း တရုတ်နိုင်ငံ၏ စုစုပေါင်းပို့ကုန်သွင်းကုန်ပမာဏမှာ ယွမ်ငွေ (၃၁.၆၇) ထရီလီယံ (အမေရိကန်ဒေါ်လာ ၄.၉၇ ထရီလီယံခန့်) ရှိခဲ့ကာ ယခင်နှစ်ကထက် (၂၂.၂) ရာခိုင်နှုန်းပိုမိုခဲ့ပြီး၊ ပို့ကုန်ပိုင်း၌ (၂၂.၅) ရာခိုင်နှုန်းတိုးတက်လာကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

…………………………………………………………

## ယခုနှစ် ပထမ (၁၁)လအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု (၂၂) ရာခိုင်နှုန်း မြင့်တက်ခဲ့

ယခုနှစ် ပထမ (၁၁)လအတွင်း တရုတ်နိုင်ငံ၏ ပို့ကုန်သွင်းကုန်ပမာဏမှာ ယွမ်ငွေ (၃၅.၃၉) ထရီလီယံ (အမေရိကန်ဒေါ်လာ ၅.၅၅ ထရီလီယံ)ရှိခဲ့ကာ ယခင်နှစ်ကထက် (၂၂) ရာခိုင်နှုန်းတိုးတက်လာကြောင်း၊ ၎င်းပမာဏသည် ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်က ပမာဏထက် (၂၄) ရာခိုင်နှုန်း ပိုမိုလာခြင်းဖြစ်ကြောင်း တရားဝင်စာရင်းများအရ သိရပါသည်။

ဤကာလများအတွင်း ပို့ကုန်နှင့် သွင်းကုန်နှစ်ရပ်လုံး၌ (၂၁.၈) ရာခိုင်နှုန်းနှင့် (၂၂.၂) ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ထိပ်တန်းကုန်သွယ်မှုမိတ်ဖက် (၃)ခုတို့မှာ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများ၊ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ကာ၊ ဖွံ့ဖြိုးမှုနှုန်း (၂၀.၆) ရာခိုင်နှုန်း၊ (၂၀)ရာခိုင်နှုန်းနှင့် (၂၁.၁) ရာခိုင်နှုန်းအသီးသီးဖြင့် ခိုင်မာစွာထိန်းထားနိုင်သည်ကို တွေ့ရပါသည်။

ပုဂ္ဂလိကလုပ်ငန်းများ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်မှုတွင် (၂၇.၈) ရာခိုင်နှုန်းတိုးတက်၍ ယွမ်ငွေ (၁၇.၁၅) ထရီလီယံရှိခဲ့ပြီး၊ တရုတ်တစ်နိုင်ငံလုံး၏ စုစုပေါင်းကုန်သွယ်မှုတွင် (၄၈.၅) ရာခိုင်နှုန်း ပါဝင်ဖြည့်ဆည်းခဲ့ပါသည်။

နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများ၏ ပို့ကုန်သွင်းကုန် ပမာဏမှာ (၁၃.၁) ရာခိုင်နှုန်း၊ နိုင်ငံပိုင်လုပ်ငန်းများ၏ ပို့ကုန်သွင်းကုန်ပမာဏမှာ (၂၇.၃) ရာခိုင်နှုန်းအသီးသီးတိုးတက်ခဲ့ပါသည်။

နိုဝင်ဘာလ တစ်လတည်းမှာပင် တရုတ်နိုင်ငံ၏ ပို့ကုန်သွင်းကုန်ပမာဏမှာ ယခင်နှစ်က ထက် (၂၀.၅) ရာခိုင်နှုန်းနှင့် အောက်တိုဘာလကထက် (၁၁.၄) ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ယွမ်ငွေ (၃.၇၂) ထရီလီယံ ရှိခဲ့ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

..........................................................................................

## ဒီဇင်ဘာလ (၆)ရက်နေ့တွင် တရုတ်နိုင်ငံ၏ မဂ္ဂနီဆီယမ်ဈေးကွက် အားကောင်းခဲ့

ဒီဇင်ဘာလ (၆)ရက်နေ့တွင် တရုတ်နိုင်ငံ၏ မဂ္ဂနီဆီယမ်အဓိကထုတ်လုပ်ရာ နေရာများမှ စက်ရုံပေါက်ဈေးမှာ အခွန်အပါအဝင် တစ်တန်လျှင် ယွမ်ငွေ (၃၉,၃၃၃.၃၃) ဖြစ်ပါသည်။ ၎င်းဈေးနှုန်းမှာ ဒီဇင်ဘာလ (၅)ရက်နေ့ပေါက်ဈေးထက် (၄.၄၂) ရာခိုင်နှုန်း မြင့် တက်ခဲ့ခြင်းဖြစ်ပါသည်။ အဓိကထုတ်လုပ်ရာ ရှန်းစီးပြည်နယ်မှ အခွန်အခအပါအဝင်စက်ရုံဈေးကို တစ်တန်လျှင်ယွမ် (၁,၅၀၀) တိုးမြှင့်လိုက်ခြင်း ဖြစ်ပါသည်။

လက်ရှိအချိန်တွင် လက်ငင်းသုံးမဂ္ဂနီဆီယမ်ချောင်း ကုန်လက်ကျန်မှာများစွာမလုံလောက်ဖြစ်နေသည့်ပုံပေါ်နေပြီး၊ အခြားဘက်တွင်မူ ကုန်ချောထုတ်လုပ်သည့်ဘက်မှ ဝယ်လိုအားမှာ များမကြာမီကာလအတွင်း တဖြည်းဖြည်းတိုးမြင့်လာဖွယ်ရှိပါသည်။ ထိုအချက်က မဂ္ဂနီဆီယမ်ဈေးနှုန်းများ လျင်မြန်စွာမြင့်တက်လာသည့် အဓိကအကြောင်းရင်း ဖြစ်ပါသည်။

ဒီဇင်ဘာလအတွင်း ရှန်းစီးပြည်နယ်၌ ဂေဟစနစ်ဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးဗဟိုအဖွဲ့က စစ်ဆေးမှုများကိုဆောင်ရွက်လျက်ရှိရာ မဂ္ဂနီဆီယမ်ဈေးနှုန်းများ အလယ်အလတ်မှ အတက်ဘက်တွင်ရှိနေပါသည်။

လက်ရှိဖြစ်ပေါ်နေသည့် မဂ္ဂနီဆီယမ်ချောင်းများ လိုအပ်နေမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မသေချာမရေရာမှုများ၏ သက်ရောက်မှုများကြောင့် ရေတိုကာလတွင်မဂ္ဂနီဆီယမ်ချောင်းများ၏ ဈေးနှုန်းများ အားကောင်းနေဦးမည်ဟု သုံးသပ်ရရှိပါသည်။

ရင်းမြစ်၊ SunSirs

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

MIS DOP

## ပြည်ပတင်ပို့သူများအနေဖြင့်ပိုမိုအားကောင်းခိုင်မာသောပို့ကုန်တိုးတက်မှုကို မျှော်လင့်လျှက်ရှိခြင်း (ထိုင်း)

ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးပြန်လည်ဦးမော့လာမှုကြောင့် နိုင်ငံ၏ပို့ကုန်တင်ပို့မှု အနေဖြင့် လာမည့်နှစ်တွင်(၈%)အထိတိုးတက်နိုင်ကြောင်း ထိုင်းသင်္ဘောတင်အုပ်စုက ယုံကြည် လျှက်ရှိနေကြောင်း၊ သို့ရာတွင်အသစ်ပျံ့နှံ့လျှက်ရှိသောအိုမီခရွန်ဗိုင်းရပ်စ်ပျံ့နှံ့မှု၊ ကုန်ထုတ်လုပ်မှု တွင်လုပ်သားရှားပါးမှု၊ ကုန်စည်ပို့ဆောင်ခမြင့်မားမှု၊ သင်္ဘောတင်နေရာနှင့် ကွန်တိန်နာမလုံ လောက်မှု၊ လန်ချာဘန်နှင့်ဗန်ကောက်ဆိပ်ကမ်းများတွင် ပိတ်ဆို့မှုစသည့်စိန်ခေါ်မှုများလည်းရှိ နေကြောင်းသိရှိရပါသည်။

ထိုင်းအမျိုးသားသင်္ဘောတင်ကောင်စီ(TNSC)ဥက္ကဌ Chaichan Chareonsuk က အဆိုပါ အုပ်စုအနေဖြင့် လာမည့်နှစ်တွင် ထိုင်းပို့ကုန်များတင်ပို့မှုအနေဖြင့် (၅%)မှ(၈%) တိုးတက်ရန် မျှော်လင့်လျှက်ရှိကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိဌာနဆိုင်ရာများအနေဖြင့် စိန်ခေါ်မှုများကိုကိုင် တွယ်ဆောင်ရွက်နိုင်မည်ဆိုပါက (၈%) တိုးတက်မှုမှာဖြစ်နိုင်ကြောင်းပြောကြားခဲ့ပါသည်။

အဆိုပါအုပ်စုအနေဖြင့် ထိုင်းစီးပွားရေးကိုမထိခိုက်စေရန်အတွက် တည်ငြိမ်သောငွေလဲ နှုန်းကိုထိန်းသိမ်းထားပေးရန်၊ နိုင်ငံခြားအလုပ်သမားများ စီမံခန့်ခွဲရေးအတွက် တစ်နေရာတည်း တွင်အပြီးဆောင်ရွက်ပေးသည့် One Stop Service Centre ကို ထူထောင်ပေးရန်အစိုးရကို တောင်းဆိုထားကြောင်း သိရှိရပါသည်။

TNSC အနေဖြင့် ယခုနှစ်ပထမ(၁၀)လ၏ ခိုင်မာသောရလဒ်များကြောင့် ယခင်လက ခန့်မှန်းခဲ့သည့်ယခုနှစ်အတွက် ပို့ကုန်တိုးတက်မှု(၁၃%-၁၄%)အား (၁၅%) သို့မြှင့်တင်ခဲ့ကြောင်း သိရှိရပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အောက်တိုဘာလတွင် အကောက်ခွန်ရှင်းလင်းပြီးပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ(၂၂.၇)ဘီလီယံရှိပြီး (၃၂.၉၈%) တိုးတက်ခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၃၄.၆%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၃.၁၀) ဘီလီယံရှိကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုလိုငွေအမေရိကန်ဒေါ်လာ (၃၇၀) သန်း ရှိခဲ့ကြောင်း အစီရင်ခံတင်ပြခဲ့ပါသည်။

ပို့ကုန်တိုးတက်မှုမှာ(၈)လမြောက်ဆက်တိုက်ပို့ကုန်တိုးတက်မှုဖြစ်ကြောင်း၊ ဖေဖေါ်ဝါရီလ တွင်ပို့ကုန်(၂.၅၉%)ကျဆင်းခဲ့ပြီးသည့်နောက်၊မတ်လတွင်(၈.၄၇%)၊ဧပြီတွင်(၁၃.၁%)၊ မေလတွင် (၄၁.၆%)နှင့် ဇွန်လတွင်(၄၃.၈%)၊ ဇူလိုင်လတွင်(၂၀.၃%)၊ ဩဂုတ်လတွင် (၈.၃၉%)၊ စက်တင် ဘာလတွင် (၁၇.၁%)တိုးတက်ခဲ့ပြီးနောက် အောက်တိုဘာလတွင် (၈) လမြောက်အဖြစ်ဆက် တိုက်တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

MIS DOP

ရွှေရေနံနှင့်ဆက်စပ်ပစ္စည်းများနှင့် လက်နက်တို့မပါဝင်ဘဲအခြားပို့ကုန်ပစ္စည်းများတင်ပို့မှု အနေဖြင့် ဩဂုတ်လတွင်(၁၉.၄%) နှင့် စက်တင်ဘာလတွင်(၁၄.၈%) တိုးတက်ခဲ့ပြီးနောက် အောက်တိုဘာလတွင်(၁၂.၂%)တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်ပထမ(၁၀)လအတွက် ပို့ကုန်တင်ပို့မှုမှာ(၁၅.၇%)တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၂၂၃) ဘီလီယံရရှိခဲ့ပြီးသွင်းကုန်တင်သွင်းမှုမှာ(၃၁.၃%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ် လာ(၂၂၁)ဘီလီယံရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့်ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ(၁.၆၄) ဘီလီယံ ရှိခဲ့ကြောင်းသိရှိရပါသည်။

Source: Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

..........................................................................................................

MIS DOP

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၈ / ၂၀၂၁)    ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ(၁၇) ရက်

| ၁၇-၁၂-၂၀၂၁ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၂၀၁၄.၃ |
| စင်ကာပူဒေါ်လာ | ၁၃၀၂.၅ |
| စတာလင်ပေါင် | ၂၃၆၉.၇ |
| ဂျပန်ယန်း (၁၀၀) | ၁၅၆၅.၆ |
| တရုတ်ယွမ် | ၂၇၈.၉၆ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၇.၈၆ |
| အိန္ဒိယရူပီး | ၂၃.၃၇၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၉.၉၄ |
| မလေးရှား ရင်းဂစ် | ၄၂၁.၅၈ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၅၆၂ |
| ထိုင်းဘတ် | ၅၃.၃၂၁ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၄၀၅ |

ဈေးကွက်သတင်းဌာနစိ တ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တောင်ကိုရီးယားနိုင်ငံ၌ လယ်ယာထွက်ကုန်ဈေးနှုန်းများတည်ငြိမ်ရေးကို အထူးကြပ်မတ်လျက်ရှိ

➢ ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှပဲပုတ်စေ့တန်ချိန် သန်း ၆၀ နီးပါး တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းခဲ့

➢ အိန္ဒိယကသကြားပို့ကုန်အပေါ် ထောက်ပံ့ကြေးပေးခြင်းကိစ္စ WTO တွင် သြစတြေးလျ အနိုင်ရရှိခြင်း

➢ စိုက်ပျိုးရေးတိုးတက်လာစေရန်နှင့် ကျေးလက်ဒေသခေတ်မီဖွံ့ဖြိုး လာစေရန် (၅) နှစ်စီမံကိန်းကို တရုတ်နိုင်ငံက ထုတ်ပြန်ကြေညာ

- **အထွေထွေသတင်းများ**

➢ ထိုင်းစီးပွားရေးအနေဖြင့်၂၀၂၃ခုနှစ်တွင်အပြည့်အဝနာလန်ထူလာနိုင်မည် ဟုပြောကြားခြင်း

➢ အလုပ်လက်မဲ့နှုန်းသည် တတိယသုံးလပတ်တွင်၂.၂၅%သို့ရောက်ရှိခြင်း

➢ သြစတြေးလျနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးအငြင်းပွားမှု၏ 'အကြီးမားဆုံးအကျိုးခံစားခွင့်' ကိုအမေရိကန်ရရှိခြင်း

➢ ၂၀၂၂ ခုနှစ်တွင် သြစတြေးလျခရီးသွားလုပ်ငန်းများအတွက် အခွင့်အလမ်း သစ်များ ဖော်ထုတ်ခြင်း

➢ တရုတ်နိုင်ငံတွင် ကျေးလက်ဒေသလူနေမှုအခြေအနေများ တိုးတက်လာ စေရန် လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်နေ

- အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်ဆိပ်ကမ်းအဖြစ် အသွင်ပြောင်းလဲ ဆောင်ရွက်သွားမည့် ပေပုပင်လယ်ကွေ့ဆိပ်ကမ်း
- ကွမ်တုန်းပြည်နယ်က ပြည်ပမှသွင်းကုန်ပစ္စည်းများကို တင်သွင်းမှုပိုမိုများပြားလာ
- **BMW China** က မော်တော်ယာဉ်စင်းရေ (၇၂,၈၄၇)စင်းကို ပြန်လည်သိမ်းဆည်းနေ
- တရုတ်နိုင်ငံ၏ ရောမရေလမ်းလွှဲစီမံကိန်းက ပြည်သူပေါင်း သန်း (၁၄၀) ကို အကျိုးပြုနေ
- ယခုနှစ်ပထမ (၁၁)လအတွင်း ဟူနန်ပြည်နယ်၏ နိုင်ငံခြားကုန်သွယ်မှုသိသာစွာဖွံ့ဖြိုးခဲ့
- တရုတ်နိုင်ငံ၏ ကုန်သေတ္တာဆိပ်ကမ်းများတွင် အလုပ်များနေခြင်းက ယင်းနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုအားကောင်းနေသည်ကို ပြသနေ
- ရထားဖြင့် သယ်ယူပို့ဆောင်သည့်လုပ်ငန်းတွင် အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသည့် တရုတ်နိုင်ငံ
- တရုတ်-ဉရောပ ကုန်တင်ရထားဝန်ဆောင်မှုများမှ ဖွံ့ဖြိုးလာသည့်အခွင့်အလမ်းများ
- ဒီဇင်ဘာလ (၁၃)ရက်နေ့တွင် တရုတ်နိုင်ငံ၏ မဂ္ဂနီဆီယမ်ချောင်းဈေးနှုန်းများ ပိုမိုမြင့်တက်လာ
- တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း အလွန်မြင့်တက်လာမှုကြောင့် လက်ရှိအကောင်အထည်ဖော်နေသည့် **“Return to Normalcy”** အစီအစဉ်အား ရပ်တန့်ထားရန် တောင်ကိုရီးယားအစိုးရက ဆုံးဖြတ်ခဲ့

## တောင်ကိုရီးယားနိုင်ငံ၌ လယ်ယာထွက်ကုန်ဈေးနှုန်းများတည်ငြိမ်ရေးကို အထူးကြပ်မတ်လျက်ရှိ

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၁ ခုနှစ်၊ နှစ်သစ်ကူးအားလပ်ရက်မတိုင်မီ ငွေကြေးဖောင်းပွမှုဖိအားကိုတည်ငြိမ်အောင် ကူညီပေးနိုင်ရန်အတွက် အဓိကစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်ကုန်ပစ္စည်းများ၏ဈေးနှုန်း အတက်/ အကျ ပြောင်းလဲမှုအခြေအနေကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ တတိယပတ်မှစ၍ တောင်ကိုရီးယားနိုင်ငံ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်စောင့်ကြည့်လျက်ရှိကြောင်း၊ မုန်ညင်းဖြူ (Nappa Cabbage)၊ အမဲသား၊ ကြက်ဥနှင့် ထမင်းအပါအဝင် အားလပ်ရက်တွင် ပြင်ဆင်အသုံးပြုကြမည့် အစားအစာများအတွက် အဓိကအသုံးပြုသည့် ကုန်စည်(၁၇)မျိုး၏ ဈေးနှုန်းပြောင်းလဲမှု အခြေအနေကို အစိုးရမှစောင့်ကြည့်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး(၁) Lee Eog-weon မှ ဒီဇင်ဘာလ ဒုတိယပတ်အတွင်းတွင် ထုတ်ဖော်ပြောကြားခဲ့မှုအရ သိရှိရပါသည်။

လက်ရှိအခြေအနေအရ တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေးပြန်လည်ဦးမော့ လာချိန်တွင် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေနံထွက်ကုန်ဈေးနှုန်းများမြင့်တက်လာမှုနှင့် ငွေကြေးဖောင်းပွမှုဖိအားများကိုရင်ဆိုင်ရလျက်ရှိသည့်အတွက် ယခုကဲ့သို့ ကုန်ဈေးနှုန်းတည်ငြိမ်စေရေးစောင့်ကြည့်ရန် လှုပ်ရှားမှုအစီအစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့မှဖေဖော်ဝါရီလ(၂)ရက်နေ့အထိကျရောက်မည့် ၂၀၂၂ ခုနှစ်၏ Lunar New Year Holiday ကာလမတိုင်မီ မိသားစုဆုံဆည်းမှုမိတ်ဆုံစားပွဲများအတွက်အသုံးပြုရန် ဟင်းသီးဟင်းရွက်များ၊ ကြက်ဥများနှင့် အခြားသောစားသောက်ကုန်များကို ဝယ်ယူမှုများပြားသဖြင့် ထိုကာလတွင်ဈေးနှုန်းများမြင့်တက်လေ့ရှိပါသည်။

တောင်ကိုရီးယားနိုင်ငံ၏စားသုံးသူဆိုင်ရာကုန်ဈေးနှုန်းများသည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ယခင်နှစ်ကာလတူထက် (၃.၇) ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ဆယ်စုနှစ် တစ်ခုအတွင်း နှစ်စဉ်နှုန်းများအရ အလျင်မြန်ဆုံးမြင့်တက်မှုဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ၏တိုးမြင့်မှုနှုန်းသည် အနီးစပ်ဆုံးကာလ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၏နှုန်း (၃.၂) ရာခိုင်နှုန်းထက်ပင် မြင့်မားခဲ့ကြောင်းတွေ့ရှိရပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေချိန်တွင် ကြက်ဥဈေးနှုန်းတည်ငြိမ်စေရန်အတွက် ကြက်ဥတင်သွင်းမှုအခွန်များလျှော့ချမှုကို ဆက်လက်၍လျှော့ပေါ့ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အမေရိကန်နိုင်ငံမှကြက်ဥ သန်း(၃၀)တင်သွင်းမည်ဖြစ်ပြီး၊ ပြည်ပမှတင်သွင်းသော ကြက်ဥများအပေါ် အခွန်စည်းကြပ်ခြင်း ယာယီဖယ်ရှားမှုကို လာမည့် ၂၀၂၂ ခုနှစ်၊ ဇွန်လအထိနောက် ထပ်ခြောက်လသက်တမ်းတိုး၍ ဆက်လက်အခွန်လျှော့ပေါ့ပေးရန် အစိုးရက

MIS DOP

စီစဉ်ထားကြောင်း၊ ယခင် (၈ မှ ၃၀) ရာခိုင်နှုန်းအထိ အခွန်စည်းကြပ်သော တောင်ကိုရီးယားနိုင်ငံသို့ ကြက်ဥတင်သွင်းမှုအတွက် တစ်လလျှင်ကြက်ဥ (သို့မဟုတ်) ဥထွက်ပစ္စည်း သန်း(၁၀၀)ကို ယာယီ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ဆောင်းရာသီအချိန်တွင် ရာသီဥတုဆိုးရွာမှုကြောင့် တောင်ကိုရီးယားနိုင်ငံ၌ စိုက်ပျိုးဖြစ်ထွန်းမှုနည်းပါးသော ကိုရီးယားအဓိကအစားအစာဖြစ်သည့် ကင်မ်ချီပြုလုပ်ရတွင် အဓိကပါဝင်ပစ္စည်းဖြစ်သော မုန်ညှင်းဖြူဂေါ်ဖီထုပ် (Nappa Cabbage) ကိုလည်း ဝယ်ယူစုဆောင်းရန် စီစဉ်ထားကြောင်း၊ ထို့ပြင် ကြက်သွန်ဖြူအထွက်နှုန်းကျဆင်းမှုကြောင့် ပြည်တွင်းဈေးနှုန်း မြင့်နေသေးသဖြင့် ကြက်သွန်ဖြူ တန်ချိန်(၁၀,၀၀၀)ကိုလည်းပြည်ပမှ တင်သွင်းသွားမည် ဖြစ်ကြောင်းသိရှိရပါသည်။

ရင်းမြစ်: Yonhap News Agency (YNA)

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

................................................................................................

## ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် သန်း ၆၀ နီးပါး တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းခဲ့

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှအောက်တိုဘာလအတွင်း ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၅၈.၃၉၃ သန်းအား တရုတ်နိုင်ငံကဝယ်ယူတင်သွင်းခဲ့ပြီး အဆိုပါတင်သွင်းမှုသည် ၂၀၂၀ ပြည့်နှစ် ကာလတူတွင် တင်သွင်းခဲ့သည့်ပမာဏအောက် ၄ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ဆီထွက်သီးနှံဝယ်ယူသည့် ကမ္ဘာ့အကြီးမားဆုံးဈေးကွက်ဖြစ်ကြောင်း ဘရာဇီးလ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဌာန(Secretariat of Foreign Trade – Secex)၏ အချက်အလက်အများတွင် ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံမှပဲပုတ်စေ့များအား စပိန်နိုင်ငံက ဒုတိယအများဆုံးဝယ်ယူတင်သွင်း လျက်ရှိပြီး ၂၀၂၁ ခုနှစ်လက်ရှိကာလအထိ ပဲပုတ်စေ့တန်ချိန် ၃.၅၈၄ သန်းအား ဝယ်ယူတင်သွင်း ခဲ့ကြောင်း၊ အဆိုပါတင်သွင်းမှုသည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၂၇ ရာခိုင်နှုန်းတိုးတက် ခဲ့ကြောင်း၊ နယ်သာလန်နိုင်ငံသည် ဘရာဇီးလ်ပဲပုတ်စေ့တန်ချိန် ၂.၈၁၇ သန်းအား ဝယ်ယူတင်သွင်း

ခဲ့ပြီး ယခင်နှစ်ကာလတူတင်သွင်းမှုအောက် ၁၃ ရာခိုင်နှုန်းလျှော့နည်းခဲ့ကြောင်း ကုန်သွယ်မှုဌာန၏ သတင်းတွင်ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့တင်ပို့မှုသည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှဒီဇင်ဘာလ ၁၃ရက်နေ့အထိကာလအတွင်း ပဲပုတ်စေ့တန်ချိန် ၈၃.၃၉၄ သန်းအား ပြည်ပနိုင်ငံများသို့တင်ပို့ထားပြီး တင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းခဲ့ကြောင်း၊ ယခင်နှစ်ကာလတူတွင် ပဲပုတ်စေ့တန်ချိန် ၈၂.၆၉၉ သန်းအား ဝယ်ယူတင်သွင်းခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ကမ္ဘာ့ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ်ကာလအတွင်း ပဲပုတ်စေ့စိုက်ထုတ်လုပ်မှုသည် တန်ချိန် ၃၈၁.၇၈ သန်းနှင့် ပဲပုတ်စေ့လက်ကျန်ပမာဏသည် တန်ချိန် ၁၀၂ သန်း အထိရှိနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန(U.S. Department of Agriculture – USDA) ၏ ခန့်မှန်းချက်ကို ဒီဇင်ဘာလတွင်ထုတ်ဝေသည့် အစီရင်ခံစာတွင်ဖော်ပြထားသည်။

စိုက်ပျိုးရေးဌာန၏ခန့်မှန်းချက်တွင် အမေရိကန်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၁၂၀.၄၃ သန်း၊ ဘရာဇီးလ်နိုင်ငံမှ တန်ချိန် ၁၄၄ သန်းနှင့် တတိယအများဆုံးစိုက်ပျိုးထုတ်လုပ်သည့် အာဂျင်တီးနားနိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၄၉.၅ သန်းတို့ အသီးသီးစိုက်ပျိုးထွက်ရှိနိုင်ကြောင်း၊ ပဲပုတ်စေ့တင်သွင်းမှုအနေဖြင့် ကမ္ဘာ့အများဆုံးတင်သွင်းသည့် တရုတ်နိုင်ငံသည် တန်ချိန် ၁၀၀ ဝန်းကျင်ခန့်အထိ ဆက်လက်တင်သွင်းနိုင်ကြောင်း ဖော်ပြထားသည်။

MIS DOP

၂၀၂၀-၂၀၂၁ ခုနှစ်ကာလအတွင်း ကမ္ဘာ့ပဲပုတ်စေ့စိုက်ပျိုးထွက်ရှိမှုသည် တန်ချိန်၃၆၆.၂၃ သန်းနှင့် လက်ကျန်တန်ချိန် ၉၉.၈၁ သန်း ရှိနိုင်ကြောင်း၊ ၎င်းကာလအတွင်း ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၁၃၈ သန်းနှင့် အာဂျင်တီးနားနိုင်ငံတို့မှ ပဲပုတ်စေ့တန်ချိန် ၄၆.၂ သန်း ထုတ်လုပ်ခဲ့ပြီး၊ ကမ္ဘာ့ပဲပုတ်စေ့ဈေးကွက်မှ တရုတ်နိုင်ငံက တန်ချိန် ၉၉.၇၆ သန်းအား ဝယ်ယူတင်သွင်းခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

………………………………………………………………………………………………..

## အိန္ဒိယကသကြားပို့ကုန်အပေါ် ထောက်ပံ့ကြေးပေးခြင်းကိစ္စ WTO တွင် ဩစတြေးလျ အနိုင်ရရှိခြင်း

အိန္ဒိယနိုင်ငံက သကြားပို့ကုန်အပေါ် ထောက်ပံ့ကြေးပေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ WTO တွင် ကာလရှည်ကြာတရားဝင်တိုက်ပွဲဝင်ခဲ့ပြီးနောက် ဩစတြေးလျကြံစိုက်ပျိုးသူများ အနိုင်ရရှိခဲ့ကြောင်း သိရှိရပါသည်။ WTO ခုံရုံးတစ်ခုက ကုန်သွယ်မှုစည်းမျဉ်းများအောက်တွင် အိန္ဒိယသည် တားမြစ်ထားသော ပို့ကုန်ထောက်ပံ့မှုများရှိနေကြောင်း တွေ့ရှိခဲ့ပြီးနောက် ယင်းတို့ကိုဖယ်ရှားရန် အကြံပြုခဲ့ကြောင်း သိရှိရပါသည်။

ဩစတြေးလျကြံစိုက်ပျိုးသူများ၏ ဥက္ကဋ္ဌ Paul Schembri က ဩစတြေးလျကြံစိုက်ပျိုးသူများအတွက်သာမက ကမ္ဘာတဝှမ်းရှိ ထောက်ပံ့ကြေးမရရှိသည့် သကြားထုတ်လုပ်သည့်လုပ်ငန်းရှင်များအတွက်ပါ အားတက်စရာဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ ဆက်လက်၍ အယူခံဝင်ရမည့်လုပ်ငန်းစဉ်များရှိနေသေးသဖြင့် လက်တွေ့ကျကျလုပ်ဆောင်ရန်လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဩစတြေးလျသည် ဘရာဇီးနှင့်ဂွါတီမာလာအစိုးရတို့နှင့်အတူ အိန္ဒိယသည်၎င်း၏လယ်သမားများအား ထောက်ပံ့ကြေးပံ့ပိုးပေးခြင်းဖြင့် ကမ္ဘာ့သကြားဈေးနှုန်းကို ပျက်စီးစေသည်ဟုစွပ်စွဲကာ WTO သို့ တိုင်ကြားခဲ့သည်မှာ သုံးနှစ်ရှိပြီဖြစ်ပါသည်။ ဩစတြေးလျစိုက်ပျိုးသူများသည် ထောက်ပံ့မှုများကြောင့် နိုင်ငံတကာဈေးကွက်တွင် အနှောင့်အယှက်ဖြစ်စေပြီး၊ ကမ္ဘာ့ဈေးနှုန်းများ သိသိသာသာ ကျဆင်းသွားသည်ဟု စွပ်စွဲထားသည်။

လွန်ခဲ့သည့် သုံးနှစ် (သို့) လေးနှစ်အတွင်းတွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ထုတ်လုပ်မှုစရိတ်အောက်တွင် ကျဆင်းနေခဲ့ခြင်းသည် ဩစတြေးလျသကြားထုတ်လုပ်မှု လုပ်ငန်းကဏ္ဍအတွက် ကြီးမားသောစီးပွားရေးကို ထိခိုက်နစ်နာစေခဲ့ပါသည်။ ကြံစိုက်ပျိုးသူများက ယခုနှစ်အစောပိုင်းတွင် စီရင်ချက်ထွက်ပေါ်လာမည်ဟု မျှော်လင့်ခဲ့သော်လည်း လုပ်ငန်းစဉ်သည် COVID-19 ကြောင့် အဟန့်အတားဖြစ်ပေါ်စေခဲ့သည်။ ကြေငြာချက်တစ်ခုတွင် ကြံစိုက်ပျိုးသူများနှင့် ဩစတြေးလျသကြားစက်ကောင်စီတို့သည် WTO အဖွဲ့၏ တွေ့ရှိချက်များကိုလိုက်နာရန် အိန္ဒိယအစိုးရအား တောင်းဆိုထားပါသည်။

WTO သည် သကြားထောက်ပံ့ကြေးပေးခြင်းနှင့်စပ်လျဉ်း၍ ဩစတြေးလျကိုအနိုင်ပေးဆုံးဖြတ်ခဲ့ခြင်းမှာ ပထမဆုံးအကြိမ်မဟုတ်ပေ။ ၂၀၀၄ ခုနှစ်တွင် ဥရောပသမဂ္ဂ၏ သကြားအပေါ် ထောက်ပံ့ကြေးပေးခြင်းသည် တရားမဝင်ကြောင်းကြေညာခဲ့ပြီး၊ ယင်းသည် ကမ္ဘာ့သကြားဈေး

MISDOP

နှုန်းကို ချက်ချင်းမြင့်တက်စေခဲ့ပါသည်။ သြစတြေးလျသည် ပြည်တွင်းထုတ်လုပ်မှု၏ ၈၅ %ခန့်ကို တင်ပို့နေပြီး၊ အကျိုးအမြတ်ရရှိရန် ကမ္ဘာ့သကြားကုန်ကြမ်းဈေးနှုန်းကို မှီခို အားထားလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ဘရာဇီးလ်နိုင်ငံက အကြီးဆုံးသကြားထုတ်လုပ်သူဖြစ်ပြီး၊ သြစတြေးလျနိုင်ငံက ဒုတိယအကြီးဆုံး သကြားထုတ်လုပ်သူဖြစ်ပါသည်။

ယခုအနိုင်ရမှုသည် လောလောဆယ်တွင် နိုင်ငံတကာတရားရုံးရှေ့မှောက်တွင် သြစတြေးလျ၏အခြားအငြင်းပွားမှုများအတွက် အကျိုးသက်ရောက်မှုများရှိလာနိုင်ကြောင်းလည်း သိရှိရသည်။ မတ်လတွင် သြစတြေးလျအစိုးရသည် မုယောစပါးအပေါ်တန်ပြန်စုပုံ တင်သွင်းခွန်စည်းကြပ်ခြင်းဖြင့်နိုင်ငံတကာကုန်သွယ်မှုစည်းမျဉ်းများကိုချိုးဖောက်သည့်အတွက် တရုတ်နိုင်ငံအား WTO အငြင်းပွားမှုအဖွဲ့ထံ တိုင်ကြားခဲ့ပြီးနောက် ယခုနှစ်အောက်တိုဘာလတွင် WTO သည် သြစတြေးလျဝိုင်အပေါ် တရုတ်၏အခွန်စည်းကြပ်မှုကို စစ်ဆေးရန် သဘောတူညီခဲ့ပြီးဖြစ်ပါသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

..........................................................................................................

## စိုက်ပျိုးရေး တိုးတက်လာစေရန်နှင့် ကျေးလက်ဒေသ ခေတ်မီဖွံ့ဖြိုးလာစေရန် (၅) နှစ်စီမံကိန်းကို တရုတ်နိုင်ငံက ထုတ်ပြန်ကြေညာ

(၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်းကာလ (၂၀၂၁-၂၀၂၅)အတွင်း စိုက်ပျိုးရေးတိုးတက်လာစေရန်နှင့် ကျေးလက်ဒေသခေတ်မီဖွံ့ဖြိုးလာစေရန်စီမံကိန်းကို တရုတ်နိုင်ငံကထုတ်ပြန်ကြေညာကြောင်း ဒီဇင်ဘာလ (၈)ရက်နေ့တွင်ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Deng Xiaogang က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အဆိုပါ ငါးနှစ်တာကာလပြီးဆုံးပြီးနောက် လယ်ယာစိုက်ပျိုးရေး၏ အခြေခံအုတ်မြစ်ကိုပိုမို၍တောင့်တင်းခိုင်မာမှုဖြစ်စေကာ၊ ကျေးလက်ဒေသအားဖြည့်ရေးကို ပြုလုပ်ပေးရန်နှင့် ဘက်စုံလုပ်ငန်းစဉ်များဖြစ်ပေါ်လာရန်ကိုလည်း မျှော်မှန်းထားပါသည်။ စီမံကိန်းအရစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသများကို ခေတ်မီလာစေရေးပြုလုပ်သွားရန် သိသာ ထင်ရှားသည့် တိုးတက်မှုကိုလည်းမျှော်မှန်းထားပါသည်။

MS DOP

ထိုသို့ဆောင်ရွက်ရာတွင် အခြေခံအားဖြင့် အခြေအနေပိုမိုကောင်းမွန်သည့်ဒေသများက ဦးဆောင်သွားလိမ့်မည်ဖြစ်ကာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရလဒ်များအား ဆင်းရဲနွမ်းပါးမှုများ သောကျေးလက်များတွင် ကျေးလက်ဒေသအားဖြည့်ရေးကို ထိရောက်စွာတပြေးညီဖြစ်ပေါ်လာစေ ရန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စီမံကိန်းအရ ၂၀၃၅ ခုနှစ်တွင် ကျေးလက်ဒေသများကိုအားဖြည့်ပေးရန် ဆုံးဖြတ်ချက်ခိုင်မာပြတ်သားသည့် လုပ်ငန်းစဉ်များကို တရုတ်နိုင်ငံကပြုလုပ်သွားမည်ဖြစ်ကာ၊ အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသများ ခေတ်မီလာစေမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.......................................................................................................................................

## ထိုင်းစီးပွားရေးအနေဖြင့်၂၀၂၃ခုနှစ်တွင်အပြည့်အဝနာလန်ထူလာနိုင်မည်ဟုပြောကြားခြင်း

ထိုင်းစီးပွားရေးသည် ၂၀၂၃ခုနှစ်တွင် အပြည့်အဝပြန်လည်နာလန်ထူလာရန် မျှော်လင့်ထားသည်ဟု ဘဏ္ဍာရေးဝန်ကြီးArkhom Tempittayapaisith က ပြောကြားလိုက်ကြောင်းသိရှိရပါသည်။ ၎င်းက ၂၀၂၂ခုနှစ်သည် ပြန်လည်နာလန်ထူလာရန်အတွက် အစနှစ်ဖြစ်လိမ့်မည်ဖြစ်ပြီး လာမည့်နှစ်တွင် စီးပွားရေးသည် (၄%)တိုးလာမည်ဟုခန့်မှန်းထားကြောင်း သိရှိရပါသည်။

၂၀၂၃ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်သည် ခရီးသွားလုပ်ငန်းကဏ္ဍမှ တွန်းအားကိုရရှိလိမ့်မည်ဖြစ်ကြောင်း၊ အဆိုပါခရီးသွားကဏ္ဍသည် တိုင်းပြည်၏စီးပွားရေးအပြည့်အဝပြန်လည်နာလန်ထူလာစေရန် အထောက်အပံ့ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် စီးပွားရေးပြန်လည်နာလန်ထူလာစေရန်အတွက် အနည်းဆုံး(၃)နှစ်ခန့် အချိန်ယူရမည်ဖြစ်ကြောင်း ၎င်း၏ပြောကြားချက်အရ သိရှိရပါသည်။ ကပ်ရောဂါက စီးပွားရေးကိုထိခိုက်စေကြောင်း၊ အထူးသဖြင့် ခရီးသွားလုပ်ငန်းကိုထိခိုက်စေကြောင်း၊ ထိုင်းနိုင်ငံ၏ခရီးသွားလုပ်ငန်းမှာ GDP၏ (၁၂%) ရှိကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားပါသည်။

၂၀၂၂ခုနှစ်တွင် စီးပွားရေးတိုးတက်မှုကို ခိုင်မာသောပို့ကုန်တိုးတက်မှု လမ်းကြောင်းနှင့် အစိုးရအနေဖြင့် ဘဏ္ဍာငွေဘတ်ငွေ(၁)ထရီလီယံကို စီးပွားရေးစနစ်အတွင်းသို့ထည့်သွင်းပေးခြင်းတို့ဖြင့် အဓိကမောင်းနှင်သွားလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

……………………………………………………………

## အလုပ်လက်မဲ့နှုန်းသည် တတိယသုံးလပတ်တွင် ၂.၂၅%သို့ရောက်ရှိခြင်း

ထိုင်းနိုင်ငံ၏ အလုပ်သမားဈေးကွက်သည် ကိုဗစ်-၁၉ ကိုထိန်းချုပ်ရန်တင်းကျပ်သောအစီအမံများကြောင့် အလုပ်လက်မဲ့နှုန်းအနေဖြင့် ယခင်ဒုတိယသုံးလပတ်တွင်ရှိခဲ့သည့် ၁.၈၉% မှနေ၍ ယခုတတိယသုံးလပတ်တွင် ၂.၂၅%သို့ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။ အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီ(NESDC)၊ အစိုးရစီမံကိန်းဌာန၏အစီ ရင်ခံစာအရတတိယသုံးလပတ်တွင် အလုပ်လက်မဲ့ဦးရေစုစုပေါင်း (၈၇၁,၀၀၀) ဦးရှိပြီး ယခင်သုံးလပတ်တွင်ရှိခဲ့သော (၇၃၂,၀၀၀) ဦးထက်ပိုမိုများပြားလာကြောင်း သိရှိရပါသည်။

အဆင့်မြင့်ပညာရေးဘွဲ့ရှိသူများ၏ အလုပ်လက်မဲ့နှုန်းမှာ အမြင့်မားဆုံးဖြစ်ပြီး (၃.၆၃%) ရှိကြောင်း၊ ၎င်းနောက်တွင် အသက်မွေးဝမ်းကျောင်းဘွဲ့ရရှိပြီးသူများ၏ အလုပ်လက်မဲ့နှုန်းမှာ (၃.၁၆%) ရှိကြောင်းသိရှိရပါသည်။ တတိယသုံးလပတ်တွင် အလုပ်အကိုင်ရရှိပြီးသူ(၃၇.၇)သန်းရှိကြောင်း၊ ၎င်းမှာ ယခင်နှစ်ကာလတူထက် (၀.၆%) ကျဆင်းခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

လယ်ယာကဏ္ဍတွင် အလုပ်အကိုင်ရရှိမှုမှာမြင့်မားခဲ့ပြီး လူဦးရေ(၁၂.၆၈)သန်းရှိကြောင်း စပါးစိုက်ပျိုးသည့်ရာသီ စတင်ခြင်းကြောင့် (၁%)တိုးတက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ လယ်ယာကဏ္ဍမဟုတ်သောကဏ္ဍများ၌ အလုပ်အကိုင်ရရှိမှုမှာ (၁.၃%) ကျဆင်းခဲ့ပြီး ဆောက်လုပ်ရေးကဏ္ဍမှာ အများဆုံးဖြစ်ကြောင်း၊ ၎င်းနောက်တွင်ဟိုတယ်နှင့် စားသောက်ဆိုင်များကဏ္ဍရှိပြီး အဆိုပါကဏ္ဍနှစ်ရပ်တို့အနေဖြင့် (၇.၃%) နှင့်(၉.၃%)တို့ဖြင့် အသီးသီးကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ ၎င်းမှာ စီးပွားရေးလုပ်ငန်းများဖွင့်လှစ်ခြင်းနှင့် ပိတ်ခြင်းတို့အပေါ်ထိန်းချုပ်သည့်အစီအမံ

MIS DOP

များကြောင့်ဖြစ်ကြောင်းနှင့် အလုပ်သမားစခန်း (Camp)များပိတ်သိမ်းခြင်းနှင့် အစားအသောက်များအား အကန့်အသတ်ဖြင့်ရောင်းချခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းမှာပင် ကုန်ထုတ်လုပ်မှု၊ လက်လီနှင့်လက်ကား၊ သယ်ယူပို့ဆောင်ရေး စသည့်ကဏ္ဍများရှိအလုပ်အကိုင်ရရှိမှုများမှာ(၂.၁%)၊ (၀.၂%)၊ (၄.၆%)တို့ဖြင့် အသီးသီး မြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။ အလုပ်အကိုင်ရရှိမှုတိုးတက်လာသည့် ထုတ်လုပ်မှုကဏ္ဍများတွင် အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်မှု၊ လျှပ်စစ်ပစ္စည်းအသုံးအဆောင်ထုတ်လုပ်မှု၊ ဆေးဘက်ဆိုင်ရာပစ္စည်းကရိယာထုတ်လုပ်မှု စသည့်ကဏ္ဍများပါဝင်ကြောင်း သိရှိရပါသည်။ ပုဂ္ဂလိကကဏ္ဍတွင် ပျမ်းမျှအလုပ်လုပ်ချိန်မှာ တစ်ပတ်လျှင်(၄၃.၉)နာရီ ရှိကြောင်း၊ ၎င်းမှာယခင်နှစ် ကာလတူတွင်ရှိခဲ့သည့်တစ်ပတ်လျှင် (၄၄)နာရီထက် ကျဆင်းသွားခြင်းဖြစ်ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် နိုဝင်ဘာလ(၁)ရက်နေ့တွင် ပြည်ပခရီးသွားများပြန်လည်ဖွင့်လှစ်ခဲ့သည့်အစီအမံကြောင့် စတုတ္ထသုံးလပတ်တွင် အလုပ်အကိုင်ရရှိမှုနှုန်းမှာ ပြန်လည်တိုးတက်လာလိမ့်မည်ဖြစ်ကြောင်း၊ သို့ရာတွင် အဆိုပါခန့်မှန်းချက်မှာ ကိုဗစ်-၁၉ ကူးစက်မှု ပြန်လည်ပေါ်ပေါက်ခြင်းမရှိသည့်အခြေအနေပေါ်မူတည်ကြောင်းသိရှိရပါသည်။

Source: Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

MIS DOP

.................................................................................................

## သြစတြေးလျနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးအငြင်းပွားမှု၏ 'အကြီးမားဆုံးအကျိုးခံစားခွင့်' ကိုအမေရိကန်ရရှိခြင်း

သြစတြေးလျနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးစစ်ပွဲစတင်ပြီးနောက် ၁၈ လကျော်အကြာတွင် အမေရိကန်နှင့် အခြားသောမဟာမိတ်နိုင်ငံများသည် သြစတြေးလျ၏ တရုတ်နှင့် ကုန်သွယ်ရေးစစ်ပွဲတွင် အကြီးမားဆုံးအောင်မြင်သူများဖြစ်လာကြောင်း The University of Technology Sydney (UTS) က အစီရင်ခံစာထုတ်ပြန်ထားပါသည်။

UTS ၏ Australia–China Relations Institute က ထုတ်ပြန်သော စာရင်းဇယားများအရ တရုတ်နိုင်ငံ၏ ပိတ်ဆို့ အရေးယူမှုများကြောင့် တရုတ်နိုင်ငံသို့တင်ပို့သည့် သြစတြေးလျပို့ကုန် ၁၂

မျိုး၏တန်ဖိုးသည် ယခုနှစ်ပထမ (၉) လအတွင်း အမေရိကန်ဒေါ်လာ ၁၂.၆ ဘီလီယံ (ဩစတြေးလျ ဒေါ်လာ ၁၇.၃ ဘီလီယံ) ကျဆင်းသွားခဲ့ပါသည်။ အလားတူကာလတွင် အမေရိကန်၏တူညီသော ပို့ကုန်အမျိုးအစား တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄.၆ ဘီလီယံ (ဩစတြေးလျဒေါ်လာ ၆.၃ ဘီလီယံ) တိုးလာပြီး၊ ကနေဒါနှင့် နယူးဇီလန်နိုင်ငံတို့မှ အမေရိကန်ဒေါ်လာ ၁.၁ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၇၈၆ သန်း အသီးသီးတိုးတက်လာခဲ့ပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံရှိ ဩစတြေးလျဈေးကွက်ကို အမေရိကန်နိုင်ငံက အများဆုံးရယူထားကြောင်း ကိန်းဂဏန်းများအရ သိရှိရပါသည်။

ကုန်သွယ်ရေးတင်းမာမှုများကြောင့် ဩစတြေးလျပို့ကုန်များအနက် ဝိုင်၊ ပင်လယ်စာ၊ အသား၊ မုယောစပါး၊ သစ် စသည့်တင်ပို့မှုများထိခိုက်ခဲ့ရပြီး၊ တင်ပို့မှုတန်ဖိုးသိသာစွာ ကျဆင်းခဲ့ရခြင်းဖြစ်ပါသည်။ အထူးသဖြင့် ဝိုင်တင်ပို့မှုသိသာစွာကျဆင်းခဲ့ရပြီး၊ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်မှုများစွာရှိခဲ့ကြောင်း သိရှိရပါသည်။

www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

.....................................................................

## ၂၀၂၂ ခုနှစ်တွင် ဩစတြေးလျခရီးသွားလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များ

ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehan က ဩစတြေးလျနိုင်ငံ၏ ထိပ်တန်း ခရီးသွားလုပ်ငန်းအစီအစဉ်ကို ဆစ်ဒနီ မြို့ရှိ နိုင်ငံတကာကွန်ဗန်းရှင်းစင်တာတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ၈-၁၂-၂၀၂၁ ရက်နေ့က ကြေညာလိုက်ပါသည်။

ပြည်တွင်းခရီးသွားလုပ်ငန်းသည် ခိုင်မာစွာ ပြန်လည်ဦးမော့လာနေပြီး၊ လုပ်ငန်းလည်ပတ်သူများအတွက် ပြီးပြည့်စုံသော အစီအစဉ်အသစ်များနှင့် စိတ်လှုပ်ရှားဖွယ်ရာ စီးပွားရေးအခွင့်အလမ်းများကို ရှာဖွေနိုင်ရန် ဩစတြေးလျခရီးသွားလုပ်ငန်းဖလှယ်မှု (The Australian Tourism Exchange –ATE) အစီအစဉ်ကို ၂၀၂၂ ခုနှစ်တွင် ဆစ်ဒနီမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဩစတြေးလျ၏ အကြီးဆုံးကုန်သွယ်မှုအစီအစဉ်ဖြစ်သည့် ATE သည်နိုင်ငံတစ်ဝှမ်းရှိ ခရီးသွားလုပ်ငန်းရှင်များကို ဩစတြေးလျနှင့် ကမ္ဘာတစ်ဝှမ်းမှ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ

နှင့် ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး စီးပွားရေးလုပ်ကိုင်ရန် အခွင့်အရေးများကိုဖန်တီးပေးမည်ဖြစ်ပါသည်။

ယခုနှစ် ATE ၏ အောင်မြင်မှုရရှိပြီးနောက်၊ အစီအစဉ်အားပေါင်းစပ်ပုံစံ (Hybrid) ဖြင့် ထပ်မံကျင်းပမည်ဖြစ်သည်။ ဆစ်ဒနီမြို့တွင် လူကိုယ်တိုင်တက်ရောက်နိုင်သည့် အစီအစဉ်ကို လာမည့်နှစ် မေလ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး၊ ကိုယ်စားလှယ် ၁၇၀၀ ခန့်ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ထားပါသည်။ အဆိုပါအစီအစဉ်သည် ပြည်တွင်းစီးပွားရေးအတွက် ဒေါ်လာသန်းနှင့်ချီ၍ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။

ဝန်ကြီးက ဩစတြေးလျသည်ကိုဗစ်ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာမှုနှင့် ခရီးသွားလာရေးဝယ်လိုအားများတက်လာသောကြောင့် ATE သည် စီးပွားရေးအတွက် အကောင်းဆုံးအခွင့်အရေးဖြစ်လာမည်ဖြစ်ကြောင်း၊ အမျိုးသားစီမံကိန်းကို လိုက်နာသည်နှင့်အမျှ ၂၀၂၂ ခုနှစ်တွင် ကိုဗစ်မှပြန်လည်ကောင်းမွန်လာမှုသည် ဆက်လက်တည်ရှိနေသောကြောင့် နိုင်ငံသားများအနာဂတ်အတွက် ယုံကြည်စိတ်ချနိုင်ပါကြောင်းနှင့် နိုင်ငံသားများအထူးသဖြင့်ခရီးသွားလုပ်ငန်းများအတွက်အထူးအခွင့်အရေးရရှိမည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ ATE ၏ ရေရှည်အကျိုးခံစားခွင့်များသည်များပြားလှပါကြောင်း၊ ယင်းတည်ထောင်ထားသည့် ဆက်ဆံရေးနှင့် အနာဂတ်စီးပွားရေးသည် COVID-19 မတိုင်မီ နှစ်စဉ်ဒေါ်လာ ၄၅ ဘီလီယံ တန်ဖိုးရှိသော ဩစတြေးလျ၏ပြည်တွင်းခရီးသွားလုပ်ငန်းကို ကြီးထွားအောင်ကူညီပေးနိုင်ပြီး၊ နိုင်ငံအနှံ့အလုပ်အကိုင်များဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

နယူးဆောက်ဝေးလ်ပြည်နယ်၊ အလုပ်အကိုင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးနှင့် အနောက်ဆစ်ဒနီ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးတို့က အာရှ၊ ပစိဖိတ်ဒေသ၏ ခရီးသွားစီးပွားရေးကိုထောက်ပံ့နိုင်မည့် အစီအစဉ်ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်၏ ခရီးသွား စီးပွားရေးအတွက် လွန်စွာအရေးပါသည့် အဆိုပါအစီအစဉ်ကိုလက်ခံကျင်းပရန် စိတ်လှုပ်ရှားပါကြောင်း ပြောကြားခဲ့ပါသည်။

www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

**ကင်ဘာရာ**

……………………………………………………………………………………………

## တရုတ်နိုင်ငံတွင် ကျေးလက်ဒေသ လူနေမှုအခြေအနေများ တိုးတက်လာစေရန် လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်နေ

တရုတ်နိုင်ငံမှ ထုတ်ပြန်ကြေညာခဲ့သည့် ငါးနှစ်လုပ်ငန်းစီမံချက်အရ ၂၀၂၅ ခုနှစ်တွင် ကျေးလက်ဒေသလူနေမှုအခြေအနေများ တိုးတက်ကောင်းမွန်မှုကိုအရှိန်မြှင့်တင်၍ ဆောင်ရွက်သွားမည်ဟု သိရပါသည်။

၎င်းငါးနှစ်အတွင်း ကျေးလက်လူနေမှုဘဝများကို တဖြည်းဖြည်းတိုးတက်လာစေမည်ဖြစ်ကာ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အထောက်အကူများကိုလည်း မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးလက်ဒေသများ၌ ပိုမိုကောင်းမွန်သည့် ရေဆိုးသန့်စင်သည့်အခြေခံအဆောက်အအုံများ လိုအပ်ကြောင်းကိုလည်း ၎င်းစီမံချက်တွင်ဖော်ပြထားပါသည်။

လူဦးရေထူထပ်သော ကျေးလက်နေရာများမှ ရေဆိုးများကိုပြန်လည်သန့်စင်ပေးရန်နှင့် ရေသယံဇာတရင်းမြစ်များအပေါ် ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက အလေးပေးဆောင်ရွက်သွားမည်ဟု သိရပါသည်။

စံချိန်စံညွှန်းများ၊ အဖွဲ့များ၊ ရန်ပုံငွေများနှင့် ကြီးကြပ်မှုများဖြင့် လူနေမှုအခြေအနေများကိုစီမံခန့်ခွဲရေးနှင့် ကာကွယ်ရေးအတွက် ရေရှည်ယန္တရားများတည်ထောင်ရေးအား ၎င်းစီမံကိန်းက တွန်းအားပေးသွားမည်ဖြစ်ပါသည်။ ထို့ပြင် ရှေးရိုးမပျက်ကျေးလက်များနှင့် ကျေးလက်လူနေမှုပုံစံများကို ကာကွယ်ရန်အတွက်လည်း စီမံကိန်းကအဆိုပြုထားပါသည်။

MIS DOP

၎င်းစီမံကိန်းမတိုင်မီ ၂၀၁၈ ခုနှစ်က စတင်ခဲ့သည့် (၃)နှစ်လုပ်ငန်း စီမံချက်လည်းရှိခဲ့ပြီး၊ ယင်းစီမံချက်မှာ ကျေးလက်ဒေသများတွင် သန့်စင်ခန်းများအသုံးပြုမှုကို (၇၀) ရာခိုင်နှုန်းဝန်းကျင်ရှိလာစေရန် မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

တရုတ်နိုင်ငံရှိ ကျေးလက်များအနက် (၉၅)ရာခိုင်နှုန်းကျော်မှာ သန့်ရှင်းရေးလှုပ်ရှားမှုများ၌ ပါဝင်ဆောင်ရွက်ခဲ့ကာ၊ တရားဝင်အသိအမှတ်ပြုခြင်းခံရသည့်မြို့နယ်များနှင့် ကျေးရွာများအားလုံးကို လမ်းများခင်းပေးခြင်းနှင့် လူစီးယာဉ်များလက်လှမ်းမီဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့ပါသည်။

ယခုအခါ တရုတ်နိုင်ငံတစ်ဝှမ်းရှိ ဝိသေသလက္ခဏာ အမျိုးမျိုးရှိသည့် ကျေးရွာပေါင်း (၅) သောင်းကျော်တို့ကို လုပငစ္စာတည်ဆောက်ထားပြီးဖြစ်ကြောင်း၊ ၎င်းကဲ့သို့ ကျေးလက်နေလူဦးရေအတွက် လူနေမှုအဆင့်အတန်း တိုးတက်ကောင်းမွန်စေခြင်းက ကျေးလက်ဒေသများအားကောင်း

လာစေရေးနှင့် လယ်ယာစိုက်ပျိုးမှုခေတ်မီလာစေရေးကို မြှင့်တင်ဆောင်ရွက်နိုင်ကြောင်း၊ မိမိတို့၏ မွေးရပ်မြေ၌ပင် အလုပ်လာရောက်လုပ်ကိုင်ရန် (သို့မဟုတ်) လုပ်ငန်းအသစ်လာရောက်တည်ထောင်ရန် အခြားဒေသမှပုဂ္ဂိုလ်များကို ပိုမိုစည်းရုံးနိုင်ခြင်းပြုနိုင်ကြောင်း သိရပါသည်။

လူနေမှုဘဝများကိုမြှင့်တင်ပေးပြီး ပိုမိုနက်နဲစွာဆောင်ရွက်ပေးမှုများအပြင် ကျေးလက်ဒေသပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရန် လယ်သမားများ၏ စိတ်အားထက်သန်မှုများကို အလေးပေး၍စုစည်းပေးရန်ကိုလည်း စီမံချက်အသစ်က အဆိုပြုထားပါသည်။ လယ်သမားများမှာ ဤစီမံကိန်း၏အကျိုးခံစားသူ သက်သက်မဟုတ်ကြဘဲ၊ ပါဝင်အားဖြည့်ပေးသူ၊ တည်ဆောက်သူနှင့် ကြီးကြပ်သူများလည်းဖြစ်ကြကြောင်း၊ ကျေးရွာအဆင့်အတန်း တိုးတက်လာမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုများကို အများသိရှိစေရန် ကျေးရွာသုံးနည်းလမ်းများဖြစ်သည့် လော်စပီကာများနှင့် ပိုစတာများကိုအသုံးပြု၍ ကြေညာရန်လိုအပ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သူ Li Weiguo က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံအနေဖြင့် ကျေးလက်များရှိရိုးရာကျေးရွာများ၊ သဘာဝရှုခင်း အလှအပများ၊ ကျေးလက်နေယဉ်ကျေးမှုများကို ဆက်လက်ကာကွယ်ပေး၍ ကျေးလက်ဒေသများ၌ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ ထွန်းကားလာစေရန်ကူညီပေး၍ အားဖြည့်ပေးသွားရန် ရည်ရွယ်ထားကြောင်းကိုလည်း အိုးအိမ်နှင့် မြို့ပြ-ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် Qin Haixiang က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ရင်းမြစ်၊ China Daily
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

..........................................................................

## အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်ဆိပ်ကမ်းအဖြစ် အသွင်ပြောင်းလဲဆောင်ရွက်သွားမည့် ပေပုပင်လယ်ကွေ့ဆိပ်ကမ်း

ပေပုပင်လယ်ကွေ့ဆိပ်ကမ်းအုပ်စု၏ ဥက္ကဋ္ဌဖြစ်သူ Li Yanqiang က လာမည့် (၅)နှစ်အတွင်း ပေပုပင်လယ်ကွေ့ဆိပ်ကမ်းကို အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက် ဆိပ်ကမ်းအဖြစ် အသွင်ပြောင်းလဲရန် အခြေခံအဆောက်အအုံ တည်ဆောက်မှုများတွင် ယွမ်ငွေ (၆၇.၆) ဘီလီယံ

MIS DOP

(အမေရိကန်ဒေါ်လာ ၁၀.၆ သန်း)ကို ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည်ဟု ထုတ်ဖော်ကြေညာလိုက်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းများပြုလုပ်ရာတွင် မက်ထရစ်တန်ချိန် (၃)သိန်းဆံ့သင်္ဘောများအတွက် ကျောက်ချရပ်နားနိုင်သည့် ရေနက်ဆိပ်ကမ်းနေရာများနှင့် တန်ချိန် (၂) သိန်း အတင်အချပြုလုပ်နိုင်သည့် အလိုအလျောက်ကုန်သေတ္တာဆိပ်ခံတံတားများ တည်ဆောက်ခြင်းကဲ့သို့ အကြီးစားတည်ဆောက်မှုများကို ဦးစားပေး၍ပြုလုပ်သွားမည်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်အကုန်ပိုင်း၌ ပေပုပင်လယ်ကွေ့ဆိပ်ကမ်းတွင် ဆိပ်ခံတံတားအစင်းရေ (၉၀) ရှိခဲ့သော်လည်း (၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) ကုန်ဆုံးသည့်အခါတွင် ဆိပ်ခံတံတားအစင်းရေ (၁၂၀)အထိရှိလာရန် ရည်မှန်းထားပါသည်။

ဆိပ်ကမ်း၏ လက်ရှိဆောင်ရွက်ပေးနိုင်မည့်ပမာဏထက် ပေ(၂၀)ကုန် သေတ္တာအလုံးပေါင်း (၅.၄)သန်းနှင့် ကုန်သေတ္တာတန်ချိန် သန်း (၂၀၀)ကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

ပင်လယ်၊ ရထား၊ ကုန်းလမ်းနှင့် လေကြောင်းလမ်းများဖြင့် နည်းလမ်းစုံသယ်ယူပို့ဆောင်မှုစွမ်းရည်ကိုမြှင့်တင်ရန် အဝေးပြေးလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်းများနှင့် လေကြောင်းကုန်စည်သယ်ယူပို့ဆောင်ရေးအချက်အချာနေရာများအား တည်ဆောက်သွားမည်ဖြစ်ပါသည်။

အနာဂတ်တွင် ပေပုပင်လယ်ကွေ့ဆိပ်ကမ်းမှ အာဆီယံနိုင်ငံများသို့ သင်္ဘောလိုင်းများပိုမိုပြေးဆွဲသွားရန်နှင့် မြောက်အမေရိက၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ လမ်းကြောင်းအသစ်များပြေးဆွဲသွားရန်လည်း အစီအစဉ်ရေးဆွဲထားသည်ဟုသိရပါသည်။

ယခုနှစ်အတွင်း သင်္ဘောလိုင်းအသစ် (၁၂)လိုင်းကို စတင်ပြေးဆွဲသွားရန်နှင့် ၂၀၂၂ ခုနှစ်တွင် လိုင်းအသစ် (၁၅)လိုင်းအထိ ရောက်ရှိလာမည်ဟုမျှော်မှန်းကြောင်း သိရပါသည်။ ၂၀၂၅ ခုနှစ်တွင် ကုန်သေတ္တာတင်သင်္ဘောလိုင်းပေါင်း (၁၀၀)ကျော်ကို ဖွင့်လှစ်သွားကာ၊ ၎င်းအနက် (၆၅) လိုင်းမှာ နိုင်ငံခြားကုန်သွယ်ရေးလိုင်းများဖြစ်လိမ့်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

……………………………………………………..

MIS DOP

## ကွမ်တုန်းပြည်နယ်က ပြည်ပမှ သွင်းကုန်ပစ္စည်းများကို တင်သွင်းမှု ပိုမိုများပြားလာ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် တရုတ်နိုင်ငံကဝင်ရောက်ခဲ့ပြီး နှစ်ပေါင်း (၂၀) ကြာမြင့်ပြီးနောက် ကွမ်တုန်းပြည်နယ်၏ နှစ်စဉ်သွင်းကုန်တိုးတက်မှုနှုန်းမှာ (၇.၅) ရာခိုင်နှုန်းရှိသည်ဟုသိရပါသည်။

ကွမ်တုန်းအကောက်ခွန်ဌာန၏စာရင်းများရ ယမန်နှစ်က ပြည်နယ်အတွင်းတင် သွင်းခဲ့သည့် သွင်းကုန်တန်ဖိုးမှာ ယွမ်ငွေ (၂.၇၄) ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၄၂၈.၁၃ ဘီလီယံ) ရှိခဲ့ကာ ၂၀၀၁ ခုနှစ်က ပမာဏဖြစ်သည့် ယွမ်ငွေ (၆၇၁.၆၃) ဘီလီယံမှ အရှိန်အဟုန်ဖြင့်မြင့်တက်လာကြောင်း တွေ့ရပါသည်။

တရုတ်နိုင်ငံ၊ ကွမ်တုန်းပြည်နယ်မှာ ကမ္ဘာပေါ်ရှိ အဓိကထုတ်လုပ်မှုနေရာများအနက် တစ်ခုဖြစ်ပြီး၊ ယမန်နှစ်အတွင်း စုစုပေါင်းပို့ကုန်သွင်းကုန်တန်ဖိုး ယွမ်ငွေ (၇.၀၉) ထရီလီယံရှိခဲ့ရာ၊ တရုတ်နိုင်ငံ၏ အကြီးမားဆုံးနိုင်ငံခြားကုန်သွယ်မှုပြုနေသည့်ပြည်နယ်အဖြစ် အင်အားကောင်းလာပါသည်။

ယခုနှစ်ပထမ (၁၀)လအတွင်း၌လည်း ကွမ်တုန်းပြည်နယ်၏ နိုင်ငံခြားကုန်သွယ်မှုပမာဏမှာ ယွမ်ငွေ (၆.၇၁) ထရီလီယံရှိခဲ့ကာ၊ ယခင်နှစ်ကထက် (၁၈.၂) ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ ကွမ်တုန်းပြည်နယ်၏ နှစ်စဉ်နိုင်ငံခြားကုန်သွယ်မှုပမာဏမှာ ၂၀၀၃ ခုနှစ်တွင် ယွမ်ငွေ (၂) ထရီလီယံ၊ ၂၀၁၀ ပြည့်နှစ်တွင် ယွမ်ငွေ (၅) ထရီလီယံကျော်နှင့် ၂၀၁၈ ခုနှစ်တွင် ယွမ်ငွေ (၇)ထရီလီယံကျော်ရရှိခဲ့ပါသည်။

တရုတ်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် ဆယ်စုနှစ် နှစ်ခုအကြာတွင် ကွမ်တုန်းပြည်နယ်သည် ကမ္ဘာတစ်ဝှမ်းမှမိတ်ဖက်များနှင့် ကုန်သွယ်ဆက်ဆံရေးများထူထောင်ထားပြီးဖြစ်ကာ၊ ၎င်း၏ကမ္ဘာ့ဈေးကွက်အတွက် ကုန်စည်အမျိုးမျိုးကို ထုတ်လုပ်ပေးလျက်ရှိပါသည်။ ကွမ်တုန်းပြည်နယ်၏ မိတ်ဖက်နိုင်ငံများအနက် အချို့မှာယခုအခါ တရုတ်နိုင်ငံ၏ရပ်ဝန်းနှင့် ပိုးလမ်းမအဖွဲ့ဝင်နိုင်ငံများဖြစ်လာသောကြောင့် ကုန်သွယ်ဆက်ဆံရေးမှာ နှစ်စဉ်တိုးတက်မှုနှုန်း (၇) ရာခိုင်နှုန်းကျော်ဖြင့် ပိုမိုတိုးတက်ကောင်းမွန်နေကြောင်းသိရပါသည်။ ကွမ်တုန်းပြည်နယ်နှင့် ကုန်သွယ်ဆက်ဆံမှုရှိသောနိုင်ငံနှင့် ဒေသပေါင်း (၂၃၀)ကျော်ရှိပါသည်။

MISDOP

ယခုနှစ်တွင် ကွမ်တုန်းပြည်နယ်အတွင်း နိုင်ငံခြားကုန်သွယ်မှုပြုနေသည့် ကုမ္ပဏီပေါင်း တစ်သိန်းကျော်ရှိလာကာ၊ ၂၀၀၁ ခုနှစ်ကထက် လေးဆခန့်တိုးတက်လာခြင်းဖြစ်ပါသည်။ မကြာသေးမီနှစ်များအတွင်း အထွေထွေကုန်သွယ်မှုအချိုးအစားမှာ သိသိသာသာ မြင့်တက်လာပြီး၊ ၂၀၀၁ ခုနှစ်တွင် (၂၂.၄) ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် (၅၁.၂) ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၎င်းအချိုးအစားသည် ယခုနှစ်ပထမ (၁၀)လအတွင်း (၅၂.၄) ရာခိုင်နှုန်းရှိခဲ့ပါသည်။

လွန်ခဲ့သည့်နှစ်(၂၀)အတွင်း စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ၏ ပို့ကုန်သွင်းကုန်ပမာဏမှာ နှစ်စဉ် (၁၁.၂) ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကုန်သွယ်မှုပမာဏ၌စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ၏ပါဝင်မှုအချိုးမှာ (၆၈.၄) ရာခိုင် နှုန်းရှိခဲ့ပြီး၊ ထိုရာခိုင်နှုန်းမှာ ၂၀၀၁ ခုနှစ်တွင် (၄၉) ရာခိုင်နှုန်းခန့်သာ ရှိခဲ့ပါသည်။ ယခုနှစ်ပထမ (၁၀)လအတွင်း ကွမ်တုန်းပြည်နယ်၏စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများကုန်သွယ်မှု၏ ပါဝင်မှုအချိုးမှာ (၆၈.၇) ရာခိုင်နှုန်းရှိထားပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Chinadaily
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.....................................................................

## BMW China က မော်တော်ယာဉ်စင်းရေ (၇၂,၈၄၇)စင်းကို ပြန်လည်သိမ်းဆည်းနေ

BMW Group ၊ Brilliance China Automotive Holdings Ltd., နှင့် BMW (China) Automotive Trading Ltd., တို့ ဖက်စပ်တည်ထောင်ထားသည့် BMW Brilliance Automotive Ltd., က ယာဉ်ပိုင်ရှင်၏ လက်စွဲ(manual)တွင် မှားယွင်းစွာဖော်ပြမှုကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်သဖြင့် ယာဉ်အစီးရေ (၇၂,၈၄၇)စီးကို ပြန်လည်သိမ်းဆည်း လျက်ရှိကြောင်း သိရပါသည်။

ပြန်လည်သိမ်းဆည်းသည့်ယာဉ်များတွင် ၂၀၁၀ ခုနှစ်၊ မတ်လ (၁၈)ရက်နေ့ နှင့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက်နေ့ကြားတွင် ထုတ်လုပ်ခဲ့သည့် BMW Brilliance (318i)၊ (320i) နှင့် (325i) မော်ဒယ်လ်များ၊ ပြည်ပမှ တင်သွင်းထားသည့် BMW (116i)၊ (118i)၊ (120i)၊ (318i)၊ (320i)၊ (325i) နှင့် (330i) မော်ဒယ်လ်များပါဝင်ကြောင်း ဈေးကွက်စည်းမျဉ်းများကို ဆောင်ရွက်နေသည့်နိုင်ငံတော်စီမံခန့်ခွဲရေးဌာန၏ ထုတ်ပြန်ချက်အရ သိရပါသည်။

ပြန်လည်သိမ်းဆည်းသည့်ယာဉ်များ၏ လက်စွဲ (manual)တွင် ရေမျက်နှာပြင်ကို ဖြတ်သန်းမောင်းနှင်နိုင်သည့် အများဆုံးရေအနက် (maximum fording depth)ကို (၃၀)စင်တီမီတာဟု မှားယွင်းစွာ ဖော်ပြထားပါသည်။ အကယ်၍ မော်တော်ယာဉ်ကို ရေအနက် (၂၅)စင်တီမီတာပေါ်မှ အရှိန် တစ်နာရီလျှင် (၅)ကီလိုမီတာကျော်ဖြင့် ဖြတ်သန်း မောင်းနှင်မိပါက waterlogged torque sensor ကြောင့် power-assisted steering function ပျောက်ဆုံးကာ ယာဉ်မတော်တဆဖြစ်ပွားနိုင်ခြေများကြောင်း သိရပါသည်။

ပြန်လည်သိမ်းဆည်းနေသည့်ယာဉ်များ၏ EPS ကို စစ်ဆေးရန်နှင့် waterlogging ဖြစ်ခြင်းကြောင့် ပျက်စီးသွားသည့် ယာဉ်တစ်စင်းတစ်လေရှိပါက အခမဲ့လဲလှယ်ပေးသွားမည်ဖြစ်ကာ၊ အသုံးပြုသူလက်ကိုင် (user manual)ရှိ fording depth ဖော်ပြချက်ကိုပြင်ဆင်သွားမည်ဟု ယာဉ်ထုတ်လုပ်သူများက ကတိပြုထားကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................................

## တရုတ်နိုင်ငံ၏ ရေလမ်းလွှဲစီမံကိန်းက ပြည်သူပေါင်း သန်း (၁၄၀)ကို အကျိုးပြုနေ

တရုတ်နိုင်ငံ၏ ရေလမ်းလွှဲစီမံကိန်းဖြင့် တောင်ပိုင်းရှိအဓိကမြစ်များမှ ရေကုဗမီတာ ဘီလီယံ (၅၀)နီးပါးကို မြောက်ပိုင်းရှိ မိုးခေါင်မှုဒဏ်ခံစားနေရသည့်နေရာများသို့ (၇) နှစ်ကျော် ရေပေးဝေလျက်ရှိကြောင်းနှင့် စီမံကိန်းမှာပြည်သူသန်း (၁၄၀)ကို အကျိုးပြုလျက်ရှိပြီး၊ အကြီးစားနှင့် အလယ်အလတ်တန်း မြို့ပေါင်း (၄၀)ကျော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်းဆုံးဆောင်ရွက်ပေးနေကြောင်း သိရပါသည်။

ဤစီမံကိန်းမှာ မြောက်ပိုင်းဒေသရှိရေပေးဝေသည့်ပုံစံကို ပြောင်းလဲခဲ့ခြင်း၊ မြစ်များနှင့် ရေကန်များ ပြန်လည်ထူထောင်လာစေရန် မြှင့်တင်ပေးခြင်း၊ စက်မှုကုန်ထုတ်လုပ်မှုပုံစံကို ချိန်ညှိကာ အကောင်းဆုံးဖြစ်စေခဲ့ခြင်းနှင့် အလွန်ကြီးမားသည့်စီးပွားရေး၊ လူမှုရေးနှင့် ဂေဟစနစ်ဆိုင်ရာ အကျိုးရလဒ်များကို ဖြစ်ထွန်းစေခြင်းတို့ကို ဆောင်ယူပေးကြောင်း ရေသယံဇာတဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားပါသည်။

တောင်မှ မြောက်သို့ ရေလမ်းလွှဲမှုပို့ဆောင်ရာတွင် လမ်းကြောင်း(၃)ကြောင်းဖြင့်ပို့ဆောင်ပါသည်။ အလယ်လမ်းကြောင်းမှာ တရုတ်နိုင်ငံ၏မြို့တော်သို့ ရေပေးဝေနေသည့်အထင်ရှားဆုံးလမ်းကြောင်းဖြစ်ပြီး၊ ဟူပေပြည်နယ်ရှိ Danjiangkou ရေလှောင်တမံမှအစပြု၍ ဟာနန်နှင့် ဟာပေပြည်နယ်များကိုဖြတ်သန်းကာ၊ ပေကျင်းနှင့် တီရန်ကျင်းတို့၌ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့မှစ၍ ရေပေးဝေနေခြင်းဖြစ်ပါသည်။

အရှေ့ပိုင်းလမ်းကြောင်းမှာ ကျင်းစုပြည်နယ်မှ ရေများကို တီရန်ကျင်းနှင့် ရှန်တုန်းတို့အပါအဝင် နယ်မြေများသို့ရေပေးဝေနေခြင်းဖြစ်၍၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ လုပ်ငန်းဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ အနောက်ပိုင်းလမ်းကြောင်းမှာ စီမံကိန်းရေးဆွဲနေဆဲအဆင့်ဖြစ်ပြီး တည်ဆောက်ရခြင်း မရှိသေးပါ။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

……………………………………………..

## ယခုနှစ် ပထမ (၁၁)လအတွင်း ဟူနန်ပြည်နယ်၏ နိုင်ငံခြားကုန်သွယ်မှု သိသာစွာဖွံ့ဖြိုးခဲ့

ယခုနှစ် ပထမ(၁၁)လအတွင်း တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်၏ နိုင်ငံခြားကုန်သွယ်မှုပမာဏမှာ ယွမ်ငွေ (၅၃၉) ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၄.၆၅ ဘီလီယံခန့်) ရှိခဲ့ကာ၊ ယခင်နှစ်ကထက် (၂၆.၅) ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ အဆိုပါပမာဏသည် ၂၀၂၀ ပြည့်နှစ်က ကုန်သွယ်မှုပမာဏထက် ကျော်လွန်ခဲ့ပါသည်။

ပို့ကုန်တန်ဖိုးတွင် ယခင်နှစ်ကထက် (၃၂.၅) ရာခိုင်နှုန်းတိုးတက်ခဲ့ကာ ယွမ်ငွေ (၃၇၇.၁) ဘီလီ ယံရရှိခဲ့ပြီး၊ သွင်းကုန်တန်ဖိုးတွင် (၁၄.၃) ရာခိုင်နှုန်းတိုးတက်ခဲ့ကာ ယွမ်ငွေ (၁၆၁.၉) ဘီလီယံ ရရှိခဲ့ပါသည်။

၎င်းကာလတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ဟူနန်ပြည်နယ်၏အဓိက ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများဖြစ်ခဲ့ပြီး၊ ကုန်သွယ်မှုပမာဏ ယွမ်ငွေ (၈၅.၂) ဘီလီယံ ရှိခဲ့ ကာ၊ ယခင်နှစ်ကထက် (၁၈.၂) ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ ဟူနန်ပြည်နယ်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ ကုန်သွယ်မှုမှာ (၆၅.၄) ရာခိုင်နှုန်းတိုး တက်၍ ယွမ်ငွေ (၇၄.၃) ဘီလီယံ ရရှိခဲ့ပါသည်။

MIDOP

ပုဂ္ဂလိကလုပ်ငန်းများမှ ပို့ကုန်သွင်းကုန်ဆောင်ရွက်မှုမှာ (၇၇.၄) ရာခိုင်နှုန်း ပါဝင်ခဲ့ပါသည်။ အဓိကပို့ကုန်ပစ္စည်းများတွင် လျှပ်စစ်ပစ္စည်းများနှင့် စက်ပစ္စည်းများပါဝင်ခဲ့ပြီး၊ အဓိကသွင်းကုန်ပစ္စည်းများတွင် သံသတ္တုရိုင်းအမှုန့်များနှင့် ပဲပုပ်တို့ ဖြစ်ကြပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

……………………………………………

## တရုတ်နိုင်ငံ၏ ကုန်သေတ္တာဆိပ်ကမ်းများတွင် အလုပ်များနေခြင်းက ယင်းနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုအားကောင်းနေသည်ကို ပြသနေ

ယခုနှစ်တွင် COVID-19 ကပ်ရောဂါဆက်လက်ဖြစ်ပွားနေခြင်းနှင့် ကုန်သေတ္တာပြတ်လပ်မှုများဖြစ်နေသော်လည်း တရုတ်နိုင်ငံ၏ ကုန်သေတ္တာသင်္ဘောလိုင်းကဏ္ဍမှာ တည်ငြိမ်လျင်မြန်စွာ ဖွံ့ဖြိုးလာရာ တရုတ်နိုင်ငံ၏ ခိုင်မာသော နိုင်ငံခြားကုန်သွယ်ရေးနှင့် စီးပွားရေးကြံ့ကြံ့ခံနိုင်မှုတို့ကို ပြသနေပါသည်။

ယခုနှစ် ပထမ (၁၀)လအတွင်း တရုတ်နိုင်ငံ၏ ဆိပ်ကမ်းများမှ ကုန်သေတ္တာများ ဖြတ်သန်းသယ်ဆောင်ခဲ့မှုမှာ တန်ချိန် (၁၂.၈၇) ဘီလီယံရှိခဲ့ပြီး၊ ယခင်နှစ်ကထက် (၇.၈) ရာခိုင်နှုန်းမြင့်တက်လာခဲ့ပါသည်။ ဤကာလအတွင်း ပေ (၂၀)အရှည်ကုန်သေတ္တာ အလုံးရေ (၂၃၅) သန်းကို ဖြတ်သန်းသယ်ဆောင်ပေးခဲ့ခြင်းဖြစ်ကာ ယခင်နှစ်ကထက် (၈.၄) ရာခိုင်နှုန်း ပိုမိုလာခဲ့ပါသည်။

ပြည်တွင်းဆိပ်ကမ်းများတွင် ကုန်သေတ္တာများဖြင့် အလုပ်များနေသကဲ့သို့ တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ရေးမှာလည်း ယခုနှစ်ပထမ (၁၁)လအတွင်း ယွမ်ငွေ (၃၅.၃၉) ထရီလီယံ (အမေရိကန်ဒေါ်လာ ၅.၅၆ ထရီလီယံခန့်) သို့ ယခင်နှစ်ကထက် (၂၂) ရာခိုင်နှုန်းမြင့်တက်လျက်ရောက်ရှိခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်တစ်နှစ်လုံးတွင် ကုန်သွယ်မှုပမာဏစုစုပေါင်း ယွမ်ငွေ (၃၂.၁၆) ထရီလီယံသာရရှိထားရာ ယခုနှစ် ပထမ (၁၁)လ၏ ပမာဏမှာ ၂၀၂၀ ပြည့်နှစ်ကိုလည်းကောင်း၊ ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်၏ ပမာဏထက် (၂၄) ရာခိုင်နှုန်း ပိုမို၍လည်းကောင်း သာလွန်နေသည်ကို တွေ့ရပါသည်။

MIS DDP

တရုတ်အစိုးရ၏ ထိရောက်သည့်ကပ်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး စီမံဆောင်ရွက်မှုများကြောင့် စက်မှုကုန်ထုတ်လုပ်မှုကွင်းဆက်များကို သိသာစွာတည်ငြိမ်စေရန် ပါဝင်ဖြည့်ဆည်းပေးခြင်းနှင့် တရုတ်ကုမ္ပဏီများ၏ နိုင်ငံခြားသင်္ဘောအမှာစာများ မြှင့်တင်ဆောင်ရွက်နိုင်ခြင်းတို့ကို တိုးတက်ဖြစ်ထွန်းလာစေပါသည်။

နိုင်ငံပိုင် သင်္ဘောလိုင်းကုမ္ပဏီကြီးဖြစ်သည့် COSCO Shipping Corpor-ation Limited (COSCO Shipping)က ယခုနှစ်ပထမ (၁၀)လအတွင်း ပေ(၂၀)အရှည် ကုန်သေတ္တာအလုံးရေ (၂၂.၄၅)သန်းကို လုပ်ငန်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး၊ ယခင်နှစ်ကထက် (၅.၇) ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု သိရပါသည်။

တရုတ်နိုင်ငံ၏ ကုန်သေတ္တာသယ်ဆောင်ရေးသင်္ဘောလိုင်းတွင် ကုန်သေတ္တာပြတ်လပ်မှုများကို လျော့ပါးသက်သာစေရန် အစိုးရဌာနများနှင့် စီပွားရေးလုပ်ငန်းများက စီမံဆောင်ရွက်မှုအမျိုးမျိုးဖြင့် ကုန်သေတ္တာပံ့ပိုးပေးနိုင်မှုများကို မြှင့်တင်ပေးလျက်ရှိကာ၊ ကုန်စည်များချောမွေ့စွာစီးဆင်းနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

တရုတ်ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် COSCO Shipping က ကုန်သေတ္တာအလွတ် (၁၃,၄၆၉)လုံးကို ပြည်တွင်းဆိပ်ကမ်းများထံ ပြန်လည်ပို့ဆောင်ပေးခဲ့ပါသည်။ ကုန်သေတ္တာထုတ်လုပ်သူများကလည်း ထုတ်လုပ်မှုကိုအရှိန်မြှင့်တင်ဆောင်ရွက်လာကြရာ စက်တင်ဘာလ တစ်လတည်းမှာပင် ပေ (၂၀)အရှည်ကုန်သေတ္တာ အလုံးရေ (၂)သိန်းမှ (၅)သိန်းအထိစံချိန်တင် ထုတ်လုပ်နိုင်ခဲ့ပါသည်။

ထို့အပြင်တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဖွံ့ဖြိုးလာစေရေးအတွက် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအား လွယ်ကူချောမွေ့စေခြင်းနှင့် လွတ်လပ်သောကုန်သွယ်ရေး စမ်းသပ်ဇုန်များတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေးခြင်းစသည့် မျက်နှာသာပေးသည့်မူဝါဒများကိုလည်းဆောင်ရွက်ပေးကာ စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်ကို အကောင်းဆုံးဖြစ်လာစေရန်ဆောင်ရွက်ပေးလျက်ရှိပါသည်။

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ Yangpu ဆိပ်ကမ်းကို အပြည်ပြည်ဆိုင်ရာပင်လယ်ရေကြောင်းပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးအချက်အချာနေရာဖြစ်လာစေရန် ရင်းနှီးမြှုပ်နှံမှုကို ရည်ရွယ်သည့်မျက်နှာသာပေးသော စီမံဆောင်ရွက်မှုများ၊ စီမံခန့်ခွဲရေးဆိုင်ရာ အတည်ပြုချက်များ၊

အသေးစားနှင့် အငယ်စားလုပ်ငန်းများအတွက် ဘဏ္ဍာငွေပံ့ပိုးပေးမှုများကိုလည်း တရုတ်နိုင်ငံက ဆောင်ရွက်ပေးလျက် ရှိပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

.................................................

## ရထားဖြင့်သယ်ယူပို့ဆောင်သည့်လုပ်ငန်းတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် တရုတ်နိုင်ငံ

ဟူနန်ပြည်နယ်၊ စူးကျိုးမြို့၌ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာပြပွဲတွင် တရုတ်နိုင်ငံ၏ ဦးဆောင်နည်းပညာများကြောင့် အမေရိကန်၊ ဂျာမနီ၊ ပြင်သစ်နှင့် အခြားနိုင်ငံများမှလုပ်ငန်းများ ကိုဆွဲဆောင်နိုင်ခဲ့ပါသည်။

CRRC Zhuzhou Locomotive Co. Ltd. မှ ဖွံ့ဖြိုးထားသည့် အဓိကနည်းပညာများမှာ ရထားများ၏ နည်းပညာဆိုင်ရာအမှားအယွင်းများကို အလိုအလျောက်ဖော်ထုတ်နိုင်၍ သရုပ်ခွဲ ဆန်းစစ်နိုင်ကြောင်း ပြပွဲတွင်ရှင်းလင်းပြောကြားခဲ့ပါသည်။

ယခုလဆန်း၌ စတင်ပြေးဆွဲခဲ့သည့် တရုတ်-လာအို မြန်နှုန်းမြင့် မီးရထားများတွင်လည်း နည်းပညာများ ထည့်သွင်းထားကာ၊ ယုံကြည်အားထားနိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုကိုအာမ ခံပေးထားပါသည်။ လွန်ခဲ့သည့်(၆)လအတွင်း  အာရှနှင့် ဥရောပနိုင်ငံများသို့ ရထားပြေးဆွဲမှုနှင့် သက်ဆိုင်သည့်ယာဉ်များကို ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။

မေလအတွင်း CRRC Zhuzhou Locomotive ၏ ပထမဆုံး နှစ်ထပ်လျှပ်စစ်မီးရထားများ (double-decker electric multiple unit (EMU) trains)ကို ဥရောပသို့ ပို့ကုန်တင်ပို့ရန်အတွက် စတင်ထုတ်လုပ်ခဲ့ပါသည်။ ၎င်းရထားများ၏ အမြင့်ဆုံးပြေးဆွဲနိုင်သည့် အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ (၂၀၀) ဖြစ်ပြီး၊ ဩစတြီးယား၊ ဂျာမနီ၊ ဟန်ဂေရီနှင့် အခြားဥရောပနိုင်ငံများ၌ ပြေးဆွဲ သွားမည်ဖြစ်ပါသည်။

မြေအောက်ရထားကုမ္ပဏီကလည်း တူရကီတွင် နိုဝင်ဘာလအတွင်းစမ်းသပ်ပြေးဆွဲမှုများ ကိုစတင်ခဲ့ပါသည်။ ၎င်းမြေအောက်ရထားလိုင်းသည် အစ္စတန်ဘူလ်နှင့် မြို့တော်၏လေဆိပ်ကို

ဆက်သွယ်ထားကာ ၂၀၂၂ ခုနှစ်တွင် စတင်ပြေးဆွဲသွားမည်ဟု သိရပါသည်။ ၎င်းမြေအောက်ရထား၏အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ (၁၂)ဖြစ်၍ တူရကီနိုင်ငံ၏ အမြန်ဆုံးမြေအောက်ရထားလမ်း ဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ ရထားနှင့်ပတ်သက်သော ကိရိယာတန်ဆာပလာများ ထုတ်လုပ်သည့်လုပ်ငန်းမှာ တီထွင်ဆန်းသစ်မှုအမြင့်ဆုံးနှင့် နိုင်ငံတကာတွင် ပြိုင်ဆိုင်မှုအားအကောင်းဆုံး လုပ်ငန်းကဏ္ဍဖြစ်ပါသည်။ ၎င်းကဏ္ဍ၌ နှစ်ပေါင်း (၆၀)ကျော် လေ့လာသုတေသနပြုလုပ်မှုများ ပြုလုပ်ထားကာ၊ လိုအပ်သည့်အဆောင်အယောင်များကို ပံ့ပိုးကူညီပေးခြင်းနှင့် အကြီးစား လုပ်ငန်းလည်ပတ်မှုပြုခြင်းတို့ဖြင့် အဆင့်မြင့်ရထား ကိရိယာတန်ဆာပလာများ ထုတ်လုပ်သည့်စနစ်ကို တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ရထားလမ်းများကို လျှပ်စစ်ဓာတ်အားသုံးစနစ်သို့ပြောင်းလဲခြင်းနှင့် မြန်နှုန်းမြင့်မြို့ပြရထားလိုင်းများ ပြေးဆွဲသည့်အကွာအဝေးတို့တွင် ပထမနေရာ၌ရပ်တည်လျက်ရှိပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

MIS DOP

.........................................................

## တရုတ်-ဥရောပ ကုန်တင်ရထားဝန်ဆောင်မှုများမှ ဖွံ့ဖြိုးလာသည့် အခွင့်အလမ်းများ

ပိုလန်နိုင်ငံ၏ နယ်စပ်မြို့ဖြစ်သည့် Malaszewicze မှာ တရုတ်မှ EU သို့ ပြေးဆွဲသည့်ရထားများအတွက် တစ်ဆင့်ဖြတ်သန်းသွားရသည့် အရေးအကြီးဆုံးဘူတာ ဖြစ်ပါသည်။ ၎င်းမြို့မှာ တရုတ်-ဥရောပ ကုန်တင်ရထားဝန်ဆောင်မှုများကြောင့် လျင်မြန်စွာဖွံ့ဖြိုးလာသည့်မြို့လည်းဖြစ်ပါသည်။

တရုတ်နှင့် ဥရောပအကြားပြေးဆွဲသည့် ကုန်တင်ရထားလမ်းမှာ ပင်လယ်ရေကြောင်းမှ ပို့ဆောင်မှုထက် ကြာမြင့်ချိန်ပိုမိုတိုတောင်းပြီး၊ လေကြောင်းမှပို့ဆောင်မှုထက် ကုန်ကျစရိတ်ပိုမိုသက်သာမှုရှိရာ၊ လုပ်ငန်းအများအပြားမှာ ၎င်းတို့၏ကုန်စည်များကို ကုန်တင်ရထားဖြင့်ပို့ဆောင်လိုလာကြပါသည်။

ထို့ကြောင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများက အကျိုးအမြတ်ဖြစ်ထွန်းလာကြသည့်အပြင်၊ ထုတ်လုပ်မှုနှင့် ပို့ကုန်တင်ပို့မှုပြုလုပ်ကြသည့်လုပ်ငန်းများမှာလည်း အကျိုးဖြစ်ထွန်းလာလျက်ရှိပါသည်။ ဖွံ့ဖြိုးမှုအခွင့်အလမ်းများရှိလာသည့် Malaszewicze မြို့သို့ လာရောက်ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းများလည်းရှိလာပါသည်။

ကပ်ရောဂါဖြစ်ပွားနေသည့်ကြားမှ ပိုလန်နိုင်ငံမှ နို့ထွက်ပစ္စည်းများသည် တရုတ်နိုင်ငံသို့ တည်ငြိမ်စွာ တင်ပို့လာနိုင်သည့်နည်းတူ၊ တရုတ်နိုင်ငံမှ လျှပ်စစ်ပစ္စည်းများနှင့် စက်ပစ္စည်းများကိုလည်း ဥရောပဈေးကွက်သို့ အရှိန်မပျက်ဆက်လက်တင်ပို့လျက်ရှိပါသည်။ ထို့ကြောင့် ဥရောပနိုင်ငံများသည် အမေရိကန်ပြည်ထောင်စုကိုကျော်တက်ကာ တရုတ်နိုင်ငံ၏အကြီးဆုံးကုန်သွယ်မှုမိတ်ဖက်ဖြစ်ခဲ့ကာ ကုန်သွယ်မှုတန်ဖိုး ယူရို (၅၈၆) ဘီလီယံခန့်ရှိခဲ့ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

………………………………………………………………

**ဒီဇင်ဘာလ (၁၃)ရက်နေ့တွင် တရုတ်နိုင်ငံ၏ မဂ္ဂနီဆီယမ်ချောင်းဈေးနှုန်းများ ပိုမိုမြင့်တက်လာ**

ဒီဇင်ဘာလ (၁၃)ရက်နေ့တွင် တရုတ်နိုင်ငံ၏ မဂ္ဂနီဆီယမ် အဓိကထုတ်လုပ်ရာနေရာများမှ စက်ရုံပေါက်ဈေးမှာ အခွန်အပါအဝင် တစ်တန်လျှင် ယွမ်ငွေ (၄၁,၀၀၀) ဖြစ်ပါသည်။ ၎င်းဈေးနှုန်းမှာ ဒီဇင်ဘာလ (၁၂)ရက်နေ့ပေါက်ဈေးထက် (၂.၅၀) ရာခိုင်နှုန်း မြင့် တက်ခဲ့ခြင်းဖြစ်ပါသည်။ အဓိကထုတ်လုပ်ရာ ရှန်းစီးပြည်နယ်မှ အခွန်အခအပါအဝင်စက်ရုံဈေးကို တစ်တန်လျှင် ယွမ် (၁,၀၀၀) တိုးမြှင့်လိုက်ခြင်း ဖြစ်ပါသည်။

လက်ရှိအချိန်တွင် ပြည်တွင်းဈေးကွက်၌ ဈေးနှုန်းမြင့်မားနေသောကြောင့် ပြည်တွင်းပြည်ပဝယ်ယူသူများထံမှ မှာယူမှုများပိုမိုနည်းပါးလာပါသည်။ ယခုလအတွင်း မဂ္ဂနီဆီယမ်ချောင်းများ ထုတ်လုပ်မှုအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှုများကို ကုန်သည်များကစောင့်ကြည့်နေဆဲဖြစ်ရာ ဈေးနှုန်းများတက်လာရန် အားပေးနေသကဲ့သို့ ဖြစ်နေပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း အလွန်မြင့်တက်လာမှုကြောင့် လက်ရှိအကောင်အထည်ဖော်နေသည့် “Return to Normalcy” အစီအစဉ်အား ရပ်တန့်ထားရန် တောင်ကိုရီးယားအစိုးရက ဆုံးဖြတ်ခဲ့

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလဆန်းတွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းသည် ပျှမ်းမျှ (၇,၅၀၀)ဦး အထက်တွင်ရှိ၍ အလွန်မြင့်တက်နေပြီး၊ ကိုဗစ်-၁၉ ဗီဇကွဲ “Omicron” ဗိုင်းရပ်စ်ကူးစက်ထားသူများကိုလည်း ပိုမိုတွေ့ရှိလာသဖြင့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ(၁) ရက်နေ့က စတင်အကောင်အထည်ဖော်ခဲ့သော “Return to Normalcy” (၃)လစီမံချက်အားရပ်နားထားရန် တောင်ကိုရီးယားအစိုးရကဆုံးဖြတ်ခဲ့ကြောင်း (၁၅-၁၂-၂၀၂၁) ရက်နေ့တွင်ကျင်းပခဲ့သည့် သဘာဝဘေးအန္တရာယ်လုံခြုံမှုဆိုင်ရာကာကွယ်စောင့်ရှောက်ရေးဗဟိုအစည်းအဝေးတွင်ဝန်ကြီးချုပ် Kim Boo-kyum က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

သို့ဖြစ်၍ လက်ရှိရောဂါကူးစက်မှုအခြေအနေများအရ လူစုလူဝေးစုစည်းမှု၊ ဆိုင်များ၊ အများပြည်သူဆိုင်ရာနေရာများ၏ဖွင့်လှစ်ချိန်သတ်မှတ်မှုတို့အပါအဝင် Social Distancing စည်းမျဉ်းစည်းကမ်းများကိုပြန်လည်သုံးသပ်၍ ပိုမိုတင်းကျပ်သောစည်းကမ်းများ ချမှတ်သွားမည်ဖြစ်ပြီး၊ အသေးစိတ်ကို အစိုးရကဆောလျင်စွာထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့သတ်မှတ်မှုကြောင့် နစ်နာမှုရှိနိုင်သောအငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းပိုင်ရှင်များ၊ တစ်ကိုယ်တော်ကိုယ်ပိုင်အလုပ်လုပ်ကိုင်သူ (Self-employed)များကို သင့်လျော်သည့် နစ်နာကြေးများပံ့ပိုးပေးရန် အစီအစဉ်ရှိကြောင်း၊ အသေးစိတ်အစီအစဉ်များကို (၁၇-၁၂-၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းများအရသိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံသို့ ပြည်ပမှဝင်ရောက်လာသောခရီးသည်များထံမှ ရောဂါကူးစက်မှုများကိုထိန်းချုပ်နိုင်ရန်အတွက် Self-quarantine (၁၀)ရက် မဖြစ်မနေ နေထိုင်ရမည့်အစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့အထိ အစိုးရကဆက်လက်သတ်မှတ်ထားကြောင်း၊ ကိုရီးယားလူမျိုးများနှင့် ကာလရှည်ဗီဇာကိုင်ဆောင်ထားသူ နိုင်ငံခြားသားများသည် ပြည်ပမှပြန်လည်ရောက်ရှိသည့်အခါ ၎င်းတို့၏ သက်ဆိုင်ရာနေအိမ်များတွင် Self-quarantine နေထိုင်နိုင်ပြီး၊ ရက်(၉၀)နှင့်အောက် ကာလတိုဗီဇာ ကိုင်ဆောင်ထားသူများအနေဖြင့်မူ တောင်ကိုရီးယား အစိုးရက သတ်မှတ်ထားသောနေရာတွင် နေထိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိရောဂါကူးစက်မှုအခြေအနေများအရ တောင်အာဖရိက၊ နမ်မီဘီယား၊

MIS DOP

မိုဇမ်ဘစ်၊ ဇင်ဘာဘွေ၊ နိုက်ဂျီးရီးယား၊ ဂါနာနှင့် ဇမ်ဘီယာနိုင်ငံတို့မှ နိုင်ငံခြားသားများ ကိုမူ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့ထိ တောင်ကိုရီးယားနိုင်ငံသို့ ပြည်ဝင်ခွင့်မပြုသေးကြောင်း သိရှိရပါသည်။

တောင်ကိုရီးယားအစိုးရအနေဖြင့် တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေး Booster Dose ထိုးရန် တွန်းအားပေးဆောင်ရွက်နေသည့်အပြင် သတ်မှတ်အသက်အရွယ်နှင့်ကိုက်ညီသော ကလေးများနှင့် ဆယ်ကျော်သက်များ ကာကွယ်ဆေးထိုးရန်ကိုလည်း ဝန်ကြီးချုပ်၊ ပညာရေးဝန်ကြီး၊ Korea Disease Control and Prevention Agency-KDCA ၏အကြီးအကဲတို့ တွေ့ဆုံဆွေးနွေး၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသက် (၁၂) နှစ်မှ (၁၈) နှစ်ထိ ဆယ်ကျော်သက် အရွယ်များအား ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပြီးလျှင် ကိုယ်ပိုင်စာသင်ကျောင်း၊ ရုပ်ရှင်ရုံ၊ စသည့် အများပြည်သူဆိုင်ရာနေရာများသို့ ၂၀၂၂ နှစ်၊ ဖေဖော်ဝါရီလမှစ၍ လွတ်လပ်စွာသွားလာခွင့်ပြုမည့် "Vaccine Pass System" နှင့်ပတ်သက်၍မူ ဝေဖန်မှုများ၊ ကန့်ကွက်မှုများမြင့်တက်နေသဖြင့် ချိန်ဆဆောင်ရွက်မည် (သို့မဟုတ်) ယာယီဆိုင်းငံ့မည်ကို စဉ်းစားဆဲဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနထံမှ သိရှိရပါသည်။

(၁၆-၁၂-၂၀၂၁) ရက်နေ့ (၀၀:၀၀)အချိန် KDCA ၏စာရင်းများအရ ကိုဗစ်-၁၉ ကူးစက်မှု (၇,၆၂၂)ဦး၊ အရေးပေါ်အခြေအနေတွင် ရောက်ရှိနေသည့်လူနာ(၉၈၉) ဦး၊ သေဆုံးသူ(၆၂)ဦး၊ စုစုပေါင်း ယနေ့အထိ ရောဂါပိုးကူးစက်ခံရမှု (၅၄၄,၁၁၇)ဦး၊ သေဆုံး (၄,၅၁၈)ဦးဖြစ်ကြောင်း၊ ယင်းအနက် "Omicron" မိုင်းရပ်ကူးစက်ခံရသူ ထပ်တိုး (၉)ဦး ပါဝင်ကာ စုစုပေါင်း "Omicron" မိုင်းရပ်စ်ကူးစက်ခံရသူ(၁၂၈)ဦးရှိပြီဖြစ်ကြောင်း၊ အထူးသဖြင့် မြို့တော်ဆိုးလ်နှင့်ပတ်ဝန်းကျင်ရှိ Gyeonggi ပြည်နယ် ဒေသတွင် ကူးစက်မှုအမြင့်ဆုံးဖြစ်နေကြောင်း သိရှိရပါသည်။

ရင်းမြစ်: The Korea Times

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

.....................................................................................................................

MISDOP

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၉ / ၂၀၂၁) ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ(၂၃) ရက်

| ၂၃-၁၂-၂၀၂၁ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၂၀၁၂.၅ |
| စင်္ကာပူဒေါ်လာ | ၁၃၀၇.၀ |
| စတာလင်ပေါင် | ၂၃၇၈.၉ |
| ဂျပန်ယန်း (၁၀၀) | ၁၅၅၅.၆ |
| တရုတ်ယွမ် | ၂၇၉.၁၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၈.၀၁ |
| အိန္ဒိယရူပီး | ၂၃.၆၂၃ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၉.၇၄ |
| မလေးရှား ရင်းဂစ် | ၄၂၂.၈၈ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၅၁၄ |
| ထိုင်းဘတ် | ၅၂.၉၈၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၄၆၄ |


ဈေးကွက်သတင်းဌာနစိ တ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံနှင့် မတ်ပဲ လွတ်လပ်စွာတင်သွင်းခွင့်ပြုသည့်ကာလအား တိုးမြှင့်ခြင်း
- အိန္ဒိယနိုင်ငံ၌ စားအုန်းဆီ လွတ်လပ်စွာတင်သွင်းကာလအား သက်တမ်း ၁ နှစ် တိုးမြှင့်ခြင်း
- အိန္ဒိယနိုင်ငံ၌ ၅ နှစ်ကာလအတွင်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုနှစ်စဉ် ၁၀% ကျော်တိုးတက်
- ၂၀၂၂ ခုနှစ်တွင် ပြည်ပသို့ဆန်တင်ပို့မှုတန်ချိန် (၇.၅) သန်းအထိရရှိရန် မျှော်မှန်း
- ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ လယ်ယာထွက်ကုန်ထုတ်လုပ်မှု အသား တင်တန်ဖိုးသည် ဟဲရာ ၁.၁၁၃ ထရီလီယံရှိနိုင်ကြောင်း ခန့်မှန်း
- ၂၀၂၂ ခုနှစ်တွင် အမဲသားပို့ကုန်ဈေးကွက်အား အခြေအနေကောင်းများ ရှိနိုင်ရန် ခန့်မှန်း
- ဘရာဇီးလ်နိုင်ငံ၏ အသားစားသုံးမှုအခြေအနေ
- ၂၀၂၁-၂၀၂၂ ခုနှစ်သီးနှံစိုက်ပျိုးရာသီတွင် ဘရာဇီးလ်နိုင်ငံရှိပြည်နယ်များ တွင် ပဲပုတ်စေ့စိုက်ပျိုးမှု ၉၇.၅ ရာခိုင်နှုန်းအထိ ပြီးစီးနိုင်ရန် ခန့်မှန်း
- အာဖရိကဝက်တုပ်ကွေး ဖြစ်ပွားလျက်ရှိသော်လည်း ဝက်သားဝယ်လိုအား မြင့်မားသော တရုတ်နိုင်ငံသည် ဝက်သားတင်သွင်းခွန်တိုးမြှင့်ခဲ့သော ကြောင့် အမေရိကန်နိုင်ငံမှ ဝက်သားထုတ်လုပ်တင်ပို့သူများ စိုးရိမ်ပူပန် လျက်ရှိခြင်း

➢ ဂျပန်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုသည် ပထမဆုံးအကြိမ်အဖြစ် ယန်း ၁ ထရီလီယံ ကျော်လွန်ရရှိခဲ့ကြောင်းသိရ

➢ ၂၀၂၁ ခုနှစ်၊ ပထမ (၈)လတွင် အီးယူ၏ လယ်ယာထွက်စားသောက်ကုန် ပစ္စည်းကုန်သွယ်မှု တည်ငြိမ်စွာဖြင့်တိုးတက်လျက်ရှိခြင်း

➢ ဗြိတိန်တွင် သြစတြေးလျနှင့် နယူးဇီလန် Manuka Honey ကုန်အမှတ် တံဆိပ်အငြင်းပွားမှု သြစတြေးလျအနိုင်ရရှိခြင်း

➢ အီးယူက သစ်တောပြုန်းတီးမှုထိန်းချုပ်ရေးဆိုင်ရာ Due Diligence စနစ် ထားရှိရန် ပြင်ဆင်ဆောင်ရွက်နေခြင်း

- **အထွေထွေသတင်းများ**

➢ ဂျပန်နိုင်ငံသည် ၁၇ လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် စီးပွား ရေးအမြင်ကို အဆင့်မြှင့်တင်ခဲ့

➢ ဘယ်လ်ဂျီယံနိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ကြောင့်ထိခိုက်မှုအပေါ် အထောက် အကူပြုအစီအမံများကို ၂၀၂၂ ခုနှစ်အထိ ထပ်မံတိုးမြှင့်လိုက်ခြင်း

➢ ထုတ်ကုန်ဈေးကွက်ရရှိရေးတွေ့ဆုံဆွေးနွေးခြင်း (ဂျာမနီ)

➢ **German Agribusiness Alliance** နှင့် တွေ့ဆုံဆွေးနွေးခြင်း (ဂျာမနီ)

➢ တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း အလွန်မြင့်တက်လာမှု ကြောင့် ပိုမိုတင်းကျပ်သည့် **Social Distancing** စည်းမျဉ်းများကိုပြန် လည်သတ်မှတ်ထုတ်ပြန်ခဲ့

➢ **SMEs** များ၏ (၄၀%) မှာ ပိတ်သိမ်းနိုင်ခြေမြင့်မားလျှက်ရှိခြင်း(ထိုင်းနိုင်ငံ)

➢ ဟောင်ကောင်ဒေသ၏ ပို့ကုန်တင်ပို့မှု (၂၅) ရာခိုင်နှုန်းတိုးတက်နိုင်ခြေရှိ ခြင်း

➢ စတော့ရှယ်ယာများ ကျဆင်းလျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင်ဟောင်ကောင်၌ အိမ်ခန်းဈေးနှုန်းများ လျော့ကျနိုင်ကြောင်း

➢ သြစတြေးလျနှင့် ဗြိတိန် နှစ်နိုင်ငံလွတ်လပ်သောကုန်သွယ်ရေး သဘောတူ စာချုပ် လက်မှတ်ရေးထိုးလိုက်ခြင်း

- တရုတ်သည် ဩစတြေးလျနှင့် ကုန်သွယ်ရေးစစ်ပွဲ အဆုံးသတ်လိုပုံရကြောင်း အမေရိကန်သမ္မတ၏ အာရှအကြံပေးပုဂ္ဂိုလ်က ပြောကြားခြင်း

## အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံနှင့် မတ်ပဲ လွတ်လပ်စွာတင်သွင်းခွင့်ပြုသည့်ကာလအား တိုးမြှင့်ခြင်း

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့အားကန့်သတ်ကုန်စည်အဖြစ်မှ လွတ်လပ်စွာ (Free) တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ ပြောင်းလဲသတ်မှတ်လျက် တင်ပို့ရာဒေသ၌ Bill of Lading ထုတ်ပေးခြင်းကို ၃၁-၁၂-၂၀၂၁ နေ့အထိ လည်းကောင်း၊ အိန္ဒိယဆိပ်ကမ်းများ၌ ကုန်စည်များအား ဆိပ်ကမ်းရှင်းလင်းခြင်းကို ၃၁-၁-၂၂ နောက်ဆုံးထား၍လည်းကောင်း တင်သွင်းခွင့်ပြုခဲ့ပါသည်။

ယခုအခါ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနသည် ၂၀-၁၂-၂၀၂၁ နေ့တွင် ပဲတီစိမ်းတင်သွင်းမှုအတွက် အမိန့်ကြော်ငြာစာအမှတ် S.O. 5317(E) ကိုလည်းကောင်း၊ မတ်ပဲနှင့် ပဲစင်းငုံတင်သွင်းခြင်းအတွက် အမိန့်ကြော်ငြာစာအမှတ် S.O. 5318(E) အားလည်းကောင်း ထုတ်ပြန်လျက်အဆိုပါပဲများအား လွတ်လပ်စွာတင်သွင်းခွင့်ပြုသည့် ကာလကို ၃၁-၃-၂၀၂၂ နေ့အထိတိုးမြှင့်သတ်မှတ်လိုက်ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများတွင် ၃၁-၃-၂၀၂၂ နေ့မတိုင်မီ တင်ပို့ရာဆိပ်ကမ်းမှ Bill of Lading ထုတ်ပေးခဲ့ပါက အိန္ဒိယနိုင်ငံရှိဆိပ်ကမ်းများတွင် အကောက်ခွန်နှင့် ဆိပ်ကမ်းရှင်းလင်းမှုလုပ်ငန်းများကို ၃၀-၆-၂၀၂၂ နေ့ နောက်ဆုံးထား၍ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်းဖော်ပြထားပါသည်။

အိန္ဒိယအစိုးရက အဓိကပဲ ၃ မျိုးအား လွတ်လပ်စွာတင်သွင်းခွင့်ကာလ တိုးမြှင့်ခဲ့မှုအပေါ် ပဲကုန်သည်အသိုင်းအဝိုင်းက ကြိုဆိုလျက်ရှိကြသော်လည်း ပြည်ပမှပဲများဈေးနှုန်းသက်သာစွာဖြင့်ဝင်ရောက်လာပါက ၎င်းတို့၏ဝင်ငွေရရှိမှုအား ထိခိုက်မှုရှိလာနိုင်မည့်အရေးကို ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများက စိုးရိမ်မကင်း ဖြစ်ပေါ်လျက်ရှိကြပါသည်။

Kalaburgi မြို့ရှိ ကာနာတကာပရာဒေ့ရှ် ပဲစင်းငုံစိုက်ပျိုးသူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr Basavaraj Ingin က အစိုးရ၏ ယခုဆောင်ရွက်ချက်မှာ ကောင်းမွန်သည့်ဆုံးဖြတ်ချက်ဟု မဆိုနိုင်ကြောင်း၊ ပဲများ လွတ်လပ်စွာတင်သွင်းခွင့်ပြုခြင်းသည် ယခုနှစ်၌ စိုက်ပျိုးထုတ်လုပ်သူများအတွက် ထိခိုက်မှုဖြစ်စေရုံသာမက နောင်လာမည့်သီးနှံရာသီ၌ စိုက်ပျိုးထုတ်လုပ်မှုအပေါ်ကိုလည်း သက်ရောက်မှုရှိကြောင်း၊ သို့ဖြစ်ရာ အစိုးရအနေဖြင့် အရေးအတွက်အရကန့်သတ်မှုအချို့ကို လုပ်ဆောင်သင့်ကြောင်းပြောဆိုပါသည်။

အိန္ဒိယ ပဲမျိုးစုံနှင့် ကောက်ပဲသီးနှံလုပ်ငန်းရှင်များအသင်း (IPGA) မှ ဒုတိယဥက္ကဋ္ဌ Mr Bimal Kothari က ပြည်တွင်းဈေးကွက်တွင် စားသုံးဆီဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပဲမျိုးစုံ၏ဈေးနှုန်း

MIS DOP

များသည် လွန်ခဲ့သော ၃ – ၄ လကပင် အတန်အသင့် တည်ငြိမ်မှုရရှိနေပြီဖြစ်ကြောင်း၊ လက်ရှိကာလ၌ ကုလားပဲဈေးနှုန်းမှာ အစိုးရက အနိမ့်ဆုံးဈေးပေးဝယ်ယူမည့် အခြေခံရည်ညွှန်းဈေးနှုန်း (MSP) ၏ အောက်သို့ကျဆင်းလျက်ရှိပြီး မတ်ပဲနှင့် ပဲစင်းငုံတို့မှာ MSP ဈေးနှုန်းဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပြည်တွင်း၌စိုက်ပျိုးထားသည့် ပဲစင်းငုံများကို နေရာဒေသများစွာတွင် ရိတ်သိမ်းခဲ့ပြီဖြစ်ပြီး ဒေသအချို့၌သာ ရိတ်သိမ်းဆဲအခြေအနေတွင် ကျန်ရှိကြောင်း၊ နိုင်ငံတောင်ပိုင်းဒေသများတွင် မိုးရွာသည်းထန်စွာသွန်းမှုကြောင့် ပဲစင်းငုံစိုက်ခင်းများ ထိခိုက်ပျက်စီးမှုရှိကြောင်း၊ ရှေ့လာမည့် ၃ လတာအတွင်း နိုင်ငံတကာဈေးကွက်၌ အကန့်အသတ်ဖြင့် သာ ပဲစင်းငုံရရှိနိုင်ဖွယ်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံထံမှ ပဲစင်းငုံအသစ်များ တင်သွင်းရရှိမှုမှာ တန်ချိန် ၁.၅ သိန်းထက်ပိုမိုနိုင်ဖွယ်မရှိဟု ခန့်မှန်းထားကြောင်း၊ ဒုတိယအရင်းအမြစ် ဈေးကွက်ဖြစ်သော အာဖရိကဒေသမှ ပဲစင်းငုံအမြောက်အများကို လွန်ခဲ့သော ၄ လအတွင်း တင်သွင်းထားခဲ့ပြီးဖြစ်ရာ ၎င်းဒေသမှကုန်လက်ကျန် တန်ချိန် ၂၅၀၀၀ မှ ၅၀၀၀၀ အထိသာ ထပ်မံတင်သွင်းနိုင်ဖွယ်ရှိကြောင်း၊ သို့ဖြစ်ရာ ပြည်တွင်းဈေးကွက်မှာ တည်ငြိမ်မှုဆက်လက်ရရှိနေမည်ဖြစ်ပြီး ဈေးနှုန်းများမြင့်တက်ဖွယ်မရှိသကဲ့သို့ ဈေးနှုန်းများအလွန်အမင်း ကျဆင်းလိမ့်မည်မဟုတ်ကြောင်း၊ မတ်ပဲဈေးကွက်သည်လည်း အလားတူ အခြေအနေရှိကြောင်း၊ မတ်ပဲရိတ်သိမ်းချိန်၌ မိုးများမှုကြောင့်ထိခိုက်ပျက်စီးမှု ကြီးမားစွာဖြစ်ပေါ်ခဲ့သော်လည်း အစိုးရ၏ စီမံဆောင်ရွက်မှုများအရ မြန်မာနိုင်ငံထံမှ တန်ချိန် ၅ သိန်းမှ ၆ သိန်းအထိ ဝယ်ယူတင်သွင်းနိုင်မည်ဟု ခန့်မှန်းရကြောင်း၊ လာမည့် ၃ လတာအတွင်း ပြည်တွင်းစိုက်ပျိုးမှုမှလည်း မတ်ပဲအသစ်များ ဈေးကွက်ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ မတ်ပဲဈေးကွက်မှာ တည်ငြိမ်မှုရရှိနေမည်ဖြစ်ပြီး ဈေးနှုန်းမှာလည်း MSP နှုန်းထားဝန်းကျင်၌သာရှိမည်ဟု ခန့်မှန်းရကြောင်း၊ အစိုးရ၏ ပဲများလွတ်လပ်စွာ တင်သွင်းခွင့်ကာလတိုးမြှင့်ခဲ့မှုမှာ အသိအမြင်ရှိစွာဖြင့် ကြိုတင်စီမံဆောင်ရွက်မှုတစ်ရပ်ပင်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားပါသည်။

တန်ဇန်နီးယားနိုင်ငံ ပဲမျိုးစုံကွန်ယက် (Tanzania Pulses Network) ၌ တွဲဖက် ပူးပေါင်းဆောင်ရွက်ရေးမှူးအဖြစ် တာဝန်ယူလျက်ရှိသော Mr Zirack Andrew က အိန္ဒိယအစိုးရ၏ ပဲများလွတ်လပ်စွာ တင်သွင်းခွင့်ကာလ တိုးမြှင့်ကြောင်းကြေညာချက်မှာ ၎င်းတို့အတွက် သတင်းကောင်းပင်ဖြစ်ကြောင်း၊ ကနေဒါနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏နောက်၌ အိန္ဒိယ၏တတိယမြောက် ပဲအများဆုံးတင်သွင်းရာနိုင်ငံအဖြစ် ရောက်ရှိလာခဲ့သော တန်ဇန်နီးယားရှိပို့ကုန်လုပ်ငန်းရှင်များအတွက် အိန္ဒိယနိုင်ငံနှင့်ဆက်စပ်၍ စီးပွားရေးလုပ်ဆောင်ရန်ယုံကြည်မှုကို ပြန်လည်မြှင့်တင်ရာ၌ အထောက်အကူပြုကြောင်း ပြောဆိုပါသည်။

MISDOP

မြန်မာနိုင်ငံ၌ ပဲမျိုးစုံတင်ပို့မှုကို လုပ်ဆောင်လျက်ရှိသော OATA ကုန်သည်အသင်းမှ ဥက္ကဋ္ဌဖြစ်သူ Mr Vatsal Lilani ကလည်း အိန္ဒိယအစိုးရ၏ ယခုလုပ်ဆောင်ချက်သည် ကုန်သွယ်မှုလုပ်ငန်းများ တည်ငြိမ်မှုရရှိစေသကဲ့သို့ စဉ်ဆက်မပြတ်ကုန်စည်ပို့ဆောင်နိုင်ရေးအတွက်လည်း အထောက်အပံ့ပြုကြောင်း၊ ထို့အပြင် အိန္ဒိယနှင့် ပဲတင်ပို့သည့် နိုင်ငံများ၌ ဈေးနှုန်းတည်ငြိမ်မှုကိုလည်း သေချာခိုင်မာစေကြောင်း၊ အိန္ဒိယအာဏာပိုင်များ၏ ယခုကဲ့သို့ လက်တွေ့ကျသော ကုန်သွယ်ရေး မူဝါဒ ချမှတ်ဖော်ဆောင်မှုကို မြန်မာကုန်သည်အသိုင်းအဝိုင်းကလည်း ဝမ်းမြောက် စွာကြိုဆိုကြောင်းဖြင့် ပြောဆိုပါသည်။

Source: 1. Notification No. S.O. 5317(E) dated 20th December 2021 of the Department of Commerce of India

2. Notification No. S.O. 5318(E) dated 20th December 2021 of the Department of Commerce of India

3. Govt extends import window for pulses; growers fear inflow of cheaper produce, 21–12–2021, Hindu Business Line

4. Govt allows import of moong, urad and tur to continue without quantitative restrictions, 21–12–2021, Hindu Business Line

MIS DOP

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

.......................................................................

## အိန္ဒိယနိုင်ငံ၌ စားအုန်းဆီ လွတ်လပ်စွာတင်သွင်းကာလအား သက်တမ်း ၁ နှစ် တိုးမြှင့်ခြင်း

အိန္ဒိယနိုင်ငံ၌ စားအုန်းဆီများတင်သွင်းမှုအား ကန့်သတ်ကုန်စည်အဖြစ် သတ်မှတ်ထားရာမှ ၃၁–၁၂–၂၀၂၁ နေ့အထိလွတ်လပ်စွာ တင်သွင်းခွင့်ပြုလိုက်ကြောင်း ၂၀၂၁ ခုနှစ် ဇွန်လတွင် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာန (DGFT) က အမိန့်ကြော်ငြာစာထုတ်ပြန်ထားခဲ့ပါသည်။ ယခုအခါ DGFT ဌာနက HS Code 15119010 ၊ 15119020 နှင့် 15119090 တို့အောက်ရှိ အရောင်ချွတ်၊ အနံ့သတ် သန့်စင်ပြီးသောစား အုန်းဆီချောနှင့် စာအုန်းဆီကြမ်းများအား ကီရာလာပြည်နယ်ရှိ ဆိပ်ကမ်းများမှအပ ကျန်ဆိပ်ကမ်း များမှ ပြည်တွင်းသို့လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိတိုးမြှင့်

လိုက်ကြောင်းဖော်ပြပါရှိသည့် အမိန့်ကြော်ငြာစာအမှတ် ၄၆/ ၂၀၁၅-၂၀၂၀ ကို ၂၀-၁၂-၂၀၂၁ နေ့တွင်ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယပြည်တွင်း၌ ဈေးနှုန်းဖောင်းပွမှု မြင့်မားလျက်ရှိမှုအပေါ် စိုးရိမ်မှုများမြင့်တက်လာပြီး အိန္ဒိယ ငွေတိုက်စာချုပ်နှင့် အစုရှယ်ယာများ ကြီးကြပ်မှုအဖွဲ့ (SEBI) က NCDEX စတော့ဈေးကွက်၌ ပဲပုတ်စေ့၊ ပဲပုတ်ဆီ၊ စားအုန်းဆီကြမ်း၊ ဂျုံ၊ ဆန်စပါး၊ ကုလားပဲ၊ ပဲတီစိမ်းနှင့် မုံညင်းဆီစေ့များအား အနာဂတ်ကာလ ကြိုတင်ရောင်းဝယ်ခြင်းကို ၁ နှစ်ကြာဆိုင်းငံ့ရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့အပြီး တွင်ယခုကဲ့သို့ စားအုန်းဆီလွတ်လပ်စွာတင်သွင်းကာလ သက်တမ်းတိုးမြှင့်ကြောင်း DGFT ဌာန၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်းစားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ စားအုန်းဆီများကို နှစ်စဉ်အမြောက်အမြားတင်သွင်းရလျက်ရှိပါသည်။ အိန္ဒိယ ဆီကြိတ်လုပ်ငန်းရှင်များအသင်း (SEA) ၏ စာရင်းများအရ အောက်တိုဘာလ၌ ကုန်ဆုံးခဲ့သော ၂၀၂၀-၂၁ ခုနှစ် ဈေးကွက်ရာသီအတွင်း ပြည်ပမှစားသုံးဆီတင်သွင်းမှုမှာ တန်ချိန် ၁၃၁.၃ သိန်းဖြင့် ပုံမှန်တင်သွင်းမှု ပမာဏဝန်းကျင်၌တည်ရှိနေခဲ့ကြောင်း၊ သို့ရာတွင် တန်ဖိုးအားဖြင့်မူရူပီးငွေကုဋေ ၁.၁၇ သိန်းခန့်ရှိပြီး ၆၃% ခန့် ပိုမိုလာခြင်းဖြစ်ကြောင်း သိရှိရသည်။

အခြားတစ်ဖက်တွင် အိန္ဒိယအကောက်ခွန်နှင့် သွယ်ဝိုက်အခွန်များကြီးကြပ်မှု ဗဟိုအဖွဲ့ (CBIC) သည် ၂၀-၁၂-၂၀၂၁ နေ့တွင်ပင် အမိန့်ကြော်ငြာစာ No. 53/2021–Customs ကိုထုတ်ပြန် လျက်စားအုန်းဆီချောအပေါ် ကောက်ခံသောအကောက်ခွန်အား ၁၇.၅% မှ ၁၂.၅% သို့ လျှော့ချခဲ့ သည်။ သို့ဖြစ်ရာ အခြားထပ်ဆောင်းအခွန်များအပါအဝင် သန့်စင်ပြီးစားအုန်းဆီချော၏ ဆိပ်ကမ်း အရောက် CIF တန်ဖိုးအပေါ် ယခင်ကအခွန်စုစုပေါင်း ၁၉.၂၅% ကျသင့်ရာမှ ၂၁-၁၂-၂၀၂၁ နေ့မှ စတင်၍ ၁၃.၇၅% သာပေးဆောင်ရတော့မည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: 1. Govt allows free import of RBD palm oil, palmolein till Dec 31, 2021, 20–12–2021, Economic Times

2. Import tax on refined palm oil cut to 12.5% to calm prices, 20–12–2021, Economic Times

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

MISDOP

## အိန္ဒိယနိုင်ငံ၌ ၅ နှစ်ကာလအတွင်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု နှစ်စဉ် ၁၀% ကျော်တိုးတက်

အိန္ဒိယနိုင်ငံ၌ ၂၀၁၆–၁၇ ခုနှစ်မှ ၂၀၂၀–၂၁ ခုနှစ်အထိ ၅ နှစ်တာကာလအတွင်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုမှာ နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်း ၁၀.၈၉% ဖြင့် တိုးတက်မှုရရှိခဲ့ကြောင်းသိရှိရပါသည်။

အစိုးရမူဝါဒရေးရာကောင်စီ (NITI Aayog) ၏ ၂၀၃၃ ခုနှစ်အတွက် ကောက်ပဲသီးနှံနှင့် သားငါးဝယ်လိုအားနှင့် ရောင်းလိုအားခန့်မှန်းချက်အစီရင်ခံစာအရ ၂၀၂၀–၂၁ ခုနှစ်၌ အိန္ဒိယပြည်တွင်း ပဲမျိုးစုံစားသုံးမှုမှာ တန်ချိန် ၂၆.၀၅ သန်းရှိကြောင်း၊ အဓိက သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှု စတုတ္ထအကြိမ်ကြိုတင်ခန့်မှန်းချက်အရ ၂၀၂၀–၂၁ သီးနှံစိုက်ပျိုးရေးနှစ်၌ ပဲမျိုးစုံအားဧရိယာ ဟက်တာ ၂၈.၈၃ သန်း စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တန်ချိန် ၂၅.၇၂ သန်းရှိမည်ဟု ခန့်မှန်းကြောင်း၊ ၁၉၅၀–၅၁ ခုနှစ်ရှိကိန်းဂဏန်းများနှင့်နှိုင်းယှဉ်ပါက ပဲမျိုးစုံစိုက်ပျိုးမှုဧရိယာသည် ဟက်တာ ၁၉.၀၉ သန်းပိုမိုလျက် ၅၁% တိုးတက်လာခဲ့ကြောင်း၊ လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်း နှစ်စဉ်ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုမှာ ၁၀.၈၉% တိုးတက်မှုရရှိခဲ့ကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးမှုတွင် မိုးသီးနှံရာသီ၌စိုက်ပျိုးမှုမှာ ပျမ်းမျှအားဖြင့် ၃၆.၅% ပါဝင်လျက်ရှိကြောင်း၊ ၂၀၁၆–၁၇ ခုနှစ်မှ ၂၀၂၀–၂၁ ခုနှစ်အတွင်း ပဲမျိုးစုံအားဆောင်းသီးနှံရာသီမှထုတ်လုပ်မှုမှာ ပျမ်းမျှတိုးတက်မှုနှုန်း ၁၀.၄% ရရှိနေချိန်တွင် မိုးသီးနှံမှထုတ်လုပ်မှုသည် ပျမ်းမျှ ၁၃% တိုးတက်မှုရရှိခဲ့ကြောင်း၊ အဆိုပါ ၅ နှစ်အတွင်း ပဲစင်းငုံပျမ်းမျှစိုက်ပျိုးဧရိယာမှာ ဟက်တာ ၄.၇၃ သန်းရှိပြီး နှစ်စဉ် ၅.၂% ဖြင့် တိုးတက်လာခြင်းဖြစ်ကြောင်း၊ အလားတူ ပဲပုတ်စိုက်ပျိုးဧရိယာသည်လည်း နှစ်စဉ် ၂.၂% ဖြင့် ဟက်တာ ၁၁.၅၃ သန်း အထိတိုးတက်လာခဲ့ကြောင်းစသည်ဖြင့် ၁၀–၁၂–၂၀၂၁ နေ့တွင်ကျင်းပသော ရာဇျာဆာဘလွှတ်တော်အစည်းအဝေးတွင် အိန္ဒိယစိုက်ပျိုးရေးဝန်ကြီး နာရင်ဒရာဆင်း တိုမားက ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်ပါသည်။

Source: Demand and Production of Pulses, 10–12–2021, Press Information Bureau of India

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

…………………………………………………………………………………………………..

MIS DOP

## ၂၀၂၂ ခုနှစ်တွင် ပြည်ပသို့ဆန်တင်ပို့မှုတန်ချိန် (၇.၅) သန်းအထိရရှိရန်မျှော်မှန်း

ရေ အလုံအလောက်ရရှိမှုနှင့် ထိုင်းဘတ်ငွေအားပျော့နေမှုတို့က ထိုင်းဆန်အားပိုမို၍ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားစေကာယခုနှစ်တွင်ဆန်တန်ချိန်(၆)သန်းခန့်တင်ပို့နိုင်ရာမှနောက်နှစ်တွင်ဆန်တန်ချိန်(၇-၇.၅)သန်းအထိ ပြည်ပတင်ပို့ရန်ရည်မှန်းထားကြောင်းသိရှိရပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိများနှင့် ဆွေးနွေးပြီးနောက်ထိုင်းပြည်ပဆန်တင်ပို့သူများအသင်းဥက္ကဌ Charoen Laothammatas က ရေအလုံအလောက်ရရှိမှုနှင့် ထိုင်းဘတ်ငွေသည်ပျမ်းမျှအားဖြင့်အမေရိကန်တစ်ဒေါ်လာလျှင်(၃၃)ဘတ်ဖြစ်နေကာအားပျော့နေမှုတို့ကလာမည့်နှစ်အတွက်ထိုင်းပြည်ပဆန်တင်ပို့မှုအားကောင်းလာစေမည်ဖြစ်ကြောင်းပြောကြားလိုက်ပါသည်။

ဘတ်ငွေအားပျော့မှုက ထိုင်းပြည်ပဆန်တင်ပို့မှုဈေးနှုန်းများကို ပိုမို၍ယှဉ်ပြိုင်နိုင်စွမ်းရှိစေမည်ဖြစ်ကြောင်း၊ ထိုင်း(၅%)ဆန်ဖြူ၏ FOBဈေးနှုန်းအနေဖြင့် တစ်တန်လျှင်အမေရိကန်ဒေါ်လာ(၃၉၀) ရှိပြီး တစ်တန်လျှင်အမေရိကန်ဒေါ်လာ (၄၀၅) ရှိသော ဗီယက်နမ်ဆန်ထက်ဈေးနိမ့်နေကြောင်းသိရှိရပါသည်။

သို့ရာတွင် ကွန်တိန်နာမလုံလောက်မှုနှင့် သင်္ဘောတင်နေရာမလုံလောက်မှုတို့အနေဖြင့် ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်အထိ အဓိကအန္တရာယ်ရှိသည့်အချက်များအဖြစ် ဆက်လက်၍ရှိနေဦးမည်ဖြစ်ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်တွင်ဆန်တန်ချိန်(၆-၆.၃)သန်းတင်ပို့နိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ ယခင်နှစ်ကရရှိခဲ့သည့်ဆန်တန်ချိန် (၅.၇) သန်းထက်အနည်းငယ်ပိုမို၍တင်ပို့နိုင်လိမ့်မည်ဟုခန့်မှန်းထားကြောင်းသိရှိရပါသည်။

၂၀၂၁ ခုနှစ်တွင် ထိုင်းနိုင်ငံအနေဖြင့်အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့ပြီးပါက ကမ္ဘာ့တတိယအကြီးမားဆုံးဆန်တင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟုခန့်မှန်းထားကြောင်း သိရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့မှုဈေးကွက်တွင် ထိုင်းနိုင်ငံ၏အဆင့်ကိုဆက်လက်မြှင့်တင်နိုင်ရန်အတွက် ထိုင်းနိုင်ငံအနေဖြင့် ဆန်စပါးမျိုးကွဲများဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ကြောင်း Mr. Charoen ကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဆန်မွှေးမျိုးကွဲအသစ်များကိုဖေါ်ထုတ်ပြီး အခြားသောထုတ်လုပ်သူများနှင့်ယှဉ်ပြိုင်နိုင်စေရန် အားတက်သရောမြှင့်တင်ဆောင်ရွက်ရန်လိုအပ်ကြောင်း သိရှိရပါသည်။ ထိုင်း

MISDOP

နိုင်ငံအနေဖြင့် စားသုံးသူများ၏ဝယ်လိုအားကိုဖြည့်ဆည်းရန်အတွက် ဆန်မျိုးကွဲသစ်များသည် အကန့်အသတ်ဖြင့်ရှိနေကြောင်း၊ အထူးသဖြင့်ပျော့ပျောင်းနူးညံ့သည့်ဆန်ဖြူသည် စားသုံးသူများ၏ ဝယ်လိုအားကိုထောက်ပံ့ဖြည်းဆည်းနိုင်ရန် အကန့်အသတ်များရှိနေကြောင်းသိရှိရပါသည်။

ထိုင်းဆန်ထုတ်လုပ်မှုအနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ် စိုက်ပျိုးရာသီတွင်ဆန်စပါးအထွက် တိုးရန်ခန့်မှန်းထားကြောင်း၊ ကြိတ်ခွဲပြီးဆန်ထုတ်လုပ်မှုအနေဖြင့် တန်ချိန်သန်း (၂၀) ရရှိလိမ့်မည် ဟုခန့်မှန်းထားကြောင်း၊ အကြောင်းမှာ ရေလုံလောက်စွာရရှိမှုကြောင့်ဖြစ်ကြောင်း၊ ၎င်းမှာ ၂၀၂၀-၂၀၂၁ခုနှစ် စိုက်ပျိုးရာသီတွင်ရရှိခဲ့သည့်ကြိတ်ခွဲပြီးဆန်တန်ချိန် (၁၇) သန်းထက်ပိုမိုမြင့်တက်နိုင် ကြောင်းခန့်မှန်းထားပါသည်။

ထိုင်းဆန်စပါးထုတ်လုပ်မှုအနေဖြင့်မြေကေ(၁) ရိုင်(Rai) လျှင်ပျမ်းမျှအားဖြင့် (၄၅၀) ကီလို ဂရမ်ထွက်ရှိကြောင်း၊ ဗီယက်နမ်အနေဖြင့် မြေကေ(၁) ရိုင်(Rai)လျှင်(၉၀၀) ကီလိုဂရမ်နှင့် အိန္ဒိယ အနေဖြင့်မြေကေ(၁)ရိုင်(Rai)လျှင်(၈၀၀) ကီလိုဂရမ်ထွက်ရှိကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် စားသုံးသူများ၏ဝယ်လိုအားကို ပြည့်မီအောင်ဖြည့်ဆည်းရန်ပျက်ကွက် ခဲ့ပါကဆန်တင်ပို့မှုပမာဏမှာတဖြည်းဖြည်းကျဆင်းသွားဖွယ်ရှိကြောင်း၊ မိမိတို့အနေဖြင့်ဆန်စပါး အာမခံချက်(သို့မဟုတ်) ဈေးနှုန်းအာမခံချက်အစီအစဉ်များမှတစ်ဆင့် ဈေးနှုန်းပံ့ပိုးမှုအပေါ် အဓိက အာရုံစိုက်ခြင်းဖြင့် ပြဿနာများကိုမဖြေရှင်းနိုင်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ဆန်စပါးလုပ် ငန်းပိုမိုအားကောင်းလာစေရန်အတွက်(R&D)သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းများကိုအာရုံ စိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းဆန်ပြည်ပတင်ပို့သူများအသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်ဟု သတင်းတွင်ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ကြိုးနီစနစ်ကြောင့်အဟန့်အတားဖြစ်စေပြီး ဆန်စပါးလုပ်ငန်းကို အဆင့် မြှင့်တင်ရန်ဆန္ဒမရှိဟု ထိုင်းထိပ်တန်းဆန်တင်ပို့သူဖြစ်သည့် Huay Chuan Group မှ အုပ်ချုပ်မှုဒါ ရိုက်တာဖြစ်သူ Mr. Chookiat ကပြောကြားကြောင်းသိရှိရပါသည်။

Source: Bangkok Post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

…………………………………………………………………………………………………….

MISDOP

## ၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ လယ်ယာထွက်ကုန် ထုတ်လုပ်မှုအသားတင်တန်ဖိုးသည် ဟဲရာ ၁.၁၁၃ ထရီလီယံရှိနိုင်ကြောင်း ခန့်မှန်း

၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ လယ်ယာထွက်ကုန်ထုတ်လုပ်မှုအသားတင်တန်ဖိုး သည် ဟဲရာ ၁ထရီလီယံအထိရှိနိုင်ရန် ခန့်မှန်းထားသည်။ ဘရာဇီးလ်နိုင်ငံတွင် ဆောင်းသီးနှံ ၁၁၃. အချို့မှအပ ကျန်သီးနှံအများစုရိတ်သိမ်းပြီးဖြစ်သည့်အပြင် နိုင်ငံ၏ငွေကြေးတန်ဖိုးမှာလည်းတည် ငြိမ်လျက်ရှိနေသဖြင့် အဆိုပါခန့်မှန်းထားသည့်ကိန်းဂဏန်းများသည် အနည်းငယ်သာပြောင်းလည်း မှုရှိနိုင်မည်ဖြစ်သည်။

ဘရာဇီးလ်နိုင်ငံ၏ ၂၀၂၁ ခုနှစ် လယ်ယာထွက်ကုန်ထုတ်လုပ်မှုအသားတင်တန်ဖိုးတွင် ကောက်ပဲသီးနှံထုတ်လုပ်မှုတန်ဖိုးသည် အဓိကပါဝင်လျက်ရှိပြီး ၁၂ရာခိုင်နှုန်းအထိ ပါဝင်လျက် ၃. ရှိသည်။ ပဲပုတ်စေ့၊ ပြောင်း၊ ကြံနှင့် ကော်ဖီတို့သည် ဘရာဇီးလ်နိုင်ငံ၏အဓိကလယ်ယာထုတ်ကုန် သီးနှံများဖြစ်ကြပြီး တိရိစ္ဆာန်မွေးမြူရေးနှင့်အသားထုတ်လုပ်မှုတို့တွင် နွားနှင့်ကြက်တို့ကို အဓိက မွေးမြူထုတ်လုပ်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်၏ လယ်ယာထွက်ကုန်အသားတင်ထုတ်လုပ်မှုတန်ဖိုး တွင် ပဲပုတ်စေ့ထုတ်လုပ်မှုမှ တန်ဖိုးဟဲရာ ၃၆၁ဘီလီ ၈.၁၂၄ ဘီလီယံ၊ ပြောင်းထုတ်လုပ်မှုမှ ဟဲရာ ၄. ယံ၊ ကြံထုတ်လုပ်မှုမှ ဟဲရာ ၈၅ဘီလ ၁.၄၀ ဘီလီယံ၊ ကော်ဖီထုတ်လုပ်မှုမှ ဟဲရာ ၄.ီယံနှင့် ဝါစိုက်ပျိုး ထုတ်လုပ်မှုတန်ဖိုး ၂၆မျိုး၏ (၅)ဘီလီယံတို့ပါဝင်ပြီး အဓိကသီးနှံ ၉. ထုတ်လုပ်မှုတန်ဖိုးသည်လယ် ယာကဏ္ဍတစ်ခုလုံး၏ ၅၇ရာခိုင်နှုန်းအထိ ၃. ကိုယ်စားပြုလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်၏ လယ်ယာထွက်ကုန်အသားတင်ထုတ်လုပ် မှုတန်ဖိုး၌ မြေပဲစိုက်ပျိုးစိုက်ပျိုးထုတ်လုပ်မှုတွင် ၉ရာ ၆.၁၁ ရာခိုင်နှုန်း၊ ငှက်ပျောထုတ်လုပ် မှုတွင် ၄. ခိုင်နှုန်း၊ အာလူးထုတ်လုပ်မှုတွင် ၁၂ရာခိုင်နှုန်းနှင့် ၆.၁၄ ရာခိုင်နှုန်း၊ ပဲမျိုးစုံထုတ်လုပ်မှုတွင် ၄. ရာခိုင်နှုန်းတိ ၇.၁၇ လိမ္မော်သီးထုတ်လုပ်မှုတွင်ု အသီးသီးလျော့ကျခဲ့ပြီး အသားထုတ်လုပ်မှုတွင် ဝက်သားနှင့် ကြက်ဥဈေးနှုန်းများကျဆင်းခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင် အသားတင်ထုတ်လုပ်မှုတန်ဖိုး များကျဆင်းခဲ့သည်။

စိုက်ပျိုးရာသီချိန်များတွင် ရာသီဥတုကောင်းမွန်နိုင်မည့် အခြေအနေများကြောင့် ဘရာဇီးလ်နိုင်ငံ၏ ၂၀၂၂ ခုနှစ်၏ လယ်ယာထွက်ကုန်အသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ဟဲရာ ၁ခုနှစ်အသားတင်ထုတ်လုပ်မှုတန်ဖိုး ၂၀၂၁ ထရီလီယံအထိ ရောက်ရှိနိုင်ရန်ခန့်မှန်းထားပြီး ၁၆၄. ထက် ၄ရာခိုင်နှုန်းခန့်အထိ ပိုမိုတိုးတက်နိုင်ကြောင်း ၆.ခန့်မှန်းထားသည်။ အဆိုပါလယ်ယာကဏ္ဍ

MIS DOP

၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် နိုင်ငံ၏အဓိကသီးနှံများဖြစ်သည့် ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုမှ ဟဲရာ ၃၅၆ဘီလီယံတို့ အသီးသီး ၅.၁၄၈ ဘီလီယံနှင့် ပြောင်းစိုက်ပျိုးထုတ်လုပ်မှုမှ ဟဲရာ ၆. ပါဝင်နိုင်ရန် ခန့်မှန်းထားသည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

............................................................

## ၂၀၂၂ ခုနှစ်တွင် အမဲသားပို့ကုန်ဈေးကွက်အား အခြေအနေကောင်းများရှိနိုင်ရန် ခန့်မှန်း

ဘရာဇီးလ်နိုင်ငံမှတင်ပို့သည့် အမဲသားများအား ရက်ပေါင်း ၁၀၀ ကျော်ပိတ်ပင်ခဲ့ပြီးနောက် တရုတ်အစိုးရက ပြန်လည်တင်သွင်းခွင့်ပြုခဲ့သည်။ တရုတ်အစိုးရ၏ အမဲသားတင်သွင်းခွင့်အား ယာယီပိတ်ပင်မှုသည် ဘရာဇီးလ်လုပ်ငန်းရှင်များအပေါ် ထိခိုက်မှုများဖြစ်ပေါ်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် အမဲသားတင်ပို့မှုတွင်သာမက ကြက်သားနှင့်ဝက်သားတို့၏ပို့ကုန်ဈေးကွက်တို့တွင်လည်း အခြေအနေကောင်းမွန်မည့် အလားအလာများရှိနေကြောင်း သုတေသနပညာရှင် Benedito Rosa က ပြောကြားခဲ့သည်။

လတ်တလောနှစ်များတွင် တရုတ်ပြည်တွင်း၌ အသားဝယ်လိုအားများ မြင့်တက်လျက်ရှိပြီး အထူးသဖြင့် အမဲသားဝယ်လိုအားတွင် သိသာစွာမြင့်တက်လျက်ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘာ့အသားပို့ကုန်ဈေးကွက်တွင် ဝယ်လိုအားမြင့်တက်နိုင်မည့်အခြေအနေများ ဖြစ်ပေါ်လျက်ရှိကြောင်း Rosa က ပြောကြားခဲ့သည်။ ကမ္ဘာ့အမဲသားလိုအပ်ချက်သည် တန်ချိန် သန်း ၆၀ မှ သန်း ၇၀ ဝန်းကျင်အထိရောက်ရှိနိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး(FAO)နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးမှုအဖွဲ့)OECD( တို့က မျှော်မှန်းထားသည်။ ပြီးခဲ့သည့် ၂ နှစ်တာကာလအတွင်း အသားတင်ပို့မှုများ၌ အခက်အခဲအမျိုးမျိုးနှင့်ကြုံတွေ့ခဲ့သော်လည်း အောင်မြင်စွာကျော်လွှားနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် လာမည့် ၂၀၂၂ ခုနှစ်ကာလတွင်လည်း အသားတင်ပို့မှုများတွင် အခြေအနေကောင်းများဖြစ်ပေါ်ရန် မျှော်လင့်လျက်ရှိကြောင်း Rosa က ပြောကြားခဲ့သည်။

MIS DOP

..................................................

## ဘရာဇီးလ်နိုင်ငံ၏ အသားစားသုံးမှုအခြေအနေ

၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံရှိအိမ်ထောင်စုများ၏ အမဲသားစားသုံးမှုသည် ၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တန်ချိန် ၅.၂၄ သန်းအား ဝယ်ယူစားသုံးခဲ့ကြောင်း၊ အဆိုပါပမာဏသည် ၁၂ နှစ်တာကာလအတွင်း အနိမ့်ဆုံးစားသုံးမှုဖြစ်ခဲ့ပြီး လူတစ်ဦး၏တစ်နှစ်အတွက် အမဲသားစားသုံးမှုနှုန်းသည် ၂၄ကီ ၈.၁၆ကီလိုဂရမ်နှုန်းနှင့် ဝက်သား ၄၆ကီလိုဂရမ်ဖြစ်ကြောင်း၊ ထို့အပြင် ကြက်သား ၅. လိုဂရမ်နှုန်းတို့အား အသီးသီးစားသုံးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုဘဏ် Itaú BBA ကထုတ်ပြန်သည့် အချက်အလက်များတွင် ဖော်ပြထားသည်။

လက်ရှိကာလသည် အမေရိကန်ဒေါ်လာတန်ဖိုးများ မြင့်တက်လျက်ရှိပြီး ကိုဗစ်ကပ်ရောဂါလည်းဖြစ်ပွားလျက်ရှိသဖြင့် ဈေးနှုန်းကြီးမြင့်သည့်အမဲသားအစား ဈေးနှုန်းသက်သာသည့် ကြက်သား၊ ဝက်သားနှင့်ကြက်ဥတို့ကို ပိုမိုဝယ်ယူစားသုံးလာကြကြောင်း သုတေသနပညာရှင် Miguel Daoud က ပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

…………………………………………………………………

## ၂၀၂၁-၂၀၂၂ ခုနှစ်သီးနှံစိုက်ပျိုးရာသီတွင် ဘရာဇီးလ်နိုင်ငံရှိပြည်နယ်များတွင် ပဲပုတ်စေ့စိုက်ပျိုးမှု ၉၇.၅ ရာခိုင်နှုန်းအထိ ပြီးစီးနိုင်ရန် ခန့်မှန်း

၂၀၂၁ – ၂၀၂၂ ခုနှစ်သီးနှံစိုက်ပျိုးရာသီတွင် ဘရာဇီးလ်နိုင်ငံရှိ ပြည်နယ်များ၏ ပဲပုတ်စေ့စိုက်ပျိုးမှုသည် ၉၇.၅ ရာခိုင်နှုန်းအထိပြီးစီးနိုင်ကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေးနှင့်အကြံပေးကုမ္ပဏီ Safras & Mercado က ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

ယခုနှစ်သီးနှံစိုက်ပျိုးမှုသည် ယခင်နှစ်ထက် ပိုမိုလျင်မြန်လျက်ရှိကြောင်း၊ ယခင်နှစ်ကာလတူတွင် ၉၆.၈ ရာခိုင်နှုန်းသာ စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ ပဲပုတ်စေ့အဓိကစိုက်ပျိုးထွက်ရှိသည့် Paraná ပြည်နယ်၊ Mato Grosso ပြည်နယ်၊ Mato Grosso do Sul ပြည်နယ်၊ Goiás ပြည်နယ်၊ São Paulo ပြည်နယ်နှင့် Minas Gerais ပြည်နယ်တို့တွင် ရာခိုင်နှုန်းပြည့်ပြီးစီးခဲ့ကြောင်း အကြံပေးကုမ္ပဏီက ပြောကြားခဲ့သည်။

ယခုနှစ်စိုက်ပျိုးရာသီတွင် ဘရာဇီးလ်နိုင်ငံရှိ ပဲပုတ်စေ့အဓိကစိုက်ပျိုးသည့် ပြည်နယ်အများစု၌ သီးနှံစိုက်ခင်းများစိုက်ပျိုးပြီးစီးခဲ့သော်လည်း São Paulo နှင့် Paraná ပြည်နယ်တို့တွင် Asian rust သီးနှံများရောဂါပိုးကျရောက်မှုအခြေအနေကို ဒီဇင်ဘာလအတွင်း စတင်တွေ့ရှိခဲ့ကြောင်း၊ ရောဂါပိုးများကျရောက်ခဲ့သဖြင့် သီးနှံပျက်ဆီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ Pilar do Sul (SP) ပြည်နယ်ရှိ ပဲပုတ်စေ့စိုက်ခင်းများတွင်လည်း ရောဂါဖြစ်ပွားမှုကြောင့်သီးနှံအရောင်ပြောင်းမှုများကို စက်တင်ဘာလအတွင်းတွေ့ရှိခဲ့ရပြီး သီးနှံဖွံ့ဖြိုးမှုသည် R4 အဆင့်သာရှိကြောင်း၊ Mariópolis ပြည်နယ်ရှိ Paraná ဒေသတွင် သီးနှံစိုက်ခင်းများ၌ အပင်ရောဂါဖြစ်ပွားမှုအခြေ အနေကို ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပထမဆုံးအကြိမ်တွေ့ရှိခဲ့ရကြောင်း၊ ဘရာဇီးလ်နိုင်ငံတွင် Asian rust ရောဂါပိုးကျရောက်မှုအခြေ အနေများကို စက်တင်ဘာလ၏ဒုတိယလဝက်ကာလတွင် စတင်တွေ့ရှိခဲ့ကြကြောင်း အကြံပေးကုမ္ပဏီက ပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

……………………………………………………………………………………………

**အာဖရိကဝက်တုပ်ကွေး ဖြစ်ပွားလျက်ရှိသော်လည်း ဝက်သားဝယ်လိုအားမြင့်မားသော တရုတ်နိုင်ငံသည် ဝက်သားတင်သွင်းခွန်တိုးမြှင့်ခဲ့သောကြောင့် အမေရိကန်နိုင်ငံမှ ဝက်သားထုတ်လုပ်တင်ပို့သူများ စိုးရိမ်ပူပန်လျက်ရှိခြင်း**

တရုတ်နိုင်ငံသည် ပြည်တွင်း၌ဝက်သားထုတ်လုပ်မှု ပိုမိုတိုးချဲ့ထုတ်လုပ်မည်ဖြစ်သည့်အတွက်ဝက်သားတင်သွင်းမှုလျှော့ချမည်ဖြစ်သောကြောင့်လာမည့်နှစ်တွက် ဝက်သားတင်သွင်းခွန်များတိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင်ပါဝင်သည့် Most Favoured Nations (MFN) Tariff အားလက်ရှိတွင် (၈) ရာခိုင်နှုန်းကောက်ခံရာမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍(၁၂) ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် အာဖရိကဝက်တုပ်ကွေးဖြစ်ပွားမှုနှင့် ဝက်သားဝယ်လိုအားမြင့်တက်မှုတို့ကြောင့် ၂၀၂၀ ပြည့်နှစ်တွင် အေးခဲဝက်သားတင်သွင်းခွန်အား (၁၂) ရာခိုင်နှုန်းမှ (၈) ရာခိုင်နှုန်းသို့လျှော့ချခဲ့ကြောင်း၊ ဝက်သားတင်သွင်းမှုများမှာ သိသာစွာမြင့်တက်ခဲ့ပြီး ပထမနှစ်ဝက်အတွင်းတွင် ဆက်လက်မြင့်တက်ဆဲဖြစ်ကြောင်း၊ တတိယသုံးလပတ်တွင်ဝက်သားထုတ်လုပ်မှုကုန်ကျစရိတ်လျော့ကျခဲ့ပြီး ဝက်သားဈေးနှုန်းလည်းကျဆင်းခဲ့ကြောင်း၊ နိုင်ငံတကာဈေးကွက်အား သင့်လျော်စွာအသုံးချပြီး ပြည်တွင်းဈေးကွက်တွင်ကုန်ဈေးနှုန်း

နှင့် ကုန်ပစ္စည်းပံ့ပိုးမှုတည်ငြိမ်အောင်ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌“ US Pork producers ‘concerned’ as China raises import tariffs despite African swine fever, high demand” ခေါင်းစဉ်ဖြင့်ရေး သားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် တင်သွင်းခွန်များတိုးမြှင့်ကောက်ခံခြင်းဖြင့် ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံများဖြစ်သည့် အမေရိကန်၊ စပိန်နိုင်ငံအစရှိသောနိုင်ငံများမှ တင်သွင်းမှုများနှေးကွေးလာနိုင်ပြီး မကြာမီလများအတွင်းကလည်း သိသာစွာလျော့ကျခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ပေကျင်းနှင့် ဝါရှင် တန်အကြား ကုန်သွယ်ရေးစစ်ပွဲကာလအတွင်းတွင် တရုတ်နိုင်ငံသို့ အမေရိကန်နိုင်ငံမှ ဝက်သားတင် ပို့မှုအများစုမှာ MFN Tariff အပြင် retaliatory tariff အဖြစ် (၂၅) ရာခိုင်နှုန်းပေးဆောင်ရကြောင်း၊ ဝက်သားတင်သွင်းခွန်အတွက် တရုတ်နိုင်ငံမှ MFN Tariff ထပ်မံတိုးမြှင့်ခြင်းမှာ တရုတ်နိုင်ငံ၏ ဝက်သားဝယ်လိုအားမြင့်မားခြင်းနှင့် အာဖရိကဝက်တုပ်ကွေးဖြစ်ပွား ခြင်းအစရှိသည်တို့နှင့် ပတ် သက်၍ ဆက်လက်စိုးရိမ်ဖွယ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ဝက်သားတင်သွင်းမှုမှာယခင်နှစ်ကတင် သွင်းခွန် (၈)ရာခိုင်နှုန်းကောက်ခံခဲ့ရာ ဝက်သားတန်ချိန်သန်းပေါင်း (၃.၃၄) တန်တင်သွင်းခဲ့ပြီး ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင်ဝက်သားတန်ချိန် (၂၀၀,၀၀၀) သာ တင်သွင်းခဲ့ရာ (၄၀) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ အခွန်ကောက်ခံမှုတိုးမြှင့်ခြင်းမှာ ပို့ကုန်တင်ပို့သူများအတွက် စိန်ခေါ်မှုများပိုမို ကြုံတွေ့နိုင်ကြောင်း၊ အမေရိကန်ဝက်တုပ်ကွေးမှာ အခြားသောပြည်နယ်များမှ ကုန်တင်ကားနှစ်စီး ဖြင့် တင်သွင်းလာသောဝက်သားများတွင်တွေ့ရှိခဲ့ကြောင်း တရုတ်နိုင်ငံ၊ ဟီဘေပြည်နယ် မှ (၁၅-၁၂-၂၀၂၁) ရက်နေ့တွင် ပြောကြားခဲ့ကြောင်း၊ အဆိုပါကုန်တင်ကား (၂) စီးတွင် ဝက်အရှင်ကောင်ရေ (၂၄၅) ကောင်နှင့် ဝက်အသေ (၉) ကောင်အားတွေ့ရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံ၌ အာဖရိကဝက်တုပ် ကွေးအား ၂၀၁၈ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ဝက်ကောင်ရေမွေးမြူမှု မူလအရေအတွက်သို့ပြန်လည် ရောက်ရှိရန် ပေကျင်းမှလည်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံအနောက်တိုင်းပိုင်းရှိ စီချွမ်ပြည်နယ်နှင့် တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ မွန်ဂိုလီယားအတွင်းပိုင်းဒေသတို့၌ အာဖရိ ကဝက်တုပ်ကွေးတွေ့ရှိခဲ့ကြောင်း တရုတ်နိုင်ငံ၏နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြပါရှိကြောင်းရေး သားဖော်ပြထားပါသည်။

MISDOP

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

## ဂျပန်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုသည် ပထမဆုံးအကြိမ်အဖြစ် ယန်း ၁ ထရီလီယံ ကျော်လွန်ရရှိခဲ့ကြောင်းသိရ

ဂျပန်နိုင်ငံ၏စားသောက်ကုန်၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ကုန်တင်ပို့မှု၏ နှစ်စဉ်တန်ဖိုးသည် ၂၀၂၁ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ယန်း ၁ ထရီလီယံ (ဒေါ်လာ ၈.၇ ဘီလီယံ) ကျော်လွန်ခဲ့ကြောင်း အစိုးရအဖွဲ့၏အတွင်းဝန်ချုပ် Hirokazu Matsuno က ဒီဇင်ဘာလ ၁၇ ရက် ( ကြာသပတေးနေ့) တွင် ပြောကြားခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း စုစုပေါင်းစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးမှာ ယန်း ၁.၀၆ ထရီလီယံရရှိခဲ့ကြောင်း၊ အဆိုပါပမာဏတန်ဖိုးသည် ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရန် အစိုးရအေဂျင်စီများ၏ ပူးပေါင်းကြိုးပမ်းမှုရလဒ်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် Matsuno က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ပြည်ပဈေးကွက်များမှ ဝယ်လိုအားကိုပေါင်းစပ်ခြင်းနှင့် ဒေသတွင်းစီးပွားရေးကို လှုံ့ဆော်ခြင်းတို့ဖြင့် ဂျပန်နိုင်ငံ၏စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်လိုကြောင်း Matsuno မှ ပြောကြားခဲ့ပါသည်။

အထူးသဖြင့် အမေရိကန်နိုင်ငံသို့ အမဲသားတင်ပို့မှုများ သိသိသာသာတိုးတက်လာခြင်းနှင့် တရုတ်နိုင်ငံသို့ ဂျပန်ဆာကေးအရက်များ တင်ပို့မှုတိုးတက်လာခြင်းတို့သည် ဂျပန်၏ပို့ကုန်တင်ပို့မှုမြင့်တက်လာခြင်း၏ အဓိကအကြောင်းအရင်းများဖြစ်ကြကြောင်း၊ ကိုရိုနာဗိုင်းရပ်ကူးစက်ရောဂါကြောင့် ၎င်းကုန်ပစ္စည်းများကို အွန်လိုင်းမှတစ်ဆင့် တွင်ကျယ်စွာရောင်းချနိုင်ခဲ့ကြောင်းဟု ဂျပန်နိုင်ငံ၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ပြောကြားခဲ့ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနမှ နောက်ဆုံးရရှိသည့် အချက်အလက်များအရ သစ်နှင့်ပုလဲများအပါအဝင် စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ကုန်များ တင်ပို့မှုတန်ဖိုးမှာ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ယန်း ၉၇၃.၄ ဘီလီယံအထိရရှိခဲ့ကြောင်း သိရပါသည်။ နိုဝင်ဘာလတွင် စိုက်ပျိုးရေးထွက်ကုန်တန်ဖိုးမှာ စုစုပေါင်း ယန်း ၈၉.၉ ဘီလီယံရှိပြီး နိုဝင်ဘာလကုန်တွင် ယန်း ၁ ထရီလီယံ ကျော်လွန်ရရှိခဲ့ကြောင်း သိရပါသည်။

အောက်တိုဘာလတွင် အမဲသားတင်ပို့မှုမှာ ၈၉.၇% ၊ တန်ဖိုးအားဖြင့် ယန်း ၄၁.၆ ဘီလီယံအထိတိုးတက်ရရှိခဲ့ပြီး ဂျပန်ဆာကေးတင်ပို့မှုသည် ၈၁.၁ %၊ တန်ဖိုးအားဖြင့် ယန်း ၃၁.၈ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရသိရပါသည်။

MISDOP

ဂျပန်အစိုးရသည် ၂၀၂၅ ခုနှစ်တွင်ပို့ကုန် ယန်း ၂ ထရီလီယံ နှင့် ၂၀၃၀ ခုနှစ်တွင် ယန်း ၅ ထရီလီယံအထိရရှိရန် ရည်မှန်းချက်များချမှတ်ထားပြီး ဂျပန်နိုင်ငံ၏အလားအလာကောင်းသည့် စိုက်ပျိုးရေးထုတ်ကုန်များကိုဗဟိုပြုကာ ပို့ကုန်တင်ပို့မှုများ အလျင်အမြန်တိုးမြှင့်ဆောင်ရွက်ရန်စီစဉ်ဆောင်ရွက်နေပါသည်။

ဂျပန်နိုင်ငံ၏စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုသည် မှန်မှန်တိုးတက်နေသော်လည်း ကိုရိုနာကူးစက်ရောဂါကြောင့် တိုးတက်မှုနှုန်းနှေးကွေးသွားသည့်အတွက် ၂၀၂၀ ပြည့်နှစ်အတွက် ကနဦးသတ်မှတ်ချက်ပမာဏဖြစ်သည့် ယန်း ၁ ထရီလီယံ ပြည့်မီနိုင်ခြင်းမရှိခဲ့ဘဲ ပို့ကုန်တန်ဖိုး ယန်း ၉၈၆ ဘီလီယံသာ ရရှိခဲ့ကြောင်းသိရပါသည်။

အာရှ-ပစိဖိတ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အသစ်သည် လာမည့်ဇန်နဝါရီလ ၁ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ပြီး ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားတို့အပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံပါဝင်သော ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအရလည်း စာချုပ်ဝင်နိုင်ငံများသို့ ဂျပန်နိုင်ငံ၏ပို့ကုန်များတိုးမြှင့်တင်ပို့ရန် မျှော်လင့်ထားပါသည်။

၂၀၁၁ ခုနှစ်တွင် ဖူကူရှီးမားစီရင်စု၌ နျူကလီးယားဘေးအန္တရာယ်ကျရောက်ပြီးနောက် တရုတ်၊ တောင်ကိုရီးယားနှင့် ဟောင်ကောင်စသည့်နိုင်ငံနှင့် ဒေသ ၁၄ ခုသည် ဂျပန်နိုင်ငံမှစားသောက်ကုန်များ တင်သွင်းမှုကန့်သတ်ချက်များကို ဆက်လက်ကျင့်သုံးဆဲဖြစ်သဖြင့် ဂျပန်အစိုးရမှ ၎င်းကန့်သတ်ချက်များကို ဖြေလျှော့ဖယ်ရှားပေးရန် အဆိုပါနိုင်ငံများ၏အစိုးရများထံ ဆက်လက်တိုက်တွန်းသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာနမှ အကြီးတန်း အရာရှိတစ်ဦးက ပြောကြားခဲ့ပါသည်။

**ရင်းမြစ်။** https://japantoday.com

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

……………………………………………………………………………………………..

## ၂၀၂၁ ခုနှစ်၊ ပထမ (၈)လတွင် အီးယူ၏ လယ်ယာထွက်စားသောက်ကုန်ပစ္စည်းကုန်သွယ်မှု တည်ငြိမ်စွာဖြင့် တိုးတက်လျက်ရှိခြင်း

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ (၈) လအတွင်း အီးယူ၏လယ်ယာထွက်စားသောက်ကုန်ပစ္စည်း ကုန်သွယ်မှုတန်ဖိုး ယူရို (၂၁၀.၅) ဘီလျံသို့ ရောက်ရှိခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် (၅.၁) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရပါသည်။ လယ်ယာထွက်စားသောက်ကုန်ပစ္စည်းတင်ပို့မှု (၇) ရာခိုင်နှုန်း၊ တင်သွင်းမှု (၂.၃) ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ (၈)လအတွင်း ကုန်သွယ်မှုပိုငွေယူရို (၄၄) ဘီလျံ ရရှိခဲ့ကြောင်း၊ ယင်းပမာဏသည် ၂၀၂၀ ပြည့်နှစ်၊ ကာလတူထက် (၁၇) ရာခိုင်နှုန်းတိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

အီးယူ၏ လယ်ယာထွက်စားသောက်ကုန်တင်ပို့မှု၌ အမေရိကန်နိုင်ငံသို့တင်ပို့မှု ယူရို (၂) ဘီလျံ(၁၅ ရာခိုင်နှုန်း) တိုးတက်ခဲ့ပြီး၊ ဝိုင်နှင့် အရက်များတင်ပို့မှု အဓိကတိုးတက်ခဲ့ပါသည်။ အီးယူမှ လယ်ယာထွက်စားသောက်ကုန်တင်ပို့ရာတွင် တရုတ်နိုင်ငံသို့ တင်ပို့မှု ယူရို (၈၁၂) သန်း၊ ဆွစ်ဇာလန်နိုင်ငံသို့တင်ပို့မှု ယူရို (၂၃၁) သန်း၊ တောင်ကိုရီးယားနိုင်ငံသို့တင်ပို့မှု ယူရို (၄၆၄)သန်း၊ နော်ဝေနိုင်ငံသို့ တင်ပို့မှုယူရို (၃၉၃) သန်း၊ အစ္စရေးနိုင်ငံသို့တင်ပို့မှု ယူရို (၂၈၈)သန်းတို့ဖြင့် အသီးသီးတိုးတက်ခဲ့ပါသည်။ ဗြိတိန်နိုင်ငံသို့တင်ပို့မှုမှာ ယူရို (၁၁၆) သန်းရှိခဲ့ပြီး၊ ၂၀၂၀ ခုနှစ်ကထက် (၀.၄) ရာခိုင်နှုန်းလျော့ကျခဲ့ပါသည်။

အီးယူ၏ လယ်ယာထွက်စားသောက်ကုန် စုစုပေါင်းတင်ပို့မှုတွင် တိုးတက်ခဲ့သော်လည်း နိုင်ငံအချို့သို့ တင်ပို့မှုတွင်မူ ၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့ပါသည်။ ဂျုံ၊ မုယောနှင့် နံ့စားသီးနှံထွက်ကုန်များတင်ပို့မှုကျဆင်းခဲ့သဖြင့် ဆော်ဒီအာရေဗျနိုင်ငံသို့တင်ပို့မှုသည် ယူရို (၃၉၉)သန်းဖြင့် အများဆုံးကျဆင်းခဲ့ကြောင်း၊ ဟောင်ကောင်သို့တင်ပို့မှု ယူရို (၁၀၃) သန်း၊ ကူဝိတ်သို့တင်ပို့မှု ယူရို (၁၀၁)သန်းတို့ဖြင့် ကျဆင်းခဲ့ကြောင်းသိရပါသည်။

အီးယူသို့ လယ်ယာထွက်စားသောက်ကုန်စည်တင်သွင်းမှုတွင် ဗြိတိန်နိုင်ငံမှ တင်သွင်းမှုသည် ယူရို (၂.၆) ဘီလျံဖြင့် (၂၇) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အများဆုံးဖြစ်ပါသည်။ အီးယူသို့လယ်ယာထွက်စားသောက်ကုန်တင်သွင်းမှု ကျဆင်းခဲ့သည့်နိုင်ငံများမှာ အမေရိကန် (ယူရို ၅၄၄ သန်း)၊ မော်လ်ဒိုဗာ (ယူရို ၁၂၂ သန်း)၊ ဗီယက်နမ် (ယူရို ၁၂၂ သန်း)၊ ချီလီ (ယူရို ၁၁၃ သန်း) တို့ဖြစ်ကြပါသည်။

၂၀၂၁ ခုနှစ်၊ (၈)လအတွင်း အီးယူမှ တင်ပို့မှုမြင့်တက်ခဲ့သည့်ကုန်စည်များမှာ ဝိုင်တင်ပို့မှု ယူရို ၂.၅ ဘီလျံဖြင့် (၃၁) ရာခိုင်နှုန်း၊ အရက်တင်ပို့မှု ယူရို ၁.၃ ဘီလျံဖြင့် (၃၂) ရာခိုင်နှုန်းတို့ဖြစ်ကြပါ

MIS DOP

သည်။ တန်ဖိုးအားဖြင့် တင်ပို့မှုတိုးတက်ခဲ့သည့်ကုန်စည်များမှာ ပန်းနှမ်းနှင့် နေကြာဆီများ (ယူရို ၆၁၁ သန်း)၊ ချောကလက်နှင့် မုန့်များ (ယူရို ၆၁၀ သန်း)တို့ဖြစ်ပါသည်။ တင်ပို့မှုကျဆင်းခဲ့သည့်ကုန်စည်များမှာ ဂျုံ (ယူရို ၈၉၂ သန်း)၊ ကလေးသူငယ်အစားအစာ (ယူရို ၇၃၆ သန်း)၊ ဟင်းသီးဟင်းရွက် (ယူရို ၁၅၃ သန်း)၊ ထောပတ် (ယူရို ၁၃၀ သန်း)၊ အပူပိုင်းဒေသထွက်သစ်သီးဝလံများ (ယူရို ၁၂၅ သန်း)တို့ဖြစ်ကြပါသည်။

တင်သွင်းမှုတိုးတက်ခဲ့သည့် ကုန်စည်များမှာ ဆီကြိတ်ဖတ်များ (ယူရို ၁.၁ ဘီလျံ)၊ ပဲပုပ် (ယူရို ၁.၁ ဘီလျံ)၊ ဟိုက်ဒြိုကာဗွန်နှင့် ကာဘောက်ဆိုင်းလ်ပါ ဓါတ်ပေါင်းနှင့် ဖယောင်း (ယူရို ၅၀၀ သန်း)၊ ဆီအုန်း (ယူရို ၄၇၉ သန်း)၊ ကိုကိုးစေ့ (ယူရို ၂၉၁ သန်း) တို့ဖြစ်ကြပါသည်။ တင်သွင်းမှုကျဆင်းခဲ့သည့်ကုန်စည်များမှာ အပူပိုင်းဒေသထွက်သစ်သီးဝလံ၊ အစေ့အဆံနှင့် ဟင်းခတ်အမွှေး အကြိုင်များ (ယူရို ၆၆၉ သန်း)၊ သစ်သီးဖျော်ရည်များ (ယူရို ၁၉၄ သန်း)၊ ရှောက်/သံပုရာမျိုးဝင် အသီးများ (ယူရို ၁၅၉ သန်း)၊ ဆေးရိုး/ဆေးရွက်ကြီး (ယူရို ၁၅၈ သန်း)၊ ဆန် (ယူရို ၁၄၀ သန်း) တို့ ဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် - https://ec.europa.eu/info/news/steady-increase-eu-agri-food-trade-first-eight-months-2021-2021-nov-26_en

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

MIS DOP

........................................................................................................

## မြိတိန်တွင် ဩစတြေးလျနှင့် နယူးဇီလန် Manuka Honey ကုန်အမှတ်တံဆိပ်အငြင်းပွားမှု ဩစတြေးလျအနိုင်ရရှိခြင်း

မြိတိန်ကုန်အမှတ်တံဆိပ်ရုံး (Trademark Office) က နယူးဇီလန်နိုင်ငံ၏ Manuka Honey အသုံးအနှုန်းတောင်းဆိုချက်ကို ငြင်းဆို၍ ဩစတြေးလျပျားရည်ထုတ်လုပ်သူများကို အနိုင်ပေးလိုက်ကြောင်းသိရှိရပါသည်။ မြိတိန်အသိဉာဏပစ္စည်းမူပိုင်ခွင့်ရုံးက နယူးဇီလန်မဟုတ်သည့်နိုင်ငံများမှ လာသောပျားရည်ဖြစ်ကြောင်း သက်သေအထောက်အထားများစွာကို တွေ့ရှိရပါကြောင်း၊ စကားသုံး၏မူလအရင်းအမြစ်မှာ နယူးဇီလန်နိုင်ငံ၏ Maori အသုံးအနှုန်းဖြစ်သော်ငြားလည်း အင်္ဂလိပ်အဘိဓာန်တွင်ပါရှိပြီးဖြစ်ပါကြောင်း ပြောကြားထားပါသည်။

နယူးဇီလန်နိုင်ငံ၊ Manuka Honey Appellation Society သည် ယင်းအစိုးရ၏ကျောထောက်နောက်ခံပြု၍ ဗြိတိန်တွင်ကုန်အမှတ်တံဆိပ်လေလံဆွဲရာ၌ ဗြိတိန်ရှိအသိဉာဏပစ္စည်းမူပိုင်ခွင့်ရုံး (Intellectual Property Office–IPO ) ၏ ကုန်အမှတ်တံဆိပ်အသုံးအနှုန်း ပယ်ဖျက်ခြင်းကို ခံခဲ့ရခြင်းဖြစ်ပါသည်။ ဩစတြေးလျလုပ်ငန်းကဏ္ဍကလည်း ယင်းပျားရည်ထုတ်လုပ်ရန်ပျားများစားသုံးသည့်အပင် (Leptospermum Tree) သည် နှစ်နိုင်ငံလုံး၏ ဇာတိဖြစ်သောကြောင့်ကုန်အမှတ်တံဆိပ်ပြုလုပ်ရန်ခွင့်မပြုသင့်ကြောင်း နယူးဇီလန်လုပ်ငန်းကဏ္ဍနှင့် ကြာမြင့်စွာငြင်းဆိုခဲ့ခြင်းဖြစ်ပါသည်။ ဩစတြေးလျ Manuka Honey အသင်းဥက္ကဋ္ဌကလည်း ယခုဆုံးဖြတ်ချက်မှာသင့်တော်ပြီး၊ မှန်ကန်မှုရှိပါကြောင်း၊ ယင်းအသုံးအနှုန်းကို နယူးဇီလန်နိုင်ငံအတွက်ပဲဟု ပြောကြားနေခြင်းမှာ အဓိပ္ပာယ်မရှိပါကြောင်း၊ အများသုံးဖော်ပြချက် အသုံးအနှုန်းတစ်ခုကိုနိုင်ငံတစ်နိုင်ငံရှိ ထုတ်လုပ်သူများအတွက် လက်ဝါးကြီးအုပ်ခွင့်မပေးနိုင်ပါကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

ဗြိတိန်နိုင်ငံတွင် ရောင်းချသော Manuka Honey အများစုမှာနယူးဇီလန်နိုင်ငံမှ ဖြစ်ပုံရပြီး၊ ထုတ်ပိုးမှုတွင် ဖော်ပြထားသော်လည်း အများစုမှာထင်ရှားသောနည်းလမ်းဖြင့် ဖော်ပြထားခြင်းမဟုတ်ပါကြောင်း၊ နယူးဇီလန်နိုင်ငံ၏သီးခြားပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း သက်ဆိုင်ရာပြည်သူလူထုကနားလည်သဘောပေါက်နိုင်ကြောင်း ပြသသည့်အထောက်အထားမရှိပါကြောင်း၊ ဗြိတိန်နိုင်ငံတွင်လူအများနားလည်သည့်အသုံးအနှုန်းမှာ နယူးဇီလန်နှင့် ဩစတြေးလျကဲ့သို့ အခြားပထဝီဒေသဆိုင်ရာနေရာများမှ ပျားရည်ဟုဖော်ပြချက်ဖြစ်ပါကြောင်း ဗြိတိန် IPO က ပြောကြားထားပါသည်။ IPO က ဩစတြေးလျနိုင်ငံသားများအတွက် ကုန်ကျစရိတ်များကိုချီးမြှင့်ပေးခဲ့ပြီး၊ အဆိုပါဆုံးဖြတ်ချက်အပေါ် လာမည့်ဇန်နဝါရီလမတိုင်မီ အယူခံဝင်ခွင့်ရှိကြောင်းလည်းသိရှိရပါသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………………………

MISDOP

## အီးယူက သစ်တောပြုန်းတီးမှုထိန်းချုပ်ရေးဆိုင်ရာ Due Diligence စနစ်ထားရှိရန် ပြင်ဆင်ဆောင်ရွက်နေခြင်း

ဥရောပကော်မရှင်သည် ကမ္ဘာလုံးဆိုင်ရာသစ်တောပြုန်းတီးမှုထိန်းချုပ်နိုင်ရေး လုပ်ထုံးလုပ်နည်းအဆိုပြုချက်တစ်ရပ် (new Regulation to curb EU–driven deforestation and forest ကို ဥရောပပါလီမန်နှင့် အီးယူကောင်စီတို့သို့ တင်သွင်းခဲ့ကြောင်းသိရပါသည်။

ဥရောပကော်မရှင်သည် European Green Deal ခေါင်းစဉ်အောက်မှ သစ်တောပြုန်းတီးမှုရပ်တန့်ရေး၊ ဆန်းသစ်တီထွင်မှုရှိ၍ ရေရှည်တည်တံ့သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဖြစ်စေရေး၊ မြေဆီလွှာကျန်းမာရေးတို့နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းအဆိုပြုချက်များ (Proposals) ကိုတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

သစ်တောပြုန်းတီးမှုထိန်းချုပ်ရေး လုပ်ထုံးလုပ်နည်းအဆိုပြုချက်အရ ပဲပုပ်၊ ကျွဲ/နွား၊ ဆီအုန်း၊ သစ်၊ ကိုကိုး၊ ကော်ဖီစသည့် ကုန်စည်များသည် "Deforestation–free" ဖြစ်ကြောင်းနှင့် ပင်ရင်းနိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း ပြသနိုင်ခြင်းမရှိပါက အီးယူဈေးကွက်သို့ ဝင်ရောက်ခွင့်ပိတ်ပင်မည်ဖြစ်ကြောင်း၊ အဆိုပါကုန်စည်များကို အီးယူမှပြည်ပသို့တင်ပို့ရာတွင်လည်း အလားတူစည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ကြောင်း၊ ၎င်းကုန်စည်များကို တင်ပို့/တင်သွင်းလိုသည့် အီးယူကုမ္ပဏီများက မဖြစ်မနေလိုက်နာရမည့် Due Diligence စည်းမျဉ်းများကို အဆိုပြုလုပ်ထုံးလုပ်နည်းသစ်အရ ချမှတ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ထုံးလုပ်နည်းသစ်သည် EU Timber Regulation (EUTR) ၏ Due Diligence ကို လွှမ်းမိုးဆောင်ရွက်မည် ဖြစ်ကြောင်းသိရပါသည်။

MSDOP

အီးယူ၏ အဆိုပြုလုပ်ထုံးလုပ်နည်းသစ်သည် ပဲပုပ်၊ ကျွဲ/နွား၊ ဆီအုန်း၊ သစ်၊ ကိုကိုး၊ ကော်ဖီစသည့်ကုန်စည်များသာမက အမဲသား၊ ပျော့ဖတ်၊ စက္ကူစသည့် ဆက်စပ်ထုတ်ကုန်များကိုပါအကျုံးဝင်မည်ဖြစ်ပါသည်။ "Deforestation–free" သတ်မှတ်ရာ၌ ထုတ်ကုန်သည် ၃၁–၁၂–၂၀၂၀ ရက်နေ့နောက်ပိုင်းတွင် သစ်တောပြုန်းတီးမှုမဖြစ်ပေါ်သည့်မြေတွင် ထုတ်လုပ်ထားရမည်ဖြစ်ပြီး၊ ဥပမာအားဖြင့် အီးယူသို့တင်ပို့မည့်သစ်ထုတ်ကုန်သည် အဆိုပါနေ့ရက်မှစတင်၍ သစ်တောပျက်စီးမှုကို မဖြစ်ပေါ်စေဘဲ ထုတ်လုပ်ထားရမည်ဖြစ်ပါသည်။

ယင်းကုန်စည်များကို အီးယူဈေးကွက်သို့ တင်ပို့/ တင်သွင်းခြင်းမပြုမီ အီးယူကုမ္ပဏီများသည် Due Diligence ကို လိုက်နာရမည်ဖြစ်ကြောင်း၊ ၎င်းအရ ကုမ္ပဏီများသည် "Deforestation–free"

ဖြစ်ကြောင်းပြသနိုင်ရေး သတင်းအချက်အလက်များ (ဥပမာ- စိုက်ပျိုးထုတ်လုပ်သည့်မြေနေရာများ၏ ပထဝီဒေသတည်နေရာကိုသြဒိနိတ်များ၊ ထုတ်လုပ်သည့်အချိန်ကာလ၊ ပင်ရင်းနိုင်ငံ၏ဥပဒေများနှင့်အညီထုတ်လုပ်ထားကြောင်းနှင့် "Deforestation-free" ဖြစ်ကြောင်း စိစစ်အတည်ပြုနိုင်မည့် သတင်းအချက်အလက်များ) ကို စုစည်းရမည်ဖြစ်ကြောင်း၊ ၎င်းကုန်စည်များကို အီးယူဈေးကွက်သို့ တင်ပို့/တင်သွင်းရန်အတွက် သတ်မှတ်စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိကြောင်း Due Diligence Statement ကို ကုမ္ပဏီများက တင်ပြရန်လိုအပ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် Risk Assessment ကိုလည်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဥရောပကော်မရှင်သည် နိုင်ငံအလိုက်ကုန်စည်ထုတ်လုပ်မှုကြောင့် သစ်တောပြုန်းတီးမှုဖြစ်နိုင်ခြေကို အကဲဖြတ်နိုင်ရန် Benchmarking System တစ်ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် - https://www.whitecase.com/publications/alert/european-union-further-targets-global-deforestation

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

.........................................................................

## ဂျပန်နိုင်ငံသည် ၁၇ လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် စီးပွားရေးအမြင်ကို အဆင့်မြှင့်တင်ခဲ့

ဂျပန်နိုင်ငံပြည်တွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာမှုအနေအထားပိုမိုကောင်းမွန်လာသောကြောင့် စားသုံးသူများနှင့် ကုမ္ပဏီများသည် ဒီဇင်ဘာလတွင် ၁၇ လအတွင်း စီးပွားရေးကဏ္ဍအပေါ် ဘက်စုံအကဲဖြတ်ချက်ကို ပထမဆုံးအကြိမ်အဖြစ် မြှင့်တင်ခဲ့ကြောင်း သိရပါသည်။

အစိုးရအာဏာပိုင်များသည် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာကန့်သတ်ချက်များကို ဖြေလျှော့ပေးခြင်းဖြင့်ဝန်ဆောင်မှုကဏ္ဍတွင် ပုဂ္ဂလိကသုံးစွဲမှုနှင့် လုပ်ငန်းအခြေအနေများအပေါ်တိုးတက်မှုရှိကြောင်းသုံးသပ်သည့် ၎င်းတို့အမြင်များကို ထုတ်ဖော်ပြောကြားခဲ့သော်လည်း ကုန်ထုတ်လုပ်ငန်းတွင်ရင်ဆိုင်နေရသည့် ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်ဆိုင်ရာ ကန့်သတ်ချက်များနှင့် မြင့်တက်လာသည့် ကုန်ကြမ်းပစ္စည်းဈေးနှုန်းများကြောင့် ဆက်လက်ဖြစ်ပေါ်လာနိုင်သည့် အကျပ်အတည်းများကိုလည်း သတိပြုရန်သုံးသပ်ခဲ့ပါသည်။

ကမ္ဘာ့တတိယအကြီးဆုံးစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံ၏ တတိယသုံးလပတ်မှ စီးပွားရေးအနေအထားသည် ကနဦးခန့်မှန်းထားသည်ထက် အနည်းငယ်ပိုမိုတိုးတက်လာပါသည်။ သို့သော် ပြီးခဲ့သည့်စက်တင်ဘာလကုန်တွင် ကူးစက်ရောဂါထိန်းချုပ်မှုအစီအမံများကိုရုပ်သိမ်းပြီးနောက် ၂၀၂၁ ခုနှစ်၏ နောက်ဆုံးသုံးလပတ်တွင် စီးပွားရေးပြန်လည် ကောင်းမွန်လာရန် စီးပွားရေးပညာရှင်များက မျှော်လင့်ထားပါသည်။

ကိုရိုနာဗိုင်းရပ်စ်၏ သက်ရောက်မှုကြောင့် ဆိုးရွားသည့်အခြေအနေများ တဖြည်းဖြည်းလျော့ပါးလာသည်နှင့်တပြိုင်နက် ဂျပန်၏စီးပွားရေးသည် တိုးတက်သည့်အရိပ်အယောင်များတွေ့မြင်လာရကြောင်း ဒီဇင်ဘာလအတွက် စီးပွားရေးအစီရင်ခံစာတွင် သုံးသပ်ထားကြောင်း၊ သို့သော် စီးပွားရေးနှင့် ဘဏ္ဍာရေးဈေးကွက်များအပေါ် Omicron ကဲ့သို့သော ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသစ်များ၏ သက်ရောက်မှုအန္တရာယ်တစ်စုံတစ်ရာရှိနိုင်ချေကို အနီးကပ်စောင့်ကြည့်လိုကြောင်း ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အစိုးရတာဝန်ရှိသူက ပြောကြားခဲ့ပါသည်။

ပုဂ္ဂလိကသုံးစွဲမှုနှင့်ပတ်သက်၍ စားသောက်ဆိုင်များ၊ ဖျော်ဖြေရေးနှင့် အခြားကဏ္ဍများစသည့် ဝန်ဆောင်မှုကဏ္ဍများတွင် အခြေအနေများတိုးတက်ကောင်းမွန်လာခြင်းအပြင် ထောက်ပံ့မှုကန့်သတ်ချက်များ ဖြေလျှော့မှုများနောက်ပိုင်းတွင် မော်တော်ကားရောင်းအားများပြန်လည်ကောင်းမွန်လာခြင်းတို့ကြောင့် အစိုးရအနေဖြင့် စားသုံးမှုအပိုင်းအကဲဖြတ်ချက်ကို အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်းဟု အစိုးရအရာရှိတစ်ဦးက အစီရင်ခံစာကိုအတည်မပြုမီတွင် သတင်းထောက်များအား ပြောကြားခဲ့ပါသည်။

ဂျပန်ဗဟိုဘဏ် (Bank of Japan) ၏ သုံးလပတ် Tankan စစ်တမ်းတွင် ဂျပန်နိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍအနေအထားသည် နှစ်နှစ်တာအတွင်း အမြင့်ဆုံးအနေအထားသို့တိုးတက်ကောင်းမွန်လာသည့်အတွက် ပြည်တွင်းစီးပွားရေးအခြေအနေများအပေါ် အစိုးရ၏အမြင်ကိုလည်းအဆင့်မြှင့်တင်ခဲ့ပါသည်။ ထို့အပြင် အလုပ်ခန့်အပ်မှုများတိုးတက်လာခြင်းကြောင့် ၁၅ လအတွင်း ပထမဆုံးအကြိမ်အဖြစ် အစိုးရအနေဖြင့်အလုပ်အကိုင်အကဲဖြတ်ချက်ကို မြှင့်တင်ခဲ့ကြောင်းသိရပါသည်။

ဂျပန်အစိုးရသည် ၁၃ လအတွင်း ပထမဆုံးအကြိမ်အဖြစ် ငွေလုံးငွေရင်းအသုံးစရိတ်အပေါ် သုံးသပ်ချက်အမြင်ကို အဆင့်လျှော့ချခဲ့ပါသည်။ အထူးသဖြင့် ဆော့ဖ်ဝဲရင်းနှီးမြှုပ်နှံမှုများတွင် ကုမ္ပဏီများ၏ ငွေလုံးငွေရင်းအသုံးစရိတ်သည် နွေရာသီတွင်ကိုရိုနာကူးစက်ရောဂါကူးစက်မှုများ ပြန်လည်မြင့်မားလာမှုကြောင့် စီးပွားရေးတွေ့ဆုံပွဲအခွင့်အလမ်းများကို အနှောင့်အယှက်ဖြစ်စေ

MISDOP

သည့်အတွက် တတိယသုံးလပတ်တွင် တစ်စိတ်တစ်ပိုင်းနေးကွေးသွားကြောင်း အစိုးရတာဝန်ရှိသူကပြောကြားခဲ့ပါသည်။

ထို့အပြင် အိမ်ယာဆောက်လုပ်မှုနှင့်ပတ်သက်၍လည်း ၂၇ လအတွင်း ပထမဆုံးအကြိမ်အဖြစ် အစိုးရအနေဖြင့် သုံးသပ်ချက်အမြင်များကို အဆင့်လျှော့ချခဲ့ပါသည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပြန်လည်နာလန်ထူမှုကို ထပ်မံအားဖြည့်ပံ့ပိုးပေးရန် အစိုးရအနေဖြင့်ထပ်ဆောင်းဘတ်ဂျက်ပမာဏ ဂျပန်ယန်း ၃၁၇ ဘီလီယံကို ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် လွှတ်တော်မှအတည်ပြုပေးခဲ့ပါသည်။

ရင်းမြစ်။ https://asia.nikkei.com/

နန္ဒာဝင်း၊ စီးပွားရေးသံမှူး

တိုကျို

................................................................................................................................

## ဘယ်လ်ဂျီယံနိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ကြောင့်ထိခိုက်မှုအပေါ် အထောက်အကူပြုအစီအမံများကို ၂၀၂၂ ခုနှစ်အထိ ထပ်မံတိုးမြှင့်လိုက်ခြင်း

MISDP

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ထိန်းချုပ်နိုင်ရေးကန့်သတ်ချက်များချမှတ်ရမှုကြောင့် ထိခိုက်သူများ/ စီးပွားရေးလုပ်ငန်းများအတွက် လက်ရှိဘဏ္ဍာရေးအထောက်အပံ့အစီအမံများကို ၂၀၂၂ ခုနှစ်အထိ ထပ်မံတိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ အစီအမံသစ်များကိုလည်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဘယ်လ်ဂျီယံနိုင်ငံဖက်ဒရယ်အစိုးရက တရားဝင်အတည်ပြုခဲ့သည်ဟု သိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းစတင်ချိန်ကတည်းက ကျန်းမာရေးဆိုင်ရာ ထိန်းချုပ်ကန့်သတ်ချက်များကြောင့်သက်ရောက်မှုရှိခဲ့သည့် ပြည်သူများ၊ ကုမ္ပဏီများနှင့် လုပ်ငန်းကဏ္ဍများအားအစိုးရမှ အထောက်အကူပေးခဲ့ကြောင်း၊ ယခုအခါ  အစိုးရအနေဖြင့် ယင်းကတိကဝတ်ကိုထပ်မံပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဘယ်လ်ဂျီယံဝန်ကြီးချုပ် Alexander De Croo က ပြောကြားခဲ့ပါသည်။

ဗိုင်းရပ်စ်ထိန်းချုပ်ရေး ကန့်သတ်ချက်များကြောင့် ထိခိုက်မှုကြီးမားခဲ့သည့် အခမ်းအနားများစီစဉ်ကျင်းပရေးကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများအတွက် ၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် လူမှုဖူလုံရေးထည့်ဝင်ကြေးများလျှော့ချပေးမည်ဖြစ်ပြီး၊ ယင်းတွင် အခမ်းအနားကျင်းပရေး၊ ယဉ်ကျေးမှုဖျော်

ဖြေရေး၊ ကပွဲ၊ ဘားဆိုင်များနှင့် မိုးလုံလေလုံကစားကွင်းစသည့် လုပ်ငန်းများလည်းပါဝင်မည်ဖြစ်ကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံနိုင်ငံအစိုးရ၏ အလုပ်အကိုင်များထိန်းထားနိုင်ရေး ရည်ရွယ်ဆောင်ရွက်သည့် ယာယီအလုပ်လက်မဲ့အစီအစဉ် (corona unemployment scheme) မှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ယင်းအစီအစဉ်ကို ၂၀၂၂ ခုနှစ်၏ ပထမသုံးလပတ်အထိ ထပ်မံတိုးမြှင့်သွားမည်ဖြစ်ပါသည်။ အဆိုပါအစီအစဉ်မှာ ကုမ္ပဏီတစ်ခုခုကယင်း၏လုပ်ငန်းများလျှော့ချရခြင်း (သို့မဟုတ်) ပိတ်သိမ်းရခြင်းကြောင့်လုပ်သားများကို တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အလုံးစုံဖြစ်စေ အလုပ်မှရပ်နားထားရန်လိုအပ်ပါက အစိုးရမှယာယီအလုပ်လက်မဲ့အစီအစဉ်ဖြင့်ပံ့ပိုးပေးခြင်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် ပျမ်းမျှအားဖြင့် လုပ်သား (၃) သိန်းခန့်နှင့် ကုမ္ပဏီ (၅၅၀၀၀) ခန့်သည် ယာယီအလုပ်လက်မဲ့အစီအစဉ်မှ အကျိုးကျေးဇူးရရှိခဲ့ကြကြောင်း စီးပွားရေးနှင့် အလုပ်သမားဝန်ကြီး Pierre-Yves Dermagne ပြောကြားပါသည်။

ညှော်ဝန်ဆောင်မှုလုပ်ငန်းများက ၎င်းတို့၏ဝန်ထမ်းများအား နှစ်ကုန်ဆုကြေးငွေပေးအပ်နိုင်ရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံအစိုးရက ထောက်ပံ့မှုပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ယင်းအတွက်ရည်ရွယ်၍ ယူရို (၆၆) သန်း ဘတ်ဂျက်ကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း Pierre-Yves Dermagne က ဆက်လက်ပြောကြားသည်။ ၂၀၂၁ ခုနှစ်တွင် ဖက်ဒရယ်အစိုးရအနေဖြင့် ကပ်ရောဂါအကျပ်အတည်းဆိုင်ရာ အထောက်အကူပြုအစီအမံများအတွက် ယူရို (၆.၃) ဘီလျံကို အသုံးပြုထားပြီးဖြစ်ကြောင်း၊ ယင်းတွင် ယာယီအလုပ်လက်မဲ့အစီအစဉ်အတွက် ယူရို (၂) ဘီလျံခန့်သုံးစွဲခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။

ရင်းမြစ် - [https://www.brusselstimes.com/belgium/197250/government-corona-support-measures-extended-to-2022](https://www.brusselstimes.com/belgium/197250/government-corona-support-measures-extended-to-2022)

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

..........................................................................................................

MIS DDP

## ထုတ်ကုန်ဈေးကွက်ရရှိရေးတွေ့ဆုံဆွေးနွေးခြင်း

ဂျာမနီနိုင်ငံရှိ Harrison Organics Company က မြန်မာနိုင်ငံမှ Lemon Powder ရရှိဝယ်ယူလိုခြင်းအတွက် မြန်မာသံရုံး၊ ဘာလင်မြို့သို့ဆက်သွယ်ဆောင်ရွက်ခြင်းရှိလာမှုအပေါ် မြန်မာနိုင်ငံမှ Power Mawshan ကုမ္ပဏီနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး နှစ်ဘက်တွေ့ဆုံဆွေးနွေးနိုင်ရန်အွန်လိုင်းဆွေးနွေးပွဲတစ်ခု(Team Viewer meeting)ကို ၁၁.၁၂.၂၀၂၁ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် Harrison Organic Company အနေဖြင့် Natrium hydrogen bicarbonate (Baking Soda)နှင့် Lemon Powder တို့ပါဝင်သည့် ထုတ်ကုန်အသစ်ကို ထုတ်လုပ်ရန်စီစဉ်လျှက်ရှိကြောင်း၊ ကယ်လ်စီယံဓါတ်သည် လူတို့၏ကျန်းမာရေးအတွက် အထူးကောင်းမွန်ပြီး အရိုးအဆစ်သန်မာခြင်း၊ ခန္ဓာကိုယ်အလေးချိန်ကိုထိန်းညှိလျှော့ချနိုင်ခြင်းတို့ကြောင့် Lemon Powder ပါဝင်၍ နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုထုတ်လုပ်လိုကြောင်း၊ ယခင် Vitamin K2 ဆေးဝါးကိုဂျပန်နည်းပညာ (Natto) အသုံးပြု၍ထုတ်လုပ်ခဲ့ခြင်းရှိပြီး ယခုအခါထုတ်ကုန်အမယ်သစ်ကို စမ်းသပ်ထုတ်လုပ်လိုခြင်းဖြစ်ကြောင်း၊ Lemon Powder ကို Spray dry နည်းလမ်းဖြင့် ထုတ်လုပ်ရရှိခြင်းကိုစိတ်ဝင်စားပြီး Power Mawshanကုမ္ပဏီအနေဖြင့် မည်သည့်နည်းလမ်းဖြင့် ထုတ်လုပ်နိုင်မည်ကိုသိရှိလိုကြောင်း၊ ထုတ်ကုန်အတွက် အချိန်ယူဆောင်ရွက်မည်ဖြစ်ပြီး တစ်ဆင့်ချင်းသာဆောင်ရွက်လိုကြောင်း၊ အပူချိန်ဖြင့်အခြောက်ခံအမှုန့်ကြိတ်သည့်နည်းလမ်းသည် ဓာတ်ရောင်ခြည်များပါဝင်နိုင်ခြင်း၊ မူလသဘာဝဓာတ်များပျက်ပြယ်နိုင်ခြင်း၊ လျှပ်စစ်သံလိုက်ဓာတ်အားများရောနှောနေမှုများရှိနိုင်ကြောင်း ဆွေးနွေးပါသည်။

Power Mawshan ကုမ္ပဏီကဆွေးနွေးရာတွင် မိမိတို့ကုမ္ပဏီအနေဖြင့် စိုက်ပျိုးမြေ(၂၀၀) ဟက်တာတွင် အော်ဂဲနစ်လယ်သမား(၂၀၀)ကျော်ဖြင့် စိုက်ပျိုးလုပ်ကိုင်နေကြောင်း၊ လက်ဖက်စိုက်ခင်းများကို ပင်လယ်ရေမျက်နှာပြင်အထက် မီတာ၁၈၀၀ကျော်တွင်စိုက်ပျိုးပြီးကော်ဖီ၊ သံပုရာ၊ နနွင်း၊ ဂျင်းတို့ကိုလည်း ထည့်သွင်းစိုက်ပျိုးကြောင်း၊ မြန်မာနိုင်ငံတွင် သံပုရို(Lemon)အပြင် သံပုရာသီး (Lime)သည်လည်း ရာသီထွက်ကုန်တစ်ခုဖြစ်ကြောင်း၊ မိမိတို့လက်ဖက်ထုတ်ကုန်များအနက် Lemon Powder ထည့်သွင်းအသုံးပြုသည့် Lemon လက်ဖက်ကိုလည်း ထုတ်လုပ်နေကြောင်း၊ အသီးကို အချပ်လွှာများအဖြစ်ခွဲခြမ်း၍ မိုင်ခရိုဝေ့ဗ်တွင်အခြောက်ခံပြုလုပ်ပြီး grinding machine ဖြင့်အမှုန့်ပြုလုပ်ကြောင်း၊ အပူချိန်များစွာလွန်ကဲခြင်းမရှိဘဲ ၈၅ဒီဂရီစင်တီဂရိတ်တွင် ၄၅မိနစ်မှ ၁ နာရီအကြားသာ အပူပေးအခြောက်ခံခြင်းဖြစ်၍ မူလအနံ့အရသာများလျော့နည်းသွားခြင်းမရှိဘဲ

MIS DOP

ခေတ်ရေစင်ခြည်များ ပါဝင်နိုင်မှုလည်းများစွာမရှိနိုင်ပါကြောင်း၊ ဦးစွာနမူနာထုတ်ကုန်များ လက်ခံရယူပြီး စစ်ဆေးကြည့်ရှုနိုင်ပါကြောင်း ဆွေးနွေးပါသည်။

ဆွေးနွေးချက်များအရ Harrison Organic Company က Lemon Powder အပြင် ကော်ဖီနှင့် လက်ဖက်ခြောက်တို့ကိုလည်း စိတ်ဝင်စားမှုရှိကြောင်း၊ Power Mawshan ကုမ္ပဏီအနေဖြင့် Lemon Powder ၊ ကော်ဖီနှင့်လက်ဖက်ခြောက်နမူနာထုတ်ကုန်တို့ကို ပေးပို့မည်ဖြစ်ကြောင်း၊ Harrison အနေဖြင့် ဈေးကွက်ဖြန့်ချီရေးအတွက် မူလချိတ်ဆက်မှုများနှင့် အမေဇုန်ကဲ့သို့အွန်လိုင်းမားကက်များတွင်လည်း ချိတ်ဆက်ဆောင်ရွက်မှုရှိကြောင်း၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဆွေးနွေးရရှိခဲ့ပါသည်။

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး
ဘာလင်

.....................................................................

## German Agribusiness Alliance နှင့် တွေ့ဆုံဆွေးနွေးခြင်း

German Agribusiness Alliance(GAA) မှ Director Ms.Alina Gumpert နှင့် ၁၅.၁၂.၂၀၂၁ ရက်နေ့တွင် ဘာလင်မြို့ရှိ House of the German Economy အဆောက်အဦ၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ GAA သည် လယ်ယာစိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် အထူးသဖြင့် အရှေ့ဥရောပ၊အာရှနှင့်အာဖရိကနိုင်ငံများတွင် လိုအပ်နေသောစိုက်ပျိုးထုတ်လုပ်မှုနည်းလမ်းကောင်းများနှင့် အခြားပူးပေါင်းဆောင်ရွက်မှုများအတွက် အဖွဲ့ဝင်အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ကိုယ်စားလှယ်အဖွဲ့များသွားရောက်ခြင်း၊ ဆွေးနွေးပွဲဖိုရမ်များကျင်းပပေးခြင်းတို့ကို ပံ့ပိုးဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ပါသည်။ ထို့ပြင်လုပ်ငန်းလိုအပ်ချက်များအရ ဂျာမနီနိုင်ငံ သက်ဆိုင်ရာဖက်ဒရယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ရန်ပုံငွေရရှိရေး၊ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအကောင်အထည်ဖော်ခြင်းတို့ကို ကူညီဆောင်ရွက်ပေးသည့် အဖွဲ့အစည်းဖြစ်ပါသည်။

ဆွေးနွေးမှုများအရ GAA တွင် အဖွဲ့ဝင်အသင်းအဖွဲ့ပေါင်း(၃၅)ခုနှင့် ကုမ္ပဏီပေါင်း(၅၀)ခန့်ရှိကြောင်း၊ အဖွဲ့ဝင်ကုမ္ပဏီတစ်ခုချင်း၏ ဦးတည်ဆောင်ရွက်လိုသည့်လုပ်ငန်းနယ်ပယ်ကိုကောင်းစွာသိရှိထားကြောင်း၊ အဖွဲ့ဝင်မဟုတ်သည့်အခြားကုမ္ပဏီများနှင့်လည်း လိုအပ်ပါကဆက်သွယ်ဆောင်ရွက်ခြင်းရှိကြောင်း၊ ကိုဗစ်ကပ်ရောဂါကာလမတိုင်မီက သက်ဆိုင်ရာနိုင်ငံများနှင့် အပြန်

အလုပ်တွေ့ဆုံဆွေးနွေးခြင်း၊ ကိုယ်စားလှယ်အဖွဲ့များသွားရောက်ခြင်းတို့ရှိခဲ့သော်လည်း ကိုဗစ်ကပ်ရောဂါကာလအတွင်းမှာမူ နှစ်နိုင်ငံ Online Business Forum များ ကျင်းပပြုလုပ်ခြင်း၊ လိုအပ်သည့် ပံ့ပိုးမှုများဆောင်ရွက်ပေးခြင်းတို့ရှိကြောင်း၊ နှစ်နိုင်ငံအကြားလိုအပ်ချက်များနှင့် စိတ်ဝင်စားမှုနယ်ပယ်များဖော်ထုတ်ဆွေးနွေးပြီး ရေရှည်ဆက်သွယ်ဆောင်ရွက်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ကြောင်း၊ အာဖရိကနိုင်ငံများနှင့် German Africa Business Association ကို ဖွဲ့စည်းထားရှိပြီး German–Africa Agribusiness Forum ကို ၂၀၂၂ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပရန်ရှိကြောင်း၊ သီရိလင်္ကာ၊ အိန္ဒိယ၊ နိုင်ဂျီးရီးယားစသည့်နိုင်ငံများနှင့် Farming Practice, postharvest technology, water saving technology စသည့်အပိုင်းများတွင် ဆွေးနွေးထားမှုများရှိကြောင်း၊ ၂၀၂၀ခုနှစ်အတွင်း မြန်မာနိုင်ငံဘက်မှလုပ်ငန်းရှင်များနှင့် ဂျာမန်လုပ်ငန်းရှင်များအကြားတွေ့ဆုံဆွေးနွေးမှုတစ်ခုကို German– Asia Pacific Business Association(OAV)နှင့် GIZ တို့စီစဉ်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းရှိကြောင်း၊ GAA အနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုပိုင်းကိုပိုမိုဦးတည်ပြီး Food Procession အပိုင်းကိုလည်း ထည့်သွင်းဆောင်ရွက်ကြောင်း၊ မြန်မာနိုင်ငံဘက်မှစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဦးတည်ချက်နှင့် လိုအပ်ချက်များအရ အကောင်အထည်ဖော်ဆောင်ရွက်လိုသည်များအတွက် proposal တင်ပြ၍ သီးခြားခေါင်းစဉ်များအလိုက် ဥပမာ– sustainable crop production, farm mechanization, postharvest best practice စသည်ဖြင့် မြန်မာကုမ္ပဏီများကို ဖိတ်ကြား၍ B to B ပုံစံ စိုက်ပျိုးထုတ်လုပ်မှုပိုင်းနှင့် ပြုပြင်ထုတ်လုပ်မှုပိုင်းကို သီးခြားခေါင်းစဉ်များအလိုက် အုပ်စုများဖွဲ့ပြီး အချိန်ပိုင်းခြားသတ်မှတ်၍ ဆွေးနွေးနိုင်ကြောင်း၊ လိုအပ်ချက်အရ အခြားကုန်သွယ်မှုပိုင်းဆိုင်ရာဆွေးနွေးမှုများလည်း ပြုလုပ်နိုင်ကြောင်း၊ မြန်မာနိုင်ငံမှ စားသောက်ကုန်စည်များအတွက် ဂျာမနီနိုင်ငံရှိသက်ဆိုင်ရာ အသင်းအဖွဲ့၊ ကုမ္ပဏီများ၏ Contact များ ပံ့ပိုးပေးခြင်းနှင့် အချို့ကိုချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးကြပါသည်။

ဆွေးနွေးမှုများအရ စီးပွားရေးသံမှူးအနေဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ UMFCCI နှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး GAA နှင့် ပူးပေါင်း၍ Business Forum ပုံစံကျင်းပပြုလုပ်နိုင်ရေး ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

……………………………………………………………………………………………

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း အလွန်မြင့်တက်လာမှုကြောင့် ပိုမိုတင်းကျပ်သည့် Social Distancing စည်းမျဉ်းများကို ပြန်လည်သတ်မှတ်ထုတ်ပြန်ခဲ့

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း အလွန်မြင့်တက်လာမှုကြောင့် “Return to Normalcy” အစီအစဉ်အားဆိုင်းငံ့ထားရန် တောင်ကိုရီးယားအစိုးရက ဆုံးဖြတ်ခဲ့မှုအခြေအနေအားရည်ညွှန်းပါစာဖြင့် တင်ပြခဲ့ပါသည်။ ထို့နောက် တောင်ကိုရီးယားအစိုးရအနေဖြင့် လက်ရှိကာလတွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်း အလွန်မြင့်တက်လာသည့်အခြေအနေများအရ ပိုမိုတင်းကျပ်သည့် Social Distancing စည်းမျဉ်းများ၊ ဆိုင်ထိုင်၍စားသောက်ခွင့်ကန့်သတ်မှုများ စသည်တို့ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ(၁၈) ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၂) ရက်နေ့အထိ (၁၆)ရက်တာ ပြန်လည်လိုက်နာကြရန် (၁၆-၁၂-၂၀၂၁) ရက်နေ့တွင် ဆက်လက်ထုတ်ပြန်လိုက်ပါသည်။

ကိုဗစ်-၁၉ ကူးစက်မှုနှုန်း စံချိန်တင်မြင့်တက်နေမှုကို တုံ့ပြန်တိုက်ဖျက်နိုင်ရန်အတွက် စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များသည် ည(၉) နာရီအထိနှင့် Internet Café များသည် ည (၁၀) နာရီအထိသာ ဖွင့်ခွင့်ရှိကြောင်း၊ Private Gathering အနေဖြင့် အများဆုံး လူ(၄)ဦးအထိသာ တွေ့ဆုံစုစည်းခွင့်ရှိကြောင်း၊ ကာကွယ်ဆေးမထိုးရသူများအနေဖြင့်စားသောက်ဆိုင်များတွင် အခြားသူများနှင့်အတူထိုင်ခွင့်မရှိဘဲ တစ်ဦးတည်းသာ သီးသန့်စားသောက်ရမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ဝယ်ယူမှုများတွင် Take away (သို့မဟုတ်) Delivery ဝန်ဆောင်မှုများဖြင့် ဝယ်ယူနိုင်ကြောင်း၊ သို့ရာတွင် ကိုယ်ပိုင်သင်တန်းကျောင်းများကိုမူ ဤကန့်သတ်ချက်အမိန့်တွင်ထည့်သွင်းထားခြင်းမရှိသေးကြောင်း ကြေညာချက်များအရ သိရှိရပါသည်။

"အစိုးရအနေဖြင့် တင်းကျပ်သော ကိုဗစ်-၁၉ ဗိုင်းရပ်စ်တိုက်ဖျက်ရေးအစီအမံများကို ပြန်လည်သတ်မှတ်လိုက်ရသဖြင့် အထူးစိတ်မကောင်းကြောင်း၊ ယခုကဲ့သို့ အဆင့်ဆင့်ပြန်လည်ထူထောင်ရေးကာလအတွင်း တောင်ကိုရီးယားအစိုးရသည် ကိုဗစ်-၁၉ ရောဂါပြင်းထန်သည့်လူနာများလျော့ကျစေရန်နှင့် လူနာများအတွက်ဆေးရုံကုတင်အလုံအလောက်ရှိစေရန် မစီစဉ်နိုင်ခဲ့ကြောင်း၊ အခြေအနေအရစည်းကမ်းများပြန်လည်သတ်မှတ်ရ၍ အလုပ်ချိန်တိုတောင်းမှုကြောင့် ထိခိုက်နိုင်သောစီးပွားရေးလုပ်ငန်းများအား ငွေကြေးအကူအညီပံ့ပိုးပေးရန် အစိုးရ၏သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးနေကြောင်း” သမ္မတ Moon Jae-in က (၁၆-၁၂-၂၀၂၁) ရက်နေ့ကထုတ်ပြန်သည့် ကြေညာချက်တွင်ထည့်သွင်းဆွေးနွေး၍ တောင်ကိုရီးယားပြည်သူများသို့တောင်းပန်ခဲ့ပါသည်။

MIS DOP

ဝန်ကြီးချုပ်Kim Boo-kyum က"လက်ရှိအခြေအနေသည်အလွန်ဆိုးရွားနေပြီ" ဟုမှတ်ချက်ပြုခဲ့ကြောင်း၊ တောင်ကိုရီးယားအစိုးရ၏ လေ့လာဆန်းစစ်မှုများအရ ယခုအခြေအနေအတိုင်းသာဆက်ရှိနေပါက နေ့စဉ်ကူးစက်မှုအရေအတွက်သည် ဆက်လက်တိုးမြင့်နိုင်ပြီး၊ မကြာမီကျရောက်မည့်နှစ်သစ်ကူးအားလပ်ရက်ရာသီတွင် လူအများအပြားစုရုံးနိုင်သဖြင့် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် အမြင့်ဆုံး(၁၀,၀၀၀) ဦးဝန်းကျင်အထိ စံချိန်တင်မြင့်တက်လာနိုင်ကြောင်း၊ ကပ်ရောဂါပိုဆိုးလာပါက ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် နေ့စဉ်ကူးစက်မှုနှုန်းသည် (၂၀,၀၀၀) ဦးခန့်အထိပင် တိုးမြင့်လာနိုင်ကြောင်း၊ ဤအရေးကြီးသောအခိုက်အတန့်ကိုအောင်မြင်စွာကျော်လွှားနိုင်ရေး လက်ရှိချမှတ်လိုက်သည့်စည်းကမ်းများကို တိကျစွာလိုက်နာကြရန်နှင့် (၂)ပတ်အတွင်း လက်ရှိကူးစက်မှုနှုန်းများလျှော့ချရေးသည်အရေးကြီးကြောင်း Korea Disease Control and Prevention Agency (KDCA)၏ အကြီးအကဲ Jeong Eun-kyeong ကသတိပေးခဲ့ကြောင်း သတင်းများအရသိရှိရပါသည်။

(၁၇-၁၂-၂၀၂၁) ရက်နေ့ (၀၀:၀၀)အချိန် KDCA ၏စာရင်းအရ ကိုဗစ်-၁၉ ကူးစက်မှု (၇,၄၃၅)ဦး၊ အရေးပေါ်အခြေအနေတွင်ရောက်ရှိနေသည့်လူနာ (၉၇၁)ဦး၊ သေဆုံးသူ(၇၃)ဦး၊ စုစုပေါင်း ယနေ့အထိ ရောဂါပိုးကူးစက်ခံရမှု (၅၅၁,၅၅၁)ဦး၊ သေဆုံး (၄,၅၉၁)ဦးဖြစ်ကြောင်း၊ အထူးသဖြင့်မြို့ တော်ဆိုးလ်နှင့် ပတ်ဝန်းကျင်ရှိ Gyeonggi ပြည်နယ်ဒေသတွင် ကူးစက်မှုအမြင့်ဆုံးဖြစ်နေကြောင်း သိရှိရပါသည်။ တောင်ကိုရီးယားအစိုးရသည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် Social Distancing စည်းမျဉ်းများကိုဖြေလျှော့ခဲ့ပြီး၊ ထိုကာလအတွင်း ကိုဗစ်-၁၉ကူးစက်မှုနှုန်းသည် (၅)ဆ ခန့်မြင့်တက်လာသဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ကူးစက်မှုနှိမ်နင်းရေးအစီအမံများကို ပြန်လည်စတင်ရခြင်းဖြစ်ပါသည်။

သို့ပါ၍ တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုနှုန်းအလွန်မြင့်တက်လာမှုကြောင့် ပိုမိုတင်းကျပ်သည့် Social Distancing စည်းမျဉ်းများကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့အထိ (၁၆) ရက်ကြာ ပြန်လည်သတ်မှတ်ထားရှိမှုအခြေအနေကို သိရှိနိုင်ပါရန် တင်ပြလိုက်ရပါသည်။

ရင်းမြစ်: The Korea Herald

ဝင်းပပသူ၊ စီးပွားရေးသံမှူး

ဆိုးလ်

………………………………………………………………………………………………

MISDDP

## SMEs များ၏ (၄၀%) မှာ ပိတ်သိမ်းနိုင်ခြေမြင့်မားလျက်ရှိခြင်း

ထိုင်းကုန်သည်ကြီးများအသင်းတက္ကသိုလ် University of Thai Chamber of Comm– erce (UTCC) ၏လေ့လာချက်အရ SMEsများ၏(၄၀%)သည် ငွေဖြစ်လွယ်ခြင်းခက်ခဲမှုနှင့် လုပ်ငန်းလည်ပတ်မှုစရိတ်များမြင့်မားခြင်းတို့ကြောင့် ပိတ်သိမ်းရန်အခြေအနေနှင့် ရင်ဆိုင်နေကြရကြောင်းသိရှိရပါသည်။

နိုဝင်ဘာလ(၁၂) ရက်နေ့မှ(၁၇)ရက်နေ့အတွင်း SMEs များ၏အခြေအနေအဆင့်အတန်းကို စစ်တမ်းကောက်ယူခဲ့မှုအပေါ်အခြေခံ၍ UTCC ကောင်စီ၏အကြံပေးဖြစ်သူ Sauwanee Thairu– ngroj က SMEs အများစုအနေဖြင့် Covid–1 အကျပ်အတည်းကြောင့် လုပ်ငန်းများပိတ်သိမ်းရန် အခြေအနေမြင့်မားနေကြောင်းပြောကြားခဲ့ပါသည်။ အဆိုပါ SMEs များအနေဖြင့် ငွေဖြစ်လွယ်မှု (Liquitidy) အကျပ်အတည်းနှင့်ရင်ဆိုင်နေရပြီး ရန်ပုံငွေများလည်းမရရှိကြောင်းသူမကပြောကြားခဲ့ သည်ဟုသိရှိရပါသည်။

ငွေဖြစ်လွယ်မှုနည်းပါးခြင်းသည် လက်ရှိSMEsများအတွက် ဆိုးရွားသောပြဿနာတစ်ခု ဖြစ်ပြီး စီးပွားရေးအခြေအနေမှာလွန်စွာထိခိုက်လွယ်သောအခြေအနေဖြစ်ကြောင်း၊ SMEs များစွာတို့ အနေဖြင့်အကယ်၍ ကိုဗစ်–၁၉ လှိုင်းအသစ်ဆက်လက်ဖြစ်ပွားပြီး lockdown အစီအမံများဆက် လက်ထားရှိမည်ဆိုပါက လုပ်ငန်းများပိတ်သိမ်းနိုင်ခြေပိုတိုးလာမည်ဟု သူမကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လေ့လာဆန်းစစ်မှုအရ SMEs များ၏အရောင်းပမာဏမှာ ကပ်ရောဂါဖြစ်ပွားပြီးနောက် (၁၈.၆%) ကျဆင်းသွားပြီး ၎င်းတို့၏လုပ်ငန်းလည်ပတ်စရိတ်များမြင့်တက်လာကာ အမြတ်ငွေများ စွာကျဆင်းခဲ့ကြောင်းတွေ့ရှိခဲ့ပါသည်။

SMEs များအနေဖြင့်အပေါင်ပစ္စည်းမလိုအပ်ဘဲ အထူးချေးငွေအစီအစဉ်ကိုအရှိန်မြင့်တင် ထောက်ပံ့ဆောင်ရွက်ပေးရန်၊ ကုန်ကြမ်းနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ တင်သွင်းခြင်းအတွက် အခွန်လျှော့ချပေးရန်၊ ခရီးသွားလုပ်ငန်းလှုံ့ဆော်မှုအစီအမံ များဆောင်ရွက်ပေးရန်၊ ကာကွယ်ဆေး ထိုးနှံခြင်းနှင့်ကိုဗစ်–၁၉ကူးစက်မှုအပေါ်ထိရောက်စွာ ထိန်းချုပ်ခြင်းများဆောင်ရွက်ပေးရန် အစိုးရကို တောင်းဆိုခဲ့ကြောင်းသိရှိရပါသည်။

MIS DOP

UTCC ဥက္ကဋ္ဌ Thanavath Phonvichai က အစိုးရအနေဖြင့် SMEs များ၏ ငွေဖြစ်လွယ်မှု အခက်အခဲများကိုဖြေရှင်းပေးရန်အတွက် ဘတ်ငွေ(၂၀၀-၃၀၀)ဘီလီယံတန်ဖိုးရှိ ချေးငွေအစီအမံကို ဦးစားပေးလုပ်ဆောင်သင့်ကြောင်း ပြောကြားခဲ့ပါသည်။ SMEs အများစုအနေဖြင့်ချေးငွေအတွက် အပေါင်ပစ္စည်းထားရန်မရှိသောကြောင့် ငွေကြေးလည်ပတ်မှု အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း၊ ပို၍အရေးကြီးသည်မှာ စားသုံးသူများ၏ဝယ်ယူနိုင်စွမ်းအား (Purchasing power) မှာပြန်လည်နာလန်မထူနိုင်သေးကြောင်းနှင့် အိမ်ထောင်စုများ၏ကြွေးမြီမှာ မြင့်မားနေခြင်းပင်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

လက်ရှိတွင် နိုင်ငံအတွက် ဘတ်ငွေ(၆)ထရီလီယံ(သို့မဟုတ်)GDP၏(၄၀%)ကိုထည့်ဝင်ပေးနေသောSMEsလုပ်ငန်းပေါင်း (၃)သန်းခန့်ရှိနေကြောင်းသိရှိရပါသည်။ SMEs များ၏ (၅%) အနေဖြင့်လုပ်ငန်းရပ်ဆိုင်သွားမည်ဆိုပါက စီးပွားရေးအပေါ်ထိခိုက်နိုင်မှုမှာဘတ်ငွေ(၃၀၀) ဘီလီယံခန့်ရှိနိုင်မည်ဖြစ်ပြီးအလုပ်သမား(၂)သန်းအပေါ် သက်ရောက်မှုရှိနိုင်ကြောင်းသိရှိရပါသည်။

Source: Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

---

## ဟောင်ကောင်ဒေသ၏ ပို့ကုန်တင်ပို့မှု (၂၅) ရာခိုင်နှုန်း တိုးတက်နိုင်ခြေရှိခြင်း

ဟောင်ကောင်ဒေသ၏ပို့ကုန်တင်ပို့မှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင်(၂၅)ရာခိုင်နှုန်းတိုးတက်နိုင်ခြေရှိကြောင်း၊ သို့သော် ယခုနှစ်အား အခြေခံထားနှိုင်းယှဉ်လျှင် လာမည့်နှစ်တွင်(၈)ရာခိုင်နှုန်းသာ တိုးတက်နိုင်ကြောင်း၊ ဟောင်ကောင်ဒေသ၏ပို့ကုန်တင်ပို့မှုမှာ ယခုနှစ်၊ ပထမ(၁၀)လအတွင်း (၂၆.၇)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ယခင်လနှင့်ယခုလ၏ ပို့ကုန်တင်ပို့မှုများမှာ ကောင်းမွန်မှုရှိကြောင်း၊ လာမည့်နှစ်တွင် ပို့ကုန်တင်ပို့မှု (၈) ရာခိုင်နှုန်းရှိနိုင်ကြောင်း ခန့်မှန်းချက်တွင် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုကိုလည်း ထည့်သွင်းတွက်ချက်ထားကြောင်း ဟောင်ကောင်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ Mr. Nicholas Kwan Ka-ming ကပြောကြားခဲ့ကြောင်း၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌“ HK exports poised for 25 pc growth” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် ဟောင်ကောင်ဒေသ၏ အလုပ်လက်မဲ့နှုန်းမှာ ဩဂုတ်လတွင် (၀.၂) ရာခိုင်နှုန်းမှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလကုန်တွင် (၄.၁) ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း၊ ဆောက်လုပ်ရေးကဏ္ဍ၊ လက်လီရောင်းချမှုကဏ္ဍ၊ တည်းခိုခန်းလုပ်ငန်းကဏ္ဍနှင့် စားသောက်ကုန်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများတွင် အလုပ်လက်မဲ့နှုန်းသိသာစွာလျော့ကျခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင်လုပ်ငန်းနှင့် ကျွမ်းကျင်မှုကိုက်ညီပြီး လစာနှုန်းနည်းပါးစွာရရှိသည့် အလုပ်သမားများနှင့် အချိန်ပိုင်းအလုပ်သမားများနှုန်း(underemployment rate) မှာ ဩဂုတ်လနှင့် အောက်တိုဘာလအတွင်းတွင် (၁.၉)ရာခိုင်နှုန်းမှ စက်တင်ဘာလနှင့် နိုဝင်ဘာလတွင်(၁.၈) ရာခိုင်နှုန်းသို့လျော့ကျခဲ့ရာ အလုပ်အကိုင်ပိုမိုရရှိလာကြကြောင်း၊ စားသောက်ကုန်နှင့် အဖျော်ယမကာဝန်ဆောင်မှုလုပ်ငန်းများကဏ္ဍ၊ ပန်းချီနှင့် လက်မှုပညာလုပ်ငန်းများ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေလုပ်ငန်းများ အစရှိသည့် ကဏ္ဍများ၌ underemployment rate သိသာစွာလျော့ကျခဲ့ကြောင်း၊ ဟောင်ကောင်ဒေသစီးပွားရေးမှာ ဆက်လက်ပြန်လည် နာလန်ထူလာပြီဖြစ်သောကြောင့် အလုပ်သမားဈေးကွက်မှာလည်း ဆက်လက်တိုးတက်လျက်ရှိမည်ဖြစ်ကြောင်း၊ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် အလုပ်အကိုင်ရရှိမှုအရေအတွက်မှာ (၆,၈၀၀) ဦး တိုးတက်ခဲ့ရာ စုစုပေါင်းအလုပ်သမားအရေအတွက် (၃.၆၇) မီလီယံရှိကြောင်း၊ အလုပ်လက်မဲ့ အရေအတွက်မှာ (၁၃,၈၀၀)ဦး လျော့ကျခဲ့ရာ စုစုပေါင်း အလုပ်လက်မဲ့ဦးရေ (၁၅၈,၀၀၀) ဦးအထိသို့လျော့ကျခဲ့ကြောင်း ဟောင်ကောင်ဒေသအလုပ်သမားနှင့် လူမှုရေးရာအတွင်းဝန် (ဝန်ကြီး) Mr. Law Chi-kwong က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.............................................................

## စတော့ရှယ်ယာများ ကျဆင်းလျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင်ဟောင်ကောင်၌ အိမ်ခန်းဈေးနှုန်းများ လျော့ကျနိုင်ကြောင်း

ဟောင်ကောင်ဒေသ၌ လွန်ခဲ့သော (၁၃) နှစ်အတွင်း အိမ်ခြံမြေဈေးကွက်မှာ အကျိုးအမြတ်များရရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အိမ်ခန်းဈေးနှုန်း (၂) ရာခိုင်နှုန်းအထိလျော့ကျနိုင်ကြောင်း၊ ယခုနှစ်၊ ပထမ (၁၁) လအတွင်း အိမ်ခန်းအဟောင်းရောင်းချမှုဈေးကွက်တွင် (၂၉) ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး လာမည့် ၂၀၂၂ ခုနှစ်တွင် အိမ်ခန်းအဟောင်းရောင်းချမှု (၁၅) ရာခိုင်နှုန်း လျော့နည်းသွားနိုင်ကြောင်း၊ အိမ်ခန်းအသစ်ရောင်းချမှုမှာ ယခုနှစ်အထိ (၂၄) ရာခိုင်နှုန်းရှိရာမှ လာမည့်နှစ်တွင် (၅) ရာခိုင်နှုန်း

MIS DOP

လျော့ကျနိုင်ကြောင်း၊ Hang Seng Index ၏ အိမ်ခြံမြေဈေးနှုန်း ခန့်မှန်းချက်တွင် (၁၈) ရာခိုင်နှုန်း လျော့ကျနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၁၉ ခုနှစ်အထိ မြို့ပြလူနေထိုင်မှုတွင် ကမ္ဘာ့ဈေး အကြီးဆုံးမြို့များစာရင်းတွင် (၁၀) နှစ် ဆက်တိုက်ပါဝင်ခဲ့သည့် ဟောင်ကောင်ဒေသအတွက် အလှည့်အပြောင်းဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Sandy Li က " HK home prices set to fall in 2022 amid stock slump" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် ဟောင်ကောင်ဒေသ၌ အိမ်ခန်းအဟောင်းများရောင်းချမှု ဈေးနှုန်းမှာ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီး အောက်တိုဘာလတွင် (၀.၈၆) ရာခိုင်နှုန်း လျော့ကျခဲ့ရာ လွန်ခဲ့သော (၁၄) လအတွင်း လစဉ်လျော့ကျမှုတွင် အကြီးမားဆုံးဖြစ်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် အိမ်ခြံမြေနှင့်ဆက်စပ်သည့် စတော့ရှယ်ယာများမှာ Hang Seng Index ၏ ခန့်မှန်းထား ချက်ထက်ပိုမိုဆိုးရွားနိုင်ကြောင်း၊ US Federal Reserves အရ ဆောင်ရွက်လျက်ရှိသည့် ဟောင် ကောင်ငွေကြေးမူဝါဒအရ ဟောင်ကောင်ဒေသ၌ အတိုးနှုန်းများမြင့်တက်ခြင်းကြောင့်လည်း အိမ်ခြံ မြေဈေးနှုန်းများလျော့ကျနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင်အိမ်ခြံမြေဈေးနှုန်းမှာ အိမ်ခန်းအသစ်များ အကန့်အသတ်ဖြင့်ဆောက်လုပ်ခြင်း၊ ဟောင်ကောင်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့် တရုတ် ပြည်မကြီးနှင့် နယ်စပ်ဂိတ်များပြန်လည်ဖွင့်လှစ်ခြင်း အစရှိသည်တို့ကြောင့် ဈေးနှုန်းကျဆင်းမှု လျော့နည်းစေနိုင်ကြောင်း၊ ဟောင်ကောင်ဒေသနှင့် တရုတ်ပြည်မကြီးနှင့် နယ်စပ်ဂိတ်များပြန်လည် ဖွင့်လှစ်ခြင်းဖြင့် အိမ်ခြံမြေဝယ်လိုအားများ မြင့်တက်လာနိုင်သော်လည်း (၁၀) ရာခိုင်နှုန်းခန့်သာ အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

## ဩစတြေးလျနှင့် ဗြိတိန် နှစ်နိုင်ငံ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးလိုက်ခြင်း

ဩစတြေးလျနှင့် ဗြိတိန်နိုင်ငံတို့သည် ၁၇-၁၂-၂၀၂၁ ရက်နေ့တွင် နှစ်နိုင်ငံ လွတ်လပ် သော ကုန်သွယ်ရေးသဘောတူစာချုပ်ကို တရားဝင်လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ပါသည်။ အဆိုပါသဘော တူစာချုပ်သည် ဗြိတိန်အတွက် အီးယူမှထွက်ခွာပြီးနောက်ပထမဆုံးလက်မှတ်ရေးထိုးလိုက်သည့်

MIS DOP

နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ဖြစ်ကြောင်း သိရှိရပါသည်။ အကောက်ခွန် လျှော့ချမှု အစီအစဉ်ဇယားအရ သိုး၊ အမဲသား၊ သကြား၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ စသည့်ကုန်စည် များစွာ၏ အကောက်ခွန်နှုန်းထားများကို လျှော့ချ (သို့) ပယ်ဖျက်ပေးမည်ဖြစ်ပါသည်။

ဗြိတိန်ဝန်ကြီးချုပ်နှင့် သြစတြေးလျဝန်ကြီးချုပ်တို့က ပြီးခဲ့သည့်ဇွန်လအတွင်း နှစ်နိုင်ငံကုန် သွယ်ရေးသဘောတူစာချုပ်ကိုမူအားဖြင့် သဘောတူညီကြောင်းကြေညာခဲ့ကြပြီး၊ စာချုပ်ကိုအပြီး သတ်ပြုစုနိုင်ရေးအတွက် နှစ်နိုင်ငံအကြား (၆) လအကြာ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ သဘောတူစာချုပ်အရ သြစတြေးလျပို့ကုန်အများစုမှာ ဗြိတိန်သို့ အကောက်ခွန်ကင်း လွတ်ခွင့်ဖြင့်ဝင်ရောက်နိုင်ပြီး၊ ဗြိတိန်သွင်းကုန်များဖြစ်သည့်ကား၊ ဝီစကီ၊ မုန့် နှင့်ဘီစကစ်၊ အလှပြင် ပစ္စည်းတင်သွင်းမှုများအပေါ် စည်းကြပ်တန်ဖိုး သြစတြေးလျဒေါ်လာ သန်း၂၀၀ ခန့်ကို လျှော့ချပေး ရမည်ဖြစ်ရာ သြစတြေးလျ စားသုံးသူများအတွက် ဈေးနှုန်းသက်သာစေမည်ဖြစ်ပါသည်။

သြစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးက ယခုချုပ်ဆိုလိုက်သည့် သဘောတူစာချုပ်မှာသြ စတြေးလျနိုင်ငံအတွက် နယူးဇီလန်နိုင်ငံနှင့်ချုပ်ဆိုထားသည့် နှစ်နိုင်ငံသဘောတူစာချုပ်မှလွဲ၍ ပြည့် စုံမှုအရှိဆုံးနှင့် ရည်မှန်းချက်ကြီးမားသော သဘောတူစာချုပ်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ၏ခိုင်မာသော ဆက်ဆံရေးနှင့်စီးပွားရေးတိုးတက်မှုအတွက် မောင်းနှင်အားအနေဖြင့် လွတ်လပ်သောကုန်သွယ်မှု အတွက် ကတိကဝတ်ကို ပြသခြင်းဖြစ်ပါကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။ ဗြိတိန်နိုင်ငံ၏ International Trade Secretary Anne–Marie က ဗြိတိန်နိုင်ငံအနေဖြင့် လည်းတက်ကြွပြီး၊ လွတ် လပ်သောအချုပ်အခြာအာဏာပိုင်ကုန်သွယ်မှုနိုင်ငံအနေဖြင့်အောင်မြင်မှုကို ပြသခြင်းဖြစ်ပါကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

သဘောတူစာချုပ်အရ သြစတြေးလျစိုက်ပျိုးမွေးမြူရေး ထုတ်ကုန်တင်ပို့သူများအတွက် အခွင့်အလမ်းအသစ်များရရှိသည့်အပြင် သြစတြေးလျလူငယ်များသည် ဗြိတိန်တွင်သွားရောက် နေထိုင်အလုပ်လုပ်ကိုင်ခွင့်များကိုရရှိတော့မည်ဖြစ်ပြီး၊ ကာလတိုအလုပ်လုပ်ကိုင်မှု ဗီဇာအတွက် အသက်အရွယ်ကို (၃၅) နှစ်အထိ တိုးမြှင့်ပေးထားပါသည်။ နှစ်နိုင်ငံကုန်သွယ်မှုမှာ ရေရှည်တွင် သြစတြေးလျ ဒေါ်လာ ၁၉ဘီလီယံအထိရောက်ရှိလာနိုင်ပြီး၊ ဗြိတိန်နိုင်ငံ၏ GDP မှာ၂၀၃၅ ခုနှစ်တွင် ၄.၂ ဘီလီယံအထိ တိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။ သဘောတူစာချုပ်အရ ဗြိတိန် ကုမ္ပဏီများက သြစတြေးလျအစိုးရဝယ်ယူရေးစာချုပ်များအတွက် လေလံဆွဲခွင့်ရရှိမည်ဖြစ်ပြီး၊

MS DOP

ဘဏ္ဍာရေးနှင့် ဥပဒေဆိုင်ရာဝန်ဆောင်မှုကဏ္ဍများတွင် အခွင့်အလမ်းသစ်များရရှိနိုင်ရာ သဘောတူစာချုပ်မှ နှစ်နိုင်ငံလုံးအတွက် စီးပွားရေးအကျိုးအမြတ်များရရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………………

## တရုတ်သည် ဩစတြေးလျနှင့် ကုန်သွယ်ရေးစစ်ပွဲ အဆုံးသတ်လိုပုံရကြောင်း အမေရိကန်သမ္မတ၏ အာရှအကြံပေးပုဂ္ဂိုလ်က ပြောကြားခြင်း

ဩစတြေးလျအပေါ်တရုတ်၏ စီးပွားရေးဒဏ်ခတ်အရေးယူမှုသည် မအောင်မြင်ကြောင်းနှင့်တရုတ်အစိုးရသည် ဩစတြေးလျအစိုးရနှင့်ပြန်လည်ဆက်ဆံနိုင်ကြောင်း အမေရိကန်သမ္မတဂျိုဘိုင်ဒန်၏ထိပ်တန်းအာရှအကြံပေးပုဂ္ဂိုလ်က ခန့်မှန်းပြောကြားထားပါသည်။ အိမ်ဖြူတော်၏အာရှ-ပစိဖိတ် အကြံပေးပုဂ္ဂိုလ် Mr. Campbell က ကျောက်မီးသွေး၊ မုယောစပါး၊ ဝိုင်၊ သစ်နှင့်ပုစွန်တုပ်များအပါအဝင်ဩစတြေးလျထုတ်ကုန်များအပြားအပေါ်တရုတ်အစိုးရ၏ပိတ်ဆို့အရေးယူမှုများသည် ဩစတြေးလျကို ဒူးထောက်လာစေရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အချိန်ကြာလာသည်နှင့်အမျှ တရုတ်နိုင်ငံအနေဖြင့် ဩစတြေးလျကို ပြန်လည်ဆက်ဆံလာမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ပြန်လည်ဆက်ဆံရာတွင် ဩစတြေးလျနိုင်ငံ၏ အလိုကျ ပြန်လည်ဆက်ဆံလိမ့်မည် ဟု မိမိယုံကြည်ကြောင်း ပြောကြားခဲ့ပါသည်။

ဩစတြေးလျအနေဖြင့် ယင်းအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို ဖြေရှင်းရာတွင် ယင်း၏ ဆုံးဖြတ်ရပ်တည်ချက် ခိုင်မာခြင်းသည် တရုတ်အစိုးရနှင့် ဆက်ဆံရာ၌ ယင်းအတွက် အသာစီးရစေမည်ဖြစ်ကြောင်း၊ ပြီးခဲ့သောလက အမေရိကန်သမ္မတ ဂျိုဘိုင်ဒန်သည် တရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံစဉ်အတွင်း ဩစတြေးလျအပေါ်တရုတ်၏ စီးပွားရေးအကြပ်ကိုင်မှုကို အတိုချုပ်ထုတ်ဖော်ပြောကြားခဲ့ပြီး၊ တရုတ်၏ စိုးရိမ်ဖွယ် ဆောင်ရွက်မှုများစာရင်းတွင် ပါဝင်နေသည်ကို ထုတ်ဖော်ပြောကြားခဲ့ပါကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ အခွန်စည်းကြပ်မှုနှင့် တရားမဝင်ကုန်သွယ်မှု အတားအဆီးများသည် ဩစတြေးလျ ထုတ်လုပ်မှုလုပ်ငန်းအချို့ အထူးသဖြင့် ဝိုင်နှင့် ကျောက်ပုစွန်တုပ် တင်ပို့သူများအတွက်

MISDOP

များစွာထိခိုက်စေသော်လည်း ထုတ်ကုန်များကိုအခြားဈေးကွက်များသို့ ပြောင်းလဲတင်ပို့ ခြင်းဖြင့် ထိခိုက်မှု လျော့နည်းအောင် ဆောင်ရွက်လျက်ရှိပါသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

……………………………………………………………………………………………………..

MIS DOP

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၅၀/ ၂၀၂၁)　　　　　　　　　　　　၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ(၃၀) ရက်

| ၃၀-၁၂-၂၀၂၁ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၈.၀ |
| ယူရို | ၂၀၁၀.၃ |
| စင်္ကာပူဒေါ်လာ | ၁၃၁၃.၀ |
| စတာလင်ပေါင် | ၂၃၉၂.၄ |
| ဂျပန်ယန်း (၁၀၀) | ၁၅၄၃.၇ |
| တရုတ်ယွမ် | ၂၇၈.၉၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၈.၀၀ |
| အိန္ဒိယရူပီး | ၂၃.၉၀၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၉.၅၈ |
| မလေးရှား ရင်းဂစ် | ၄၂၅.၇၇ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၈၃၅ |
| ထိုင်းဘတ် | ၅၃.၃၂၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၉၈၂ |


ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် တရုတ်နိုင်ငံ၏ ပဲပုပ်ဆီနှင့် စားအုန်းဆီဈေးနှုန်းများ အတက်အကျဖြစ်ပေါ်ခဲ့

➢ တရုတ်နိုင်ငံနှင့် အီးယူတို့ ကော်ဖီလုပ်ငန်းဒေသဆိုင်ရာ အညွှန်း GI အပေါ် သဘောတူညီမှုရရှိပြီးနောက် တရုတ်နိုင်ငံ၊ ယူနန်ရှိစိုက်ပျိုးတောင်သူများအတွက် အခွင့်အလမ်းများရရှိလာခြင်း

➢ အိန္ဒိယနိုင်ငံ၌ ပဲပုတ်ဆီကြိတ်ဖတ်အား အရေးကြီးကုန်စည်အဖြစ် သတ်မှတ်လျက် သိုလှောင်နိုင်ခွင့်ကန့်သတ်ခြင်း

➢ လောင်စာဆီဈေးနှုန်းမြင့်တက်မှုနှင့် ဒေါ်လာငွေတန်ဖိုးမတည်ငြိမ်မှုတို့ကြောင့် စတော့ဈေးကွက်များတွင် သကြားဈေးနှုန်းအတက်အကျများဖြစ်ပေါ်လျက်ရှိ (ဘရာဇီးလ်)

➢ ဒီဇင်ဘာလအတွင်း ပဲပုတ်စေ့တန်ချိန် ၂.၇၇၆ သန်း တင်ပို့နိုင်ရန် ဘရာဇီးလ် မျှော်မှန်း

➢ ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ တက်ရိပ်ပြလျက်ရှိ

- **အထွေထွေသတင်းများ**

➢ ဩစတြေးလျ-ဗီယက်နမ် နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ခြင်း

➢ ဩစတြေးလျစီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုကိုပိုမိုလွယ်ကူစေရန် အစိုးရကဆောင်ရွက်လျက်ရှိခြင်း

- အသားအတုစုံစမ်းစစ်ဆေးမှုသည် သက်သတ်လွတ်အစားအသောက် ထုတ်လုပ်သူများကို 'အမဲသား' ကဲ့သို့သော ထုပ်ပိုးမှုအညွှန်းဖော်ပြချက်များကို ဖြုတ်ချရန်တောင်းဆိုနိုင်ခြင်း (ဩစတြေးလျ)
- ဩစတြေးလျအစိုးရက ပို့ကုန်မြှင့်တင်ရေး အကူအညီအသစ်များထပ်မံပေးအပ်ခြင်း
- **COVID-19 Omicron** မျိုးကွဲကြောင့် ခရစ်စမတ်ပိတ်ရက်အတွင်း လေယာဉ်ခရီးစဉ် ထောင်ပေါင်းများစွာ ဖျက်သိမ်းခဲ့ရခြင်း (ဩစတြေးလျ)
- နယ်သာလန်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ်အတွက် နယ်သာလန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို လျှော့ချခန့်မှန်းခဲ့ခြင်း
- ၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှေးကွေးခဲ့ခြင်း
- တရုတ်နိုင်ငံက ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ပထမဆုံးစက္ကူဖြူစာတမ်းထုတ်ပြန်ခြင်း
- တရုတ်နိုင်ငံသည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ကုန်ထုတ်လုပ်မှုကွန်ရက်ချိတ်ဆက်ခြင်းဆိုင်ရာ အစီအစဉ်ကို ထုတ်ပြန်ခဲ့ခြင်း
- နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် လက်လီဈေးကွက်ရောင်းချမှုများရှိခဲ့ခြင်း (ဟောင်ကောင်ဒေသ)
- စီးပွားရေးအချက်အချာကျသည့် နေရာအသစ်ဖြစ်လာနိုင်သည့် ကောင်းလုံအနောက်ဘက်ခြမ်း (ဟောင်ကောင်ဒေသ)
- လမုပင်များအား အဝတ်အထည်ဖက်ရှင်အတွက် ဆိုးဆေးအဖြစ်အသုံးပြုလာခြင်း (ဟောင်ကောင်ဒေသ)
- လမ်းများတွင် အစားအစာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ဆက်လက်ရောင်းချရန် ဆွေးနွေးမှုမရှိသောကြောင့် အစားအစာရောင်းချသည့်မော်တော်ယာဉ်မောင်းနှင်သူများ စိုးရိမ်ပူပန်လျက်ရှိခြင်း (ဟောင်ကောင်ဒေသ)
- ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု ၄.၂% ရရန်မျှော်မှန်းခြင်း
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသောစီးပွားရေးဆိုင်ရာသတင်းများ

## ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် တရုတ်နိုင်ငံ၏ ပဲပုပ်ဆီနှင့် စားအုန်းဆီဈေးနှုန်းများ အတက်အကျဖြစ်ပေါ်ခဲ့

ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် တရုတ်နိုင်ငံအတွင်း၌ဖြစ်ပေါ်ခဲ့သည့် စားအုန်းဆီ၏ပျမ်းမျှ ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၉,၄၂၀)ဖြစ်ပြီး၊ (၀.၆၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ပဲပုပ်ဆီ၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၉,၆၂၀)ဖြစ်ပြီး၊ (၀.၉) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

ရေနံစိမ်းနှင့် မလေးရှားစားအုန်းဆီများ၏ ဈေးနှုန်းများ ကျရိပ်ပြခဲ့ပြီး အမေရိကန်မှ ပဲပုပ်ဆီထွက်ရှိလာနိုင်သောကြောင့် ပဲပုပ်ဆီနှင့် စားအုန်းဆီ ကြိုရောင်းသော ဈေးကွက်မှာ ပထမတွင် ကျရိပ်ပြခဲ့ပြီး၊ ဈေးနှုန်းပြန်လည်မြင့်တက်သွားကာ ဈေးကွက်ပိတ် ခဲ့ပါသည်။

ယခုအခါ နှစ်သစ်ကူးရက်နှင့် နွေဦးရာသီပွဲတော်ရက်များ နီးကပ်လာပြီဖြစ်ရာ၊ ပဲပုပ်ဆီနှင့် စားအုန်းဆီဈေးများ အမြင့်ပိုင်း၌ ရှိနေနိုင်မည်ဟု ခန့်မှန်းပါသည်။

ရင်းမြစ်၊ SunSirs

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

........................................................................................................................................

## တရုတ်နိုင်ငံနှင့် အီးယူတို့ ကော်ဖီလုပ်ငန်းဒေသဆိုင်ရာ အညွှန်း GI အပေါ် သဘောတူညီမှုရရှိပြီးနောက် တရုတ်နိုင်ငံ၊ ယူနန်ရှိ စိုက်ပျိုးတောင်သူများအတွက် အခွင့်အလမ်းများရရှိလာခြင်း

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင်ကော်ဖီသောက်သုံးမှု အရှိန်အဟုန်ဖြင့်တိုးတက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရုံသာမက ကော်ဖီထုတ်လုပ်သူအဖြစ် အခန်းကဏ္ဍကိုချဲ့ထွင်ရန်လည်းရှာဖွေနေ လျှက်ရှိရာ ယခုနှစ်အတွင်း တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား သဘောတူညီမှုရရှိပြီးနောက် နိုင်ငံအနောက်တောင်ပိုင်းရှိ ယူနန်ပြည်နယ်သည် ၎င်း၏အကျော်ကြားဆုံးသော ကော်ဖီစေ့များ အတွက် အခွင့်အလမ်းများပိုမိုရရှိလာခဲ့ပါကြောင်း တရုတ်နိုင်ငံ၊ အနောက်တောင်ပိုင်းယူနန်ပြည်နယ် ပေါင်စန်း Baoshan မြို့ရှိကော်ဖီစိုက်ပျိုးသူများသည် ရိတ်သိမ်းတော့ဖြစ်ရာ ရိတ်သိမ်းပွဲတော်ကြီး နီးကပ်လာသည်နှင့်အမျှ ဤကော်ဖီစေ့စိုက်ပျိုးခြင်းမှ ဝင်ငွေရရှိတော့မည့်အချိန်ကို မျှော်လင့်စောင့် စားနေကြကြောင်း ၂၅-၁၂-၂၁ စီဂျီတီအမ်သတင်းတွင် ဖော်ပြထားပါသည်။

ကော်ဖီစေ့များ၏အရည်အသွေးအပေါ်မူတည်ပြီး ဈေးနှုန်းကွဲပြားမှုရှိကြောင်း ကော်ဖီ(ချယ်ရီ) သီးများ အရင်ဆုံးအခွံခွာပြီး ဈေးကွက်မဝင်ခင် အခြောက်ခံပါကြောင်း ယင်းအခြောက်ခံထားသော ကော်ဖီစေ့များကို အနည်းဆုံးတစ်ကီလိုလျှင် ၂၂ ယွမ်ဖြင့် ရောင်းချပါကြောင်း၊ ကြီးမားသော Gaoligong တောင်များ၏ခြေရင်းတွင်တည်ရှိသော ပေါင်စန်းမြို့ Baoshanသည် ကမ္ဘာပေါ်ရှိကော်ဖီ အမျိုးအစားများထဲမှတစ်ခုဖြစ်သည့် အရည်အသွေးမြင့် အာရေဗျကာကော်ဖီစိုက်ပျိုးရန်အတွက် ဂျမေကာရှိ Blue Mountains နှင့်ဆင်တူသော ထူးခြားသောမြေပြင်အနေအထားနှင့် ရာသီဥတုမျိုး ရှိ၍ စံပြနေရာဖြစ်စေကြောင်း ကော်ဖီတောင်သူမှရှင်းပြပါသည်။

လွန်ခဲ့သောနှစ်နှစ်က ဒေသခံလယ်သမားများသည် ကော်ဖီစေ့တန်ချိန်ပေါင်း ၄၄,၀၀၀ စိုက် ပျိုးတင်ပို့ရောင်းချခဲ့ကြကြောင်း၊ ယခုနှစ် မတ်လတွင် တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် ဒေသ ဆိုင်ရာ အညွှန်းကိန်းများဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကိုရရှိပြီးနောက် ပေါင်စန်းမြို့၏ ကော်ဖီ လုပ်ငန်းသည် ပိုမိုကြီးမားသောအလားအလာရရှိခဲ့ပါကြောင်း ၎င်းသည် ဥရောပနှင့် တရုတ်နိုင်ငံ၏ အထင်ကရထုတ်ကုန် ၂၀၀ ခန့်ကို အကာအကွယ်ပေးသည့် သဘောတူညီချက်တစ်ခုဖြစ်ပါကြောင်း Yang Jinghao ပြောပြချက်အရ သိရှိရပါသည်။

အခြားသော လယ်သမားတစ်ဦးသည်လည်း ကော်ဖီလုပ်ငန်းတွင် နှစ်ပေါင်းများစွာဆောင် ရွက်ပြီး ဂျာမနီကဲ့သို့သောဈေးကွက်ကို ယင်း၏ထုတ်ကုန်အတော်များများအား တင်ပို့လျှက်ရှိပါ ကြောင်းနှင့် တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် ဒေသဆိုင်ရာအညွှန်းကိန်းများဆိုင်ရာ သဘော တူညီချက်တွင် ပေါင်စန်းဒေသထွက် အာရေဗျကော်ဖီပါဝင်ခွင့်ရရှိခြင်းသည် ပေါင်စန်းရှိ ကော်ဖီလုပ် ငန်းတစ်ခုလုံးကို မြှင့်တင်ပေးခြင်းဖြစ်ကြောင်း ယူနန်ကော်ဖီအသင်း ဥက္ကဋ္ဌကမှတ်ချက်ပြုပါသည်။

ဒေသထုတ်ကုန်များသည် အရည်အသွေးကောင်းမွန်ပြီး အရသာကောင်းမွန်ကြောင်း ဆိုလို သည်မှာ စားသုံးသူများကျယ်ကျယ်ပြန့်ပြန့်လက်ခံထားသည့် သဘောတူညီချက်ဖြစ်ပါကြောင်း အဆို ပါသဘောတူညီချက်သည် ရေရှည်တွင်ကျွန်ုပ်တို့၏ ညှိနှိုင်းနိုင်စွမ်းအားကို တိုးမြှင့်ပေးမည်ဖြစ်ပြီး အစိုးရအနေဖြင့် အထောက်အပံ့မူဝါဒအသစ်အချို့ကို မိတ်ဆက်ပေးမည်ဟု ယူနန်ကော်ဖီအသင်းမှ အကြီးအကဲ LI XIAOBO က ယုံကြည်ပါကြောင်း သို့သော် COVID ကူးစက်ရောဂါကြောင့် Baoshan ကော်ဖီတင်ပို့မှု သိသိသာသာကျဆင်းသွားပါကြောင်း သို့သော်တာဝန်ရှိသူများက ၎င်းတို့သည်ယုံ ကြည်ချက်ရှိပြီး ရေရှည်ပန်းတိုင်သို့ ဦးတည်လုပ်ဆောင်နေသည်ဟုဆိုကြောင်း သိရှိရပါသည်။

ပေါင်စန်း စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဗျူရိုမှ LI ZHENGYAO ၏ လက်ထောက်ဌာနမှူးက နောက်အဆင့်တွင် စက်မှုလုပ်ငန်းကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးမည်ဖြစ်ပါကြောင်း ယင်းအတွက်၊ ကျွန်ုပ်တို့သည် ကော်ဖီသီးများနှင့် ကော်ဖီဆိုင်များစွာအတွက် ဗဟိုချုပ်ကိုင်မှုရှိသော စီမံဆောင်ရွက်ပေးမည့်စင်တာတစ်ခုကို တည်ဆောက်၍ အထူးပြုကော်ဖီအချိုးအစားကို ၈၀ ရာခိုင်နှုန်းကျော်အထိ တိုးမြှင့်သွားရန် ရည်မှန်းထားပါကြောင်း၊ အချို့သောထုတ်လုပ်သူများသည် ထုတ်ကုန်ဖွဲ့စည်းပုံတွင် အသွင်ကူးပြောင်းမှုကိုလည်း မျှော်လင့်နေကြကြောင်း သိရှိရပါသည်။

ယူနန်ကော်ဖီအသင်း အကြီးအကဲ LI XIAOBO က ပို့ကုန်များ အခြေအနေပြန်ကောင်းလာမယ်ဟု ယုံကြည်ပါကြောင်း ကမ္ဘာ့ဈေးကွက်ကို ပံ့ပိုးပေးမယ့်အရာများမှာ ကုန်ကြမ်းကော်ဖီစေ့များသာမကဘဲ အအေးနည်းစဉ်ဖြင့်ကျိုထားသောကော်ဖီနှင့် အေးခဲအခြောက်ခံ ထားသောကော်ဖီကဲ့သို့ တန်ဖိုးမြင့်ထုတ်ကုန်များပါ ပါဝင်ပါကြောင်း မူဝါဒနှင့် ငွေကြေးပံ့ပိုးမှုအပြင် စွမ်းရည်မြှင့်စိုက်ပျိုးခြင်းသည် ဤလုပ်ငန်း၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးကြောင်း ဖော်ပြထားပါသည်။

ဒေသဆိုင်ရာအညွှန်း Geographical Indication-GI သည် မူရင်းဒေသတစ်ခုမှ ထွက်ရှိပြီး အရည်အသွေးမြင့်မား ကောင်းမွန်နေလျှင် သို့မဟုတ် မူရင်းထွက်ရှိရာဒေသ၏ အမည်ဖြင့်တွဲလျှက်ထင်ပေါ်ကျော်ကြားနေလျှင် အဆိုပါထုတ်ကုန်သည် ဒေသဆိုင်ရာအညွှန်းမူပိုင်ခွင့်ဖြင့် အကာအကွယ်ရရှိနိုင်သောကုန်ပစ္စည်းဖြစ်၍ ဒေသတစ်ခုမှ မူလစတင်ထွက်ရှိသော ထွက်ကုန်တစ်ခုဖြစ်ကြောင်း သတ်မှတ်ဖော်ပြချက် အမှတ်အသားတစ်ခုဖြစ်ပြီး အာဆီယံနိုင်ငံများတွင် GI ထွက်ကုန်စုစုပေါင်း ၅၃၉ ခု မှတ်ပုံတင်ထားကြောင်း အာဆီယံ၏ GI ဝက်ဘက်ဆိုဒ်အရ သိရှိရပါသည်။

ရင်းမြစ်များ- (၁)https://news.cgtn.com/news/20211225/VHJhbnNjcmlwdDYxNDUz/index.html

(၂) https://www.ipd.gov.mm/trademark/geographical-indications/understanding-geographical-indications-gis

(၃) http://www.asean-gidatabase.org/gidatabase/gi-search-2

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

## အိန္ဒိယနိုင်ငံ၌ ပဲပုတ်ဆီကြိတ်ဖတ်အား အရေးကြီးကုန်စည်အဖြစ် သတ်မှတ်လျက် သိုလှောင်နိုင်ခွင့် ကန့်သတ်ခြင်း

အိန္ဒိယနိုင်ငံ၊ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာ ဝန်ကြီးဌာနသည် ၁၉၅၅ ခုနှစ် အရေးကြီးကုန်စည်များအက်ဥပဒေကို ကျင့်သုံးလျက် ကုန်ထုတ်လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုလုပ်ငန်းများကို ထိန်းသိမ်းကြပ်မတ်နိုင်ရန်အလို့ငှာ ပဲပုတ်ဆီကြိတ်ဖတ်အား ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ အရေးကြီးကုန်စည်အဖြစ် သတ်မှတ်လိုက်ကြောင်း ဖော်ပြပါရှိသည့် အမိန့်ကြော်ငြာစာအမှတ် **S.O. 5369(E)** ကို ၂၃-၁၂-၂၀၂၁ နေ့တွင်ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ အိန္ဒိယပြည်တွင်းဈေးကွက်၌ အဓိက တိရစ္ဆာန်မွေးမြူရေး အစားအစာဖြစ်သော ပဲပုတ်ဆီကြိတ်ဖတ်၏ဈေးနှုန်းများကို လျှော့ချနိုင်ရန် အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ရခြင်းဖြစ်ကြောင်း၊ ယခုဆုံးဖြတ်ချက်သည် ဗဟိုအစိုးရနှင့် ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့များအား ပဲပုတ်ဆီကြိတ်ဖတ်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကိုကြပ်မတ်ရန် အခွင့်အာဏာရရှိစေမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း ကုန်စည်ရရှိနိုင်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုတို့ကို လွယ်ကူချောမွေ့စေမည်ဖြစ်သကဲ့သို့ သင့်တင့်မျှတမှုမရှိသောဈေးကွက်အလေ့အထများကိုလည်း တားဆီးနိုင်မည်ဖြစ်ကြောင်း ဖော်ပြပါသည်။

တစ်ဆက်တည်းမှာပင် အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနသည် ပဲပုတ်ဆီကြိတ်ဖတ်များ လက်ဝယ်သိုလှောင် ထားရှိနိုင်ခွင့်ပမာဏကို ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ကန့်သတ်သည့် အမိန့် ( Soya Meal Stock Control Order, 2021) ကို ၂၃-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် S.O. 5370(E) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအမိန့်အရ ကြိတ်ခွဲထုတ်လုပ်/ ပြုပြင်သူများအနေဖြင့် ၎င်းတို့၏ ၁ ရက်တာ ကြိတ်ခွဲထုတ်လုပ်နိုင်မှု စွမ်းအားအပေါ်အခြေပြု၍ အများဆုံးရက်ပေါင်း ၉၀ အတွက် သုံးစွဲရန်လိုအပ်သော ပဲပုတ်ဆီကြိတ်ဖတ်ပမာဏကိုသာ သိုလှောင်ထားရှိနိုင်မည်ဖြစ်ကြောင်း၊ အစိုးရဌာနဆိုင်ရာ၌ ကုန်သွယ်မှုလုပ်ငန်း မှတ်ပုံတင်ထားရှိသည့်ကုမ္ပဏီများ၊ ကုန်သည်များအနေဖြင့် အများဆုံးတန်ချိန် ၁၆၀ အထိ သိုလှောင်နိုင်ကြောင်း၊ လုပ်ငန်းရှင်များသည် ပဲပုတ်ဆီကြိတ်ဖတ်များအား မည်သည့်နေရာဒေသတွင် သိုလှောင်ထားရှိသည်ကို ထုတ်ဖော်ကြေညာရမည် ဖြစ်ကြောင်း၊ အကယ်၍ မိမိလက်ဝယ်၌ ပဲပုတ်ဆီကြိတ်ဖတ်ပမာဏသည် သတ်မှတ်ပြဋ္ဌာန်းချက် ထက်ပိုမိုလျက်ရှိပါက စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဦးစီးဌာန၏ အင်တာနက်စကြိန်ဖြစ်သော http://evegoils.nic.in/soya_meal_Stock/login သို့ ထုတ်ဖော်ကြေညာရလျက် ရက်ပေါင်း ၃၀ အတွင်း ယခုအမိန့်စာပါပမာဏသို့ လျှော့ချသိုလှောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အင်တာနက်

စကြာနှင့်၌ တင်ပြထားသည့် ပဲပုတ်ဆီကြိတ်ဖတ် သိုလှောင်မှုအချက်အလက်များကို အိန္ဒိယတိရစ္ဆာန် မွေးမြူရေးနှင့် နို့ထွက်ပစ္စည်းဦးစီးဌာနက ပုံမှန်ကြပ်မတ်စစ်ဆေးလျက် လိုအပ်သကဲ့သို့ဆောင်ရွက် မည်ဖြစ်ကြောင်း သိရှိရသည်။

မျိုးရိုးဗီဇပြုပြင်ထားခြင်းမရှိသော အိန္ဒိယပဲပုတ်ဆီကြိတ်ဖတ်များအပေါ် ပြည်ပမှဝယ်လိုအား များပြားမှုနှင့်အတူ ပဲပုတ်စေ့ဈေးနှုန်းများမြင့်တက်လာခြင်းက ပြည်တွင်း၌ပဲပုတ်ဆီ ကြိတ်ဖတ်ဈေး နှုန်းများကိုလည်း ၂၀၂၁ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း ၆၀% ကျော်အထိ တစ်ဟုန်ထိုးမြင့်တက် လာစေခဲ့သည်။ မွေးမြူရေးကဏ္ဍမှ လုပ်ငန်းရှင်များ၏ တောင်းဆိုမှုအရ အိန္ဒိယအစိုးရသည် မျိုးရိုးဗီဇ ပြုပြင်ထုတ်လုပ်ထားသည့် ပဲပုတ်ဆီကြိတ်ဖတ် တန်ချိန် ၁.၂ သန်းကို ပြည်ပမှတင်သွင်းခွင့်ပြုခဲ့ရာ ဒီဇင်ဘာလအထိ တန်ချိန် ၀.၈ သန်းခန့်ကိုသာ တင်သွင်းထားပြီးဖြစ်သည်။ ထိုသို့ တင်သွင်းခွင့်ပြု ထားသော်လည်း ပြည်တွင်းဈေးကွက်တွင် ပဲပုတ်ဆီကြိတ်ဖတ် ဈေးနှုန်းများဆက်လက်မြင့်တက် နေဆဲဖြစ်ပြီး ၁၇-၁၂-၂၀၂၁ နေ့ရှိ ဈေးနှုန်းမှာ ယခင်နှစ် ကာလတူထက် ၆၁% ပိုမိုလျက်ရှိသည်။ အိန္ဒိယ ပဲပုတ်ဆီကြိတ်ခွဲထုတ်လုပ်မှု နယ်ပယ်မှ အချက်အလက်များအရ ၂၀၂၀-၂၁ ခုနှစ်၌ပြည်ပသို့ မျိုးရိုးဗီဇပြုပြင်ထားခြင်းမရှိသော ပဲပုတ်ဆီကြိတ်ဖတ် တန်ချိန် ၁.၅၆ သန်းတင်ပို့ခဲ့ကြောင်း သိရှိရ သည်။

Source: 1. Notification No. S.O. 5369(E) dated 23rd December 2021 of the Department of Food and Public Distribution of India

2. Order No. S.O. 5370(E) dated 23rd December 2021 of the Department of Food and Public Distribution of India

3. Govt imposes stock holding limits on soymeal till June 2022 to tame prices, 25–12–2021, Business Standard

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

……………………………………………………………………………………………

MIS DOP

## လောင်စာဆီဈေးနှုန်းမြင့်တက်မှုနှင့် ဒေါ်လာငွေတန်ဖိုးမတည်ငြိမ်မှုတို့ကြောင့် စတော့ဈေးကွက်များတွင် သကြားဈေးနှုန်းအတက်အကျများ ဖြစ်ပေါ်လျက်ရှိ (ဘရာဇီးလ်)

ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် လန်ဒန်စတော့ဈေးကွက်၌ သကြားကြိုပွိုင့်ဈေးနှုန်းများ ဝ.၄၆ ရာခိုင်နှုန်းကျဆင်းခဲ့ကာ သကြားဖြူ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၅ဝဝ.၆ဝ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ နယူးယောက်ဈေးကွက်တွင် ဝ.၅၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး သကြား ၁ ပေါင်လျှင် ၁၉.၁၅ ဆင့်ဖြင့် ရောင်းဝယ်ခဲ့ကြကြောင်းနှင့် လတ်တလောအချိန်တွင်ဖြစ်ပေါ်နေသည့် အမေရိကန်ဒေါ်လာငွေတန်ဖိုးမတည်ငြိမ်မှုသည် သကြားဈေးကွက်အပေါ် သက်ရောက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဒီဇင်ဘာလ ၂၂ ရက်နေ့ကလည်း နယူးယောက်စတော့ဈေးကွက်နှင့် လန်ဒန်စတော့ဈေးကွက်တို့တွင် သိသာသည့်ဈေးနှုန်းမြင့်တက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ နယူးယောက်ဈေးကွက်တွင် ၂.၇၇ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး သကြား ၁ ပေါင်လျှင် ၁၉.၂၆ ဆင့်မှ ၁၉.၃၈ ဆင့်အထိ ဈေးနှုန်းများဖြစ်ပေါ်ခဲ့ကြောင်း၊ လန်ဒန်ဈေးကွက်တွင် ၂.၁၉ ရာခိုင်နှုန်း ဈေးနှုန်းမြင့် တက်ခဲ့ကာ သကြားဖြူ ၁ တန်လျှင် ၅ဝ၂.၉ဝ ဒေါ်လာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် အမေရိကန်ဒေါ်လာတန်ဖိုးတို့၏ အဈေးနှုန်းအတက်အကျများသည် အချိန်နှင့်အမျှဖြစ်ပေါ်လျက်ရှိရာ စတော့ဈေးကွက်ရှိဈေးနှုန်းများမှာလည်း အတက်အကျများ လျှင်မြန်စွာဖြစ်ပေါ်လျက်ရှိနေကြောင်း သတင်းတွင်ဖော်ပြထားသည်။

လက်ရှိကာလတွင်ဖြစ်ပေါ်နေသော လောင်စာဆီဈေးနှုန်းမြင့်တက်မှုနှင့် အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းမှုသည် သကြားဈေးနှုန်းများအား ပိုမိုမြင့်တက်စေခဲ့ကြောင်း၊ ဒေါ်လာငွေတန်ဖိုးကျဆင်းမှုနှင့်အတူ ပြည်ပပို့ကုန်တင်ပို့မှုများလည်း ကျဆင်းခဲ့ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် ထုတ်ကုန်ပစ္စည်းတန်ဖိုးများ ဈေးနှုန်းပိုမိုမြင့်တက်ခဲ့ကြောင်း၊ လောင်စာဆီ ဈေးနှုန်းသည် စက်ရုံများလည်ပတ်နိုင်မှုအတွက် အဓိကအရေးပါကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ ရောဂါပိုးအသစ်ဖြစ်သည့် အိုမီခရွန်တွေ့ရှိမှုများကလည်း ကမ္ဘာ့ထုတ်လုပ်မှုအပေါ် ပိုမိုထိခိုက်စေလျက်ရှိကြောင်း၊ ထုတ်လုပ်မှုကျဆင်းခြင်းနှင့်အတူ သကြားဈေးနှုန်းများ ပိုမိုမြင့်တက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြခဲ့သည်။

### ဘရာဇီးလ်ဈေးကွက်အခြေအနေများ

ဘရာဇီးလ်ဈေးကွက်တွင် ၅ဝ ကီလိုဂရမ်အလေးချိန်ရှိသည့် သကြား ၁ အိတ် တန်ဖိုးသည် ၁၅ဝ ဟဲရာ ဈေးနှုန်းဖြစ်ပေါ်လျက်ရှိကြောင်း၊ ဈေးကွက်ညွှန်းကိန်းများအရ São Paulo ဈေးကွက်

MIS DOP

တွင် ၁.၂၇ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး သကြား ၁ အိတ်တန်ဖိုးသည် ၁၅၄.၉၇ ဟဲရာအထိဈေးနှုန်းဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံ၏မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိပြည်နယ်များတွင် သကြား ၁ အိတ်လျှင် ၁၅၀.၆၃ ဟဲရာဖြင့် သကြားဈေးနှုန်းများတည်ငြိမ်ခဲ့ပြီး Santos (SP) ဈေးကွက်တွင် ၀.၈၂ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကာ သကြား ၁ ပေါင်လျှင် FOB ဈေးနှုန်း ၁၉.၃၂ ဆင့်ဖြင့်ရောင်းဝယ်ခဲ့ကြကြောင်း သတင်းတွင်ဖော်ပြထားသည်။

သတင်းရင်းမြစ် –noticiasagricolas.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

………………………………………………………

## ဒီဇင်ဘာလအတွင်း ပဲပုတ်စေ့တန်ချိန် ၂.၇၇၆ သန်း တင်ပို့နိုင်ရန် ဘရာဇီးလ် မျှော်မှန်း

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၂.၁၄၉ သန်း တင်ပို့ခဲ့ပြီး ဒီဇင်ဘာလတွင် ပဲပုတ်စေ့တန်ချိန် ၂.၇၇၆ သန်း တင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ပဲပုတ်စေ့တန်ချိန် ၁၆၁.၀၂၄ သန်းတင်ပို့နိုင်ခဲ့ကြောင်း နှံစားသီးနှံတင်ပို့သူများအသင်း (survey by the National Association of Cereal Exporters – Anec)က ပြောကြားခဲ့သည်။

ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အထိ ပဲပုတ်စေ့တန်ချိန် ၆၇၄,၀၁၉ တန် တင်ပို့ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိကာလအတွင်း ပဲပုတ်စေ့တန်ချိန် ၆၅၅,၈၃၇ တန် တင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း၊ ၂၀၂၁ ခုနှစ်ကုန်ဆုံးပါက စုစုပေါင်း ပဲပုတ်စေ့တန်ချိန် ၈၆.၈၈ သန်းအထိ တင်ပို့ပြီးစီးနိုင်မည်ဖြစ်ကြောင်း အသင်းကပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဘရာဇီးလ်နိုင်ငံ၏ပဲပုတ်စားသောက်ကုန်တင်ပို့မှုသည် တန်ချိန် ၁.၂၄၂ သန်းတင်ပို့ခဲ့ပြီး ဒီဇင်ဘာလအတွင်း တန်ချိန် ၁.၆၈၁ သန်းအား တင်ပို့နိုင်ရန်ခန့်မှန်းထားကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် တန်ချိန် ၁.၁၁၁ သန်းအား တင်ပို့နိုင်ခဲ့ကြောင်း အသင်းကပြောကြားခဲ့သည်။

ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အထိ ပဲပုတ်စားသောက်ကုန် တန်ချိန် ၃၅၆,၅၅၀ တန် တင်ပို့ခဲ့ပြီး ၂၀၂၁ ခုနှစ် ကုန်ဆုံးပါက စုစုပေါင်းတန်ချိန် ၁၇.၀၁၆ သန်းတင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း အသင်းကပြောကြားခဲ့သည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

MS DOP

## ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ တက်ရိပ်ပြလျက်ရှိ

ပဲပုတ်စေ့အများအပြားစိုက်ပျိုးသည့် တောင်အမေရိကတိုက်ရှိနိုင်ငံများတွင် ပူပြင်းခြောက်သွေ့သည့်ရာသီဥတုဖြစ်ပေါ်နေမှုကြောင့် အမေရိကန်နိုင်ငံရှိ ချီကာဂိုစတော့ဈေးကွက်တွင် ပဲပုတ်စေ့ဈေးနှုန်းများမြင့်တက်ခဲ့သဖြင့် ဒီဇင်ဘာလ ၂၇ ရက်နေ့၌ ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်များတွင် ပဲပုတ်စေ့ဈေးနှုန်းများ စတင်မြင့်တက်လာခဲ့သည်။ ရာသီဥတုဖောက်ပြန်မှုနှင့် ကြုံတွေ့နေရသဖြင့် ပဲပုတ်စေ့အဓိကစိုက်ပျိုးသည့် ဘရာဇီးလ်နှင့်အာဂျင်တီးနားနိုင်ငံတို့တွင် သီးနှံရိတ်သိမ်းချိန်၌ပျက်ဆီးဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းချက်များကြောင့် ချီကာဂိုဈေးကွက်၏ ပဲပုတ်စေ့ဈေးနှုန်းများသည် ၄ လတာကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

သို့ရာတွင် ကိုဗစ်-၁၉ကူးစက်မှု၊ ဒေါ်လာငွေတန်ဖိုးမတည်ငြိမ်မှု၊ ခရစ်စမတ်နှင့်နှစ်သစ်ကူးရုံးပိတ်ရက်များနှင့် ၂၀၂၁ ခုနှစ် နှစ်ကုန်ဆုံးချိန်တွင်ဖြစ်ပေါ်လျက်ရှိသည့် ငွေကြေးကြပ်တည်းမှုများကြောင့် ရောင်းဝယ်မှုများအပါအဝင် စီးပွားရေးလုပ်ငန်းများသည် နှေးကွေးလျက်ရှိနေသည်။ ဘရာဇီးလ်နိုင်ငံတွင် ၆၀ ကီလိုဂရမ်အလေးချိန်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်ဈေးနှုန်းသည် Passo Fundo (RS)ဈေးကွက်တွင် ၁၇၆.၀၀ ဟဲရာမှ ၁၇၈.၀၀ ဟဲရာသို့လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၁၇၄.၀၀ ဟဲရာမှ ၁၇၆.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ၁၈၂.၀၀ ဟဲရာမှ ၁၈၄.၀၀ ဟဲရာသို့လည်းကောင်း၊ Cascavel (PR)ဈေးကွက်တွင် ၁၇၀.၀၀ ဟဲရာမှ ၁၇၂.၅၀ ဟဲရာသို့လည်းကောင်း၊ Port of Paranaguá (PR) ဈေးကွက်တွင် ၁၇၅.၀၀ ဟဲရာမှ ၁၇၇.၅၀ ဟဲရာသို့လည်းကောင်း၊ Rondonópolis (MT) ဈေးကွက်တွင် ၁၆၁.၀၀ ဟဲရာမှ ၁၆၂.၀၀ ဟဲရာသို့လည်းကောင်း၊ Dourados (MS)ဈေးကွက်တွင် ၁၆၃.၀၀ ဟဲရာမှ ၁၆၄.၀၀ ဟဲရာသို့လည်းကောင်း၊ Rio Verde (GO) ဈေးကွက်တွင် ၁၆၄.၀၀ ဟဲရာမှ ၁၆၅.၀၀ ဟဲရာသို့လည်းကောင်း အသီးသီးဈေးနှုန်းများ မြင့်တက်ခဲ့သည်။

MISDOP

အမေရိကန်နိုင်ငံရှိ ချီကာဂိုစတော့ဈေးကွက်(Chicago Commodity Exchange – CBOT) တွင် ဒီဇင်ဘာလ ၂၇ ရက်နေ့၏ ပဲပုတ်စေ့၊ ပဲပုတ်ဆီနှင့် ပဲပုတ်အခွံဈေးနှုန်းတို့သည် အမြင့်ဈေးနှုန်းများဖြင့် ဈေးပိတ်ခဲ့သည်။ အဆိုပါ စတော့ဈေးကွက်ရှိ ဆီထွက်သီးနှံများ၏ဈေးနှုန်းမြင့်တက်မှုများသည် တောင်အမေရိကတိုက်နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသည့် ရာသီဥတုဖောက်ပြန်မှုများ၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်သည်။

စတော့စျေးကွက်တွင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွက် သီးနှံကြိုပွိုင့်စျေးနှုန်းသည် ပဲပုတ်စေ့ ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၂၀.၅၀ ဆင့်စျေးနှုန်းမြင့်တက်ခဲ့ပြီး ၁၃.၆၂ ဒေါ်လာဖြင့်လည်းကောင်း၊ မတ်လအတွက် ပဲပုတ်စေ့ကြိုပွိုင့်စျေးနှုန်းသည် ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၃၀.၇၅ ဆင့် စျေးနှုန်းပိုမိုမြင့်တက်ခဲ့ပြီး ၁၃.၇၁ ဒေါ်လာဖြင့်လည်းကောင်း ရောင်းဝယ်ခဲ့ကြသည်။ ပဲပုတ်ထွက်ကုန်များတွင် မတ်လအတွက် ပဲပုတ်အခွံကြိုပွိုင့် ၁ တန်စျေးနှုန်းသည် အမေရိကန်ဒေါ်လာ ၇.၈၀ ဒေါ်လာ စျေးနှုန်းမြင့်တက်ခဲ့ပြီး ၄၀၈.၃၀ ဒေါ်လာဖြင့်လည်းကောင်း၊ ပဲပုတ်ဆီ ၁ ပေါင်ကြိုပွိုင့်စျေးနှုန်းသည် အမေရိကန်ဒေါ်လာ ၁.၄၃ ဆင့် စျေးနှုန်းပိုမိုမြင့်တက်ခဲ့ပြီး ၅၆.၈၅ ဆင့်ဖြင့်လည်းကောင်း အသီးသီးစျေးနှုန်းများဖြစ်ပေါ်ခဲ့သည်။

နိုင်ငံခြားငွေရောင်းဝယ်မှုစျေးကွက်တွင် အမေရိကန် ၁ ဒေါ်လာ၏တန်ဖိုးသည် ရောင်းစျေး ၅.၆၃၈၀ ဟဲရာနှင့် ဝယ်စျေး ၅.၆၃၆၀ ဟဲရာစျေးတို့ဖြင့် ရောင်းဝယ်ခဲ့ကြသည်။ လတ်တလောကာလတွင် အမေရိကန်ဒေါ်လာတန်ဖိုးအတက်အကျပြောင်းလဲမှုများသည် လျင်မြန်စွာဖြစ်ပေါ်လျက်ရှိနေသည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

.................................................................................................................

## ဩစတြေးလျ–ဗီယက်နမ် နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ခြင်း

ဩစတြေးလျအစိုးရသည် ဩစတြေးလျဒေါ်လာ ၃၄၀ ဘီလီယံ စီးပွားရေးတန်ဖိုးရှိသော ဗီယက်နမ်နိုင်ငံတွင် ဩစတြေးလျနိုင်ငံသားများ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အခွင့်အလမ်းများကို ရှာဖွေလျက်ရှိပါသည်။ ဩစတြေးလျနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးကို မြှင့်တင်နိုင်မည့် လမ်းပြမြေပုံဖြစ်သည့် ဩစတြေးလျ– ဗီယက်နမ်အဆင့်မြင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းမဟာဗျူဟာ (The Australia–Vietnam Enhanced Economic Engagement Strategy)ကို ၂၁–၁၂–၂၀၂၁ ရက်နေ့က ထုတ်ပြန်လိုက်ကြောင်း ဩစတြေးလျကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။

သြစတြေးလျဝန်ကြီးက သြစတြေးလျနှင့် ဗီယက်နမ်နိုင်ငံတို့၏ ရင်းနှီးမြှုပ်နှံမှုနှစ်ဆတိုးလာစေရန်နှင့် ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံ(၁၀)နိုင်ငံတွင် ပါဝင်လာနိုင်ရန် ကြိုးပမ်းမှု၏အခြေခံအုတ်မြစ်အနေဖြင့်မဟာဗျူဟာကိုကြိုဆိုပါကြောင်း၊ နှစ်နိုင်ငံ၏စီးပွားရေးဆက်ဆံမှုက ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအတွက်အခွင့်အလမ်းများ ပေးနိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံသည် ပြိုင်ဖက်ထက်ပိုသော စီးပွားဖက်နိုင်ငံများဖြစ်ပါကြောင်း၊ ထောက်ပံ့မှုကွင်းဆက်များသည် ပိုမိုနီးကပ်စွာဆက်စပ်လျက်ရှိသည်ဖြစ်ရာ ကမ္ဘာ့ဈေးကွက်သို့ အတူတကွတင်ပို့လျက်ရှိပါကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာကိုအကောင်အထည်ဖော်ခြင်းဖြင့် အပြန်အလှန်အကျိုးရှိစေမည့် အခွင့်အလမ်းများကို ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ကာ အထူးသဖြင့် ပညာရေး၊ အရင်းအမြစ်၊ စိုက်ပျိုးမွေးမြူရေး၊ ထုတ်လုပ်မှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေးကဲ့သို့သော အဓိကကဏ္ဍများတွင်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံလုံးသည် ကူးစက်ရောဂါအကျပ်အတည်းမှ ပေါ်ထွက်လာပြီး၊ စီးပွားရေးပြန်လည် ဦးမော့ရန်စတင်လာချိန်တွင် မဟာဗျူဟာသည် နှစ်နိုင်ငံလုံးအတွက် ကြီးမားသောအခွင့်အလမ်းကို ရရှိခြင်းဖြစ်ပါကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

မဟာဗျူဟာကို အတည်ပြုရာတွင် ဗီယက်နမ်နိုင်ငံ၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး H.E. Nguyen Chi Dung က "မဟာဗျူဟာ၏ ဘုံရည်မှန်းချက်များ ဖြစ်မြောက်သည့်အောင်မြင်မှုသည် ဗီယက်နမ်နှင့် သြစတြေးလျတို့၏ စီးပွားရေးအနေအထားကို ပိုမိုမြှင့်တင်ပေးမည်ဖြစ်ပြီး၊ အာရှ-ပစိဖိတ်ဒေသ၏ ဘေးကင်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးကို အထောက်အကူဖြစ်စေမည်" ဟု မှတ်ချက်ပြုခဲ့ပါသည်။

မဟာဗျူဟာသည် ပွင့်လင်းမြင်သာသောကုန်သွယ်မှုအတွက်အခြေခံဖြစ်သော စည်းမျဉ်းအခြေပြုကုန်သွယ်မှုစနစ်ကို အားကောင်းစေရေးမှာ အရေးကြီးကြောင်းနှင့် စီးပွားရေးစိန်ခေါ်မှုများနှင့် အကျပ်ကိုင်သော စီးပွားရေးအလေ့အကျင့်များကို ကိုင်တွယ်ဖြေရှင်းရန် အတူတကွပူးပေါင်းဆောင်ရွက်ခြင်းတို့ကို မီးမောင်းထိုးပြလျက်ရှိပြီး၊ မဟာဗျူဟာနှင့် အကောင်အထည်ဖော်ဆောင်မှုအစီအစဉ် အသေးစိတ်ကို www.australia-vietnam-eees.gov.au တွင် ကြည့်ရှုနိုင်ပါသည်။

Source: www.trademinsiter.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

## ဩစတြေးလျစီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုကို ပိုမိုလွယ်ကူစေရန် အစိုးရကဆောင်ရွက်လျက်ရှိခြင်း

ဩစတြေးလျအစိုးရသည် စီးပွားရေးလုပ်ငန်းများအတွက် ပို့ကုန်များတင်ပို့ခြင်းနှင့် သွင်းကုန်များတင်သွင်းရာတွင်လွယ်ကူပြီး စျေးနှုန်းသက်သာစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အစိုးရသည် လုပ်ထုံးလုပ်နည်းများကို လွယ်ကူရိုးရှင်းစေခြင်း၊ နှစ်ထပ်ဖြစ်မှုများ (Duplication) ကို လျှော့ချခြင်း၊ ကုန်စည်ရှင်းလင်းမှုအတွက် One-stop ဒစ်ဂျစ်တယ်စနစ်ကို ဖန်တီးပေးခြင်းတို့ဖြင့် ဩစတြေးလျကုန်သွယ်မှုစနစ်ကို ပြန်လည်ပြင်ဆင်ရန်အတွက် အစိုးရသည် (၄)နှစ်အတွင်း နောက်ထပ်ဩစတြေးလျဒေါ်လာ ၁၃၇.၇ သန်းကို ၁၆-၁၂-၂၀၂၁ ရက်နေ့တွင် ကတိကဝတ်ပြုလိုက်ကြောင်း ကုန်သွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ရုံးမှဝန်ကြီးတို့ကပူးတွဲသတင်း ထုတ်ပြန်ထားပါသည်။

ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီး Dan Tehan က အဆိုပါ ဆောင်ရွက်မှုများသည် စီးပွားရေးခံနိုင်ရည်ကို အားကောင်းစေခြင်းနှင့် ဩစတြေးလျ၏ COVID-19 မှစီးပွားရေး ပြန်လည်အားကောင်းလာစေခြင်းတို့ဖြင့် ကုန်သွယ်မှုကိုချောမွေ့စေမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်သွယ်မှုစနစ် တိုးတက်ကောင်းမွန်လာစေရန် အစိုးရသည် မက်ခရိုစီးပွားရေးတွင် ရင်းနှီးမြှုပ်နှံလျက်ရှိပါကြောင်း၊ အဆိုပါ အစီအမံများသည်နိုင်ငံတကာကုန်သွယ်မှုတွင် ကြုံတွေ့ရလျက်ရှိသော စီးပွားရေးလုပ်ငန်းအများအပြားအတွက် ရည်ရွယ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဩစတြေးလျ၊ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနနှင့် ဩစတြေးလျမြောက်ပိုင်း ဝန်ကြီး David Littleproud က "ကုန်စည်ခြေရာခံနိုင်မှု စံချိန်စံညွှန်းများနှင့် ဒေတာများကို ဟန်ချက်ညီစေရန်၊ စျေးကွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပို့ကုန်လုပ်ငန်းရှင်များ၏ စွမ်းရည်ကိုအကောင်းဆုံးအသုံးချနိုင်ခြင်းနှင့် ၎င်းတို့၏အရည်အသွေးမြင့် ထုတ်ကုန်များအတွက် စျေးနှုန်းကောင်းများရရှိစေခြင်းစသည်တို့တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းဖြင့် ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးထုတ်လုပ်သူများနှင့် တင်ပို့သူများအတွက် နှစ်ဖက်အနိုင်ရရှိသည့် win-win အခြေ အနေဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုလွယ်ကူမှုရှိစေရန် ဇီဝလုံခြုံရေးစစ်ဆေးမှုများကို အွန်လိုင်းတွင်ကြိုတင်စာရင်းသွင်းနိုင်ရန်နှင့် အဆိုပါကြိုတင်စာရင်းသွင်းမှုများဆိုင်ရာ အပြောင်းအလဲများကို စီမံခန့်

ခွဲရန်၊ ဇီဝလုံခြုံရေးစနစ်များကို ခေတ်မီစေရန် အရေးကြီးသောတိုးတက်မှုများကို လုပ်ဆောင်နေပါကြောင်း” ပြောကြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီး Karen Andrews က“ဩစတြေးလျနိုင်ငံသားများသည် နယ်စပ်လုံခြုံရေးနှင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအကြား မှန်ကန်သောမျှတမှုရှိရန် အစိုးရကိုယုံကြည်နိုင်ပါကြောင်း၊ ကူးစက်ရောဂါအကျပ်အတည်းမှ လွတ်မြောက်လာချိန်နှင့် ဩစတြေးလျနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာရာတွင် ဘေးကင်းမှုရှိစေရန် ကုန်သွယ်မှုစနစ်ကို ခေတ်မီအောင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများကို ကုန်သွယ်မှုအခွင့်အလမ်းသစ်များရရှိစေချိန်တွင် နိုင်ငံ၏ ဝင်/ထွက်ပေါက်များကို တရားမဝင်မူးယစ်ဆေး၊ လက်နက်များနှင့် အခြားတားမြစ်ထားသောကုန်စည်တင်သွင်းမှုများမှဆက်လက်ကာကွယ်နေပါကြောင်း၊ နိုင်ငံတကာကုန်သွယ်မှုစနစ်မှ စက္ကူစာရွက်စာတမ်းများကိုဖယ်ရှား၍ ကမ္ဘာကိုဦးဆောင်ရန် ဒစ်ဂျစ်တယ်နည်းပညာအသစ်များကို အသုံးပြုခြင်းကြောင့် ကုန်သွယ်မှုကို ပိုမိုမြန်ဆန်ထိရောက်ပြီး၊ ပိုမိုလုံခြုံစေပါကြောင်း” ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့လက်ထောက်ဖြစ်သည့် ဝန်ကြီး Morton က “ဤအောင်မြင်မှုသည် Morrison အစိုးရ၏ စည်းမျဉ်းစည်းကမ်းထိန်းချုပ်ထားမှုမှ ကင်းလွတ်ရေးအစီအစဉ် (The Government’s Deregulation Agenda) ၏ ရလဒ်ဖြစ်ပါကြောင်း၊ ကြိုးနီစနစ်ကို ဖြစ်နိုင်သမျှဖြတ်တောက်ရန် ကတိကဝတ်ပြုထားခြင်းဖြင့် ကုန်ထုတ်စွမ်းအားကိုမြှင့်တင်ကာ အချိန်နှင့်ငွေကြေးကုန်ကျမှုကို သက်သာစေပါကြောင်း၊ The Deregulation Taskforce သည် စီးပွားရေးလုပ်ငန်းအတွက် ထပ်တူထပ်မျှနေခြင်းကို ဖယ်ရှားရှင်းလင်းရန် သေချာစေရန်အတွက် အစိုးရတစ်ရပ်လုံးတွင်လုပ်ဆောင်နေပြီး တစ်ချိန်တည်းတွင် အခွန်ထမ်းရန်ပုံငွေများကို ချွေတာနိုင်မည်ဖြစ်ပါကြောင်း” ပြောကြားထားပါသည်။

ဤအစီအမံများသည် စိုက်ပျိုးမွေးမြူရေးပို့ကုန်နှင့် သွင်းကုန်စနစ်များနှင့် လုပ်ငန်းစဉ်များခေတ်မီစေရန် အစိုးရ၏ဆက်လက်ရင်းနှီးမြှုပ်နှံမှုကိုပံ့ပိုးပေးပြီး၊ ၂၀၃၀ ပြည့်နှစ်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကဏ္ဍမှ ဝင်ငွေ ဩစတြေးလျဒေါ်လာ ၁၀၀ ဘီလီယံရရှိရေးအတွက် အထောက်အပံ့ပြုပေးမည့် ကတိကဝတ်များနှင့် Commonwealth Biosecurity 2030 အစီအစဉ်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ရှင်စောသု၊ စီးပွားရေးသံမှူး
ကင်ဘာရာ

MISDOP

## အသားအတုစုံစမ်းစစ်ဆေးမှုသည် သက်သတ်လွတ် အစားအသောက်ထုတ်လုပ်သူများကို 'အမဲသား' ကဲ့သို့သော ထုပ်ပိုးမှုအညွှန်းဖော်ပြချက်များကို ဖြုတ်ချရန်တောင်းဆိုနိုင်ခြင်း

အပင်အခြေပြုအစားအသောက်ထုတ်လုပ်သူများသည် 'အမဲသား' နှင့် 'ဝက်အူချောင်း' အပါအဝင် တိရိစ္ဆာန်ရုပ်ပုံများကို ၎င်းတို့၏ထုပ်ပိုးမှုမှဖယ်ရှားရန် မကြာမီတွင်ဖိအားပေးခံရနိုင်သည်ဟု အစားအသောက်တံဆိပ်ကပ်ခြင်းဆိုင်ရာ လွှတ်တော်စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌ၏ ပြောဆိုချက်အရ သိရှိရသည်။ စုံစမ်းရေးအဖွဲ့က အပင်အခြေပြု ထုတ်ကုန်ထုတ်လုပ်သူများသည် ၎င်းတို့၏ထုတ်ပိုးမှုတွင် တိရိစ္ဆာန်များနှင့်ဆက်စပ်သော စကားလုံးများကို အသုံးပြုသင့်-မသင့်နှင့် အပင်အခြေပြုအစားအသောက်များတွင် တံဆိပ်ကပ်ခြင်းကြောင့် စားသုံးသူများသည် ၎င်းတို့ဝယ်ယူလိုက်သည့်အရာနှင့်ပတ်သက်၍ လှည့်စားခံရခြင်းရှိ-မရှိကို စုံစမ်းလျက်ရှိပါသည်။

ဩစတြေးလျယှဉ်ပြိုင်မှုနှင့်စားသုံးသူကော်မရှင်(The Australian Competition and Consumer Commission– ACCC)က စားသုံးသူများသည်လှည့်စားခံရသည့် အထောက်အထားမရှိကြောင်းပြောကြားသော်လည်း စုံစမ်းရေးအဖွဲ့ဦးဆောင်သူ အထက်လွှတ်တော်အမတ် McDonald က အဆိုပါစုံစမ်းမေးမြန်းမှုတွင်လူအချို့စိတ်ရှုပ်ထွေးနေသည့် ဖြစ်ရပ်မှန်ဇာတ်လမ်းများကို လက်ခံရရှိခဲ့ပါကြောင်း၊ ဖေဖော်ဝါရီလတွင် စုံစမ်းရေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာ၌ အပင်အခြေပြုအစားအစာများကို စူပါမားကတ်များ၌ မည်သည့်နေရာတွင် ထားရှိရမည်ဆိုသည်နှင့်မည်သို့မည်ပုံတံဆိပ်ကပ်ရမည်ဆိုသည်တို့နှင့်စပ်လျဉ်း၍ အပြောင်းအလဲများပြုလုပ်ရန် အကြံပြုနိုင်ဖွယ်ရှိပါကြောင်း၊ ဒုတိယအချက်မှာ တိရိစ္ဆာန်ကို လုံးဝရည်ညွှန်းခြင်းမရှိသော ထုတ်ကုန်တစ်ခုတွင် အဆိုပါတိရိစ္ဆာန်ရုပ်ပုံနှင့်အမည်ကို အညွှန်းတံဆိပ်မကပ်ရန်ဖြစ်ကြောင်း ပြောကြားထားပါသည်။

မူလအားဖြင့် ဩစတြေးလျနိုင်ငံသားများမှာ အသားကြိုက်နှစ်သက်သူများဖြစ်သော်လည်း စားသုံးသူများသည် ကျင့်ဝတ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတိရှိရှိစားသောက်မှု အလေ့အထများကို ပိုမိုစဉ်းစားလာကြသည့်အတွက် အစားအသောက်စားသုံးမှုပုံစံများမှာ ပြောင်းလဲလာခဲ့ပြီး၊ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပြည်တွင်းအသားစားသုံးမှုသည် ၁၉၉၀ ခုနှစ်များ အလယ်ပိုင်းကတည်းက ၎င်း၏အနိမ့်ဆုံးအမှတ်သို့ ကျဆင်းသွားခဲ့ပါသည်။ ဩစတြေးလျအခြေစိုက် သုတေသနဝန်ဆောင်မှုအဖွဲ့တစ်ခုဖြစ်သော IBISWorld data အရ တစ်နှစ်လျှင် (၂၀၂၀-၂၀၂၁ ခုနှစ်)လူတစ်ဦးလျှင် အသားစားသုံးမှုမှာ တစ်နှစ်လျှင် ၉၄.၅ ကီလိုဂရမ်ဟုခန့်မှန်းထားပါသည်။ တစ်ချိန်တည်းမှာပင် အပင်အခြေပြုအစားအသောက်ဝယ်ယူမှုများ မြင့်တက်လာပြီး၊ The Food Frontier အစီရင်ခံစာအရ

MSDP

လက်လီရောင်းချမှုသည် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ၄၆ % တက်လာခဲ့ရာ တန်ဖိုးအားဖြင့်ဩစတြေးလျ ဒေါ်လာ ၁၅၄ သန်း အထိရှိလာခဲ့ပါသည်။ ထို့အပြင် အပင်အခြေပြုအသားများအတွက် ကမ္ဘာလုံးဆိုင်ရာအသုံးစရိတ်သည် ၂၀၂၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၀ ဘီလီယံအထိရှိလာမည်ဟု ခန့်မှန်းထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

အကယ်၍ ဩစတြေးလျ၏ အပင်အခြေပြုစားသောက်ကုန်လုပ်ငန်းသည် အလယ်အလတ်တိုးတက်မှုရှိလာမည်ဆိုပါက အဆိုပါကဏ္ဍသည် ၂၀၃၀ ပြည့်နှစ်တွင် လက်လီရောင်းချမှု၌ ဩစတြေးလျဒေါ်လာ ၃ ဘီလီယံနီးပါး ရရှိနိုင်မည်ဖြစ်ပြီး၊ ထုတ်လုပ်မှုတွင် ဒေါ်လာ ၁ ဘီလီယံကျော်ရရှိနိုင်ကာ ဩစတြေးလျနိုင်ငံသား ၆,၀၀၀ ကျော်ကို အလုပ်အကိုင်ရရှိစေမည်ဖြစ်ကြောင်းခန့်မှန်းထားပါသည်။ ယခုအခါ အဓိကစူပါမားကတ်အများစုတွင် အသား၊ နို့နှင့် နို့ထွက် ပစ္စည်းနေရာများတွင် အပင်အခြေပြုအစားအစာ အစားထိုးစားသောက်ကုန်များစွာရှိနေပြီဖြစ်ပါသည်။

သို့သော် အသားထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍက တိရိစ္ဆာန်ပရိုတင်းကို မရောင်းချသောအစားအစာထုတ်လုပ်သူတိုင်းသည် ၎င်းတို့၏ထုတ်ကုန်အမည်ကိုလဲလှယ်ခြင်းမပြုသင့်ကြောင်း ပြောကြားခဲ့ပြီး၊ ဩစတြေးလျ အသားလုပ်ငန်းကောင်စီသည် အစားအသောက်စံချိန်စံညွှန်းကုဒ်ကို ပြန်လည်ပြင်ဆင်ရန်နှင့် အပင်အခြေပြုစားသောက်ကုန် လုပ်ငန်းအတွက် မဖြစ်မနေစံနှုန်းအသစ်တစ်ခုဖော်ဆောင်ရန်နှင့် အသားထုတ်ကုန်များကို ဝေဖန်အပုတ်ချ၍ အသားတံဆိပ်နှင့်အမြတ်ထုတ်နေသည့် အပင်အခြေပြုစားသောက်ကုန်လုပ်ငန်းကို ရပ်တန့်စေလိုကြောင်း အစိုးရကိုတောင်းဆိုထားပါသည်။

ဩစတြေးလျစူပါမားကတ်များနှင့် အကင်အပါအဝင် fast-food ဆိုင်ခွဲများကိုပံ့ပိုးပေးလျက်ရှိသည့် ကမ္ဘာ့အကြီးဆုံး အပင်အခြေပြုအစားအသောက် ထုတ်လုပ်သူများအနက် တစ်ခုဖြစ်သည့် Impossible Foods က စားသုံးသူများသည် အမဲသားအစစ်နှင့် တူသည်ဆိုသည့်အချက်ကိုသိကြသောကြောင့် ၎င်းထုတ်ကုန်များကို ဈေးကွက်တင်ရောင်းချခြင်းဖြစ်ကြောင်း၊ အမဲသား (သို့) ကြက်သား (သို့) ဝက်သားကဲ့သို့ ဝေါဟာရများကို အသုံးပြုခြင်းကြောင့် စားသုံးသူများ ရှုပ်ထွေးမှုမရှိစေပါကြောင်း ပြောကြားထားပါသည်။

No Meat May ကို ပူးတွဲတည်ထောင်သူ Ryan Alexander က စုံစမ်းရေးကော်မရှင်သည် ပြဿနာကို ဖြေရှင်းခြင်းမဟုတ်သော်လည်း ဈေးကွက်ဝေစုမဆုံးရှုံးစေရန် အသားထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍကို ကာကွယ်ရန်ကြိုးစားနေကြောင်း၊ ဩစတြေးလျနိုင်ငံသားအများစုသည် အသားအစစ်အမှန်နှင့် အပင်အခြေပြုအသားတို့ကြား ခြားနားချက်ကို သိရှိကြောင်းပြောကြားခဲ့သည်။

လက်လီအရောင်းဆိုင်ကြီးများမှ စားသုံးသူအများစုသည် ၎င်းတို့ဝယ်ယူသည့်အရာကို သိရှိကြကြောင်း စောဒကတက်ကြသည်။ ရေးသားတင်ပြချက်တွင် Woolworths က စစ်တမ်းကောက်ယူခဲ့သည့်ဖောက်သည် ၆,၀၀၀ နီးပါး၏ ၇ % သည် အပင်အခြေခံထုတ်ကုန်ကို မှားယွင်းစွာဝယ်ယူခဲ့ကြောင်း ဖော်ပြထားပါသည်။

အထက်လွှတ်တော်အမတ် McDonald က စားသုံးသူများသည် မှားယွင်းသောဝယ်ယူမှုများကို သတင်းပို့လေ့မရှိသောကြောင့် ခိုင်မာသောအထောက်အထားရရှိရန် ခက်ခဲကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လူဦးရေတိုးပွားလာချိန်တွင် တိရိစ္ဆာန်အသားအတွက် အစားထိုးပရိုတင်းများ လိုအပ်နေသည်ကို အသိအမှတ်ပြုပါကြောင်း ပြောကြားခဲ့သည်။ စုံစမ်းရေးကော်မရှင်သည် ၎င်း၏တွေ့ရှိချက်များကို ဖေဖော်ဝါရီလတွင် ထုန်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

..........................................................................................................................

## ဩစတြေးလျအစိုးရက ပို့ကုန်မြှင့်တင်ရေး အကူအညီအသစ်များထပ်မံပေးအပ်ခြင်း

ဩစတြေးလျပို့ကုန်လုပ်ငန်းရှင်များသည် အလုပ်အကိုင်များဖန်တီးပေးခြင်းဖြင့် နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး၊ ယခုအခါအစိုးရက ပို့ကုန်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများ (Export Market Development Grants – EMDG) အစီအစဉ်တွင် အထောက်အပံ့အသစ်အဖြစ် ဩစတြေးလျဒေါ်လာ သန်း ၈၀ ရန်ပုံငွေကို ထပ်မံဖြည့်တင်းပေးရာ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် EMDG အစီအစဉ်အရ အကျိုးကျေးဇူးများရရှိနိုင်ကြောင်း ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက (၂၃-၁၂-၂၀၂၁) ရက်နေ့က သတင်းထုတ်ပြန်ထားပါသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးသည့် EMDG ထောက်ပံ့ကြေးကိုရယူလိုသည့်ပို့ကုန်လုပ်ငန်းရှင်အရေအတွက်မှာ၂၀၂၁ ခုနှစ်တွင်မြင့်တက်လာခဲ့ကြောင်း၊ ပြုပြင်ပြောင်းလဲထားသော EMDG အစီအစဉ်အရ စီးပွားရေးလုပ်ငန်းများမှာ ထောက်ပံ့ကြေးလျှောက်ထားရန် ပိုမိုလွယ်ကူစေခြင်းဖြင့် EMDG ထောက်ပံ့ကြေးရယူလိုသည့်လုပ်ငန်းများ ယခုနှစ်တွင်အထူး

အားကောင်းလျက်ရှိကြောင်း၊ လျှောက်ထားမှုများပြားလာသောကြောင့်အစိုးရ အနေဖြင့်လာမည့် လေးနှစ်တာကာလအတွင်း ဩစတြေးလျဒေါ်လာသန်း ၈၀ ကို ထပ်မံ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဝန်ကြီးDan Tehan က ပြောကြားခဲ့သည်။

ဝန်ကြီးက Tehan က ဩစတြေးလျစီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏လုပ်ငန်းများကိုကမ္ဘာနှင့်အဝှမ်းကြီးထွားတိုးတက်လာစေရန် အစိုးရကပံ့ပိုးပေးသည့် သက်သေပြသပြီးဖြစ်ပါကြောင်း၊ EMDG အစီအစဉ်သည် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာဈေးကွက်သစ်များတွင် ထင်ရှားပေါ်လွင်စေပြီး၊ ပြင်းထန်သောပြိုင်ဆိုင်မှုများအကြားရှိနှင့်ပြီးသား ဈေးကွက်များကိုချဲ့ထွင်ရန်ကူညီပေးသည့် အရေးကြီးသောအစီအစဉ်တစ်ခုဖြစ်ပါကြောင်း၊ ဩစတြေးလျစီးပွားရေးလုပ်ငန်း ၄,၀၀၀ ကျော်သည် COVID–19 ၏အကျိုးသက်ရောက်မှုကို စီမံခန့်ခွဲရာတွင်ကူညီနိုင်ရန် ၂၀၁၉–၂၀၂၀ ခုနှစ်တွင် EMDG အစီအစဉ်မှတစ်ဆင့် ၎င်းတို့၏ပို့ကုန်လုပ်ငန်းများအတွက် ပံ့ပိုးမှုဒေါ်လာ ၁၉၂ သန်းကျော်ရရှိခဲ့ပါကြောင်း ပြောကြားခဲ့သည်။

ပို့ကုန်လုပ်ငန်းရှင်များအတွက် အထောက်အပံ့ပေးလျက်ရှိသည့် EMDG အစီအစဉ်အတွက် စုစုပေါင်းရန်ပုံငွေကို ပုံသေသတ်မှတ်ထားပြီး၊ ဩစတြေးလျကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင် (The Australian Trade and Investment Commission– Austrade) မှ စီမံခန့်ခွဲလျက်ရှိပါသည်။ ယခုနှစ်တွင် Austrade သည် Stakeholders များနှင့် နီးကပ်စွာဆောင်ရွက်၍ သိသာထင်ရှားသောကြိုးနီစနစ်ကိုဖယ်ရှားကာ လျှောက်လွှာစတင်လျှောက်ထားမှုမှ အကူအညီပေးအပ်သည့်အဆင့် အထိဆောင်ရွက်သည့်လုပ်ငန်းစဉ်ကို ဒီဇိုင်းရေးဆွဲဖော်ထုတ် ဆောင်ရွက်ခြင်းဖြင့်လုပ်ငန်းများ၏ အကူအညီလျှောက်ထားရယူမှုကို လွယ်ကူစေသည့်အပြင် ထောက်ပံ့ငွေနှင့် ကိုက်ညီမှုရှိသောပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ရရှိမည့်အထောက်အပံ့ကို ကြိုတင်သတ်မှတ်ပေးသည့် နှစ်ရှည်သဘောတူညီချက်များမှတစ်ဆင့် သေချာမှုရရှိစေနိုင်ကြောင်းသိရှိရပါသည်။

ယခုနှစ်တွင် Austrade သည် ပြုပြင်ပြောင်းလဲထားသော EMDG အစီအစဉ် ထောက်ပံ့ကြေးအတွက် လျှောက်လွှာပေါင်း ၅,၃၀၀ ကျော်လက်ခံရရှိခဲ့ပြီး၊ အစီအစဉ် အကောင်အထည်ဖော်ဆောင်သည့်တလျှောက် အမြင့်ဆုံးအရေအတွက်ဖြစ်ရာ အစီအစဉ်အသစ်၏ စီးပွားရေးလုပ်ငန်းများအတွက် ခိုင်မာသောပံ့ပိုးမှုကို သရုပ်ပြခြင်းဖြစ်ပါကြောင်း သိရှိရပါသည်။

Source: www.trademinister.gov.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

MIS DOP

## COVID-19 Omicron မျိုးကွဲကြောင့် ခရစ်စမတ်ပိတ်ရက်အတွင်း လေယာဉ်ခရီးစဉ် ထောင်ပေါင်းများစွာ ဖျက်သိမ်းခဲ့ရခြင်း (ဩစတြေးလျ)

COVID-19 ကူးစက်မှုမြင့်တက်လာခြင်းကြောင့် အားလပ်ရက် ခရီးသွားသူများအတွက် မသေချာမရေရာမှုများနှင့် စိတ်ဆင်းရဲမှုတို့ကို ဖန်တီးပေးသောကြောင့် ကမ္ဘာတစ်ဝှမ်းရှိ လေကြောင်းလိုင်းများသည် ခရစ္စမတ်ပိတ်ရက်တွင် လေယာဉ်ခရီးစဉ်ပေါင်း ၄,၃၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရကြောင်း ABC သတင်းဌာန၏သတင်းအရ သိရှိရပါသည်။

FlightAware.com အရ ပုံမှန်အားဖြင့် ခရီးသွားများပြားသည့် ခရစ္စမတ်အကြိုနေ့တွင် ကမ္ဘာတစ်ဝှမ်းရှိ လေကြောင်းလိုင်းများသည် လေယာဉ်ခရီးစဉ် အနည်းဆုံး ၂,၃၆၆ ကြိမ်ထက်မနည်းဖျက်သိမ်းခဲ့ရပြီး၊ ခရီးစဉ် ၉,၀၀၀ ကျော်မှာ နှောင့်နှေးခဲ့ရပါသည်။ ခရစ္စမတ်နေ့လေယာဉ် ခရီးစဉ် ၁,၆၁၆ ကို ကမ္ဘာတစ်ဝှမ်းရပ်ဆိုင်းလိုက်ရပြီး၊ တနင်္ဂနွေနေ့အတွက်စီစဉ်ထားသော နောက်ထပ်လေယာဉ် ၃၆၅ စင်းကိုလည်း ဖျက်သိမ်းခဲ့ကြောင်း အဆိုပါ Website တွင် ဖော်ပြခဲ့ပါသည်။

ခရစ္စမတ်အကြိုနေ့တွင် ဆစ်ဒနီလေဆိပ်ရှိ လေကြောင်းလိုင်းအားလုံးတွင် ပြည်တွင်းလေကြောင်းခရီးစဉ် ၈၀ ထက်မနည်းကို ဖျက်သိမ်းခဲ့ရပါသည်။ လေကြောင်းလိုင်းတစ်ခုဖြစ်သည့် Jetstar က ၎င်း၏ဝန်ထမ်းအများအပြားကို COVID-19 အတွက် စစ်ဆေးမှုခံယူရန်နှင့် သီးခြားခွဲထားရန် တွန်းအားပေးခံခဲ့ရကြောင်း အတည်ပြုခဲ့ပြီး၊ ၎င်း၏အချိန်ဇယားကို ပြုပြင်ပြောင်းလဲမှုအချို့ ပြုလုပ်ရာတွင် နောက်ကျခဲ့ကြောင်း ပြောကြားခဲ့သည်။ Virgin Australia မှ တာဝန်ရှိသူတစ်ဦးက ခရီးသည်အားလုံးသည် သောကြာနေ့တွင် ၎င်းတို့၏ သွားရောက်မည့်နေရာကို ရောက်ရှိနေကြပြီးဖြစ်ရာ ခရစ္စမတ်အတွက် မည်သူမျှသောင်တင်နေမည် မဟုတ်ကြောင်း ပြောကြားခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုအတွင်းနှင့် နိုင်ငံပြင်ပသို့ လေကြောင်းသွားလာမှုတွင် ပိတ်ရက်က လေကြောင်းခရီးစဉ်အားလုံး၏ လေးပုံတစ်ပုံကျော် ဖျက်သိမ်းခဲ့ရပါသည်။ သီတင်းပတ်ကုန် အားလပ်ရက် ဖျက်သိမ်းခြင်းများကို ပထမဆုံးအစီရင်ခံခဲ့သည့် US လေကြောင်းလိုင်းများအနက် United Airlines နှင့် Delta Air Lines တို့သည် ဝန်ထမ်းပြတ်တောက်မှုနှင့် COVID-19 ကူးစက်မှုမြင့်တက်လာသောကြောင့် သောကြာနေ့တစ်ရက်တည်းတွင် ပျံသန်းမှုပေါင်း ၂၈၀ နီးပါးကို ဖျက်သိမ်းခဲ့ရပါသည်။ အမေရိကန်အစိုးရက Omicron မျိုးကွဲနှင့်ပတ်သက်၍ စိုးရိမ်မှုများကြောင့်ပြီးခဲ့သောလတွင် ချမှတ်ခဲ့သော အာဖရိကတောင်ပိုင်းနိုင်ငံ(၈)နိုင်ငံသို့ ခရီးသွားလာမှုကန့်သတ်ချက်များကို လာမည့်သီတင်းပတ်တွင် ဖယ်ရှားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

MISDOP

ဂျာမနီအခြေစိုက် Lufthansa လေကြောင်းလိုင်းက ခရစ္စမတ်အားလပ်ရက်အတွင်း လေယာဉ်မှူးများအကြား ဖျားနာမှုများပြားလာသောကြောင့် ခရစ္စမတ်အားလပ်ရက်အတွင်း ခရီးဝေးသွားသည့် အတ္တလန္တိတ်လေကြောင်းခရီးစဉ် တစ်ဒါဇင်ကိုဖျက်သိမ်းခဲ့ရပါသည်။ ဗြိတိန်တွင် စက်မှုလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးကွန်ရက်များစွာတွင် လုပ်သားများဖျားနာခြင်းနှင့် သီးခြားခွဲထားခြင်းကြောင့် ဝန်ထမ်းများရှားပါးမှုနှင့် ရုန်းကန်နေရလျက်ရှိပြီး လူနာများ၏ဘေးကင်းမှု အန္တရာယ်ကို ဆေးရုံများက သတိပေးထားပါသည်။ ပြီးခဲ့သည့် သီတင်းပတ်တွင် လန်ဒန်မြို့သား အယောက် ၂၀ တွင် တစ်ဦးသည် COVID-19 ကူးစက်ခံရလျက်ရှိကြောင်းနှင့် လာမည့်သီတင်းပတ်အစောပိုင်းတွင် လူ (၁၀) ဦးတွင် (၁) ဦးအထိ တိုးလာနိုင်ကြောင်း အမျိုးသားစာရင်းအင်းက ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။ အလားတူ ပြင်သစ်နိုင်ငံတွင်လည်း နေ့စဉ် COVID-19 ကူးစက်မှုမြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။

Source: www.abc.net.au

ရှင်စောသု၊ စီးပွားရေးသံမှူး

ကင်ဘာရာ

......................................................................................................................

## နယ်သာလန်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ်အတွက် နယ်သာလန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို လျှော့ချခန့်မှန်းခဲ့ခြင်း

နယ်သာလန်နိုင်ငံတွင် hard lockdown ချမှတ်ခဲ့မှုကြောင့် စီးပွားရေးအပေါ် ရိုက်ခတ်မှုရှိလာမည်ဟု ခန့်မှန်းချက်အရ နယ်သာလန်ဗဟိုဘဏ်သည် ၂၀၂၂ ခုနှစ်အတွက် နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းခန့်မှန်းချက်ကို ယခင်က (၃.၆) ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားရာမှ ယခုအခါ (၂.၂) ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း သိရပါသည်။

Lockdown ချမှတ်ခဲ့မှုနှင့် အိုမီခရွန်ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲ ကူးစက်ပြန့်ပွားမှုတို့ကြောင့် နယ်သာလန်နိုင်ငံ၏ စီးပွားရေးအပေါ် ကာလတိုအနေဖြင့် ဆိုးကျိုးသက်ရောက်စေနိုင်သော်လည်း နယ်သာလန်နိုင်ငံ၌ ညွန့်ပေါင်းအစိုးရသစ်ဖွဲ့စည်းရန် ပြင်ဆင်ဆောင်ရွက်နေခြင်းသည် ကာလလတ်တွင် စီးပွားရေးအထောက်အပံ့များကို ပေးစွမ်းနိုင်မည်ဟု နယ်သာလန်ဗဟိုဘဏ်က မျှော်လင့်ထားပါသည်။

ယခုနှစ်အကုန်တွင် နယ်သာလန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် အမြင့်ဆုံးသို့ရောက်ရှိမည်ဟု နယ်သာလန်ဗဟိုဘဏ်က ယူဆထားကြောင်း၊ ပျမ်းမျှအားဖြင့် ငွေတန်ဖိုးကျဆင်းမှုသည် ယခုနှစ်တွင် (၂.၇)ရာခိုင်နှုန်းခန့်ရှိပြီး လာမည့်နှစ်များတွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ အမြင့်ပိုင်းတွင် ဆက်လက်တည်ရှိနေမည်ဟု ခန့်မှန်းထားကြောင်း၊ နယ်သာလန်၏ ငွေကြေး ဖောင်းပွမှုနှုန်းမှာ ၂၀၂၂ ခုနှစ်တွင် (၃) ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ်တွင် (၂.၉) ရာခိုင်နှုန်းတို့သို့ ရောက်ရှိနိုင်ကြောင်း၊ ကုမ္ပဏီလုပ်ငန်းများအတွက် ကုန်ကြမ်းပစ္စည်းများမလုံလောက်မှုဆက်လက်ဖြစ်ပေါ်နိုင်ပြီး၊ ယင်းကြောင့် ကုန်ဈေးနှုန်းကို ပိုမိုမြင့်တက်စေနိုင်ကြောင်း၊ စွမ်းအင်ဈေးနှုန်းများ သိသိသာသာမြင့်တက်မှုသည် လာမည့်နှစ်တွင် ထပ်မံဖြစ်ပွားနိုင်ဖွယ်မရှိဟု ခန့်မှန်းထားကြောင်း သိရပါသည်။

နယ်သာလန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ယခုနှစ်တွင် (၃.၃) ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး၊ ၂၀၂၂ ခုနှစ်တွင် (၃.၄) ရာခိုင်နှုန်း ရှိနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် (၀.၁) ရာခိုင်နှုန်းထပ်မံမြင့်တက်နိုင်ကြောင်း နယ်သာလန်ဗဟိုဘဏ်၏ ခန့်မှန်းချက်အရ သိရပါသည်။ လုပ်သားမလုံလောက်မှု ပိုများလာနေကြောင်းနှင့် အစိုးရပိုင်းမှ ယင်းကိုအဖြေရှာရန်လိုအပ်ကြောင်း၊ လုပ်သားပါဝင်မှု ပိုမိုတိုးတက်စေခြင်း၊ လုပ်ငန်းကဏ္ဍများအကြား လုပ်သားကူးပြောင်းမှုကို အားပေးခြင်း၊ ရွှေ့ပြောင်းလုပ်သားခေါ်ယူခြင်းနည်းလမ်းတို့ဖြင့် ဖြေရှင်းနိုင်မည်ဟုယူဆကြောင်း နယ်သာလန်ဗဟိုဘဏ်က ဆိုသည်။

ထို့အပြင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် ကာလရှည်မဟာဗျူဟာတစ်ရပ် ထားရှိဆောင်ရွက်သွားရန် နယ်သာလန်အစိုးရအား နယ်သာလန်ဗဟိုဘဏ်က တောင်းဆိုခဲ့ပါသည်။ လက်ရှိတွင် ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့များ ပံ့ပိုးပေးနေခြင်းကိုနားလည်၍ရသော်လည်း ယင်းသည် ကာလရှည်တွင် စီးပွားရေးအပေါ် သက်ရောက်မှုများရှိလာနိုင်ကြောင်း နယ်သာလန်ဗဟိုဘဏ်၏ ငွေကြေးရေးရာနှင့် ဘဏ္ဍာရေးတည်ငြိမ်မှုဆိုင်ရာညွှန်ကြားရေးမှူး Olaf Sleijpen ကပြောကြားသည်။

ကပ်ရောဂါအကျပ်အတည်းကို ကာလရှည် ထိန်းချုပ်ဆောင်ရွက်မည့်အစီအစဉ်များကို အစိုးရပိုင်းမှချမှတ်သွားရန် နယ်သာလန်ဗဟိုဘဏ်က ဆန္ဒရှိနေကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့်ရေရှည်တွင် ကုမ္ပဏီများအနေဖြင့် ဘဏ္ဍာရေးအထောက်အပံ့လိုအပ်မှုကို လျှော့ချနိုင်စေလိမ့်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့်လည်း ကြွေးမြီကိုဂျီဒီပီ၏ (၆၀) ရာခိုင်နှုန်း မကျော်လွန်စေရေး သေချာအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် အဆိုပါနှုန်းထားမှာ (၅၅.၇) ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။

ရင်းမြစ် – https://nltimes.nl/2021/12/20/dutch-central-bank-slashed-2022-economic-forecast-long-term-vision-pandemic-needed

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

## ၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှေးကွေးခဲ့ခြင်း

ဘယ်လ်ဂျီယံအမျိုးသားဘဏ် (National Bank of Belgium–NBB) ၏ နောက်ဆုံးရစာရင်းဇယားများအရ ၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှေးကွေးခြင်းကိုကြုံတွေ့ရလျက်ရှိကြောင်း၊ သို့သော်လာမည့်နှစ်တွင် စီးပွားရေးတိုးတက်မှု ပြန်လည်ရရှိနိုင်မည်ဟု ၎င်းဘဏ်က မျှော်လင့်ထားကြောင်းသိရပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်း ထောက်ပံ့ရေးကွင်းဆက်တွင် အဟန့်အတားများဖြစ်ပေါ်နေမှု၊ ကုန်ကြမ်းပစ္စည်း မလုံလောက်မှု၊ လုပ်သားရှားပါးမှုပြဿနာနှင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ စတုတ္ထလှိုင်းကျရောက်မှုတို့ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ရပ်တန့်လုနီးပါးအခြေအနေသို့ ရောက်ရှိစေခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဘယ်လ်ဂျီယံအမျိုးသားဘဏ်၏ စာရင်းဇယားများအရ ၂၀၂၁ ခုနှစ်၊ နောက်ဆုံးသုံးလပတ်တွင် ဘယ်လ်ဂျီယံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ (၀.၂) ရာခိုင်နှုန်းသာရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ပထမသုံးလပတ်တွင်လည်း အလားတူတိုးတက်မှုနှုန်းခန့်သာရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။ လက်ရှိစီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးနေမှုသည် ယာယီသာဖြစ်နိုင်ကြောင်းနှင့် ၂၀၂၂ ခုနှစ်၊ နွေရာသီကာလခန့်တွင် စီးပွားရေးတိုးတက်မှုကို ပြန်လည်ရရှိလိမ့်မည်ဖြစ်ကြောင်း ဘယ်လ်ဂျီယံအမျိုးသားဘဏ်၏ စီးပွားရေးပညာရှင် Geert Langenus က ပြောကြားပါသည်။ ၂၀၂၂ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်း (၂.၆) ရာခိုင်နှုန်းရှိနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် (၂.၄) ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် (၁.၆) ရာခိုင်နှုန်းတို့ဖြင့် စီးပွားရေးတိုးတက်နိုင်ကြောင်း ၎င်းဘဏ်ကခန့်မှန်းထားပါသည်။

MIS DOP

ဝယ်နိုင်စွမ်းအား(purchasing power) တိုးတက်လာမှုကြောင့် အိမ်ထောင်စုများ၏ သုံးစွဲမှုတိုးတက်လာစေရေးသည် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အရေးပါကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့် ယှဉ်တွဲနေသည့်လုပ်ခလစာကြောင့် ဝယ်နိုင်စွမ်းအားသည် ၂၀၂၂ ခုနှစ်တွင် (၁.၉) ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ်တွင် (၂.၇) ရာခိုင်နှုန်းသို့ တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရပါသည်။

၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ အလုပ်အကိုင်စျေးကွက်၌ သုံးလပတ်တစ်ခုလျှင် ပျမ်းမျှအလုပ်အကိုင်ပေါင်း (၃၀၀၀၀) ခန့်ဖန်တီးပေးထားနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင်မူ သုံးလပတ်တစ်ခုလျှင် ပျမ်းမျှအလုပ်အကိုင်ပေါင်း (၁၀၀၀၀) ခန့်သို့ ပြန်လည်ကျဆင်းဖွယ်ရှိကြောင်းလည်း ခန့်မှန်းထားပါသည်။ ဘယ်လ်ဂျီယံအမျိုးသားဘဏ်၏ Governor ဖြစ်သူ Pierre Wunsch က အစိုးရ၏

ဘဏ္ဍာရေးအခြေအနေနှင့်ပတ်သက်၍ သတိပေးပြောကြားထားကြောင်း၊ လာမည့်နှစ်များတွင် အပြောင်းအလဲမပြုလုပ်နိုင်ပါက ဘတ်ဂျက်လိုငွေပြမှုသည် (၄) ရာခိုင်နှုန်းဝန်းကျင်တွင်ရှိနိုင်သည်ဟု ၎င်းက ပြောကြားကြောင်း သိရပါသည်။

ရင်းမြစ် - https://www.vrt.be/vrtnws/en/2021/12/17/economic-growth-at-a-near-standstill-during-the-4th-quarter/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

.........................................................................

## တရုတ်နိုင်ငံက ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ပထမဆုံးစက္ကူဖြူစာတမ်း ထုတ်ပြန်ခြင်း

တရုတ်နိုင်ငံသည် ဆက်စပ်မူဝါဒများကို အပြည့်အစုံဖော်ပြရန်နှင့် ၎င်း၏ရပ်တည်ချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းကို ပိုမိုနားလည်သဘောပေါက်စေရန်အတွက် ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ပထမဆုံးစက္ကူဖြူစာတမ်းကို (၂၉-၁၂-၂၁) ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ခဲ့သည်။ "တရုတ်ပြည်ပတင်ပို့မှု ထိန်းချုပ်ရေး" ခေါင်းစဉ်ဖြင့် နိုင်ငံတော်ကောင်စီပြန်ကြားရေးရုံးမှ ထုတ်ပြန်သည့်စာတမ်းတွင် တရုတ်နိုင်ငံ၏ရပ်တည်ချက်၊ အဖွဲ့အစည်းများနှင့် ကျင့်ထုံးများကိုမြှင့်တင်ရာတွင် ပို့ကုန်ထိန်းချုပ်ရေး အုပ်ချုပ်ရေးစနစ်အပြင် နိုင်ငံတော်နှင့် နိုင်ငံတကာအဆင့်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကိုကာကွယ်ရန် ၎င်း၏ကတိကဝတ်များနှင့် လုပ်ဆောင်ချက်များကိုအသေးစိတ်ရှင်းလင်းဖော်ပြထားပါသည်။

စက္ကူဖြူစာတမ်း၏ အဓိကအပိုင်းမှာ အပိုင်းလေးပိုင်းပါဝင်သည်- ပို့ကုန် ထိန်းချုပ်မှု ဆိုင်ရာ တရုတ်နိုင်ငံ၏ အခြေခံရပ်တည်ချက်၊ ပို့ကုန်ထိန်းချုပ်မှုအတွက် တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းစနစ်အား ဆက်လက်တိုးတက်စေရေး၊ ပို့ကုန်ထိန်းချုပ်ရေးစနစ်ခေတ်မီရေး၊ နိုင်ငံတကာဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်သည်။

မတည်မငြိမ်ဖြစ်စေသော အချက်များနှင့် မသေချာမရေရာမှုများ တိုးမြင့်လာခြင်း၊ နိုင်ငံတကာလုံခြုံရေးနှင့် စည်းမျဉ်းစည်းကမ်းများကို နှောင့်ယှက်ခြင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများတို့နှင့်အတူ ကမ္ဘာကြီးသည်ရာစုနှစ်တစ်ခုအတွင်း မမြင်နိုင်သောလေးနက်သော အပြောင်းအလဲများကိုကြုံတွေ့နေရကြောင်း နိုင်ငံတကာနှင့် ဒေသတွင်းလုံခြုံရေး

အန္တရာယ်များနှင့် စိန်ခေါ်မှုများကိုကိုင်တွယ်ဖြေရှင်းရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အကာအကွယ်ပေးရန်အတွက် တရားမျှတသော၊ ကျိုးကြောင်းဆီလျော်ပြီး ခွဲခြားမှုမရှိသော ပို့ကုန်ထိန်းချုပ်ရေးအစီအမံများသည် ပိုမိုအရေးကြီးကြောင်း တရုတ်နိုင်ငံသည် အမျိုးသားလုံခြုံရေးအတွက် ဘက်စုံချဉ်းကပ်မှုတစ်ရပ်ကို ချဉ်းကပ်လျှောက်လှမ်းနေပြီး စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်တွင် ပေါင်းစည်းရန်ပိုမိုတက်ကြွသောခြေလှမ်းများကို လုပ်ဆောင်နေကြောင်း အဆိုပါစက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။

ပိုမိုပွင့်လင်းသော စီးပွားရေးနှင့် ပိုမိုငြိမ်းချမ်းသော တရုတ်နိုင်ငံကို တည်ဆောက်ရန်အတွက် နိုင်ငံအနေဖြင့် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အာမခံချက်ရှိသော လုံခြုံရေးတို့ကြားအပြန်အလှန်အကျိုးသက်ရောက်မှုရှိစေရန်၊ ၎င်း၏ပို့ကုန်ထိန်းချုပ်ရေးစနစ်ကို ခေတ်မီစေရန်နှင့် ပို့ကုန်ထိန်းချုပ်ရေးစီမံခန့်ခွဲမှုတွင် တိုးတက်မှုသစ်များရရှိရန် ကြိုးပမ်းနေကြောင်း တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာရှုထောင့်မှနေ၍ ၎င်း၏တာဝန်ဝတ္တရားများကိုတာဝန်ယူမည်ဖြစ်ပြီး ၎င်း၏နိုင်ငံတကာတာဝန်များကို အသိစိတ်ရှိရှိဆောင်ရွက်ကာ နိုင်ငံတကာဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်ကြောင်း ပို့ကုန်ထိန်းချုပ်ရေး နိုင်ငံတကာညှိနှိုင်းဆောင်ရွက်မှုတွင် ပါဝင်ရန်၊ ဆက်စပ်နိုင်ငံတကာလုပ်ငန်းစဉ်များ တိုးတက်လာစေရန်နှင့် မျှဝေသောအနာဂတ် ကမ္ဘာ့အသိုက်အဝန်းကို တည်ဆောက်ကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခိုင်မာသော တွန်းအားပေးမှုဖော်ဆောင်ရာတွင် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါစက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။

အဆိုပါစက္ကူဖြူစာတမ်းကို http://www.scio.gov.cn/zfbps/32832/Document/1718303/1718303.htm တွင် ရရှိနိုင်ပါသည်။

ရင်းမြစ် http://www.chinadaily.com.cn/a/202112/29/WS61cbc33ca310cdd39bc7e0d4. html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………….

## တရုတ်နိုင်ငံသည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး နှင့် ကုန်ထုတ်လုပ်မှုကွန်ရက်ချိတ်ဆက်ခြင်းဆိုင်ရာ အစီအစဉ်ကို ထုတ်ပြန်ခဲ့ခြင်း

တရုတ်နိုင်ငံသည် ၎င်း၏အဓိကကုန်ထုတ်လုပ်ငန်းကြီးများ၏ ၇၀ ရာခိုင်နှုန်းကို အခြေခံအားဖြင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းကာ ၂၀၂၅ ခုနှစ်တွင် ကွန်ရက်ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း စမတ်ကုန်ထုတ်လုပ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တစ်ခုအရ သိရှိရပါသည်။

စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် အခြားဌာနများကထုတ်ပြန်သည့် အဆိုပါအစီအစဉ်တွင် သတ်မှတ်ထားသောအရွယ်အစားနှင့်အထက်ရှိသော တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းများအားလုံးသည် ၂၀၃၅ ခုနှစ်တွင် ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲပြီး ကွန်ရက်ချိတ်ဆက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အစီအစဉ်အရ တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် စက်မှုထိပ်တန်းစမတ်ထုတ်လုပ်ရေး သရုပ်ပြစက်ရုံပေါင်း ၅၀၀ ကျော်ကို တည်ဆောက်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ စမတ်ကုန်ထုတ်လုပ်မှုသည် ရှေ့ပြေးစမ်းသပ်မှုအဆင့်မှ အသုံးချမှုအထိ တိုးတက်လာသော်လည်း အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုစံနှုန်းထက် နောက်ကျကျန်နေသေးကြောင်း၊ ဆန်းသစ်တီထွင်မှု၊ အပလီကေးရှင်း၊ ပံ့ပိုးမှုနှင့် ကူညီမှုများအပါအဝင် စမတ်ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် အထူးလုပ်ဆောင်မှုများ အများအပြားကို အဆိုပါအစီအစဉ်တွင် အဆိုပြုထားကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် http://english.yunnan.cn/html/2021/consulgeneral_1229/27412.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

……………………………………………………………

## နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် လက်လီဈေးကွက် ရောင်းချမှုများရှိခဲ့ခြင်း (ဟောင်ကောင်ဒေသ)

ဟောင်ကောင်ဒေသနှင့် တရုတ်ပြည်မကြီးအကြား ကန့်သတ်စောင့်ကြည့်မှုကင်းလွတ်သည့် ခရီးသွားလာမှုများအား ၂၀၂၁ ခုနှစ်၊ နှစ်ကုန်တွင် ဆောင်ရွက်ခြင်းဖြင့် အိမ်ခြံမြေရောင်းချမှုများမှာ ယခင်လမှ စတင်၍သိသာစွာမြင့်တက်စေခဲ့ကြောင်း၊ Mainland IC & I မှ သုတေသန ပြုလုပ်သူများ ထံမှ ရရှိသောအချက်အလက်များအရ အိမ်ခြံမြေလက်လီရောင်းချမှုများမှာ နှစ်စဉ်တိုးတက်လျက်ရှိ

ပြီး ၂၂.၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အိမ်ခြံမြေရောင်းဝယ်မှုများမှာ ၅၂.၉ ရာခိုင်နှုန်း (ဟောင်ကောင်ဒေါ်လာအားဖြင့် ၃၅.၅ ဘီလီယံ) မြင့်တက်ခဲ့ကြောင်း၊ KWG Group ၏ Upper River Bank ၊ Kai Tak နှင့် Longfor Properties တို့အား တစ်စတုရန်းပေလျှင် ဟောင်ကောင်ဒေါ်လာ၂၄,၆၀၀ ဖြင့် ရောင်းချခဲ့ကြောင်း၊ အဆိုပါရောင်းချသည့်ဈေးနှုန်းမှာ ယခင်နှစ်က Oasis Kai Tak ၏ ရောင်းချခဲ့မှုနှင့်နှိုင်းယှဉ်လျှင်(၂၃)ရာခိုင်နှုန်း ပိုမိုမြင့်မားလျက်ရှိကြောင်း၊ အိမ်ခန်းငှားရမ်းမှုဝန်ဆောင်မှုများမှာလာမည့်နှစ် ပထမနှစ်ဝက်အတွင်း ပြန်လည်မြင့်တက်နိုင်ပြီး ၂ ရာခိုင်နှုန်း မှ ၅ ရာခိုင်နှုန်းအတွင်း မြင့်တက်နိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ထုတ် The Standard သတင်းစာ၌ Yvonne Chung က " Retail market sold on border reopening" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ နယ်မြေဖြတ်ကျော်မှုများပြန်လည်ဖွင့်သည့် အစောပိုင်းကာလတွင် ဟောင်ကောင်ဒေသခံများ ဒေသပြင်ပသို့ ထွက်ခွာမှုများရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ အစားအစာနှင့် အဖျော်ယမကာလုပ်ငန်း အစရှိသည့်ကဏ္ဍများ၏ ကာလတိုလက်လီရောင်းချမှုများအတွက် ဖိအားများဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့သော်ရေရှည်တွင် ခရီးသွားဧည့်သည်များလာရောက်မှုနှင့် ၎င်းတို့၏စားသုံးမှုများကြောင့် ပြန်လည်နာလန်ထူလာနိုင်ကြောင်း၊ ရုံးခန်းများငှားရမ်းမှုဈေးကွက်တွင် အခန်းလစ်လပ်မှုနှုန်းနှင့် ငှားရမ်းမှုနှုန်းများမှာ အသင့်အတင့်ရှိခဲ့ကြောင်း၊ အခန်းလစ်လပ်မှုနှုန်းမှာ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလကုန်တွင်(၉.၈)ရာခိုင်နှုန်းနှင့် နိုဝင်ဘာလကုန်တွင်(၉.၆) ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ သို့သော်ရုံးခန်းအသစ်များ ဆောက်လုပ်ပြီးစီးပါက အခန်းလစ်လပ်နှုန်းများ မြင့်တက်နိုင်ကြောင်း၊ Mainland IC & I သည် ဟောင်ကောင်ဒေသ၏ အိမ်ခြံမြေဈေးကွက်ကို ယုံကြည်မှုရှိသောကြောင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်နိုင်မည့် အိမ်ခြံမြေဝယ်ယူမှုအတွက် ယခုနှစ်အတွင်း ဟောင်ကောင်ဒေါ်လာ ၂၃၀ မီလီယံကျော် သုံးစွဲခဲ့ကြောင်း၊ နယ်စပ်ဖြတ်ကျော်သွားလာမှုများ ပြန်လည်ဖွင့်လှစ်လျှင် အိမ်ခြံမြေဈေးနှုန်းများ ဆက်လက်မြင့်တက်နိုင်ရန် မျှော်မှန်းထားကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

……………………………………………………..

## စီးပွားရေးအချက်အချာကျသည့်နေရာအသစ်ဖြစ်လာနိုင်သည့် ကောင်းလုံအနောက်ဘက်ခြမ်း (ဟောင်ကောင်ဒေသ)

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသရှိ ကောင်းလုံအနောက်ဘက်ခြမ်းခရိုင်၌ စီးပွားရေးလုပ်ငန်းဆိုင်ရာရုံးခန်းအသစ်များဖွင့်လှစ်မည်ဖြစ်ရာ ဟောင်ကောင်ဒေသ၏ အရေးကြီးသည့်စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့်ခရိုင် ဖြစ်လာနိုင်ကြောင်း၊ အဆိုပါဒေသအနေဖြင့်အထပ်(၁၆) ထပ်ပါဝင်သည့် West Kowloon Cultural District Authority (WKCDA) Tower ဆောက်လုပ်မှုပြီးစီးပါက ငွေကြေးကုမ္ပဏီများနှင့် တရုတ်ပြည်မကြီးမှ လုပ်ငန်းများကိုဆွဲဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း၊ ထို့ပြင် ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့တွင် ဖွင့်လှစ်နိုင်ရန် မျှော်မှန်းထားသော Guangzhou– Shenzhen– Hong Kong Express Rail Link (XRL) ဘူတာ၏အပေါ်ပိုင်းတွင် ရုံးခန်းအကျယ်အဝန်း (၂.၆) မီလီယံ စတုရန်းပေနှင့်လက်လီရောင်းချရန် အကျယ်အဝန်း (၆၀၃,၀၀၀) စတုရန်းပေကျယ်ဝန်းသော Twin – Tower ဆောက်လုပ်ရန် စီစဉ်ထားကြောင်း၊ WKCDA Tower ဆောက်လုပ်ပြီးပါက အဆိုပါဒေသ၌ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်မှု ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Cheryl Arcibal က “West Kowloon set to become new business hub” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ တရုတ်ပြည်မကြီးနှင့် ရထားလမ်းပိုင်း တိုက်ရိုက်ချိတ်ဆက်ထားသည့် တစ်ခုတည်းသော ဘူတာဖြစ်သည့် XRL ဘူတာသည် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ Airport Express ဖြင့် သွားရောက်နိုင်သော ကောင်းလုံဘူတာနှင့်လည်း ချိတ်ဆက်ထားရှိကြောင်း၊ ယခုလက်ရှိတွင် ICC အဆောက်အအုံသည်ဟောင်ကောင်ဒေသ၏ အမြင့်ဆုံးအဆောက်အအုံဖြစ်ပြီး တရုတ်ပြည်မကြီးနှင့် နိုင်ငံတကာငွေကြေးလုပ်ငန်းများမှ ရုံးခန်းများဖွင့်လှစ်ထားသောနေရာဖြစ်ကြောင်း၊ ကောင်းလုံအနောက်ဘက်ခြမ်း သယ်ယူပို့ဆောင်ရေးချိတ်ဆက်မှုများနှင့် ယခုလအတွင်း M+ Museum ဖွင့်လှစ်ခဲ့ခြင်းတို့ကြောင့် စီးပွားရေးအချက်အချာကျသည့် ဒေသအနေဖြင့် ရွေးချယ်လုပ်ကိုင်ရန် အကြောင်းပြချက်တစ်ခုဖြစ်ကြောင်း၊ M+ Museum နှင့် Hong Kong Palace Museum တို့နှင့် အတူတစ်ကွ ကျယ်ပြန့်စွာလုပ်ငန်းဆောင်ရွက်နိုင်ပြီး ကမ္ဘာ့အဆင့်မီ အနုပညာနှင့်ယဉ်ကျေးမှုဒေသအနေဖြင့် ကမ္ဘာတစ်ဝန်းမှ ခရီးသွားများလာရောက်မည့် နေရာဖြစ်နိုင်ကြောင်း၊ ကောင်းလုံကျွန်းသည် ဟောင်ကောင်ကျွန်းနှင့်နှိုင်းယှဉ်လျှင် အခန်းငှားရမ်းခနည်းပါးခြင်းမှာလည်း လုပ်ငန်းများလုပ်ကိုင်ရန် ဆွဲဆောင်မှုတစ်ခုဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကောင်းလုံကျွန်းရှိ Tsim Sha Tsui ၌ အခန်းငှားရမ်းခမှာ တစ်စတုရန်းပေလျှင် ဟောင်ကောင်ဒေါ်လာ (၄၁) မှ (၉၄)

ဒေါ်လာ အကြားတွင်ရှိပြီး ဟောင်ကောင်ကျွန်းတွင် ဟောင်ကောင်ဒေါ်လာ(၅၆)မှ (၁၅၂) ဒေါ်လာ အကြားတွင်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

…………………………………………………………..

## လမုပင်များအား အဝတ်အထည်ဖက်ရှင်အတွက် ဆိုးဆေးအဖြစ် အသုံးပြုလာခြင်း (ဟောင်ကောင်ဒေသ)

အင်ဒိုနီးရှားနိုင်ငံ၊ ကမ်းရိုးတန်းများ၌ စိုက်ပျိုးထားသောလမုပင်များမှ ထုတ်ယူ၍ရရှိသော သစ်ရည်များကို နှာခေါင်းစည်းများအားဆေးဆိုးရန်နှင့် လက်သန့်ဆေးရည်များထုတ်လုပ်ရန် Sumatra ရှိ Pedekik ရွာမှ အမျိုးသမီးများက အသုံးပြုလာကြကြောင်း၊ အဆိုပါ နှာခေါင်းစည်းတစ်ခုလျှင် အင်ဒိုနီးရှား ငွေကြေး ၂,၀၀၀ ရူပီးရား (သို့မဟုတ်) ဟောင်ကောင်ဒေါ်လာ (၁) ဒေါ်လာဖြင့်ရောင်းချကြကြောင်း၊ ကမ္ဘာ့အကြီးဆုံး ကျွန်းစုနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၌ စိမ့်တောများအများအပြား ရှိပြီးလမုပင်(၃.၃) မီလီယံ ဟက်တာရှိကြောင်း၊ လမုပင်ဂေဟစနစ်သည် ဒေသခံများ၏ စားနပ်ရိက္ခာ အတွက်သာမက မုန်တိုင်းဝင်ရောက်မှုနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လုပ်ခြင်းဖြင့် ကမ္ဘာကြီးပူနွေး လာမှုကို ကာကွယ်ရန်အတွက်လည်း အရေးကြီးကြောင်း၊၂၀၁၅ ခုနှစ်၊ လေ့လာမှုများအရ လွန်ခဲ့သော နှစ် (၃၀) အတွင်း အင်ဒိုနီးရှားလမုပင် (၄၀) ရာခိုင်နှုန်းကျော်ဆုံးရှုံးခဲ့ပြီး ပုစွန်ကန်များနှင့် မီးသွေး ထုတ်လုပ်မှုများလည်း လျော့ကျခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် လမုပင် ၆၀၀,၀၀၀ ဟက်တာအားပြန် လည်စိုက်ပျိုးနိုင်ရန် အစီအစဉ်ထည့်သွင်းရေးဆွဲရန် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုမှလည်း အင်ဒိုနီး ရှားသစ်ဆွေးမြေ ပြန်လည်ထိန်းသိမ်းရေးအေဂျင်စီအား ယခင်နှစ်ကပြောကြားခဲ့ကြောင်း၊ ယခင်က တစ်နှစ်လျှင်လမုပင်ပြန်လည်ထူထောင်စိုက်ပျိုးမှု ၁၀,၀၀၀ ဟက်တာ စိုက်ပျိုးခဲ့ကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ထုတ် The Standard သတင်းစာ၌ Harry Jacques က“ Mangroves to dye for in fashion” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ အင်ဒိုနီးရှားနိုင်ငံ၌ သစ်ဆွေးမြေများနှင့် လမုပင်များပြန်လည်ထိန်းသိမ်းရေး အေဂျင်စီအတွက်ပျိုးပင်များစိုက်ပျိုးရန် ယခုနှစ် ဘဏ္ဍာငွေခွဲဝေမှုမှာ (၉၀) ရာခိုင်နှုန်းဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံ၏ ဖက်ရှင်ကုန်အမှတ်တံဆိပ်ဖြစ်သည့် Christian Dior သို့ tenun fabric များတင်ပို့လျက် ရှိသည့် အင်ဒိုနီးရှားနိုင်ငံ ဖက်ရှင်ဒီဇိုင်နာဖြစ်သူ Achmad Nur Hasim နှင့် ပူးပေါင်းဆောင်ရွက်လျက်

ရှိကြောင်း၊ Sumatra ၌ ရိုးရာအထည်များထုတ်လုပ်မှု၏ (၉၀) ရာခိုင်နှုန်းမှာ ဖန်တီးထားသော (synthetic products) များဖြင့် ဆေးဆိုးခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ Pedekik ရွာနှင့် အခြားသောဒေသများ၌လည်း အထည်အလိပ်များအားဆေးဆိုးခြင်းကို သစ်ပင်များမှရရှိသော သစ်ဥသစ်ဖုများ၊ သစ်ရည်များအသုံးပြု၍ သဘာဝဆိုးဆေးများကို လက်ခံဆောင်ရွက်လာကြရန် မျှော်မှန်းထားသည်ဟု Achmad မှ ပြောကြားခဲ့ကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် လမုပင်များဂေဟစနစ်အတွက် ဆုံးရှုံးနိုင်မှုများမြင့်မားလျက်ရှိကြောင်း၊ လာမည့် (၃၅) နှစ်အတွင်း ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် ကမ်းရိုးတန်းဒေသရှိ လမုပင်များရေလွှမ်းမိုးခြင်းခံရနိုင်ကြောင်း ၂၀၁၆ ခုနှစ်ကလေ့လာတွေ့ရှိမှုများတွင် ဖော်ပြထားကြောင်း၊ အဆိုပါရေလွှမ်းမိုးမှုများကြောင့်လမုပင်များ လျော့နည်းသွားသောကြောင့် ၎င်းမှဝင်ငွေရရှိလျက်ရှိသည့် အိမ်ထောင်စုများ၏ စားနပ်ရိက္ခာဖူလုံမှုအတွက်ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေကြောင်း၊ ငါးများနှင့် ပုစွန်၊ ကမာ အစရှိသည့် အခွံမာရေနေသတ္တဝါများလည်း လျော့နည်းသွားနိုင်သောကြောင့် ပရိုတင်းဓါတ်များလည်း လျော့ကျသွားနိုင်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ လမုပင်များလျော့နည်းမှုကြောင့်လည်း ဒေသတွင်းစီးပွားရေး မောင်းနှင်အားဖြစ်သည့် ဘန်ဂါကျွန်း၌ သံဖြူဒြပ်စင် ထုတ်လုပ်မှုများနှင့် ဂျာဗားကန်းရိုးတန်းဒေသရှိ ရေထွက်ကုန်ပစ္စည်းများထုတ်လုပ်မှုအပေါ် သက်ရောက်မှုများဖြစ်ပေါ်စေနိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

MIS DOP

…………………………………………………………………

**လမ်းများတွင် အစားအစာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ဆက်လက် ရောင်းချရန် ဆွေးနွေးမှုမရှိသောကြောင့် အစားအစာ ရောင်းချသည့် မော်တော်ယာဉ် မောင်းနှင်သူများ စိုးရိမ်ပူပန်လျက်ရှိခြင်း (ဟောင်ကောင်ဒေသ)**

ဟောင်ကောင်ဒေသ၌လွန်ခဲ့သော(၄) နှစ်မှစတင်၍ အစားအစာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချသည့် အစီအစဉ်မှာအခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိပြီး လာမည့်နှစ်၊ ဖွန်လတွင် ပြီးဆုံးသွားနိုင်ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် အစိုးရဆန့်ကျင်ဆန္ဒပြမှုများကြောင့် အစားအစာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချသည့်စီးပွားရေးလုပ်ငန်းမှာ ယခင်နှစ်၊ ပထမနှစ်ဝက်တွင် ကျဆင်းခဲ့ကြောင်း Food Truck ပိုင်ရှင်အများစုမှပြောကြားခဲ့ကြောင်း၊ အစားအစာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချသည့်အစီအစဉ်

စတင်ခဲ့သည့် ၂၀၁၇ ခုနှစ်တွင် Food Truck (၁၅) စီး စတင်လုပ်ကိုင်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် Food Truck (၁၅) စီး၌ (၃) စီးသာလျှင် မကြာခဏလုပ်ကိုင်လျက်ရှိကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ထုတ် The Standard သတင်းစာ၌ Bowie Tse က " Food Truckers rue lack of consulation as end of road looms" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ခရီးသွားများဆွဲဆောင်ရန်အတွက် (၂) နှစ် စီမံကိန်းအနေဖြင့် The Food Truck Pilot Scheme ကိုဆောင်ရွက်ခဲ့သော်လည်းခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရည်ရွယ်ချက်အောင်မြင်ခြင်းမရှိကြောင်း၊ ဒေသအစိုးရအနေဖြင့် The Food Truck Pilot Scheme အားမရပ်ဆိုင်းမီ Food Truck ပိုင်ရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများကို ထည့်သွင်းစဉ်းစားပေးခြင်းမရှိကြောင်း၊ ဒေသအစိုးရမှ လုပ်ငန်းရပ်ဆိုင်းရန် ဆုံးဖြတ်ချက်မချမီ ၎င်းတို့၏ယူဆချက်အမြင်များကိုလည်း တင်ပြရန် အခွင့်အလမ်းမရရှိခဲ့ကြောင်း၊ ဒေသအတွင်း၌ ဝယ်ယူသူများရှိသောကြောင့် စီးပွားရေးလုပ်ငန်းများမှာ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း လုပ်ငန်းရှင်အချို့မှ ပြောကြားခဲ့ကြောင်း၊ အချို့သော Food Truck လုပ်ငန်းရှင်များမှာ တစ်နေ့လျှင် ဟောင်ကောင်ဒေါ်လာ ၆၀,၀၀၀ ရောင်းချနိုင်ကြောင်း၊ ၎င်းတို့တင်ပြသည့် အရောင်းစာရင်းဒေတာအချက်အလက်များကို တာဝန်ရှိသူများမှစဉ်းစားခြင်းမရှိကြောင်း၊ ယခင်နှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ Food Truck များမှ ပျမ်းမျှဝင်ငွေမှာ တစ်လလျှင်ဟောင်ကောင်ဒေါ်လာ ၁၂၀,၀၀၀ မှ (၃၅,၀၀၀) အတွင်းရှိကြောင်း၊ Food Truck လုပ်ငန်းလည်ပတ်မှု အဆင်ပြေချောမွေ့စေရန် ဟောင်ကောင်ဒေသအစိုးရမှ မော်တော်ယာဉ်ရပ်နားရောင်းချရန် နေရာငှားရမ်းခများအတွက် (၇၅) ရာခိုင်နှုန်းအား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအတွက် ပံ့ပိုးပေးခဲ့ကြောင်း၊ Hong Kong Disneyland နှင့် Ocean Park တို့မှလည်း ၎င်းတို့နေရာ၌ မော်တော်ယာဉ်များရပ်နားရန်ငှားရမ်းခအား (၂၀) ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းအထိ ပံ့ပိုးပေးခဲ့ကြောင်း၊ အဆိုပါအစီအစဉ်မှာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအထိတိုးချဲ့ခဲ့ပြီးလာမည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ထပ်မံတိုးချဲ့ပေးခဲ့ကြောင်း၊ Food Truck လုပ်ငန်းရှင်များ သင့်လျော်သည့်စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ရန်လုံလောက်သည့်အချိန်ရရှိနိုင်ရန် ဟောင်ကောင်ဒေသမှ တာဝန်ရှိသူများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့အထိ The Food Truck Pilot Scheme အား ဆက်လက်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

MIS DOP

## ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု ၄.၂% ရရန်မျှော်မှန်းခြင်း

အစိုးရအနေဖြင့် ၎င်း၏ ၂၀၂၃-၂၀၂၆ အလယ်အလတ်ဘဏ္ဍာရေးမူဝါဒ မူဘောင်အရစီးပွားရေးတိုးတက်မှုနှုန်းကို ၄.၂% အထိရရှိရန်ရည်မှန်းထားပြီးထိခိုက်ပျက်စီးလွယ်သောစီးပွားရေးကို အထောက်အကူဖြစ်စေရန်အတွက် ဘတ်ဂျက်လိုငွေပြမှုကို ထိန်းထားနိုင်ရန်စီစဉ်လျှက်ရှိကြောင်း သိရှိရပါသည်။

အစိုးရ၏ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ Rachada Dgnadirek ၏ အဆိုအရအစိုးရအဖွဲ့မှ(၂၁-၁၂-၂၀၂၁) ရက်နေ့တွင်အတည်ပြုခဲ့သောစီးပွားရေးမူဘောင်အရ ၂၀၂၃ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု(၃.၂%-၄.၂%) ရရှိရန်၊၂၀၂၄ ခုနှစ်တွင်စီးပွားရေးတိုးတက်မှု(၂.၉%-၃.၉%) ရရှိရန်နှင့် ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်များတွင်စီးပွားရေးတိုးတက်မှု(၂.၈%-၃.၈%) ရရှိရန်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၃-၂၀၂၆ ခုနှစ်အတွက် အစိုးရ၏ အသားတင်ဝင်ငွေမှာ ထိုင်းဘတ်ငွေ(၂.၄၉) ထရီလီယံ၊ (၂.၅၆) ထရီလီယံ၊ (၂.၆၄)ထရီလီယံ၊(၂.၇၂) ထရီလီယံတို့ဖြင့် အသီးသီးရရှိရန် ခန့်မှန်းထားကြောင်း၊ အသုံးစရိတ်ဘတ်ဂျက်မှာ ၂၀၂၃ခုနှစ်အတွက် ဘတ်ငွေ(၃.၁၉)ထရီလီယံ၊ ၂၀၂၄ ခုနှစ် အတွက်ဘတ်ငွေ(၃.၂၇) ထရီလီယံ၊ ၂၀၂၅ခုနှစ်အတွက် ဘတ်ငွေ(၃.၃၆)ထရီလီယံနှင့် ၂၀၂၆ ခုနှစ်အတွက် ဘတ်ငွေ(၃.၄၆)ထရီလီယံဟုခန့်မှန်းထားကြောင်း သိရှိရပါသည်။

Ms.Rachada က အစိုးရအနေဖြင့် ကပ်ရောဂါဖြစ်ပွားပြီးနောက် စီးပွားရေးပြန်လည်နာလန်ထူလာစေရန် လိုငွေပြမှုကိုဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည်ဟုပြောကြားခဲ့ကြောင်း အစိုးရအနေဖြင့်လူမှုရေးနှင့် စီးပွားရေးပြန်လည်ထူထောင်ရေးတို့အတွက် ချေးငွေအပေါ်မှီခိုအားထားရန် လိုအပ်သည်ဟုပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃-၂၀၂၆ မူဘောင်အရ ဘတ်ဂျက်လိုငွေပြမှုသည် ၂၀၂၃ ခုနှစ်တွင် ထိုင်းဘတ်ငွေ (၆၉၅) ဘီလီယံ၊ ၂၀၂၄ ခုနှစ်တွင် ထိုင်းဘတ်ငွေ (၇၁၀)ဘီလီယံ၊ ၂၀၂၅ ခုနှစ်တွင်ထိုင်းဘတ်ငွေ (၇၂၃) ဘီလီယံ၊ ၂၀၂၆ ခုနှစ်တွင်ထိုင်းဘတ်ငွေ (၇၃၆) ဘီလီယံရှိမည်ဟုခန့်မှန်းထားကြောင်း သိရှိရပါသည်။ အဆိုပါမူဘောင်သည်စီးပွားရေးနှင့် လိုက်လျောညီထွေရှိစေရန် အချိန်အခါအလိုက်ပြင်ဆင်ရန်လိုအပ်ကြောင်းလည်း သိရှိရပါသည်။

MIS DOP

၂၀၂၂-၂၀၂၅ ခုနှစ် စီးပွားရေးမူဘောင်အရ ၂၀၂၂ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု (၃-၄%)၊ ၂၀၂၃ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု (၂.၇-၃.၇%)၊၂၀၂၄ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု(၂.၉-၃.၉%) ရရှိရန်ဖြစ်ကြောင်း သိရှိရပါသည်။

Source: Bangkok Post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

……………………………………………………………………………………………

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာသတင်းများ

### Dongxing မြို့မှ အအေးခန်းကုန်သေတ္တာများ ဖြတ်သန်းသွားလာမှုကို ခေတ္တဆိုင်းငံ့ထားသည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဗီယက်နမ်နှင့်နယ်စပ်ဒေသ၌တည်ရှိသော Dongxing မြို့တွင် ဒီဇင်ဘာလ (၂၂) ရက်နေ့မှစ၍ ပြည်တွင်း၌ ကိုဗစ်ကူးစက်ခြင်းခံထားရသူလူနာ (၅) ဦးကို စတင်တွေ့ရှိခဲ့ပါသည်။ ထိုအချိန်မှစ၍ ၎င်းမြို့ကို သီးခြားထားရှိ၍ စောင့်ကြည့်နေပြီး၊ ကျောင်းများ၊ သင်တန်းများ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များကိုရပ် နားထားသည့်အပြင် Dongxing ကုန်စည်စစ်ဆေးရေးဂိတ်များမှလူများနှင့် ကုန်ပစ္စည်းများဖြတ်သန်းသွားလာမှုအတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများကိုလည်း ရပ်နားထားပါသည်။

ဒီဇင်ဘာလ (၂၅)ရက်နေ့တွင် တရုတ်-ဗီယက်နမ်နယ်စပ်၌ အအေးခန်းဖြင့် စားသောက်ကုန်တင်ပို့တင်သွင်းမည့်လုပ်ငန်းများကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ရာ၊ ထိုအချိန်မှစ၍ ဗီယက်နမ်နိုင်ငံ၊ Mong Cai ဘက်ခြမ်းတွင် အအေးခန်းကွန်တိန်နာအလုံးရေ (၁,၀၀၀) ကျော်သောင်တင်နေကြောင်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်စတင်မည့်အချိန်ကို ခန့်မှန်း၍မရနိုင်သေးကြောင်း သိရပါသည်။

လက်ရှိအချိန်အထိ တရုတ်နှင့် ဗီယက်နမ်နယ်စပ်ရှိ Dongxing ဂိတ်နှင့် Jingxi ဂိတ်တို့မှကုန်ပစ္စည်းများ ဖြတ်သန်းသွားလာခွင့်ကို ရပ်ဆိုင်းထားဆဲဖြစ်ပါသည်။ အအေးခန်းကုန်သေတ္တာကားတစ်စီးလျှင် နေ့စဉ်ရပ်နားစရိတ်နှင့် လောင်စာဆီစရိတ်စက ယွမ် (၈၀၀) ခန့်ကုန်ကျနေရာ၊ စောင့်ဆိုင်းရသည့်နေ့ရက်များ ကြာမြင့်လာသည်နှင့်အမျှ စရိတ်များ တက်လာလျက်ရှိပြီး၊ (၁၅) ရက်ထက်

ပိုမိုစောင့်ဆိုင်းရမည်ဆိုပါက အမြတ်ထက် ကုန်ကျစရိတ်ကများသွားနိုင်သည်ဟု သိရပါသည်။ ထို့ပြင် စောင့်ဆိုင်းရချိန်ကြာမြင့်လေ၊ ကုန်သေတ္တာအတွင်း၌သယ် ဆောင်လာသည့်ကုန်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးနိုင်ခြေက မြင့်မားလေဖြစ်သဖြင့် Dongxing ၌ကျရောက်နေသောကပ်ရောဂါကို တတ်နိုင်သမျှအမြန်ဆုံးထိန်းချုပ်နိုင်ပြီး၊ ကုန်စည်စစ်ဆေးရေးဂိတ်များကို အတတ်နိုင်ဆုံး အမြန်ဆုံး ဖွင့်လှစ်ပေးမည်ဟု ဗီယက်နမ်ဘက်မှ မျှော်လင့်နေပါသည်။

ဤသို့ ဗီယက်နမ်ဘက်မှ ကုန်းလမ်းဖြင့်ဝင်ရောက်လာမည့် ကုန်စည်များတင်ပို့မှုရပ်တန့်သွားခြင်းကြောင့် တရုတ်ပြည်တွင်းရောင်းလိုအားဈေးကွက်နှင့် ဈေးနှုန်းများအပေါ် အတိုင်းအတာတစ်ခုအထိ ရိုက်ခတ်သွားနိုင်သည်ဟုလည်း သုံးသပ်နေကြပါသည်။

ရင်းမြစ်၊ Baidu

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

......................................................................................................

## ပေကျင်းဆောင်းရာသီအိုလံပစ်ပွဲသို့ တက်ရောက်ရန် အမေရိကန်အရာရှိများ ဗီဇာလျှောက်ထားကြောင်း တရုတ်နိုင်ငံက အတည်ပြု

တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင်ကျင်းပမည့် ဆောင်းရာသီအိုလံပစ်ပွဲတော်သို့ တက်ရောက်ရန် အမေရိကန်ပြည်ထောင်စုမှ တာဝန်ရှိသူများထံမှ ဗီဇာလျှောက်ထားမှုများကို တရုတ်နိုင်ငံကလက်ခံရရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Zhao Lijian က ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ထုတ်ဖော်ပြောကြားလိုက်ပါသည်။

အဆိုပါ ဗီဇာလျှောက်ထားသူများတွင် State Department နှင့် ပင်တဂွန်တို့မှအဓိကပါဝင်ပြီး၊ ပေကျင်းဆောင်းရာသီအိုလံပစ်ပွဲတော်ကာလအတွင်း အမေရိကန်အားကစားသမားများအတွက် လုံခြုံရေးနှင့် ဆေးဝါးကုသမှုဆိုင်ရာပံ့ပိုးကူညီမှုများကို ပေးသွားမည်ဖြစ်သည်ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။

မူလက အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံဘက်မှ ဖိတ်ကြားရခြင်းမရှိဘဲ နိုင်ငံရေးကစားသည့်အနေဖြင့် ၎င်းနိုင်ငံမှ သံတမန် (သို့မဟုတ်) တရားဝင်ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ

ပြုလုပ်နေကျအလေ့အထများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အပြန်အလှန်သဘောအရ အမေရိကန်ဘက်မှ ဗီဇာလျှော့ပေါ့ထားမှုကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း Zhao က ပြောကြားခဲ့ပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................................................

## တရုတ်နိုင်ငံတွင်း၌ COVID-19 ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာသောကြောင့် ဘက်စုံထောင့်စုံမှ စီမံဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်နေ

တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ Shaanxi ပြည်နယ်၏ မြို့တော် Xi'an တွင် COVID-19 ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာကာ၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ရောဂါပိုးတွေ့ရှိသူဦးရေ (၁၅၀) အထိ ရှိလာသောကြောင့် ဒီဇင်ဘာလ (၉) ရက်နေ့မှစ၍ COVID-19 ရောဂါဖြစ်ပွားသူစုစုပေါင်း (၆၃၅) ဦးရှိနေပြီဖြစ်ပါသည်။

Xi'an တွင် မြို့တော်လုံးကျွတ် nucleic acid စစ်ဆေးမှု များပြုလုပ်နေပြီး၊ ရောဂါကာကွယ်ကုသရေး စီမံဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိပါသည်။ ယခုရောဂါများ စတင်ကူးစက်ရသည့်ရင်းမြစ်မှာ တရုတ်နိုင်ငံသို့ ဝင်ရောက်လာသည့် လေယာဉ်များမှခရီးသည်များကို သီးခြားထားရှိသည့် ဟိုတယ်၌ ပိုးသတ်ပေးသည့်ဝန်ထမ်းမှ စတင်ကူးစက်မှုခံရခြင်းဖြစ်ပြီး၊ ဒယ်လ်တာမျိုးကွဲကြောင့် ကူးစက်မှုနှုန်းမြင့်နေသည်ဟု သိရပါသည်။

လူဦးရေ (၁၃)သန်းရှိသည့် Xi'an မြို့တော်ကြီးရှိ ရပ်ကွက်များနှင့် ကျေးရွာများတွင် ရောဂါကာကွယ်ကုသရေးလုပ်ငန်းများဆောင်ရွက်နေပြီး၊ ကုန်စည်များသယ်ယူပို့ဆောင်ပေးသည့် ကုန်တင်ယာဉ်များမှအပ ခရီးရှည်ပြေးဆွဲသည့် ခရီးသည်ပို့ဆောင်ရေးလိုင်းများကို ဆိုင်းငံ့ထားပါသည်။ မြို့တော်ပြင်ပရှိ ကူးစက်နိုင်ခြေအလယ်အလတ် (သို့မဟုတ်) မြင့်မားသောနယ်မြေများသို့ အွန်လိုင်းပေါ်မှငှားရမ်းသည့် အငှားယာဉ်များအပါအဝင် အငှားယာဉ်များအားလုံးကို မဝင်ရဟု တားမြစ်ထားပါသည်။

MIS DOP

ယခုကူးစက်နေမှုများမှာ ဇန်နဝါရီလလယ်ပိုင်း၌ လျော့ချနိုင်မည်ဖြစ်ကာ၊ ဇန်နဝါရီလကုန်ပိုင်းခန့်တွင် ထိန်းချုပ်သွားနိုင်မည်ဖြစ်ကြောင်း မြို့တော်၏ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ဒုတိယညွှန်ကြားရေးမှူး Wei Xiaoli က ပြောကြားပါသည်။

တရုတ်နိုင်ငံ၏ ဘွဲ့လွန်ဝင်ရောက်ခွင့်စာမေးပွဲကို ယခုနှစ်တွင်ဒီဇင်ဘာလ (၂၅) ရက်နေ့မှ (၂၇) ရက်နေ့အထိကျင်းပပြီး၊ ဖြေကြားသူပေါင်း (၄.၆)သန်းခန့်ရှိပါသည်။ ယခုကပ်ရောဂါဖြစ်ပွားမှုမြင့်မားနေသည့် Xi'an မှ ဖြေကြားမည့်သူပေါင်း (၁၃၅,၀၀၀) အတွက် တင်းကြပ်သည့်ကပ်ရောဂါထိန်းချုပ်ရေးစီမံဆောင်ရွက်မှုများအောက်တွင် ဝင်ခွင့်စာမေးပွဲကိုဖြေကြားနိုင်စေရန် စီစဉ်ပေးခဲ့ကြောင်းနှင့် ဖြေကြားသူများထဲတွင် ရောဂါဖြစ်ပွားထားသူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် ကူးစက်ခံထားရသူများလည်းပါဝင်ပြီး ယင်းတို့အတွက်စာမေးပွဲအစီအမံကို သီးခြားပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊
နန်နင်း

........................................................................................

## ယခုနှစ် ပထမ (၁၁)လအတွင်း အကောက်ခွန်ကြီးကြပ်မှုအောက်တွင် ကုန်စည်သယ်ယူပို့ဆောင်ခြင်းက ကွမ်ရှီး၏ နိုင်ငံခြားကုန်သွယ်မှုကို မြင့်တင်ပေးနိုင်ခဲ့

ယခုနှစ်ပထမ (၁၁) လအတွင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပို့ကုန်သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ ယွမ်ငွေ (၅၄၈.၅၅) ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၆.၁၈ ဘီလီယံ)အထိ မြင့်တက်လာခဲ့ပါသည်။ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ဖွံ့ဖြိုးမှုနှုန်းမှာ (၅.၈) ရာခိုင်နှုန်းရှိပြီး တစ်နိုင်ငံလုံး၏ပျမ်းမျှဖွံ့ဖြိုးမှုနှုန်းထက် ပိုမိုမြင့်မားခဲ့ပါသည်။

ပြီးခဲ့သည့် (၁၁) လအတွင်း ကွမ်ရှီး၏ပို့ကုန်တင်ပို့မှုမှ ယွမ်ငွေ (၂၇၃.၆၃) ဘီလီယံရရှိခဲ့ကာ၊ သွင်းကုန်ပမာဏမှာ ယွမ်ငွေ (၂၇၄.၉၂) ဘီလီယံရရှိခဲ့ပါသည်။ ရာခိုင်နှုန်းအားဖြင့် ပို့ကုန်ပိုင်းတွင် (၁၇.၁) ရာခိုင်နှုန်းနှင့် သွင်းကုန်ပိုင်းတွင် (၄၀.၅) ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။

အကောက်ခွန်ကြီးကြပ်မှုအောက်တွင် ပို့ကုန်သွင်းကုန်များ သယ်ယူပို့ဆောင်ပေးမှုများမှာလည်း (၅၆) ရာခိုင်နှုန်းမြင့်တက်လာပြီး ယွမ်ငွေ (၁၃၃.၈၇)ဘီလီယံအထိ တိုးချဲ့နိုင်ခဲ့ပါသည်။ ယခင်

နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးမှုနှုန်းမှာ (၂၇.၅) ရာခိုင်နှုန်းရှိပြီး တစ်နိုင်ငံလုံး၏ပျမ်းမျှ ဖွံ့ဖြိုးမှုနှုန်းထက် ပိုမိုမြင့်မားခဲ့ပါသည်။ အဆိုပါပမာဏမှာ ကွမ်ရှီး၏နိုင်ငံခြားကုန်သွယ်မှုဖွံ့ဖြိုးမှုနှုန်း တွင် (၁၁.၂) ရာခိုင်နှုန်းခန့် ပါဝင်ဖြည့်ဆည်းခဲ့ပါသည်။ ထို့ပြင် ယခုနှစ်ပထမ (၁၁) လအတွင်းကွမ်ရှီး နှင့် အာဆီယံတို့၏ ကုန်သွယ်မှုမှာလည်း (၂၆.၂) ရာခိုင်နှုန်းမြင့်တက်လာကာ ယွမ်ငွေ (၂၆၄.၉၃) ဘီလီယံရရှိခဲ့သည်ဟု သတင်းရရှိပါသည်။

ရင်းမြစ်၊ en.gxzf.gov.cn

ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊

နန်နင်း

…………………………………………………………………………………………………

MIS DOP